
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ✪ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✪ ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရှင်မြတ်နိုး

# အချစ်ဆုံးမို့ မုန်းပြချင်သည်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြ-၁၀၀၉၈)<br>(ရွှေခြင်္သေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

အချစ်ဆုံးသို့ပုန်ကန်ခြင်းသည်/ရှင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၄။

(၂၇၂)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အချစ်ဆုံးသို့ပုန်ကန်ခြင်းသည်


## အခန်း ( ၁ )

"ဒေါက် ... ဒေါက် ... "

"ဒေါက် ... "

"သန့်ရှင်းရေးလုပ်ပါ့မယ်ရှင်"

ဝန်ထမ်း မိန်းကလေးတစ်ယောက်ရဲ့ အသံကြောင့် ကမ္ဘာ့ဈေးအကြီးဆုံးအရက်ကို စိမ်ပြေနပြေ အေးအေးဆေးဆေးလေး အရသာခံ သောက်နေတဲ့ ဦးမင်းဥာဏ်သာ စိတ်ပျက်စွာဖြင့် တံခါးကို ဖွင့်ပေးလိုက်ရလေသည်။ ဦးမင်းဥာဏ်သာ ညထဲက အဆင်မပြေမှုတွေနှင့် ကြုံတွေ့နေရ၍လည်း အိပ်ရာကနိုးတော့ စိတ်ကမကြည်လင်။ မျက်နှာတောင် မသစ်။ ခန္ဓာကိုယ်တစ်ခုလုံး သန့်ရှင်းရေးပင် မလုပ်နိုင်သေးဘဲ အရက်ကိုထိုင်သောက်နေခဲ့၏။ သန့်ရှင်းရေးဝန်ထမ်းတွေကို လာရောက်နှောက်ယှက်သူတွေအဖြစ် သတ်မှတ်၍ ဒေါသတွေရောစွက်နေသော မျက်ဝန်းမာမာ ထန်ထန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်သည်။

"မင်းတို့ ဘာဖြစ်လို့လာပြီး နှောက်ယှက်ရတာလဲ၊ ကိုယ့်အခန်းကို လုံးဝသန့်ရှင်းရေးမလုပ်နဲ့ ... လုပ်စရာလည်းမလိုဘူး သွားတော့ ..."

"ရှင် ..."

ဝင်းဖန့်ဖန့် မျက်ဝန်းဝိုင်းဝိုင်းစက်စက်လေးတစ်စုံ မျက်တောင်ကော့ညွတ်ညွတ်လေးက ဖြတ်ခနဲ ပင့်တက်သွားသလို နှုတ်ခမ်းထူထူအမ်းအမ်းလေးက နှင်းဆီဖူးငုံလေးကဲ့သို့ ဟတတလေး သူ့ကို ခပ်ကြောင်ကြောင်လေး ပြန်ကြည့်သည်။

"ဟုတ်ကဲ့ ... ကောင်းပါပြီ၊ တောင်းပန်ပါတယ်နော် ... ကျွန်မက ဝတ္တရားအရ လာရောက်ရတာပါရှင်"

ကောင်မလေးက ခေါင်းလေးညွတ်၍ အရိုအသေပေးရင်း တောင်းပန်စကားလေးဆိုကာ ပြန်ထွက်သွားလေသည်။ မင်းဉာဏ်သာ ဘာဖြစ်သွားရတာလဲ။ ကောင်မလေးကို နေဦးဟု လှမ်းခေါ်မိတော့မလိုလို ဝန်ထမ်းကောင်မလေးက အရမ်းပဲလှပချောမောအိစက်စက်။ သူ့စိတ်ထဲက အလိုမကျဖြစ်နေရမှုတွေပင် ရုတ်ချည်းပျောက်ကွယ်သွားရလေသည်။

"ဘာလဲကွာ ... ကြည့်ပါဦး၊ သူ့ယောင်မယ်လေးလားပဲ၊ တောင့်တောင့်ဖြောင့်ဖြောင့် ထွားထွားကြိုင်းကြိုင်းနဲ့ အသာတော်





ရှေ့လိုဝင်း၊ သူ့အမေ ရွှေမှုံစားပြီးများ မွေးထားသလားပဲ"

ဦးမင်းဉာဏ်သာ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ မနေ့ညကရော ဒီနေ့မနက်ရော သူ့ဘဝတစ်ခုလုံးမှာ မကြုံစဖူး အခက်အခဲတွေ ဒေါသထွက်စရာတွေနှင့် ရင်ဆိုင်နေသဖြင့် သူ့ပေါက်ကွဲနေတာပါ။ အရက်ကို တစ်ခွက် နှစ်ခွက်လောက်ပဲ သောက်တတ်တဲ့သူ။ ဒါတောင် မလွှဲသာမရှောင်သာမှ သောက်တတ်တာပါ။ ဒီမနက်တော့ မိုးမလင်းခင်ထပြီး အရက်ပဲတစ်ခွက်ပြီးတစ်ခွက် သောက်နေမိခဲ့၏။ ဒေါသတွေက မီးတောက်တွေလို တဟုန်းဟုန်းထတောက်မတတ် ဆူပွက်လောင်မြိုက်နေတဲ့ သူ့ရင်ကို ရေနှင့်ဖြန်းလိုက်သလို ဟုန်းခနဲ ငြိမ်းသတ်ပစ်လိုက်နိုင်တာက စောစောက သူ့အခန်းကို သန့်ရှင်းရေးလုပ်ဖို့ လာရောက်ခဲ့တဲ့ ဝန်ထမ်းကောင်မလေး ဖြစ်သွားရသည်။

"မင်း ဘယ်သူလဲ ... ဒီလောက်လှပဝင်းမှည့်နေတဲ့ ကောင်မလေးက ဟိုတယ်တစ်ခုရဲ့ သန့်ရှင်းရေးဝန်ထမ်းမလေးလား မဖြစ်နိုင်တာဘဲ"

သူ ကောင်မလေးအား အခန်းထဲဝင်ခွင့်မပြုလိုက်မိတာရော မောင်းထုတ်ပစ်မိခဲ့တာရော မျက်နှာပူအားနာပြီး နောင်တရနေသည်။ မင်းဉာဏ်သာလိုကောင်က မိန်းကလေးတွေ အချောအလှ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခါချနေရသလို သူ့ဘေးနားမှာ ဝိုင်းဝိုင်းလည်ကပ်နေကြတာပါ။ မထင်မှတ်ဘဲ ဝန်ထမ်းကောင်မလေးကို သူ့ရင်က လာ၍တွယ်ညှိသွားရ၏။ သူ့ကို အရက်သမားကြီးဟု သတ်မှတ်သွားပြီလား မသိဘူး။ ကိုယ်အရမ်းစိတ်ညစ်စရာတွေနဲ့ ကြုံတွေ့နေရလို့ပါ ကောင်မလေးရယ်ဟု မဆီမဆိုင် အောက်ကျနောက်ကျလိုက်ပြီး ရှင်းပြချင်နေခဲ့သည်။

"ကိုယ့်ကို အထင်သေးသွားပြီလားကွာ ... ကိုယ်အရမ်းစိတ်ညစ်နေလို့ပါ ... တစ်ခါတလေ လူ့လောကကြီးအကြောင်းကို မေ့ထားပစ်ချင်လို့ပါ"

ကိုယ် တောင်းပန်ပါတယ်။ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်။ ကိုယ့်ကို အရက်သမားတစ်ယောက်လို့ သတ်မှတ်ပြီး အထင်မသေးလိုက်ပါနဲ့။ ကောင်မလေးကို တွေ့ချင်လာသည်။ စုံစမ်းရေးကို ဖုန်းဆက်ပြီး မေးမြန်းစုံစမ်းကြည့်ဖို့ကျတော့လည်း ကိုယ့်ဂုဏ်သိက္ခာနှင့်မဖြစ်ပြန်။ သူက နာမည်တစ်လုံးနှင့် လူသိများလွန်းတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပါ။ ဂုဏ်ခြပ်တွေ ဝိုင်းနေတဲ့ သူ့ဘဝကို တစ်ခါတလေ စိတ်အပျက်ကြီးပျက်ရသည်။

"သား ဒက်ဒီ အိမ်ထောင်ပြုလိုက်ပြီ၊ မင်းကို မတိုင်ပင်တာကိုတော့ ဒက်ဒီအနူးအညွတ်တောင်းပန်တယ်ကွာ ... ကြွေကို ချစ်





တယ် ... မြတ်နိုးတယ်၊ သားက ကန့်ကွက်မယ်ဆိုတာသိလို့ပါ။ ဒက်ဒီ့ဆန္ဒကို မင်းအသိအမှတ်ပြုပေးပါ၊ ကြွေ့ကိုလည်း မင်းအမေအဖြစ် လက်ခံပေးရမယ် ... မင်း ပြန်လာခဲ့ပါ"

"ဒက်ဒီ့ဇနီးနာမည်က ဘယ်သူ ... နုနုကြွေ ဟုတ်လား"

"ဟုတ်တယ်လေ ... ဘွဲ့ရပညာတတ်တစ်ယောက်ပဲ သားနဲ့တော့ ရွယ်တူဖြစ်နိုင်တယ် အသက်က သားနဲ့ရွယ်တူပဲထင်တယ်"

"ဗျာ"

သူ တော်တော်လေး ထိတ်လန့်တုန်လှုပ်သွားရသည်။ နုနုကြွေ ... မင်း ... မင်း ယုတ်မာပက်စက်လွန်းတဲ့ မိန်းမ၊ ငါ့ဒက်ဒီကို မင်းလက်ထပ်လိုက်တာပဲ။

"မင်းဥာဏ်သာ ရှင် စောင့်ကြည့်နေပါ ... နုနုကြွေ အကြောင်း တစ်နေ့ ရှင်ကောင်းကောင်းသိစေရမယ်၊ နုနုကြွေကို အဖက်မတန်သလိုလို လုပ်ခဲ့တဲ့အတွက်လေ"

နုနုကြွေက သူနှင့်တက္ကသိုလ်မှာ အတူတူတက်ခဲ့တဲ့ သူငယ်ချင်းပါ။ သူ့ကို သဲသဲမဲမဲလိုက်ကပ်နေသူလည်း ဖြစ်နေသည်။

"ကြွေ့ကို ဒက်ဒီလက်မထပ်လို့ မဖြစ်တော့ဘူးသား၊ ဒီမိန်းကလေးနဲ့ဒက်ဒီ အတူတူအိပ်စက်ခဲ့တယ် ... မင်းအထင်မသေးပါနဲ့ ကြွေက ဆင်းရဲပေမယ့် ဒက်ဒီ့ဆီက ဘာအခွင့်အရေးမှမတောင်းရှာပါဘူး၊ ဒက်ဒီက အတင်းအကြပ် ကြွေလေးရဲ့အပျိုစင်ဘဝကို ရယူဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစည်ကြိုးစားခဲ့မိသွားတာပါ”

နုနုကြွေရဲ့ ထောင်ချောက်ဆိုတာ ဒက်ဒီ့ကို ဘယ်လိုဖွင့်ပြောရမှန်းပင်မသိ။ သားနှင့်ပတ်သက်ဖို့ ကြိုးစားတဲ့မိန်းမဟုလည်း ပြောမထွက်။ ဒက်ဒီက လက်ထပ်ထားပြီးပြီ အသိမပေးရက်ဘဲဖြစ်နေသည်။

“မင်းပြန်လာခဲ့ရမယ်သား … ကြွေက ဒက်ဒီတို့မိသားစုဝင်ဖြစ်နေပြီ၊ မင်းနဲ့တွေ့ဆုံပေးချင်တယ် … ဒက်ဒီ့ဆန္ဒတွေကို သားလက်ခံပေးကိုပေးရမယ်”

နုနုကြွေကို မျက်နှာချင်းဆိုင်ဖို့ ဥဂ္ဂဏ်သာအတွက်ကတော့ လုံးဝမဖြစ်နိုင်ပေ။ အရှက်မရှိတဲ့မိန်းမ။ သူ့ကိုလက်တုန့်ပြန်ဖို့အတွက် ဒက်ဒီအား ရွေးချယ်၍ မာယာထောင်ချောက်ဆင်ခဲ့သူ မိန်းမယုတ်မပါ။ ဒက်ဒီ့မှာ နှလုံးရောဂါအခံရှိတယ်။ သူ့ကို ပြုစုပျိုးထောင်ရင်းနောက်ထပ်မိန်းမကိုမယူဘဲ နှစ်ပေါင်းများစွာ ဒက်ဒီပေးဆပ်နေသည်။

“မင်းက ဒက်ဒီ့စကားတွေကို ဆန့်ကျင်မယ်ဆိုရင်တော့ ဒက်ဒီအဆိုးမဆိုနဲ့ သား မင်းကို စွန့်လွှတ်ရလိမ့်မယ် … ”

ဒက်ဒီ့အကြောင်းတွေ ပြန်တွေးမိပြီး ဒေါသတွေက အလိပ်လိုက်တက်လာပြန်သည်။ လူ့လောကကြီးထဲမှာ သံယောဇဉ်တွယ်စရာဆိုလို့ ဒီသားအဖပဲ ရှိကြတာပါ။ ဘာမဟုတ်တဲ့ မိန်းမတစ်





ယောက်အတွက် အချစ်ဆုံးသားပါလို့ တဖွဖွပြောနေတတ်တဲ့ ဒက်ဒီက သားကို စွန့်လွှတ်ချင်ခဲ့သည်။ ထိုကိစ္စ သူ လုံးဝမကျေနပ်။ လုံးဝမပြန်ဘဲနေခဲ့သည်။

“မင်းလို ချောမောအိစက်မှည့်ဝင်းနေတဲ့ မိန်းကလေးက ဘာအကြောင်းနဲ့ ဒီလိုဟိုတယ်ကြီးမှာ သန့်ရှင်းရေးဝင်လုပ်ရတာလဲ၊ အင်းလေ … ခွင်ဖန်ဖို့ပဲ ဖြစ်မှာပဲ၊ သူဌေးကြီးတွေကို မြူဆွယ်ဖြားယောင်းပြီး အပိုင်ချိုင်မလို့ဘဲနေမယ်၊ တော်ပြီကွာ … မင်းမှာ ဘာအထင်ကြီးစရာမှ မရှိဘူး”

ဒက်ဒီ့ကိုတော့ မင်းဥဂ္ဂဏ်သာ အပြင်းအထန် ကန့်ကွက်ခဲ့ပြီး သူနဲ့တွေ့ရတာက သန့်ရှင်းရေးဝန်ထမ်းကောင်မလေး ဖြစ်နေတာက မဟုတ်သေးပါဘူး။ သူ အရက်ခွက်ကို ပြန်ကိုင်ပြီး ဆက်သောက်နေသည်။

“အချစ်မှာ မျက်စိမပါဘူးဆိုတာအမှန်ပဲသား … အချစ်ရေးမှာ မတရားတာလည်းမရှိဘူး … ကြွေကြွေက သဘောကောင်းတယ်၊ ရိုးသားဖြူစင်တယ်၊ ဒက်ဒီ အသက်ကြီးပြီလေ … တစ်နေ့နေ့မင်းလည်း အိမ်ထောင်ပြုသွားမှာပဲ … ဒက်ဒီကို ဆေးပေးမီးယူလုပ်ပေးမယ့်ဇနီးတစ်ယောက်တော့ လိုအပ်တယ်သားရယ်”

“ဒက်ဒီ လက်ထပ်တာကို သားလုံးဝမကန့်ကွက်ပါဘူး ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ … အဆင့်မရှိတဲ့ မိန်းမတစ်ယောက်နဲ့ဗျာ"

"သား မင်းဘယ်လိုပြောလိုက်တာလဲ … ကြွေက မင်း အမေနေရာမှာနော် … မင်းရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြောဆိုတာမျိုး ဒက်ဒီ လက်မခံဘူး"

ဒက်ဒီ ဘယ်တုန်းကမှ သူ့ဆန္ဒနှင့်ဆန့်ကျင်တာမျိုး မရှိခဲ့။ သားကို ချစ်မြတ်နိုးလွန်းသည်။ အလိုလိုက် အကြိုက်ဆောင်ထားခဲ့၏။ ဒေါ်နုနုကြွေနှင့် တွေ့မှပါ။

"မင်းပြန်လာခဲ့ … မိသားစု ပျော်ရွှင်ချမ်းမြေ့ရေးကို ဒက်ဒီ လိုလားတယ် … မင်းမာမီကို လက်ခံလိုက်ပါ … "

"လက်မခံနိုင်ဘူး ဒက်ဒီ … သား အမေ့အစား ဘယ်လို မိန်းမမျိုးကိုမှ အစားမထိုးနိုင်ဘူး ကန့်ကွက်တယ် … "

"ကောင်းပြီလေ သား … မင်းကို စဉ်းစားချိန် တစ်လပေးမယ် … ဒက်ဒီက တာဝန်ကျေတဲ့ဖခင်ပါ။ ယယ်ယယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပျက်သွားခဲ့ပေမယ့် သားကြောင့် နောက်အိမ်ထောင်ပြုဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူး … သားကိုပဲ ဂရုတစိုက်ပြုစုပျိုးထောင်လာခဲ့တာလေ"

"ဟုတ်ပါတယ် ဒက်ဒီ … ဒါပေမဲ့ ဆင်းရဲစုတ်ပြတ်နေတဲ့ မိန်းမတစ်ယောက်နဲ့တော့ ဒက်ဒီလက်မထပ်သင့်ဘူး။ သားအရှမ်း





ရှက်တယ် … သားက ဘယ်လိုအနေအထားမျိုးလဲ ပြန်စဉ်းစားပေးပါဦးဗျာ"

"မင်း စဉ်းစားပါ … သေသေချာချာစဉ်းစားနော်သား … ဒက်ဒီကို ဆန့်ကျင်နေမယ်ဆိုရင် မင်းက ဒက်ဒီသားအဖြစ်ကနေ စွန့်လွှတ်သင့်ရင် စွန့်လွှတ်မယ်"

"ဒက်ဒီ … အရှမ်းရက်စက်တယ်ဗျာ၊ ရက်စက်တယ်"

သူ ရှူးသွပ်စွာဖြင့် အော်ဟစ်ရင်း အရက်တွေဖိသောက်သည်။ သူ ဒက်ဒီ့နောက်မိန်းမ နုနုကြွေကို မုန်းတီးရွံ့ရှာစက်ဆုပ်နေမိ၏။ ဒက်ဒီ့ကို အပိုင်ချိုင်လိုက်တာ သူ့ကိုကောင်းကောင်းနှိပ်ကွပ်ဖို့ဖြစ်သည်။

"ဒက်ဒီ လွန်တယ်ဗျာ … သားအရှမ်းရှက်တယ်၊ သားအသိုင်းအဝန်းကိုတောင် မျက်နှာမပြရဲဘူး"

မင်းဥဘက်သာ ရင်ထဲမှာ အလွန်အမင်း ဝမ်းနည်းကြေကွဲနေရလေသည်။ ဒက်ဒီက မင်းအမေတဲ့ … မင်းလက်ခံရမယ်တဲ့။ လက်မခံခဲ့ရင် သူ့ကို သားအဖြစ်ကနေ စွန့်လွှတ်မယ်တဲ့။ သူ ဒေါသတွေပေါက်ကွဲလာရသည်။

"ဝုန်း"

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဂျလွမ်း ... လွမ်"

"အား"

သူ့အခန်းဆီသို့ ဝန်ထမ်းတွေ ပြေးလာကြသည်။

"ဒေါက်"

"ဒေါက် ... ဒေါက်"

"ညည့်သည် ... ခင်ဗျား ဘာများအကူအညီလိုအပ်ပါသေးလဲ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါ"

ဝန်ထမ်းကောင်လေးတစ်ယောက်ရဲ့အသံ။ စောစောက ကောင်မလေး မဟုတ်တာတော့ သေချာသည်။ ဒေါသက ပို၍ပင် ပေါက်ကွဲပြစ်ချင်လာ၏။ မင်း ဘာဖြစ်လို့ ထပ်မရောက်လာရတာလဲ ကွ။ ဒီနေ့ ကိုယ့်အခန်းကို တာဝန်ကျတာက မင်းမဟုတ်လားကွ။

"ဘယ်သူမှ မလာနဲ့ ... ငါဘာမှမဖြစ်ဘူးကွ၊ ထွက်သွားကြ"

သူ အော်ဟစ်မောင်းထုတ်ပစ်မိသည်။ ဒက်ဒီနဲ့လက်ထပ် ထားတာက သူနှင့်ရွယ်တူ မိန်းကလေး။ သူ့ရဲ့ကျောင်းနေဘက် သူငယ်ချင်းဖြစ်နေ၏။ ဘယ်လောက်အထိ ကြေကွဲနာကျင်ရလဲ။

"ဒက်ဒီက အသက်အရွယ်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ပြီး အပြိုင်အိုမင်းချိန်နဲ့နေကြရမှာလားသား ... ဒါမျိုးက တော့ ဒက်ဒီ အိမ်ထောင်မပြုတော့ပါဘူး"

နုနုကြွေ ... မင်းဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ ငါသိ





တယ်။ မင်းက မစားရတဲ့အမဲကို သဲနဲ့ပက်တာပဲ။ မင်းဥာဏ်သာက တော့ မင်းရှေ့မှာ ဘယ်တော့မှ ဒူးမထောက်ဘူး။ ဒက်ဒီ သားအဖြစ် ကနေပဲ အစွန့်လွှတ်ခံတော့မယ်။ သူ ဒေါသတကြီး အော်ဟစ် မောင်းထုတ်ပစ်သဖြင့် ဝန်ထမ်းကောင်လေး ပြန်ထွက်သွားပုံရ သည်။

"လောကကြီးကို စိစိညက်ညက် ခြေမွပြစ်ချင်တယ် နုနု ကြွေ ... မင်းတော်တော် အဆင့်အတန်းမရှိတဲ့ မိန်းမပဲ"

ဒေါသတွေက ပေါက်ကွဲပြီး ယင်းပေါက်ကွဲပစ်ချင်သည်။ သူ လူကြီးလူကောင်းတစ်ယောက် နာမည်ကျော်ကြားသူ။ ကိုယ်ရေး ကိုယ်တာကိစ္စအတွက် မဆီမဆိုင် လူတွေကို အနှောက်အယှက် မဖြစ်စေလို၍ ဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"ဟွန်း ... ဘယ်လိုလူမှန်းကို မသိဘူး ... လူတွေကို ဘာများအောက်မေ့နေလဲ မသိပါဘူး ... အဖက်မတန်သလို အော်ငေါက်လွှတ်နေတယ် ... မုန်းစရာကောင်းလိုက်တာ"

ဖူးဖူးငုံငုံ နှုတ်ခမ်းသားလေးတွေက စုစုထော်ထော်။ သူမ သန့်ရှင်းရေးလုပ်ဖို့သွားတာကို အော်ငေါက်မောင်းထုတ်ပစ်လိုက်တဲ့ ညှို့သည်လူကြီးအား လုံးဝကို မကျေမချမ်းနိုင်နှင့် ဒေါပွလို့မဆုံးပေ။ ပါးစပ်လေးကလဲ ပွစိပွစိ။ ခြေကလေးဆောင့်၍ လမ်းလျှောက်ရင်း ထိုသူအား ကြိမ်ဆဲပစ်မိသည်။

"အလကားလူကြီး ... ပိုက်ဆံချမ်းသာတာနဲ့ပဲ မောက်မာထောင်လွှားနေလိုက်တာ ... ရုပ်ရည်နဲ့လူက တခြားစီပဲ ... ဘာအထက်တန်းစားလဲ အဆင့်ကိုမရှိဘူး"





ငွေလထိန် ... ဒါသတွေထွက်ပြီး အလုပ်တွေလုပ်နေရတာဝင် အလွှဲလွှဲအချော်ချော် သူဌေးမင်းတွေဆိုပြီး ငွေလထိန်တို့က အထင်တကြီးနဲ့ ကပ်နေမယ်ထင်လို့လား။ ဝေးသေးတယ် ... ငွေလထိန်တို့က ကိုယ့်ကိုယ်ကျင့်သိက္ခာကို မှည့်လေးတစ်ပေါက်လောက် အမဲစက်လေးသေးသေးလေးတောင် အထင်ခံနိုင်တာမဟုတ်ဘူးနော်။ တော်ပါပြီ ... နောက်တစ်ခါ တာဝန်ပေးရင် ဒီလူကြီးအခန်းတော့ ဘယ်တော့မှ သန့်ရှင်းရေးသွားမလုပ်ပေးတော့ဘူး။ ဒေါသတကြီး ပြောပြစ်နေမိသည်။

"ငွေလထိန်"

"ရှင်"

"မင်းဘာတွေ မကျေမနပ်ဖြစ်နေရတာလဲ ... ပါးစပ်ကလဲ ပွစိပွစိနဲ့ ဘယ်သူနဲ့ဘာဖြစ်ရပြန်ပြီလဲဟယ်"

ငွေလထိန်ကို အလုပ်သွင်းပေးထားတဲ့ အိမ်နီးချင်းအလုပ်သမားခေါင်းဆောင်ကြီး ဒေါ်အိစက်က မေးနေသည်။

"ပြောလေ ထိန်လေး ... ညည်းလေး အရင်က ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်နေတာပါ"

"ဟိုလူလေ အခန်း(၅၀၀)ကလူပေါ့ ... ငွေလထိန် သန့်ရှင်းရေးလုပ်ဖို့သွားတာကို အော်ပြီးမောင်းထုတ်ပစ်လို့ ငွေလတို့လို



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ရွယ်ရွယ် မိန်းကလေးမျိုးဆိုရင် သူတို့တွေက သူတို့ကိုကပ်နေမယ်လို့များ ထင်နေလားမသိပါဘူး ... ဟွန်း မုန်းစရာကောင်းတယ်"

"ထိန်လေးက မာနမင်းသမီးလေးဆိုတာ ဒင်းက မသိသေးလို့နေမှာပါ ... အဲဒီလူကလေ ဘာတွေမကျေမနပ်ဖြစ်နေမှန်းမသိပါဘူး ... အခန်းထဲမှာတင် ဝုန်းဒိုင်းကြဲနေတာပဲ၊ မောင်သော်တာ့ကိုလည်း မောင်းထုတ်ပစ်တယ်တဲ့ ... တံခါးဖွင့်ခိုင်းတာ လုံးဝမဖွင့်ပေးဘူး"

"ဟွန်း"

သူမ မျက်စောင်းလေးကို ဒေါသတကြီး ထိုးပစ်မိသည်။ ရှင်တို့လိုကြီးကျယ်ခမ်းနားနေတဲ့ လုပ်ငန်းရှင်သူဌေးကြီးတွေကို ငွေလထိန်တို့က အထင်ကြီးမယ်ထင်လို့လား ဝေးသေးတယ်။ လုံးဝပဲ။ မာနမျက်နှာထား မာထန်ထန်လေးက တင်းတည်နေလေသည်။

"ထိန်လေးရေ ... ညည်းတာဝန်က ရေကူးကန်မှာနော်၊ တချို့တလေက မကူးတတ် ကူးတတ်နဲ့ ရေကန်ထဲဆင်းတတ်တယ်၊ သတိထားကြည့်ရမယ် ... ရေကူးသင်ချင်တယ်ဆိုရင်လည်း သင်ပေးရမယ်၊ ညည်းလေး သည်းခံပြီးလုပ်နော် ... မကြာခင် ညည်းလေး ရာထူးတက်မှာသိလား ... အမ်မီ ဒေါ်ဆူဆူညံက ညည်းလေးကို သဘောကျနေတယ်"





သူမတို့ ဟိုတယ်က အမ်မီဒေါ်စုစီဓနိကို ဝန်ထမ်းတွေအားလုံးက အမြဲတမ်း ဆူညံပွက်နေတတ်၍ ဒေါ်ဆူဆူညံဟု အမည်ပြောင် ပေးထားကြသည်။ ရုပ်ကလည်းချော၊ မာနလည်းကြီး။ အမ်မီစုစီ စိတ်တိုင်းကျဖို့က တော်တော်လေး ခက်ခဲပေမယ့် ငွေလထိန်ကိုတော့ သဘောကျ၍ နည်းနည်းလေး ပစားပေးထား၏။ မိန်းကလေးဆိုတာ ကိုယ့်တန်ဖိုးကိုယ် မြှင့်ထားတတ်ရတယ်တဲ့။ မာနရှိကြဆိုတဲ့ အဘိဓမ္မာကို ဝန်ထမ်းမိန်းကလေးတွေကြား တွင်တွင်ချပြတတ်တဲ့ အပျိုကြီးပါ။

"ဆူဆူညံ သဘောကျတာ ညည်းလေး ကံကောင်းတယ်မှတ်နော် ထိန်ကလေး ... တာဝန်ကျေကျေလုပ်ပြလိုက်စမ်း"

ဒေါ်အိစက်ကတော့ ငွေလထိန်ဘဝကို နားလည်ပြီး ဆွေမျိုးသားချင်းတစ်ယောက်ကဲ့သို့ စောင့်ရှောက်ထားသည်။ ငွေလထိန်မှာ မိဘတွေမရှိကြတော့ပါဘူး။ ဝမ်းကွဲအစ်မနှင့် အတူတူနေထိုင်ရာကနေ ဝမ်းကွဲအစ်မက အိမ်ထောင်ပြုသွားသဖြင့် အစ်မဝမ်းကွဲယောက်ျားယူတာလည်း သဘောမကျ၍ ငွေလထိန်တစ်ယောက်ထဲ နေထိုင်ခဲ့၏။ ထို့ကြောင့်ပင် ဒေါ်စက်က သူတို့ ဟိုတယ်မှာ အလုပ်သွင်းပေးထားခြင်း ဖြစ်သည်။

"ဒီနှစ် ညည်းလေးဘွဲ့ရတော့မယ်လေ ... အားတင်းထား



www.burmeseclassic.com

www.burmeseclassic.com



နော် ထိန် … မကြာခင် နေရာကောင်းကောင်းလေးတစ်ခုခုရမှာပါ။ ညည်းလေးက ကြိုးစားတာပဲ … ပြီးတော့ အင်္ဂလိပ်နဲ့ဂျပန်စကား ပြောလည်း တတ်တယ်လေ”

ငွေလထိန် ဘဝနာလွန်း၍ ပညာရေးကိုပဲ ဘယ်လိုနည်းနှင့်ပဲ ရရ အခမဲ့ ပညာသင်ဒါနကျောင်းတွေမှာ တက်ရင်း အင်္ဂလိပ်နှင့်ဂျပန်ဂကားပြောတွေကို သင်ယူနိုင်ခဲ့သည်။ အမ်ဒီ စုစီဇန် သဘောကျတာလည်း ထိုအကြောင်းကြောင့်ပါပဲ။

“သွားတော့နော် … အမ်ဒီက တာဝန်ပေးလို့ ဒေါ်စက်လာပြောတာ၊ ဒီနေ့ ရေကူးကန်မှာ ညည်းနဲ့သွယ်သွယ်တို့ တာဝန်ကျတယ်”

“ဟုတ်ကဲ့ … သိပါပြီ … ကြိုးစားလုပ်ပါ့မယ်”

အလုပ်သမားခေါင်းဆောင်ကြီး ဒေါ်အိစက်အား နောက်နောက်ပြောင်ပြောင်လေး ပြောပြီး အဝတ်အစားလဲခန်းထဲ ဝင်လာခဲ့သည်။ လောလောဆယ်တော့ အစမ်းခန့်ဖြစ်နေ၍ လိုအပ်တဲ့ နေရာတွေမှာ ငွေလထိန်ဝင်ရောက်လုပ်ကိုင်ပေးနေရသည်။ ဘာပဲဖြစ်ဖြစ် ထိန်အယူအဆက အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ။ မရိုးမသားလည်း မချမ်းသာချင်ပါဘူး။ ဘာလုပ်မှာလဲ … အကုသိုလ်နဲ့ရတဲ့ငွေက မီးလိုပူလောင်စေသည်ဟု ထိန်ထင်မှတ်ထားသည်။





“မမကြွေ … ရွေးချယ်တာ ဘာမှားလို့လဲထိန် … တို့တွေ ဘယ်လောက်အထိ ဘဝနာလဲ … ရပ်ကွက်အစုတ်အပြတ်လေးထဲမှာ လူတွေအထင်အမြင် အသေးခံရတဲ့ဘဝ မုန်းလိုက်တာ … ဘဝကြမ်းကြမ်းကြီး သေတဲ့အထိတော့ နာမည်ကောင်းယူပြီး မဖြတ်သန်းနိုင်ပါဘူးအေ … အခု မမသူဋ္ဌေးကြီးကို ရွေးချယ်တယ်၊ ဘာဖြစ်လဲ … ချမ်းချမ်းသာသာနေထိုင်ရပြီ၊ သူဋ္ဌေးသားဆိုရင်တောင် မရွေးချယ်ဘူး၊ လက်ဝေခံဖြစ်နေလို့လေ … ”

“တော်ပါတော့ မမကြွေရယ် … အဲဒီလိုကြီးတော့ နာမည်ပျက်ခံပြီး မချမ်းသာချင်ပါဘူး”

“ဘာနာမည်ပျက်ရလဲ ထိန် … သူဋ္ဌေးကြီးက လူလွတ်လေ၊ မယားရှိရက်နဲ့ မမကြွေက အတင်းလုယူတာမှ မဟုတ်တာဘဲ၊ ညီမလေးရော လိုက်နေမလား”

“တော်ပါပြီ … ထိန့်ဘာသာပဲ ရှာအလုပ်ဝင်လုပ်ပြီး ဆင်းရဲချင်လည်း ဆင်းရဲပါစေ … ကိုယ့်ဘဝကိုယ် ဖြူဖြူစင်စင်နဲ့ပဲ တိုးတက်အောင် ကြိုးစားမယ်”

“ငွေလထိန် … ကျုပ်ကိုများ ညည်းက ပြစ်ပြစ်နှစ်နှစ် ဝေဖန်လိုက်တာ … နေခဲ့ … နေခဲ့ … ညည်းနောင်တရရင် မမကြွေဆီ လာခဲ့ … ဒါပဲ … ”

မမကြွေ … အရမ်းချမ်းသာချင်ပြီး ရည်းစားတွေ သက်စွေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပြီး သူဌေးတစ်ယောက်ကို လက်ထပ်ခွင့်ရဖို့ နည်းမျိုးစုံနှင့်ကြံစည်ကြိုးစားနေလေသည်။ ငွေလထိန် မကြိုက်။ အမြဲတမ်း ကန့်ကွက်တားဆီးနေခဲ့သည်။ မမကြွေကလည်း ပြောမရ ဆိုမရ။ နောက်ဆုံးအသက်အရွယ်က မမကြွေနှင့် ထက်ဝက်ကျော်ကြီးတဲ့ သူဌေးကြီးတစ်ယောက်နှင့်လက်ထပ်သွား၍ ငွေလထိန်လည်း ကင်းကင်းရှင်းရှင်းလေးနေထိုင်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

"ဟယ် ... မိန်းကလေးက အရမ်းချောတာပဲ ရေကူးဝတ်စုံအနက်ကျားလေးနဲ့ ဖြူဝင်းအိမ့်နေတာပဲ ... ဒါကြောင့်လည်းအမ်ဒီဆူဆူညံက သဘောကျနေတာလေ ... ဒီ[illegible]ကောင်မလေးမျိုးကို လက်လွှတ်မခံနိုင်ဘူးလို့ ထုတ်ပြောနေတ[illegible]

"အဟက်"

ငွေလထိန် ဟက်ခနဲ ရယ်ချပစ်လိုက်ပြီး ထွက်လာခဲ့သည်။ သူမခန္ဓာကိုယ်မှာ အဖြူရောင်မွေးပွသဘက်တစ်ထည် ပတ်ထားပေမယ့် မို့မောက်ထွားကြိုင်းတဲ့ ရင်သားဝင်းဝင်းလေးနှင့် ဖြောင့်စင်းဖြူဝင်းတောင့်တောင့်ဖြောင့် ခြေတံရှည်ရှည်လေးတွေက ငွေလထိန်ရဲ့ အလှအပတွေကို ဖွင့်ဟပြသနေသလိုပင်။

"ညည်းလေးက ချောတယ် ... တကယ့်ကို တန်ဖိုးရှိတဲ့ပင်မြင့်ထက်က ပန်းပွင့်လေးတစ်ပွင့်ပါ ထိန်လေးရယ် ... အလကားဟာသအဖြစ်မခံစမ်းပါနဲ့ ... ခွင်ဖန်စမ်းပါ ... ညည်းလေးရုပ်ရည်က





မင်းကြိုက်စိုးကြိုက် ..."

မမကြွေ အမြဲတမ်း အားမလိုအားမရနှင့်ပြောရင်း သူဌေးတစ်ယောက်ယောက်ကို အမိဖမ်းဖို့ သွန်သင်ဆုံးမရင်း နားသွင်းနေတတ်သည်။ ငွေလထိန်ကလည်း အဲဒီလိုလုပ်တာကို အရွံ့ဆုံး၊ အစက်ဆုတ်ဆုံး အမုန်းဆုံးပဲ။ အမ်ဒီ ဆူဆူညံ ပြောသလို မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ မာနတော့ရှိရမယ်။ တန်ဖိုးကိုလေ။ ဘဝတစ်လျှောက်လုံးအတွက်ပဲ။ ရေကူးကန်ကိုရောက်တော့ ဧည့်သည်တွေရှိမနေပေ။ သူငယ်ချင်းသွယ်သွယ်ပဲ ရှိနေသည်။

"သွယ် ... လူရှင်းလိုက်တာ ဘယ်လိုဖြစ်ရတာလဲဟ"

သွယ်ကလည်း အေးဟ။ ဘာတွေလဲ ... ဧည့်သည်တွေကရေကူးကန်ဘက် ခြေဦးတောင်လှည့်မလာကြဘူးတဲ့။ ပျင်းစရာကြီးဟယ်ဟု ညည်းတွားနေ၏။ ဟိုတယ်၏ စည်းကမ်းချက်အရ ရေကူးကန်တာဝန်ကျသူများ ရေကူးဝတ်စုံနှင့်သာ နေထိုင်ရမည်ဟုဖြစ်သည်။

"ထိန် ရှင်ကတော့လေ အမြဲတမ်းကြည့်လိုက်ရင် ရွှင်လန်းဘက်ကြွပြီး လှလိုက်တာ ... ရေကူးဝတ်စုံလေးနဲ့အရမ်းလိုက်ဖက်တယ်ဟယ် ... ရှင့်အမေ ရွှေမှုံစားပြီး မွေးထားတာလား"

"တော်ပါသွယ်ရာ ... ထိန့်ဘဝက အဖေနဲ့အမေဆိုတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တောင်မတွေ့လိုက်ရဘူး၊ အဒေါ်လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာပါ

မမကြွေရဲ့အမေက ထိန့်ကိုကျွေးမွေးစောင့်ရှောက်လာခဲ့သည်။ အဒေါ်ဆုံးတာ မကြာသေးပေ။ မမကြွေနှင့်အတူတူနေထိုင်ရင်း မမကြွေက ထိန့်ကို ပညာသင်ပေးခဲ့၏။ ကျေးဇူးတော့ ရှိတယ်။ မမကြွေ ပညာတပိုင်းတစ တက္ကသိုလ်တတိယနှစ်မှာထွက်ပြီး အလုပ်လုပ်ခဲ့သည်။

"ထိန်လေး ပညာတတ်အောင် သင်ပါ ... မိန်းကလေးဆိုတာ ဘွဲ့လေးတစ်ခုလောက်တော့ ရထားမှ ... မမကြွေက အကြီး ထိန်လေးပဲ ကြိုးစား ... "

မမကြွေရဲ့ ကျေးဇူးတွေ ထိန့်အပေါ် အများကြီးရှိနေခဲ့တ ပါ။ ဖြတ်လမ်းကနေ မတရားတဲ့နည်းနဲ့ပဲဖြစ်ဖြစ် ချမ်းသာကြွယ် ချင်တဲ့ စိတ်ကိုတော့ ထိန် မနှစ်သက်မိပေ။

"ထိန်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ဘဝအကြောင်းတွေ စဉ်းစား နေတာလား ... မစဉ်းစားနဲ့၊ သွယ်ရော ဘာထူးလဲ ... အခုလေ လောဆယ် တို့စဉ်းစားရမှာက ရေကူးကန်ကို လူတွေမလာကြတာ ဘဲ"

"အင်းနော် ဘာဖြစ်လို့လဲ မသိဘူး ... ထူးဆန်းတယ်"





ဒီနေ့ ထူးထူးဆန်းဆန်းပဲ ရေကူးကန်ဆီ ဧည့်သည်တွေ မလာကြပေ။ နှစ်ယောက်သား ယောင်ချာချာနှင့် ရပ်နေရင်း ဧည့်သည်ကိုပဲ မျှော်နေမိသည်။

"ဟဲ့ ... ဟိုမှာ ဧည့်သည်တစ်ယောက် ဒီကိုလာမှာထင်တယ် ... ကြည့်လိုက်စမ်း ထိန် ... "

"အင်း ... ဟုတ်မလားပဲ"

ခပ်လှမ်းလှမ်းမှ ဧည့်သည်တစ်ယောက်က သူမတို့ ရေကူးကန်ဆီ လျှောက်လာနေသည်။ သေသေချာချာကြည့်မိတော့မှ ဟိုလူပဲ။ ဘဝင်မြင့်ပြီး တစ်လောကလုံးကို မကျေမနပ်ဖြစ်နေတဲ့လူ။ မောက်မောက်မာမာနှင့် ဝန်ထမ်းတွေကို အော်ငေါက်မောင်းနှင်ထုတ်တတ်တဲ့ ဧည့်သည် ဖြစ်နေသည်။

"ဟွန်း ... သူပဲ ... "

"မင်းနဲ့သိလို့လား ထိန်ကလေး ... "

"မသိပါဘူး ... မနက်က သန့်ရှင်းရေးလုပ်ဖို့ သွားတာ၊ အော်ဟစ်မောင်းထုတ်ပစ်လို့ ထိန် ဒေါကန်နေတဲ့လူ ... ခက်တယ်ဟာ ... သူတို့ကိုယ်သူတို့ သူဌေးတွေဆိုပြီး မောက်မာထောင်လွှားနေကြတယ်လေ ... ထိန်တို့ကို သူတို့ဆီက ရလိုမှုနဲ့ တွယ်ကပ်နေမယ် ထင်သလားပဲ"

"ဟဲ့ ... တော်တော့ အနားရောက်တော့မယ်၊ ထူးထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ခြား တစ်ဦးတည်းရောက်လာတဲ့ ညွှဲသည်ကို အထူးဂရုစိုက်ရမှာ နော် ထိန် ... ”

သူမကတော့ မျက်နှာထားတင်းတင်းလေးနှင့် ဘယ်လို လူမျိုးကိုမှ စိတ်ဝင်စားမှု မရှိတဲ့ အိုက်တင်အပြည့်ဖမ်း၍ လက်က လေးပိုက်ကာ ရပ်နေသည်။ သွယ်ကတော့ တာဝန်နှင့်ဝတ္တရားအရ အပြုံးချိုချိုလေးနှင့် နှုတ်ဆက်စကားပြောသည်။

“မင်္ဂလာပါရှင် ... ကြွပါ ... လိုအပ်တာတွေကို အကူအညီ ပေးပါရစေ”

ကြည့်ပါလား လူတွေကို အဖက်မတန်သလိုနှင့် အပြုံးက လေးနှင့်ပင် အဖက်လုပ် အသိအမှတ်မပြုဘဲ ကန်ဘောင်ပေါ်တက် သွားသည်။

“တွေ့လား ... အဲဒီလိုလူ ... ဘာတွေလဲဟာ သူတို့ကိုယ် သူတို့ ဘာမှတ်နေလဲမသိဘူး ... ထားလိုက် အရေးမလုပ်နဲ့”

“ဟဲ့ ထိန် ... အမလေး အနီးကပ်ကြည့်မိတော့မှ ဟိုသီချင်း ကိုသွားသတိရတယ်”

“ဘာလဲဟ”

“ကြွက်သားအဖုအထစ် ထုထုပြီး ခရာချင်စရာကွယ်၊ အား ကောင်းတဲ့ မြန်မာလူကြီး ... ”

“တော်စမ်းပါ ... ဘာမှအထင်ကြီးစရာမရှိဘူး၊ လူတွေကို





များ အဖက်မလုပ်ချင်သလိုလိုနဲ့ မျက်နှာထားကြီးက တင်းတင်း ကြီး ... အရောတဝင် သွားလုပ်မနေနဲ့”

“တာဝန်ဝတ္တရားလေဟာ၊ ဟဲ့ ... ထိန် တော်တော်လေး ယောက်ျားပီသပြီး ချောတယ် ... အသားလေးက နုဖတ်ဝင်းဖန့် နေတာပဲ၊ မျက်နှာကဟယ် တကယ့်ကိုပဲ ယောက်ျားပီသတယ်၊ နှုတ်ခမ်းလေးက ရဲရဲစိုစိုလေး”

“သွယ်နော် ... တို့အမ်ဒီဆူဆူည် ပြောသလိုပဲ ... မာနနဲ့ နေစမ်းပါ၊ လုံးဝစိတ်ဝင်စားဟန်မပြနဲ့”

သူ့ဟာသူ ယောက်ျားပီသချင်သလောက်ပီသ။ စည်းစိမ် ဥစ္စာတွေ ဘယ်လောက်ပဲပေါများနေပါစေ။ ထိန်ကတော့ သူမကိုယ် ကျင့်သိက္ခာကို တန်ဖိုးထားချင်သည်။ ဒီလူ မနက်က ဆက်ဆံပုံကို က သူမနှုတ်ခမ်းသားလေးတွေ တွန့်မဲ့၍ အကြည့်ကို ထိုလူနှင့် ဆန့် ကျင်ဘက်သို့ ရွှေ့ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

တာဝန်ကျ ဝန်ထမ်းကောင်မလေးက မထင်မှတ်ဘဲနှင့် မနက်က သန့်ရှင်းရေးကောင်မလေး ဖြစ်နေသဖြင့် မင်းဥဒေါင်းသာ ရင်ထဲသို့ အပျော်လေးတွေ တိုးဝင်သွားသလိုလို ဝန်ထမ်းကောင်မလေးတစ်ယောက် နှုတ်ဆက်တာကို သူဥပေက္ခာပြုပြီး ထွက်သွားမိတာ ရိုင်းစိုင်းရာကျပြီး နောင်တတွေ ရနေမိသည်။

"ကိုယ်အပူဒေါသနဲ့ကိုယ်ပါ ... မိန်းကလေးတွေ အထင်သေးတဲ့စိတ်တွေ ဝင်ဝင်နေတာလဲ မဟုတ်သေးပါဘူး"

သူ့စိတ်တွေထဲမှာ မိန်းမတွေအပေါ် အထင်အမြင်သေးတဲ့ အတွေးတွေပဲ လွှမ်းမိုးခြင်းခံနေရသည်။ နုနုကြွေကြောင့်ပဲ။

"ဥဒေါင်းသာလို သူဌေးသားကို ကြွေက အထင်မကြီးပါဘူး။ သူဌေးကြီးကိုပဲ ရွေးရမယ်"





"နုနုကြွေ ... မင်း ... မင်း ယုတ်မာကောက်ကျစ်တဲ့မိန်းမ"

"အား"

ရေထဲမှာ သူ့စိတ်တွေ မွှန်းကြပ်လာ၍ အော်ပစ်လိုက်သည်။

"ဘာဖြစ်လို့လဲ ... ညှို့သည် ဘာဖြစ်တာလဲဟင်၊ ကျွန်မတို့ အကူအညီလိုအပ်လား"

သွယ်ကစိတ်ပူပြီး ရေကန်ထဲခုန်ဆင်းပြီး ညှို့သည်နားသွား ဖို့ပြင်သည်။ ထိန်ကတော့ မလှုပ်။ ဒီလိုလူမျိုး သေတာတောင် နည်းသေးတယ်။ သွယ့်ကို တုန့်ပြန်ပြောဆိုခြင်း မရှိဘဲ ရေထဲပြန်ငုတ်သွားသည်။

"တွေ့လားသွယ် ... ထားလိုက်စမ်းပါဟာ၊ သူ့ကိုယ်တိုင်က ထိန်တို့ကို အဖက်လုပ်ချင်ပုံမပေါ်ဘူး"

"ရွှေမင်းသားလေးကို မေခလာလုပ်ပြီး ကယ်မလို့ဟာ၊ တေမိမင်းသား ဖြစ်နေတယ်"

"သွယ် ရေထဲမှာဘာလုပ်နေတာလဲ ... အအေးပတ်မယ် မြန်မြန်တက်ခဲ့ ..."

တာဝန်အရသာ ရေကန်မှာနေရပေမယ့် ထိန်ကတော့ ထွက်သွားချင်သည်။ လူတွေက ဘယ်လိုလဲ။ ထိန်တို့ကို နည်းနည်းလေးတောင် အဖက်မလုပ်ချင်တဲ့လူ။ ဘာတွေများကြီးကျယ်ခမ်း နားနေရတာလဲ။ ထိန် နည်းနည်းလေးမှ မကျေနပ်။ သူမ ရေကန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းပစ်သည်။

“ထိန်ပြောလည်း ပြောချင်စရာပဲ ... ရွှေမင်းသားက ကြီးကျယ်တော်မူနေတယ်၊ ဘာလဲတော့မသိဘူးနော် ... ”

“စိတ်မဝင်စားပါဘူး”

အမ်ဒီ ဒေါ်ဆုရှုည်က ဖုန်းဆက်ပြီး မင်းတို့ရေကူးကန်မှာ ရေကူးနေတဲ့ လူကြီးမင်းကို ဂရုစိုက်လိုက်ပါတဲ့။

“တွေ့လား ဘယ်လိုလူလဲဟ ... နည်းနည်းနောနောကြီးတာမဟုတ်ဘူးထင်တယ် ... တို့အမ်ဒီအပျိုကြီးတောင် လှမ်းသတိပေးရတဲ့အထိပဲ ... အကောင်အလောင်ထင်တယ်”

“ဟွန်း ... ထားလိုက်ပါ၊ လိုအပ်ရင် သူခေါ်လိမ့်မယ်၊ သိပ်ပြီးအရေးအရာ လုပ်မနေနဲ့”

“ငွေလထိန် ... အပျိုကြီး ဆူဆဲတာခံရတော့မယ်ထင်တယ် အပျိုကြီးရဲ့ အကန့်လားပဲ”

ငွေလထိန် စိတ်မဝင်စားသလိုလိုနှင့် လက်လေးပိုက်ပြီး ရေကန်ဘက်သို့ ကျောခိုင်းထားပြီး ရပ်နေသည်။

“ဒီနေ့ ရေကူးကန်ကို ဧည့်သည်တွေ မလာတာ၊ သူ့အတွက် သီးသန့်ပေးထားလို့ထင်တယ်နော် ထိန် ... ”

သွယ်က ဒီလူ့ကိုပဲ စိတ်ဝင်တစားနှင့် တခုတ်တရ ပြောနေတာကိုပဲ ထိန်နားကြားပြင်းကပ်လာရသည်။





“ဒီလူ စောစောက ဘာဖြစ်လို့ ထအော်လည်းမသိဘူးနော် ငွေလထိန် ... ”

“ကင်းကိုက်သွားလို့နေမှာပေါ့ သွယ်”

“ကင်း ... ဟုတ်လား ... ဘယ်ကိုကိုက်သွားလို့လဲ၊ ရှင့်အထင်ကို ပြောလေ ... ”

“တကယ်ပါပဲ”

သွယ်က နောက်နောက်ပြောင်ပြောင်နှင့် ရယ်စရာတွေ ပြောတတ်သူပါ။ ထိန် မရယ်ဘဲ မျက်စောင်းလေးထိုးပြီး လှည့်ထွက်လာခဲ့သည်။

“ဟဲ့ ... ထိန် ... ငွေလထိန် ... ဘယ်ကိုသွားမလို့လဲ၊ တာဝန်နော် ... သွယ့်ကိုတော့ တစ်ယောက်ထဲ မထားခဲ့ပါနဲ့”

သွယ် လှမ်းအော်ရင်း ပြေးလိုက်လာသည်။ ထိန်က ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ထိုင်ခုံလေးမှာ ဝင်ထိုင်သည်။

“ထိန် ... ရှင်နော် ... အပျိုကြီးကိုယ်တိုင် လှမ်းဖုန်းဆက်ထားတာ”

“မြင်နေရတာပဲ”

“မဟုတ်သေးပါဘူး ရွှေမင်းသားလေးက အရေးပေါ်အကူအညီလိုအပ်ရင် ကယ်ရမယ်လေ ... မေလော နတ်သမီးလို”

“တော်စမ်းပါ ... ရှင့်အကူအညီကို ဟိုလူကယူမယ် ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



လား ... အနားလာကပ်မှာတောင် ကြောက်နေမှာ”

သွယ်လည်း ခုံတန်းလေးမှာ ဝင်ထိုင်သည်။ ရေကန်ကိုတော့ လှမ်းမြင်နေရသည်။ သွယ်က သူ့ကိုလှမ်းလှမ်းကြည့်ပြီး ချိုးမွှမ်းခန်း ဖွင့်နေ၏။ ထိန်ကတော့ အကြည့်တွေကို ရေကန်နှင့်ဆန့်ကျင်ဘက် သို့ ပို့ပစ်ထားသည်။

“အရေးထဲ အပျိုကြီးက ဖုန်းပဲ ခဏခဏဆက်နေတယ် ဘာတွေလဲဟ ... ”

သွယ်ကပြောလည်းပြော ဖုန်းကိုဖွင့်၍နားထောင်သည်။

“ဟုတ်ကဲ့ မမ ... ဟုတ်ကဲ့ အခုပဲ သွယ်လာခဲ့ပါ့မယ်၊ ထိန် ရော သွယ်ရော ကန်ဘောင်မှာပါ ... ဟုတ် ... ဟုတ်”

သွယ်က ဖုန်းပိတ်ပြီး အပျိုကြီးမမက သူမအား ခဏလာခဲ့ ဖို့ လှမ်းခေါ်နေတယ်ပြောရင်း ထိန်လည်း ကန်ဘောင်မှာနေတဲ့။

“ထိန် သူကပြောနေတယ် ... သူ အရက်တွေအရမ်းသောက် ထားလို့တဲ့၊ နည်းနည်းပိုပြီး ဂရုစိုက်လိုက်တဲ့ ... သွယ့်ကိုခေါ်နေ တယ် ထိန် ... ရှင်ကန်ဘောင်ပေါ် သွားပါ ... တာဝန်အရ သူ့ကို ဂရုစိုက်လိုက်ပါဦးဟယ်”

သွယ် ပြန်ထွက်သွားသည်။ အင်းလေ တာဝန်အရပဲဟာ။ သူ့ကို အရေးတဝင် လုပ်ချင်လို့မှ မဟုတ်တာဘဲ။ ထိန့်မာနကိုတော့ ဘယ်တော့မှ လာထိလို့မရဘူးနော်။ လျှော့တွက်မထားနဲ့။ ကျွန်မ





အစ်မဝမ်းကွဲသူဌေးကြီးနဲ့ လက်ထပ်တာတောင် ကျွန်မသွားပြီး မှီခို တာမဟုတ်ဘူး။ သူမ ကန်ဘောင်ပေါ်ပြန်တက်လာခဲ့ပြီး သူ့ကို မကြည့်။ သူမကို အဖက်မတန်သလိုလို မောင်းထုတ်ပစ်ထားတဲ့လူ ကို မကျေမနပ်နှင့် ကျောခိုင်းရပ်နေလိုက်သည်။

“အား ... ကျွတ် ... ကျွတ် ... အား မိန်းကလေး ဟေ့ ... ဝန်ထမ်း ... ”

ဒီတစ်ခါတော့ သူတကယ်ပဲ ခြေသလုံးကြွက်တက်လာ၍ ရေဆက်မကူးနိုင်တော့သဖြင့် ခြေသလုံးကို ဖိထားရင်း ဝန်ထမ်း ကောင်မလေးကို လှမ်းခေါ်လိုက်သည်။

“ဟေ့ ... အား ကျွတ်ကျွတ် ... ဒုက္ခပဲကွာ ရေဆက်ကူးလို့ မရတော့ဘူး ... ဟေ့ ဝန်ထမ်း ... ဒီမှာ ကြွက်တက်နေလို့ ရေဆက် ကူးလို့မရတော့ဘူးကွ ... လာပါ အား ... ”

ဘယ်လိုကောင်မလေးမှန်းမသိဘူး။ သူ့ကိုကျောခိုင်းပြီး ရပ် နေသည်။ လှမ်းခေါ်တာလည်း လှည့်မကြည့်။ မင်းဥာဏ်သာ ခန္ဓာ ကိုယ်က တဖြည်းဖြည်းလေး လာပြီးရေထဲနစ်တော့မတတ်ဘဲ။ သူ အရက်ကလည်း မူးနေသည်။ ခြေသလုံးမှ မခံမရပ်နိုင်အောင် အောင့် သက်နာကျင်လာသဖြင့် ရေမကူးနိုင်တော့။ သူ အံကြိတ်ထားရင်း ဘယ်လိုဆက်လုပ်ရမှန်းပင် မသိတော့။ ဝန်ထမ်းကောင်မလေးက အကူအညီတောင်းခံတာလည်း မရ။ သူနောက်ပြောင်နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပင် ထင်နေပုံပင်။

"အား ... ကျွတ် ကျွတ် ... ဟော့ ဝန်ထမ်း ... ဒီမှာကျုပ် တကယ်ပဲ ကြွက်တက်နေတာ ... ဟော့ ... "

သူမ လှည့်ကြည့်လိုက်တော့ ဟိုလူက ရေလယ်ခေါင်မှာ ယက်ကန် ယက်ကန်နှင့် တကယ်ပဲ အကူအညီလိုအပ်နေသည် ဖြစ်၍ ထိန် ရေထဲခုန်ဆင်း၍ သူ့ဆီကူးခတ်သွားလိုက်၏။ အရေးထဲ သွယ်ကလည်း ပြန်မလာသေးဘူး။ ထိန် တစ်ယောက်ထဲ သူ့အနား ရောက်သွားတော့ သူက ရေထဲနစ်တော့မလို ဖြစ်နေသည်။

"ညွှေ့သည် ဘာဖြစ်နေတာလဲ ကြွက်တက်နေလို့လား"

"ဟုတ်တယ် ... အမြန်လာပါ"

"သတိထားပါ ... ကျွန်မ အမြန်ဆုံးရောက်လာပါ့မယ်"

ဒီလူ့ကို အမြင်ကတ်ပေမယ့် ထိန့်မှာ တာဝန်ရှိနေသည်။ အမ်ဒီကလည်း ဂရုစိုက်ဖို့ ဖုန်းမကြာခဏ ဆက်ထား၍ သူမ ဧည့်သည်ထံ ကူးခတ်လာခဲ့၏။ သူ ရေနစ်တော့မယ်။ သူမ မြွေတစ်ကောင်လို လျင်မြန်စွာ ကူးခတ်လာ၍ သူ့ခန္ဓာကိုယ်အား သူမလက်တွေနှင့်ရစ်သိုင်းဖက်တွယ်ထားကာ ကန်ဘောင်ဆီ ဆွဲယူရင်း ကူးခတ်လာခဲ့သည်။

"အား ကျွတ် ကျွတ် ... "

"သတိထားပါ ညွှေ့သည် ... ဘာမှမဖြစ်တော့ပါဘူး"





ဝန်ထမ်း ကောင်မလေးက ရေကူးလည်း ကျွမ်းကျင်သားပဲ။ သူ့ခန္ဓာကိုယ်က လေးလံပြီး ရေထဲနစ်တော့မယ့်အနေအထားကို သူမက ကျွမ်းကျင်စွာ ဖက်တွယ်၍ ကန်ဘောင်ဆီ အရောက်ကူးခတ်လာနိုင်ခဲ့သည်။

"စိတ်မပူပါနဲ့တော့ နည်းနည်းလေး သည်းခံပေးပါ"

သူမ အားပေးနှစ်သိမ့်စကားတွေလည်း ပြောရင်း ကြွက်တက်နေတဲ့ ခြေသလုံးအား နှိပ်နယ်ကုသပြုစုပေးနေသည်။ မနက်တာ သူ့ဒေါသတကြီး အော်ဟစ်မောင်းထုတ်ပစ်မိတဲ့ ကောင်မလေးပဲ။ သူ့ကို အရေးအရာလုပ်၍ပင် မကြည့်။ သူမတာဝန်ကိုပဲ ထမ်းဆောင်နေသည်။

"မင်းတို့လို ကောင်မလေးတွေက ဘာတွေလဲ ... လူကို အရေးမစိုက်သလိုလို ဘာလိုလိုနဲ့ ... တန်ဖိုးတင်နေတာလား"

ဝန်ထမ်းကောင်မလေးက သဘာဝအတိုင်းလေး လှပချောမောနေသည်။ အနက်ရောင် ရေကူးဝတ်စုံလေးနှင့် သူမအသားအရည်နှင့်လိုက်ဖက်စွာ ဝင်းမှည့်နေ၏။ မျက်နှာလေးကတော့ တင်းတင်း။ သူ့ခြေထောက်က သက်သာသွားသဖြင့် ကန်ဘောင်ပေါ် ပက်လက်လှန်ချပစ်လိုက်တော့ သူမက ဆတ်ခနဲထပြီး ကျောခိုင်းထွက်သွားလေသည်။

"ဟော့ ဝန်ထမ်းနေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာမှမဖြစ်တော့ပါဘူး ... ကျွန်မ တာဝန်ပြီးဆုံးသွားပါပြီ"

သူမ ရှေ့ဆက်လျှောက်သွားသည်။ လမ်းလျှောက်တာကို ကကျပြီး တောင့်တောင့်ဖြောင့်ဖြောင့်လေး။ မိန်းမတွေကို အထင်သေးပြီး အဖက်မလုပ်ချင်။ သူတောင် စိတ်ဝင်တစား ကြည့်မိသွားရသည်။

"မင်း ဘယ်သူလဲ ... မင်းလိုကောင်မလေးမျိုး ဒီနေရာကို ရောက်လာတာ စိတ်ဝင်စားစရာပဲ၊ မရိုးသားနိုင်ဘူး ... ငါတို့လို လူမျိုးတွေ အထင်ကြီးအောင် မင်းလာလုပ်ပြနေတာ မဟုတ်လား ကွ"

သူ ပြန်၍ ပက်လက်အနေအထား လှဲအိပ်ချပက်သုံက်သည်။

"ဟင် ... ဉာဏ်သာ ရှင်ဘယ်လိုဖြစ်တာလဲ၊ စောစောက ရေလယ်ခေါင်မှာ ကြွက်တက်နေလို့ဆို ဝန်ထမ်းကောင်မလေးက ပြောလို့ လာကြည့်တာ"

"အင်း"

"တော်သေးတာပေါ့ ... ဝန်ထမ်းကောင်မလေးရှိနေလို့ပေါ့ အခုရော ... သက်သာရဲ့လား ဉာဏ်သာရယ်"

ဝန်ထမ်းကောင်မလေးသာ ပြောနေပြီး နာမည်ထည့်မပြော သေး၍ ဉာဏ်သာ နားစွင့်နေရတာ အောက်သက်သက်။ အပျိုကြီး





စီဓန်နှင့်က သူနဲ့ကျောင်းနေဘက်တွေပါ။ သူ့ကို အထူးဂရုစိုက်တတ်တဲ့ စူဇီ။

"ဉာဏ်သာ ... ရရဲ့လားဟယ် ... ဘာတွေဖြစ်နေတာလဲ သတိထားစမ်းပါ ... ဟွန့် အရက်နံ့ကလည်း ထောင်းထောင်းထနေတယ် ဉာဏ်သာရယ် ... ရှင်ဘာတွေဖြစ်နေရတာလဲ၊ စူဇန်ကို ပြောပြစမ်းပါ၊ ရှင် ဒီလိုဖြစ်နေတာကို စူဇန် အရမ်းနာကျင်နေရတယ်"

စူဇန်က သူ့ကို ငယ်ငယ်လေးထဲက ကြိတ်ပိုးပမ်းနေသူပါ။ ကားများလို့ အပေါင်းအသင်းတွေကို အမြဲတမ်းအပြစ်တင် ဆူပွက်နေတတ်လို့ မကြိုက်တာ။ အပျိုကြီး စူဇန်က သူ့အနားကပ်ထိုင်ရင်း ကြည့်နေသည်။ သူ သတိတရနဲ့ တွေ့ချင်တဲ့ ဆန္ဒတွေတမ်းတမ်း တဖြစ်နေမိတာက ဝန်ထမ်းကောင်မလေးပဲ။ နာမည်ဘယ်သူ ပဲ၊ စူဇန် မင်းပြောပြစမ်းပါ။ သူ မေးမိတော့မလို့။

"ဉာဏ်သာ"

"ဟင်"

"ရရဲ့လား ရှင်အအေးပတ်တော့မယ် ... တကယ်ပဲ စူဇန့်ကို ပ်ပူအောင် လုပ်နေတာပဲ"

"စူဇန်ရေ ... ကိုယ့်ရင်ထဲမှာ မီးတွေတောက်နေတယ်"

"သိပါတယ် ... ရှင့်ဒက်ဒီကြောင့် မဟုတ်လား၊ အဲဒါ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှ ပြောင်းလဲပစ်လို့ မရဘူးလေ ဉာဏ်သာလက်ခံလိုက်ပါဟာ၊ နင့်ကိုယ်နင် ဖျက်ဆီးပစ်ဖို့ မကြိုးစားပါနဲ့"

"အား ..."

"ဘာဖြစ်တာလဲ ... ကြွက်တက်ပြန်ပြီလား"

"မွန်းကြပ်လာလို့ ..."

"သေလိုက်ပါတော့ဟယ် ... ယောကျ်ားပဲ ဘာဖြစ်လို့များ ညှံ့နေရတာလဲ ... အမိပွာယ်မရှိလိုက်တာ ... လူ့လောကကြီးထဲ ရောက်လာတာ ခဏလေးပဲ ... ရှင့်ဒက်ဒီလည်း အသက်ကြီးပါပြီ"

"ကိုယ် ... လုံးဝလက်မခံနိုင်ဘူး၊ စုစန် ... ကျေးဇူးပြုပြီး မဖျောင်းဖျစမ်းပါနဲ့ ... တော်ပြီ သွားတော့ ... ကိုယ်တစ်ယောက်ထဲ လွတ်လွတ်လပ်လပ်နေပါရစေ"

"အခန်းပြန်လေ"

ဝန်ထမ်းကောင်မလေးတစ်ယောက်က သူ့ကို ငေးကြောင်ကြောင်ကြည့်နေသည်။ စောစောက ပြန်ထွက်သွားတဲ့ကောင်မလေးရဲ့ သူငယ်ချင်းဖြစ်နိုင်သည်။ နာမည်ဘယ်သူလဲ ... မင်း ... ကျုပ်အနား ခဏလေးရောက်လာတာ ကျုပ်စိတ်တွေ အေးချမ်းသွားသလိုပဲ ... သူ့မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

## အခန်း ( ၃ )

"အဖိုးကြီးက အရမ်းကိုဂရုစိုက်တာပဲ ထိန် ... သိလား ... အဲဒီလူကြီးနာမည်ကလေ မင်းဉာဏ်သာတဲ့ဟ ... ရေစိုနေတော့လေ သူ့ခန္ဓာကိုယ်အသားအရည်ကလေ ... ဝင်းတောက်နေတာပဲ ... စိတ်ကူးယဉ်ချင်စရာကြီးဟယ် ... ဓိဇာကြောင်တဲ့ တို့ MD ဆူဆူညံလေး သည်းသည်းကိုလှုပ်နေတယ်"

ထိန်ကတော့ စိတ်မဝင်စားပါဘူး။ ယောကျ်ားတစ်ယောက်ရဲ့ အထင်သေးဆက်ဆံတာမျိုးလည်း မခံယူနိုင်ပေ ... သူမက တာဝန်ဝတ္တရားအရပဲ လုပ်ဆောင်ပေးမည်ဖြစ်သည်။ သူ့ဟာသူ ယောကျ်ားပီသတာ ... ချောတာ ... ထိန်နှင့်မဆိုင်ဟု ထင်မှတ်ထား၏။ သူ့ငွေတွေကို မြူဆွယ်ဖြားယောင်းသူဆိုတဲ့နာမည်ကို သူမ အရှုံမုန်းဆုံးပင် ...

"ဟဲ့ထိန် ..."

**စိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

"ရှင် စိတ်ဝင်စားနေလား ... အမယ် ... အမယ် ... ရှင်လည်း တိတ်တိတ်လေး ကြိတ်ပြီးရင်ခုန်နေပါတယ်၊ ရေထဲကနေ သူ့ကို ကယ်ဆယ်လာတာ မဟုတ်လား ... နှစ်ယောက်လုံးကလည်း မလှဲ့ တလုံ့နဲ့ ရှင့်ရင်ဘတ်ကို ကျွန်မစမ်းကြည့်မယ်"

"တော်ပါတော့ သွယ်ရာ ... ကိုယ်လုပ်ရမယ့်အလုပ်တစ်ခု ကို လုပ်ပစ်လိုက်တာပါဟ ... ဘာရင်ခုန်ရမှာလဲ ... စိတ်မဝင်စား ပါဘူး၊ အထင်ကိုမကြီးတာ"

သွယ်က ... နောက်ပြောင်ကြည့်စယ်သောနေရာတွင် နှစ် ယောက်မရှိဘူး။ တကယ်လည်း ငွေလထိန် ဘာမှမခံစားမိလိုက်ပါ ဘူး။ သူ့ကို အသေအချာပင်မကြည့်မိခဲ့ ... သူ ... တမင်လုပ်တာ မဟုတ်၍ စိတ်သက်သာရာတော့ရခဲ့သည်။

"သူလည်း ဒေါသဖြစ်စရာ ခံပြင်းနာကျည်းစရာတစ်ခုခုတော့ ရင်ဆိုင်နေရတယ်ဟ ... သူ့အဖေ နောက်မိန်းမယူလို့လားမသိဘူး"

မမကြွေကို သတိရတယ် ... သူမထက် အသက်တစ်ဝက် လောက်ကြီးတဲ့တစ်ယောက်နဲ့ လက်ထပ်တာပါ။ အခုဆိုရင် ကိုယ် ပိုင်ကား အကောင်းစားတွေစီးပြီး စိန်တွေ ... ရွှေတွေ ဝတ်နေရ တယ်။ ကိုမင်းညဏ်သာရဲ့ ဒက်ဒီများလား ... သူမ အခန်းတွေကို





သန့်ရှင်းရေးလုပ်ရဦးမယ် ... သူမ ပြင်ဆင်နေသည်။

"ငွေလထိန်နဲ့သွယ်သွယ် အထူးအိပ်ခန်းတွေကို သေသေ ချာချာသန့်ရှင်းရေးလုပ်ပေးကြနော် ... MD ဆူဆူညံ့အမိန့်ပဲ ... ကိုမင်းညဏ်သာရဲ့အခန်းကို သူဘာပဲပြောပြော သန့်ရှင်းရေးလုပ် ပေးကြတဲ့ ... အစုံပဲ ... "

"ဟုတ်ကဲ့ ဒေါ်စက်ရေ ... ကျွန်မတို့ကလည်း အဲဒီအမိန့်ကို နာခံချင်တာပါ"

"သွယ်နော် ... ဟိုလူ့ရှေ့မှာတော့ ဣန္ဒြေသိက္ခာနဲ့နေစမ်းပါ၊ တော်ကြာ ... တို့ဝန်ထမ်းတွေကို အထင်သေးနေလိမ့်မယ်၊ အဲ့ဒီလူ က ကြီးကြီးကျယ်ကျယ်နဲ့ မုန်းတယ်"

"ထိန်ကလေးကလေ အဲဒါမျိုးတွေမနှစ်သက်ဘူးနော် သွယ် မိန်းကလေးတွေအနေနဲ့ မာနရှိတာကောင်းပါတယ်၊ ဒေါ်ခက် သွား ပြီ ... အပျိုကြီး MD က သည်းသည်းလှုပ်နော်"

"ဟုတ် ... "

သူမတို့နှစ်ယောက် ထွက်လာခဲ့ကြသည်။ မနက်ကတော့ အော်ဟစ်မောင်းထုတ်ခံခဲ့ရ၏။ နေ့လည်က ရေကူးကန်မှာ ဒီလူ ကြွက်တက်လို့ ကယ်ခဲ့ရသည်။ သူနဲ့ပဲဆုံနေရတယ်။

"ထိန် ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"သွယ် ... ဟိုဘက်ခန်းသွားမယ် ... ရှင်ကတော့ ... ဦးမင်းဉာဏ်သာအခန်း ဝင်လိုက်"

"သွယ် ဝင်လိုက်ပါဟာ"

"မလုပ်နဲ့ ... ရှင်နဲ့က ကျေးဇူးခံကျေးဇူးစားတွေရှိကြတယ် လေဟယ် ... နေ့လည်က သူ့အသက်ကို ရှင်ကကယ်ထားတာပဲ အော်ထုတ်မှာတော့မဟုတ်ဘူး"

သွယ်က ပြောရင်း တစ်ဖက်ခန်းရှေ့သွားရပ်တော့ သူမက မလွှဲသာတော့ဘဲ သူ့အခန်းရှေ့မှာ ရပ်လိုက်ရသည်။

"ဒေါက် ... ဒေါက် ... "

"သန့်ရှင်းရေးပါ"

တံခါးက ပိတ်မထားပေ ... ထိန် လက်လေးနှင့်တို့ကြည့်တာနဲ့ ပွင့်သွား၍ အခန်းထဲလည်းမဝင်ရဲပေ ... အခန်းအတွင်းမှာက လှုပ်ရှားမှုမရှိ ... ဟိုလူရော ... တကယ်ပါပဲ သူကဝင်ခွင့်မပြုဘဲနှင့်လည်း မဝင်ရဲ ...

"သန့်ရှင်းရေးလုပ်ခွင့်ပြုပါ ညွှဲသည် ... သန့်ရှင်းရေး လုပ်ပါ့မယ်"

ပြန်၍တုံ့ပြန်သောလှုပ်ရှားမှုက မရှိ ... ငြိမ်သက်တိတ်ဆိတ်နေ၍ သူမ စိတ်ပူပင်သွားရသည်။ MD ဆီရော ... သူမ ဖုန်းနှင့် လှမ်းဆက်သွယ်တာမရ ... အရေးထဲ ဖုန်းလိုင်းမအားပါ၍ဟုပဲ ဖြေ





နေသည်။

"ညွှဲသည် ... သန့်ရှင်းရေးပါ၊ ဝင်ခွင့်ပြုပါရှင်"

အခန်းတွင်းမှ ... လှုပ်ရှားသံသဲ့သဲ့လေးမျှပင်မရှိ ... ဦးမင်းဉာဏ်သာ အခန်းကြီးဖွင့်ပြီး အပြင်ထွက်သွားလားပဲ ... သူမ အခန်းထဲ ဖြည်းဖြည်းချင်းတိုးဝင်သွားလိုက်သည်။

"ဟင် ... "

"ဟီး ... ဟီး ... အီး ... အီး"

"ဟင်း ... ဟင်း ... အဟင်း"

အိပ်ခန်းထဲမှ ညီးညူသံကိုကြားလိုက်ရ၍ သူမ ကြည့်လိုက်တော့ ... ဦးမင်းဉာဏ်သာ အဖျားတွေတက်ပြီး သတိလစ်တဲ့အထိ ဖြစ်နေသည်။

"ဒုက္ခပါပဲ ... ညွှဲသည် ... ဒီမှာ ညွှဲသည် ... ကိုယ်တွေ ချစ်ချစ်တောက်ပူနေတာပါလား ... ညွှဲသည် ... ဒီမှာ ... ဦးမင်းဉာဏ်သာ ... "

သူ့အသားတွေက ပူချစ်နေသည်။ အဖျားတွေတက်နေတာပဲ ... ဘုရားရေ ... နေ့လည်ကဝတ်ထားတဲ့ ရေကူးဝတ်စုံကလည်း ဒီအတိုင်းပဲ ... ရေကူးဝတ်စုံ ... ဒီလူကြီး ဘယ်လိုလူကြီးမှန်းမသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟင်း ... ဟင်း"

"နုနုကြွေ ... မင်း တော်တော်အကြံပက်စက်တာပဲ ... ငါ့ ဒက်ဒီကို မင်းအပိုင်ချိုင်လိုက်တာပဲ"

နုနုကြွေတဲ့ ... မမကြွေနာမည်ပါလား။ ထိန် ... အလန့်တကြားနှင့် သူ့ကိုကြည့်မိနေသည်။ မမကြွေနဲ့လက်ထပ်တာ ... ဦးမင်းဉာဏ်သာရဲ့အဖေလား ...

"ငွေမက်တဲ့မိန်းမ ... ငါ့အဖေမှန်းသိသိကြီးနဲ့ ... မင်း အရယူပစ်လိုက်တာ မိန်းမယုတ်မ"

"ဧည့်သည် ... သတိထားပါ၊ ရှင် အရမ်းဖျားနေတယ် ... ဒီမှာ ဧည့်သည်"

"ဟင်း"

သူမ စိတ်ပူပြီး ... မရဲတရဲလေးနှင့် သူ့လက်ကို ပုတ်နှိုးပစ်မိသည်။

အရင်ကတော့ ... သူ့ကို မောက်မာထောင်လွှားလွန်းတဲ့ ဘဝင်မြင့်လွန်နေတဲ့လူအဖြစ် ထိန် ... မုန်းတီးစက်ဆုတ်နေခဲ့ပေမယ့် ... မမကြွေလက်ထပ်လိုက်တဲ့ ဦးမင်းမင်းမောင်ရဲ့သားဆိုတာ ဖြစ်နိုင်၍ ... ကိုယ်ချင်းစာနာ သနားသွားမိသည်။ ထို့ကြောင့်ပင် အဖျားတွေအရမ်းတက်နေတဲ့သူ့ကို စိတ်ပူပင်နေမိ၏။ အမြန်ဆုံး





အပူတွေကျစေရန် ရေပတ်တိုက်ပေးဖို့ပြင်ဆင်သည်။

"ရှင် ... အရမ်းပေါ့ပျက်မနေပါနဲ့၊ ဘာမှတ်နေလဲ ... မသာဖြစ်သွားလိမ့်မယ်၊ သေချင်နေတာလား"

သူမနှုတ်ခမ်းသားလေးကလည်း စိုးရိမ်တကြီး ဆူပူမာန်မဲနေရင်း ... ရေပတ်တိုက်ပေးနေမိသည်။

"အမယ်လေး သွယ်ပြောသလိုပဲ ... ကြွက်သားအဖုအထစ်ထုထုပြီး စချင်စရာဖြစ်နေပြီ၊ ဒုက္ခပါပဲ ... ထိန် နင်ဘာတွေစဉ်းစားနေရတာလဲ ... စောင်အရင်ခြုံပေးရမယ်"

ထိန် မေ့လျော့ပြီး ရေပတ်ပဲတိုက်ပေးနေတာ ... သူ့ခန္ဓာကိုယ်ပေါ်မှာ ... အဝတ်အစားတွေက မလုံ့တလုံဖြစ်နေတာကို မေ့လျော့နေပြီး အခုမှမြင်တွေ့သွားရကာ ထူပူပြီး စောင်တစ်ထည်ယူပြီး ကဗျာကယာခြုံပေးလိုက်ရသည်။

"ဟွန်း လူဆိုးကြီး ... ရှင့်ကို စောစောကတော့ ကျွန်မ အရမ်းမုန်းနေတာ ... အခု သနားသွားရပြီ"

သူမ ... ရေပတ်တိုက်ပေးလိုက်သဖြင့် ... သူ့ခန္ဓာကိုယ်မှ အပူရှိန် သိသိသာသာလျော့ကျသွားသည်။

"ဟဲ့ ... ငွေလထိန် ... မင်း ဘာတွေလုပ်နေတာလဲ ... ဉာဏ်သာဘာဖြစ်လို့လဲ ... အမယ်လေး ဘာကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



MD မမစုစန်က စောင်ကြီးကိုဆွဲဖယ်ပစ်လိုက်ပြီးမှ အလန့်တကြားနှင့် ပြန်ဖုံးပစ်သည်။

"ဘာတွေ့လို့လဲ MD ... မြွေတွေ့လို့လား ... လန့်လိုက်တာ"

"ဟဲ့ ... သွယ်သွယ် အသာနေစမ်း ... ဘာမြွေလဲ ... ဟိုဟို ... ဟာ မင်းကတော့လေ"

"အဟိ ... "

"ဟဲ့ ... "

ကိုမင်းညဏ်သာရဲ့ ခန္ဓာကိုယ်အချိုးအစားကိုကြည့်ပြီး အပျိုကြီး သတိလက်လွတ်အော်ဟစ်ပြီးမှ ရှက်ရွံ့ရွံ့နှင့် သွယ်သွယ်ရယ်တာကို မာန်မဲနေသည်။ ထိန်လည်း ရယ်ချင်နေ၏။ MD က ကိုမင်းညဏ်သာနှင့်ပတ်သက်လာလျှင် သည်းသည်းလှုပ် ပျာယာခတ်နေတတ်သည်။

"ငွေလထိန် ... ညည်းတစ်ယောက်တည်း ဘာတွေလုပ်နေတာလဲဟဲ့ ... ဆရာဝန်ခေါ်ရမယ်လေ၊ မမတို့ဆီ အကြောင်းကြားရမယ်၊ ခက်တာပဲ"

"ဟိုလေ ... ဟို ... ထိန်လည်း အရမ်းစိတ်ပူသွားလို့ပါ ... ဘာလုပ်ရမှန်းမသိတာနဲ့ ရှေ့ပတ်အမြန်တိုက်ပေးလိုက်မိတာပါ"





"မင်းတို့သွားတော့ ... သွယ် ... ဆရာဝန်ဆီဖုန်းဆက်စမ်း၊ ညဏ်သာ့ကို မမပဲစောင့်မယ်"

"ဟုတ် ... "

"သွယ် ဆရာဝန်ခေါ်ပြီးရင် ... မင်းပါလိုက်ခဲ့"

"ဟုတ်"

"ငွေလထိန် မင်းကတော့ အခြားအခန်းတွေ သန့်ရှင်းရေးလုပ်"

"ဟုတ် ... "

"သွားကြတော့ ... အို ... ဟဲ့ ... ဟဲ့ နေကြပါဦး၊ Waiter တစ်ယောက်ကို လွှတ်ပေးဦး၊ ညဏ်သာ့ကို အဝတ်အစားလဲပေးရအောင်"

"ဟုတ် ... "

"ညဏ်သာရယ် ... ရှင် ဘာဖြစ်လို့များ ဒီလောက်အထိ ပေပေတေတေနေရတာလဲ ... စိတ်ပူရတယ်"

ငွေလထိန်နှင့်သွယ်သွယ်တို့ ... တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိမျက်နှာသေးတွေနှင့် ထွက်လာခဲ့ကြသည်။

"ထိန် ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲဟ"

"ထိန်ဝင်လာတော့ … သူက အဖျားတွေအရမ်းတက်ပြီး သတိလစ်နေတာဟ"

"ရှင်နဲ့ကဲတော့လေ တစ်ခုခုတော့ဆက်နွယ်မှုရှိနေပြီထင်တယ်၊ ကေန့တော့ ဖူးစာရှင်တွေလား"

"လုံးဝပဲ … "

ထိန် ပြောမယ့်သာပြောရတာ … ကိုမင်းဉာဏ်သာဆိုတဲ့လူကိုတော့ သနားနေသည်။ ဘာဖြစ်လို့လဲဆိုတော့ … မမကြွေရဲ့ လောဘရမက်ကြီးကြီးနဲ့ သူ့ငွေကြီးကို အပိုင်ချိုင်ပစ်လိုက်တာ။ ထိန် သိလိုက်ရ၍ဖြစ်သည်။

"ထိန်ရယ် … မမကြွေဘဝကို … မမကြွေ အကောင်းဆုံး ရွေးချယ်တာလေ၊ ဘယ်သူ့ကို အားနာနေရမှာလဲ … အကိုကြီးမှာ သားချောချောလေးတစ်ယောက် ရှိတယ်၊ သူကလေ … မမကြွေ ကြိတ်ပြီးကြိုက်ခဲ့ရတဲ့ ကောင်လေးပဲ … အရမ်းမာနကြီးလွန်းတယ်၊ မမကြွေကို ဆင်းရဲလို့ထင်တယ်၊ လုံးဝအဖက်မလုပ်ဘူး"

"မမကြွေကိုတော့ ထိန့်အစ်မအဖြစ်ကနေ လုံးဝစွန့်လွှတ်လိုက်ပြီ၊ ထိန် လုံးဝသဘောမတူနိုင်ပါဘူး၊ မမကြွေ အရမ်းအတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တယ်"





"ဟား … ဟား … ဟား … တော်းမလေးပဲ … သနားစရာ မိန်းမတစ်ယောက် … ဆင်းရဲနုံချာတဲ့ဘဝနဲ့ ဘဝကိုရပ်တည်ကြည့် စမ်း ထိန် … ဘယ်လောက်ခါးသီးမလဲလို့"

မမကြွေကတော့ စည်းစိမ်ချမ်းသာမှုတွေနှင့် ပျော်ရွှင်နေလေသည်။ ထိန် ဘယ်လိုဖြစ်ရတာလဲ … သူ့ကို သနားမိနေခဲ့၏။ အားပေးနှစ်သိမ့်ပေးချင်ခဲ့သည်။

"ကျွန်မ စိတ်ရင်းနဲ့ပါ … ရှင်နဲ့ တခြားဘာညာကဏ္ဍတွေကိုတော့ ပတ်သက်လို့ရမယ် မထင်ထားနဲ့နော်"

"ဟဲ့ … "

"အမယ်လေး … "

"ရှင် ဘာတွေစဉ်းစားနေတာလဲ … ကိုမင်းဉာဏ်သာကိုတော့ စိတ်နဲ့တောင်မပြစ်မှားနဲ့နော် … အပျိုကြီး MD က သည်းသည်းလှုပ်ဟ"

"အမယ်လေ ငွေလထိန်ပါနော် … ဒါမျိုး စိတ်ကူးစရာလား၊ တန်မရာကိုတော့ ငွေလထိန်တို့က ဘယ်တော့မှမမှန်းဘူး"

"ယုံပါတယ် … ယုံပါတယ် … ဒေါ်ငွေလထိန်ရဲ့မာနကို"

ဒေါက်တာရောက်လာ၍ သွယ် … အပြေးအလွှားထွက်သွားသည်။ ကိုမင်းဉာဏ်သာကို ကိုယ်ချင်းစာစိတ်တွေနဲ့ သနားမိတာက



www.burmeseclassic.com

www.burmeseclassic.com



လွဲပြီး … ငွေလထိန် ဘယ်လိုအကြောင်းပြချက်နဲ့မှ ရင်းနှီးကျွမ်းဝင်အောင် မလုပ်ဘူး။ ကျွန်မအမုန်းဆုံးကလေ … ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်း ပိုင်ဆိုင်ဖို့ကြံစည်ခြင်းပဲ … သူမအတွေးတွေထဲသို့ မကြာခဏရောက်လာတတ်တဲ့ ကိုမင်းဉာဏ်သာအား မောင်းထုတ်ဖယ်ရှားပစ်လိုက်သည်။

န်း ( ၅ )

"အား … ကျွတ် … ကျွတ်"

"အင်း … "

သူနားထဲမှာ အိပ်မက်လိုလိုဘာလိုလိုနှင့် ညှိ့သည် … ည့်သည်ဟုခေါ်နေတဲ့ ငွေလထိန်အသံလေးကိုပဲ ကြားနေမိသည်။ ူများ ရောက်လာလားလို့ … မျက်လုံးတွေကို အားယူဖွင့်ကြည့်ောာ့ … ဝေ့ဝေ့ဝါးဝါးနှင့် မိန်းကလေးတစ်ယောက် သူ့အနားမှာိုင်နေတာသေချာ၍ ငွေလထိန်ထင်ပြီး … သူ့မျက်ဝန်းတွေ ဝင်းာက်လင်းလက်သွားရကာ …

"ဉာဏ်သာ … "

"ဟင် … "

စောစောက တက်ကြွရွှင်လန်းမှုတွေ ပြုတ်ကျသွားသလို။ ကိုယ်က လေးလေးလံလံကြီးဖြစ်သွားသည်။ ခုစန် …



www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်သာ ... နင်ဘယ်လိုဖြစ်ရတာလဲဟယ် ... ဒီအတိုင်းပဲ ဖြစ်သလိုနေထိုင်ရလားဟဲ့"

"စုစန် ... မင်း ဘယ်အချိန်ကရောက်လာတာလဲ"

"ရှင့်ဆီကို အရင်ရောက်လာတာက ငွေကထိန်ပါ၊ ဟိုလေ ဝန်ထမ်းကောင်မလေး ... ရှင့်ကို ... ရေကူးကန်မှာကယ်ခဲ့တဲ့ တစ်ယောက်လေ"

"သူ ... သူက ဘာလာလုပ်တာလဲ"

"သန့်ရှင်းရေးလေ ... မနက်တည်းက ရှင့်အခန်းကို သန့်ရှင်းရေးမလုပ်ရသေးဘူးမဟုတ်လား ဉာဏ်သာရယ် ..."

စုစန့်စကားအရ သူ့ဆီအရင်ဆုံးရောက်လာတာ ငွေလထိန်ပဲ ... သူ ... သူ့အဝတ်အစားတွေကို ငွေလထိန်လဲပေးတာများလား။ သူ ... အရက်တွေအမူးလွန်ပြီး ရေကူးဝတ်စုံနှင့်အိပ်ပစ်လိုက်မိသည်။ စဉ်းစားမိလေ ... သူ ... မျက်နှာပူရလေပဲ ... သူ့နေထိုင်ပုံက အောက်တန်းကျလွန်းနေသည်။

"ဉာဏ်သာ ..."

"ဟင် ..."

"ရှင့်စိတ် မှန်ပါတယ်နော် ... ကြောင်စီစီနဲ့ ... အရင်ကနဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ"

"စုစန်ရာ ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် အရမ်းခံစား





နေရတယ်၊ ကိုယ့်မိတွေးက နုနုကြွေဖြစ်နေတာ ... ကိုယ် လုံးဝမခံစားနိုင်ဆုံးပဲ"

"ဟုတ်ပါရဲ့ဟယ် ... ကြွေက မတန်မရာ ... နင်အရမ်းခံစားနေရတယ်ဆိုတာ စုစန်သိပါတယ်၊ ဒါကြောင့်လည်း ... ဒီမှာ ရှင့်သဘောကျ လွတ်လွတ်လပ်လပ်နေခွင့်ပြုခဲ့တာလေ"

"Thank You"

"ဉာဏ်သာရယ် ... ရှင့်စိတ်ကိုထိန်းပါ၊ ကြွေနဲ့ မျက်နှာချင်းဆိုင်နဲ့လေ ... ရှင့်ဘဝကို ဖျက်ဆီးပစ်တော့မလို့လား"

ဒက်ဒီက သူ့ကို အမေအဖြစ်သတ်မှတ်လက်ခံဖို့ပဲ ဖျောင်းဖျနေသည်။

"ကိုယ် ... မပတ်သက်လို့မရဘူး၊ ကိုယ့်ဒက်ဒီအမိန့်ပဲ ... ကိုယ် မကြာခင်အိမ်ပြန်ရမယ်၊ ဒက်ဒီ့အမုန်းတွေကို မခံယူနိုင်ဘူးဖြစ်နေတယ်"

ဒက်ဒီ့ကို သူ ... အလွန်အမင်း ချစ်ခင်သံယောဇဉ်တွယ်ခဲ့သည်။ မာမီ့ကို မမှတ်မိ ... ဒက်ဒီကလည်း သူငယ်စဉ်လေးထဲက နောက်ထပ်အိမ်ထောင်မပြုဘဲ ... သူ့ကိုပဲ ပြုစုစောင့်ရှောက်ပေးခဲ့၏။ ဒက်ဒီက မာမီ့နေရာပါမလစ်ဟင်းစေအောင် ... ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

"ကြွေက အရမ်းချမ်းသာချင်တဲ့ဟာမလေ ... စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း အောက်တန်းကျတယ်၊ ဒါပေမယ့် ဉာဏ်သာရယ် ... ရှင့်လို လူကြီးလူကောင်း၊ လူတော်တစ်ယောက်ရဲ့ဘ၀ကို အရက်သမား ကြီးဘ၀ ... အရှက်သိက္ခာမဲ့နေတဲ့ဘ၀အဖြစ် ပြောင်းပစ်မလို့လား စုစန် ဘာကူညီရမလဲပြော ... အားမနာနဲ့နော် ... ကျောင်းနေဖက် သူငယ်ချင်းတွေပဲဟာ"

စုစန်က ကျောင်းနေထဲက သူ့ကိုကြိတ်ပိုးနေသူပါ။ ဒက်ဒီက လွဲပြီး သူ့ဘ၀မှာ သံယောဇဉ်တွယ်ငြိစရာဟု ထင်မှတ်ထားခဲ့သည်။ နုနုကြွေကတော့ ပေါ်ပေါ်တင်တင်လိုက်ခဲ့တာပါ။ စုစန်က မာနနှင့် တည်တည်ခန့်ခန့်ပိုးပမ်းခဲ့၏။ သူ့နှလုံးသားထဲမှာ အချစ်မရှိ၊ ဂုဏ် သိက္ခာကြီးမားစွာ နေထိုင်ခဲ့သည်။

"ဉာဏ်သာရယ် ... ဒေါသတွေကိုလျှော့ပစ်လိုက်စမ်းပါ၊ ရှင် ဘာလုပ်ချင်လဲ ... ဘာစားချင်လဲသာပြော"

"ကိုယ် ... တစ်ယောက်ထဲပဲနေချင်တယ် စုစန်"

"နေလေ ... တစ်ခါတစ်လေလောက်တော့ ရှင့်အခန်းကို လည်း သန့်ရှင်းရေးလုပ်ခွင့်ပေးပါ"

"စုစန် ... "

"ပြောလေ ... "

"ဟိုကောင်မလေးက ကိုယ့်အ၀တ်အစားတွေ လဲပေးသွား တာလား"





"ငွေလထိန်လား ... မဟုတ်ပါဘူး၊ စုစန့်၀န်ထမ်းကောင် လေး လဲပေးတာပါ၊ ငွေလထိန်ရောက်လာတော့ ရှင် သတိလစ်နေ တာတဲ့ ... သူတောင် ရေပတ်တိုက်ပေးခဲ့တယ်"

ဉာဏ်သာ မျက်နှာပူလိုက်တာ ... ငွေလထိန်ကိုလည်း တွေ့ ချင်သည်။ ကျေးဇူးတင်စကားလေးတောင် မပြောလိုက်ရ ... ငွေလထိန် ... မာနခဲမလေးတစ်ယောက်ဟုတော့ ဉာဏ်သာတွေး မိသည်။

"သွယ် ... အခန်းသန့်ရှင်းရေးတာ၀န် ယူလိုက်"

"MD မမ"

"ဘာလဲ"

"အခန်းက တော်တော်လေးရှင်းရမှာဆိုတော့ ငွေလထိန် ကိုပါခေါ်ပြီး နှစ်ယောက်ရှင်းပါရစေ"

"ခေါ်လိုက်လေ"

"ဟုတ် ... "

ဉာဏ်သာက အရမ်းကြီးကျယ်ခန်းနားစွာ နေထိုင်တတ်သူ ဖြစ်သည်။ စုစန်တို့ကိုတောင် အထင်မကြီးခဲ့တာ ... ငွေလထိန် ချောမောငယ်ရွယ်ပေမယ့် ... စုစန် စိတ်မပူပါဘူး။ ကမ္ဘာပေါ်မှာ အကြီးအကျယ်အခမ်းနားဆုံး ထက်မြက်အောင်မြင်တဲ့မိန်းမတွေကို



www.burmeseclassic.com

www.burmeseclassic.com



တောင် အဖက်မလုပ်ခဲ့တာ ...

ငွေလထိန်လိုအဆင့်မျိုးကို ဘယ်တော့မှ စိတ်ဝင်တစားရှိမှာ မဟုတ်ဘူးဟု ထင်ထားသည်။

"ရှုစန် အပြင်ကိုသွားစရာရှိတယ် ဉာဏ်သာ ... ရှင်လည်း နေမကောင်းဘူး၊ အနားယူနေပါ ... လိုအပ်တာပြော ... သွယ်နဲ့ ငွေလထိန် လုပ်ပေးလိမ့်မယ်"

"ကိုယ့်အတွက် ပြည့်စုံပါတယ် ... အခန်းသန့်ရှင်းရေးတော့ လုပ်ပါစေ"

ရှုစန်က သူ့နဖူးကိုစမ်းပြီး ပြန်ထွက်သွားသည်။ ဒီအပျိုကြီး ကိုတော့ ဉာဏ်သာ နည်းနည်းမှစိတ်မဝင်စားမိ ... မိတ်ဆွေကောင်း အဖြစ်ပဲ ... သူ ... ဆက်ဆံခဲ့၏။ သူ အိပ်ရာပေါ်လှဲအိပ်ရင်း မျက်လုံး ကို မှိတ်ထားသည်။

"ထိန် ... လာလေ ... MD မမက သန့်ရှင်းရေးကို အသေ အချာလုပ်ပေးဖို့ မှာခဲ့တယ်၊ ဂရုစိုက်တဲ့"

ငွေလထိန်ဆိုတဲ့ကောင်မလေးကိုတော့ သူ ... ဘာဖြစ်လို့ မှန်းမသိဘဲ ရင်ခုန်ချင်လာသည်။ မင်းဉာဏ်သာက မိန်းကလေးတွေ နှင့် ကင်းကင်းရှင်းရှင်းနေထိုင်တဲ့နေရာမှာ နာမည်ကြီး ... သူ့ဘက်မှ သန့်ရှင်းရေးကောင်မလေးတွေကို အဖက်မလုပ်သလို ... မျက်လုံး





တွေကို မှိတ်ထားသည်။

"ငွေလထိန်က ဘယ်လိုကောင်မလေးမျိုးလဲ ... မျက်နှာ ထားလေးက တင်းတင်း ... ကိုယ့်ကို လုံးဝလှည့်မကြည့်ဘူး၊ မင်းက ဘာလဲ ... မာနပြတာလား"

သူ ... မာနတွေပြချင်နေပေမယ့်လည်း ငွေလထိန်ကိုတော့ တွေ့မြင်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေသည်။ ဘယ်လိုပတ်သက်ရမလဲ။ ငွေလထိန် ရောက်လာတာကိုက သူ့ရင်ထဲကအပူမီးတွေ ငြိမ်းအေး သွားသည်။

"သွယ် ... ဒီမှာ သန့်ရှင်းရေးလုပ်နော် ... ထိန် ရေချိုးခန်း သွားမယ်"

ငွေလထိန်က သူ့အနားကနေထွက်သွားသည်။ ရေချိုးခန်း တဲ့ ... ဒီကောင်မလေး ပဲများနေတာပါ။ သူ့အနားမှာမနေ၍ ဒါ့သ က ထွက်သွားရ၏။ မျက်လုံးတွေကို ဖျက်ကနဲဖွင့်ကြည့်လိုက်တော့ ငွေလထိန်က ရေချိုးခန်းထဲဝင်သွားသဖြင့် ... ရင်ထဲမှာ ဟာသွား သလို ... သူ့စိတ်တွေ မထိန်းချုပ်နိုင်စွာဖြင့် ငေါက်ကနဲ ထထိုင်မိ သည်။

"ဟင် ... ညှော်သည် ဘာဖြစ်လို့လဲဟင် ... ဘယ်သွားမလို့ လဲ"

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ချင်လို့လဲ ပြောပါ"

"ဟို ... ဟို ... ကိုယ် အရမ်းအန်ချင်နေလို့ ရေချိုးခန်းထဲ သွားမလို့ ... အား ... ဝေါ့ ... "

"သွယ် လိုက်ပို့ပေးရမလား"

"ရတယ် ... ကိုယ် သွားနိုင်ပါတယ်၊ ရပြီ"

မင်းညာဏ်သာတစ်ယောက် လိမ်ညာလှည့်ဖြားတတ်နေပြီပဲ ... ရေချိုးခန်းထဲလှမ်းဝင်လိုက်တော့ ငွေလထိန် မျက်လုံးပြူး မျက်ဆံပြူးလေးနှင့် ကြည့်သည်။

"ရှင် ... ရှင် ... ဘာလာလုပ်တာလဲ"

"ဝေါ့ ... အား ... ဝေါ့ ... အန်ချင်လို့ပါ"

"ဒုက္ခပါပဲ ကျွန်မ ဘာလုပ်ပေးရမလဲဟင် ... ကျောကုန်းကို နှိပ်ပေးရမလား"

"ဝေါ့ ... ဝေါ့ ... အား ... ကိုယ် ဘာဖြစ်လို့လဲမသိဘူး၊ အန်ချင်နေတယ် ဝန်ထမ်း"

"အစာမကြေလို့ထင်တယ် ဒေါ်သည် ... ခဏလေးနော်၊ ကျွန်မ ကူညီမယ်"

သူ ... မအန်ချင်ပဲနှင့် တဝေါ့ဝေါ့လုပ်နေသဖြင့် ... ဖိနှိပ်ပေးနေသည်။

"အား ... ရပါပြီ ဝန်ထမ်း ... နေပါစေ ... ကျေးဇူးပဲ"





"ရပြီလား ... ကျွန်မကိုအားမနာပါနဲ့ ... ရှင် ရရဲ့လား"

"အင်း ... ကိုယ် အရမ်းအားနည်းနေတယ် ဝန်ထမ်း ... မင်း ကိုယ့်ကို မကြာခဏကူညီနေတယ် ... ကိုယ့်အသက်ကိုလည်း ကယ်တင်ဖူးတယ်"

"ဒါက ကျွန်မတို့တာဝန်ပါ၊ ဒေါ်သည်တွေလိုအပ်တာ ကျွန်မတို့ ဖြည့်စွမ်းပေးရပါမယ်"

သူက အန်မည်ပြုလိုက်တိုင်း ... ငွေလထိန်က စိုးရိမ်တကြီးနှင့် ကျောကုန်းကိုနှိပ်နယ်ပေးနေသည်။ မင်းညာဏ်သာ ... မင်း ဘာတွေလုပ်နေတာလဲ ... ဘာမဟုတ်တဲ့ဝန်ထမ်းကောင်မလေး တစ်ယောက်အပေါ် အမှတ်မထင် စိတ်ဝင်စားနေခဲ့သည်။ မဟုတ်သေးဘူး မင်းညာဏ်သာ ... မင်း မလုပ်သင့်ဘူး။ မင်းဂုဏ်သိက္ခာအတွက် မင်း ... ဆင်ဆင်ခြင်ခြင်နေစမ်းပါ။

"ဒီမှာဒေါ်သည် ... ရှင် နေကောင်းရဲ့လား ... ဆရာဝန်ခေါ်ပေးရမလား ... MD ဆီ အကြောင်းကြားပေးမယ်နော်"

"ဟာ ရပါပြီ ... ရုတ်တရက် အရမ်းအန်ချင်သွားလို့ပါ၊ ကိုယ် နေကောင်းပါတယ်"

"ဟုတ်ကဲ့ ... အားမနာပါနဲ့နော် ... လိုအပ်တာပြောပါ၊ MD ကလည်း ဒေါ်သည်ကို အထူးဂရုစိုက်ခိုင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေလထိန်မျက်နှာ ချောချောမွတ်မွတ်လေးအား အမှတ်မထင် ငေးစိုက်ကြည့်မိသွားသည်။ ဉာဏ်သာ့ရင်ကို ထိခိုက်လှုပ်ခတ်သွားစေ၏ … ငွေလထိန်ရယ် … မင်းလေးက ကိုယ့်ဘ၀ထဲကို အမှတ်မထင်ဝင်ရောက်လာပြီကွာ … သူနှင့်ငွေလထိန်တို့ စကားမပြောမိကြဘဲ အချိန်အတော်ကြာ ငေးမောကြည့်မိသွားကြသည်။

## အခန်း ( ၆ )

ငွေလထိန် … နင့်ရဲ့မာနတွေကို နင် ဘယ်လောက်အထိ တန်ဖိုးထားခဲ့လဲ … နင် မတန်မရာမစဉ်းစားနဲ့နော် … ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်က အထူးသဖြင့် ကိုမင်းဉာဏ်သာပဲလေ။ နင့်လိုအတန်းအစားကို … အပျော်တောင်ကြံပါ့မလားဟယ် … ငွေလထိန် ဘာဖြစ်နေတာလဲ … အုတ်တံတိုင်းအထပ်ထပ်ကာရံထားခဲ့တဲ့ အခိုင်မာဆုံးဟု … သူမ ထင်မှတ်ထားတဲ့ကြိုးပဲ ပြိုကျပျက်စီးရတော့မည်ဖြစ်သည်။

"ထိန် … "

"ဟင် … "

"ရှင် မအိပ်သေးဘူးလား၊ တလှုပ်လှုပ်နဲ့ဟယ်"

"အင်း … မျက်လုံးကြောင်နေလို့"

"ဟုတ်လား … "



www.burmeseclassic.com

www.burmeseclassic.com



သွယ်က စပ်ဖြဖြမျက်နှာ အပြုံးစစနှင့် ထလာသည်။ ထိန်လည်း ရယ်ချင်နေပေမယ့် ... နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာကပ်ထားရ၏။ ထိန် အမြဲတမ်းကြွေးကြော်နေခဲ့တာက သူ့ဒွေးကိုချိုင်တယ်ဟု အပြောခံရမှာကိုပါ။ သွယ်က သူမကုတင်ပေါ် လာထိုင်သည်။

"ဟဲ့ ထိန် ... မနေ့က ဟိုလူအန်ချင်တယ်ဆိုတာလေ ရှင့်ကိုများ"

"တော်ပါဟာ ... မဖြစ်နိုင်တာ ... သူ နေမကောင်းဖြစ်နေတာပဲ ... တကယ်ဖြစ်တာနေမှာပါ"

"သွယ်ကတော့လေ ... ရှင့်ကို စိတ်ဝင်စားတာများလား"

"သွယ်ရယ် ... သူက သူ့ဒွေးလေ ... ထိန့်ကို စိတ်ဝင်စားမယ်ဆိုတာတောင် အပျော်ကြံမှာလေ ... ခြေတော်တင်မှာ သိလားဟဲ့"

သူမ ပြောပြီး နှုတ်ထဲမှာနာကျင်စူးရှသွားရသလို ဝမ်းနည်းကြေကွဲရကာ ဆောင်ကို ခေါင်းမြီးခြုံပစ်လိုက်သည်။

"အိပ်တော့မလို့လား မာနရှင်မလေးရဲ့ ... တစ်ခါတစ်လေကျတော့လည်း ဖူးစာရှင်အစစ်အမှန်ဆိုတာ ပေါ်လာတတ်ပါတယ်ဟယ်"

သူမ ... ဘာမှဆက်မပြောချင်တော့၍ ငြိမ်သက်နေလိုက်





သည်။ ဖူးစာရှင်လား ... ဟင့်အင်း ... အဲဒီလောက်အထိ စိတ်ကူးယဉ်မဆန်စမ်းပါနဲ့ ငွေလထိန်ရယ် ... ကျောရအောင်ကြံတယ်ဆိုတဲ့ ရှေးစကားပုံက နင့်အတွက်ဖြစ်သွားလိမ့်မယ်။ သူမ အတွေးတွေကို ဖျောက်ပစ်သည်။

"အိပ်ပြီလား ငွေလထိန်လေး ... စိတ်ကူးတွေယဉ်မနေနဲ့ဦးနော် ... ကိုမင်းညဏ်သာကို ရှင်နဲ့ MD လုနေရဦးမယ်"

သူမ ဘာမှမပြောတော့၍ ... သွယ်လည်း ခိုခိုးခစ်ခစ်ရယ်ငိုင်း ... အိပ်ရာပေါ်လှဲချသွားပြီး ချက်ချင်းပဲအိပ်ပျော်သွားသည်။ သွေယ်အကျင့်ပဲ ... ကောင်းလိုက်တာ ... ထိန်ကတော့လေ စိတ်ခံစားမှုတွေ အရမ်းများတယ်။ မမကြွေကြောင့်လည်း ခံစားရတယ်။ ကိုမင်းညဏ်သာအတွက်လည်း စိတ်ပူနေတယ်။ သူ့ဘဝပျက်စီးသွားစေချင်တာပါ။ မမစုစန်ကပြောတော့ ညဏ်သာက အရမ်းလူကြီးလူကောင်းဆန်တယ် ... အရက်တောင် မလွှဲမရှောင်သာမှ စီးပွားရေးအရပဲ သောက်တယ်တဲ့ ... သူ နေမှကောင်းရဲ့လား ... အရက်တွေ အရမ်းထပ်သောက်နေပြီလား။ စိတ်ပူလိုက်တာ ... ယောကျာ်းတစ်ယောက်ဖြစ်ပြီး ဘာဖြစ်လို့များ စိတ်မာတတ်တွေ မာကြောရတာလဲ ...

"ထိန်ရေ ... မမကြွေမှာလေ ခံစားချက်တွေရှိတယ်၊ အစ်ကိုကြီးသားပေါ့ ... မမကြွေကို ဆင်းရဲတယ်ဆိုပြီး အဖက်မတန်သလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ ... ပုံစံပေးချင်တာလည်း ပါတယ်ဟဲ့"

"အဓိပ္ပါယ်မရှိတာပဲ မမရာ ... မလုပ်သင့်ပါဘူး၊ ဒီလိုကြီးက ပိုပြီးတော့တောင် မလုပ်သင့်သေးတယ်"

"ညည်းလေး မသိပါဘူး ... နေရာတကာ ကိုယ်ကျင့်သိက္ခာတွေ၊ မာနတွေ မထားနဲ့ ... ဆင်းရဲသားမာနက ဘာမှအသုံးမဝင်ဘူးနော်"

မမကြွေလုပ်ရပ်တွေကို သူမ လုံးဝလက်မခံခဲ့ပေ ... အပြင်းအထန်တားဆီးပေမယ့် မရ ... မမကြွေ အရမ်းချမ်းသာချင်နေသည်။

"သူ့အဖေက အရမ်းကိုကြွေနေပြီ ... မမကိုမရရင်တောင် သေမတတ်ဘဲ"

"မမကြွေ ... အဲဒါကြီးက အကုသိုလ်လေ ... မကောင်းပါဘူး၊ ဒီဘဝတင်မဟုတ်ဘူး၊ နောင်ဘဝတွေ နောင်ဘဝတွေရှိသေးတယ်၊ ဝဋ်လည်နေမယ်"

"နောင်ဘဝ နောင်ကိုယ်နဲ့ခံတာပဲလေ ... မမကြွေကတော့ ဒီဘဝအတွက် ကြည့်ရလိမ့်မယ်"

ထိန်နှင့် အမြဲတမ်းသဘောမတူကြောင်း ကန့်ကွက်နေသည့်ကြားမှ ... မမကြွေက ဇွတ်အတင်းကြီးလက်ထပ်ယူလိုက်သည်။ ကိုမင်းညဏ်သာသာသိရင် ထိန့်ကိုလည်း အရမ်းရွံရှာမုန်းတီးမှာပဲ။ ယောက်ျားတွေနှင့်ပတ်သက်ပြီး တင်းတင်းမာမာနှင့် ခံစားချက်





ကင်းမဲ့စွာနေထိုင်လာတဲ့ ငွေလထိန် ... အပြောင်းအလဲတွေဖြစ်မှာ စိုးရိမ်ကြောင့်ကြနေသည်။ သူမမျက်နှာထားက အမြဲတမ်းတင်းမာပြီး နေခဲ့တာပါ။ အိပ်တာပဲကောင်းပါတယ်လေ ... သူမ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

"ထိန် ... "

"ဟင် ... ဧည့်သည်"

"ကိုယ့်ကို ... ဘယ်အထိ ဧည့်သည်လို့ခေါ်နေဦးမှာလဲ ထိန်ရယ်"

"ရှင် ... "

"ထိန့်ကိုချစ်တယ် ... ကိုယ် လက်ထပ်ပါရစေ"

"ရှင် မဟုတ်တာဘဲ ... ကျွန်မယုံမယ်မထင်နဲ့နော် ... ကျွန်မကို ဘာထင်နေတာလဲ ... ရှင့်အချစ်ကိုလည်းမယုံဘူး၊ ရှင့်ကိုလည်း လက်မထပ်ဘူး"

"အချစ်ရယ် ... အဲဒီလိုမရက်စက်ပါနဲ့ကွာ ... မင်းကို ကိုယ့်နှလုံးသားက အချစ်စစ်အချစ်မှန်တွေနဲ့ ချစ်ခဲ့တာပါ၊ ယုံပေးပါ ငွေလထိန်ရယ် နော်"

"အို ... ဘာလုပ်တာလဲ ဖယ်ပါ၊ အဲဒီလိုမလ

အို ... ဒုက္ခပါပဲ ... ဖယ်ပါ"

ကိုမင်းညဏ်သာက အတင်းအကျပ်ဖ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုနမ်းရှုတ်ဖို့ မျက်နှာပြင်ပေါ်ငုံ့ချလိုက်သဖြင့် ... သူမ ထိတ်လန့်တကြားနှင့် တွန်းထိုးဖယ်ရှားပစ်မိသည်။

"အို ... အဲဒီလိုမလုပ်ပါနဲ့ ... ကျွန်မရှက်တယ်၊ အို ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

သူမ ကြောက်လန့်တကြားနှင့် တွန်းဖယ်ပစ်နေမိသည်။

"အို ... အား ... အမယ်လေး"

"ထိန် ... ထိန် ဘာဖြစ်တာလဲ ... ဟဲ့ ထိန် ... သွယ်ပါ ပါဟ"

သွယ်က ... အတင်းလှုပ်နှိုးတော့မှ ထိန် ... လန့်၍နိုးသွားသည်။ ထိန့်အပေါ် အုပ်မိုးပြီးဖက်ထားတာက သွယ် ...

"ဟင် ... ရှင် ... ရှင်"

"သွယ်ပါဟ ... နင် ဘာတွေအော်ဟစ်တွန်းဖယ်နေရတာလဲ၊ နင် ဘာတွေအိပ်မက်မက်နေလို့လဲဟ"

"ဟင်း ... တကယ်ပါပဲဟယ်"

သူမ ရယ်ချင်သွားရသည်။ သူမ ... ဘာဖြစ်လို့များ ဒီလိုမဟုတ်မဟတ်အိပ်မက်တွေ မက်တဲ့အထိ အတွေးတွေလွန်သွားရဘာလဲ ... ရှက်လိုက်တာ ... သွယ်က သူမကို စိုးရိမ်တကြီးကြည့်နေဆဲပင် ဖြစ်နေသည်။

"ထိန် ... ငွေလထိန် ... ဟဲ့ ... အသိတွေတော့ရှိပါသေး





တယ်နော်"

"အင်းပါ သွယ်ကလည်း ... ဖယ်တော့လေ"

"ဟုတ်သားပဲ ... ဟဲ့ ... ရှင့်အိပ်မက်ကဘာလဲ ပြောနော်၊ ရှင် အရမ်းကြီးအော်ဟစ်ပြီးတွန်းဖယ်နေတယ်"

"ဘာမှမဟုတ်ပါဘူး၊ တကယ်ပါပဲဟယ် ... အိပ်မက်ကတယောင်ခြောက်ခြားတွေပါ၊ မိုးတောင်လင်းနေပြီပဲ ... အလုပ်ဝင်ရတော့မယ်၊ ရှင် စောစောကတော့ မနိုးဘူး"

သူမ ... အလုပ်သွားဖို့ အချိန်နီးကပ်နေပြီဖြစ်၍ အိပ်ရာပေါ်တနေ လူးလဲထမိသည်။ အိပ်ပစ်လိုက်တာ ... အိပ်မက်ကလည်းနော် ကြဲကြဲဖန်ဖန် ... သူမ ထပြီး ရေချိုးခန်းထဲပြေးဝင်လာခဲ့မိ၏။ သွယ့်ရှေ့မှာ မနေရဲတော့ဘူး။ သွယ်က ရယ်ကြဲကြဲနှင့် အမေးအမြန်းတွေထူတော့မည်ဖြစ်သည်။

"အိပ်မက်ကြီးကလည်း ဘာကြီးလဲဟာ"

သူ့အနမ်းတွေ ထင်ကျန်ရစ်မလားထင်ပြီး သူမနှုတ်ခမ်းလေးတွေပေါ် ရှာဖွေကြည့်မိနေသေးသည်။

"ရှက်လိုက်တာ ... အဟက် ... နင် ဘာတွေဖြစ်နေရတာလဲ၊ ငွေလထိန်ရယ်"

သူမမာနတွေကိုတော့ လုံးဝကိုအထိပါးမခံနိုင်ပါဘူး။ ရေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းအောက်တိုးဝင်ပြီး ရေစိမ်ချိုးပစ်မိသည်။

"ငွေလထိန်ရေ ... မြန်မြန်လုပ်ပါဟဲ့ ... တံခါးဖွင့်တော့၊ သွယ့်အလှည့်ရှိသေးတယ်၊ ဘာတွေဖြစ်ပြီး ကြာနေရတာလဲ"

သွယ့်အော်သံကြားမှ သူမ အသိဝင်လာပြီး ... ရေပန်းကို ပိတ်ပစ်လိုက်ရသည်။

"သွယ်ကတစ်မျိုး ... လူတွေက တော်တော်နှောက်ယှက် ကြတာပဲနော်"

ထိန် ... နှုတ်ခမ်းလေးစုထော်ပြီး ပွစိပွစိပြောကာ ... တံခါး ဖွင့်ပေးလိုက်သည်။

"ဝင်ပါတော့ ဒေါ်သွယ်ရေ ... ဒီမှာ ရေတောင် ဝဝမချိုးရ တော့ဘူးလား ဟွန်း ... "

"ရေချိုးတာကနည်းနည်း အတွေးနယ်ချဲ့နေတာက များ များလား"

"တော်ပြီ ... "

သူမ ... အလှပြင်နေမိသည်။ ဒီနေ့တော့ သူမ ရေကူးကန် မှာပဲ တာဝန်ကျမှာပါ ... Hotel တာဝန် မရှိပေ ... သူမဇ ကိုမင်းဉာဏ်သာကို သွားကြည့်ချင်တယ်။ သူ ... နေကောင်းရဲ့လား လို့ ... ပြီးတော့ အရက်တွေ အလွန်အကျွံသောက်မှာလည်း စိတ်ပူ





နေမိသည်။

"အမယ်လေး ထိန်ရယ် ... ရှင်ကတော့လေ ဘယ်လိုပဲဝတ် ဝတ် ... အရမ်းကိုချောမောလှပနေတာပဲ ... ဒီနေ့ တို့နှစ်ယောက် ရေကူးကန်မှာတာဝန်နော် ... ကိုမင်းဉာဏ်သာနဲ့ ရှင်တို့ရဲ့အဖြစ် အပျက်တွေကို ပြန်သတိရလား"

"ဟာ သွယ်ကလည်း ... သတိရစရာလား၊ ဘာဆိုင်လို့လဲ"

"ဆွေးစရာပဲ ... သူကလည်း နေမကောင်းဖြစ်နေလို့ ... ရေကူးကန်မလာနိုင် ... လွမ်းတယ်ဟာ"

"တော်ပါတော့ဟာ ... အရည်မရအဖတ်မရနဲ့ သွားမယ်"

"ခဏစောင့်ဦးလေ၊ သူပြီးတာနဲ့"

"ရှင့်ဟာရှင် နောက်မှလိုက်လာခဲ့တော့ ... ထိန် သွားနှင့်ပြီ"

သူမ ... သွယ်နှင့် စကားမပြောချင်တော့၍ အရင်ဆုံးထွက် လာခဲ့သည်။ ရေကူးကန်နားသို့ အရင်ဆုံးထွက်လာခဲ့သည်။ ရေကူး ကန်နားသို့အရောက်တွင် သူမခြေလှမ်းတွေက တုန့်ကနဲရပ်သွားပြီး မှ သွယ့်ကိုစောင့်မလို့ စိတ်ကူးမိပေမယ့် ... မထူးတော့ပါဘူးဟု တွေး၍ ခြေလှမ်းတွေကို ဆက်ပြီးလျှောက်လာခဲ့သည်။ သူ့ကို အဖက်လုပ်၍စကားပြောမနေဘဲ သူမတာဝန်ကျရာနေရာမှာ ရပ်နေ မည်။ မသွယ်ရောက်လာရင် အပြောခံရတော့မယ်။ သူမ တစ်ဖက် သို့ မျက်နှာလှည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဝန်ထမ်း … ရေကူးချင်တယ်"

အိပ်မက်ထဲမှာတော့ ငွေလထိန်တဲ့ … ကြည့်ပါဦး … သူက ဘာမှမပြောင်းလဲခဲ့ … မျက်နှာထားတည်တည်နှင့် ဝန်ထမ်းတဲ့ … သူမစိတ်ကူးတွေကြောင့်လား … ရယ်ချင်သွားသည်။

"ဝန်ထမ်း"

"ရှင်"

"မင်းဘာဖြစ်လို့လဲ"

"အို … ဘာမှမဖြစ်ပါဘူး၊ ရေကူးချင်ကူးလေ … ရှင့်သဘောဆန္ဒပါပဲ"

ညဏ်သာကတော့ ဝန်ထမ်းကောင်မလေးအဖြစ် ပတ်သက်ခြင်းထက် မိတ်ဆွေသူငယ်ချင်းလို ပတ်သက်စေချင်၍ သူ … ရေကူးကန် ရောက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ … ဧည့်သည်လိုပဲ ဆက်ဆံနေ၏။ ငွေလထိန် … မင်းက ငါ့ကိုအဖက်မတန်ဘူးဆိုတဲ့ သဘောလား။ သူ … တစ်ညလုံး ငွေလထိန်ကိုပဲသတိရနေခဲ့သည်။

"ငွေလထိန်ကို မင်းချစ်နေမိပြီလား ညဏ်သာ … ဘာမဟုတ်တဲ့မိန်းမပါ၊ မင်းနဲ့တန်လို့လား … ဒီလိုမိန်းကလေးမျိုးတွေက မင်းအပေါ် ဆိုးကျိုးပဲပေးမှာ … ကောင်းကျိုးမပေးနိုင်ပါဘူး"

ကြည့်လေ … သူ့ကို နည်းနည်းမှလှည့်မကြည့်ဘူး …





ကိုမင်းညဏ်သာ နေမကောင်းဘူးလေ။ ရေချိုးလို့ဖြစ်ပါ့မလားလို့တော့ မေးသင့်သည်ဟုထင်မိသည်။

"ဗွမ်း …"

"အား …"

ရေထဲသို့ သူ … ခုန်ဆင်းသွားတဲ့ ဗွမ်းဆိုတဲ့ရေသံနှင့်အတူ အားဟုအော်လိုက်၍ သူမ အထိတ်တလန့်လှည့်ကြည့်မိသည်။

"ဟင် … ဘာမှလည်းမဖြစ်ဘဲနဲ့ … ဒုက္ခပါပဲ"

သူမ … နှုတ်ခမ်းလေးစူထော်သွားပြီး မျက်စောင်းလေး ထိုးမသာ လှမ်း၍ထိုးပစ်လိုက်ကာ … မကြည့်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

"တော်ပါပြီ … သူဟာသူ ဘာပဲဖြစ်ဖြစ် … မကြည့်တော့ဘူး၊ သေချင်သေ"

သူမ ဆုံးဖြတ်ပြီး … ဘာမှဆုံးဖြတ်ချက်ကမခိုင်မာ … ပြန်၍လှည့်ကြည့်ချင်နေသည်။ သူ … နေလည်းမကောင်းဘဲနဲ့ … သေချင်နေပြီထင်တယ်။ မကြည့်ဘူး။ စိတ်တွေပူလိုက်တာ … ကြွက်တက်တတ်တဲ့လူ … သွယ်ကလည်း မလာသေးဘူး။ ဒီတစ်ခါကြွက်တက်လိုက်တော့ လုံးဝမကူညီဘူး။ ရပ်ကိုကြည့်ပစ်မယ် …

"အား …"

"ဟင် …"



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တွေက ချက်ချင်းပြောင်းသွားပြီး ရေကူးကန်ထဲသို့ ဝုန်းကနဲခုန်ဆင်းပစ်မိသည်။

"ညှို့သည် ... ဘာဖြစ်လို့လဲ ... ကြွက်တက်နေလို့လား"

"ဘာမှမဖြစ်ပါဘူး၊ မင်းက ဘာဖြစ်လို့ရေထဲခုန်ဆင်းလာရတာလဲ ... ဝန်ထမ်း ... မင်း အရမ်းကူညီချင်နေတယ်ပေါ့လေ"

"ရှင် ... "

သေပြီ ... သူမ အပြစ်ပဲ ... မစဉ်းစားမဆင်ခြင်ဘဲ ရေထဲသို့ ရုတ်တရက်ကြီးခုန်ဆင်းလာခဲ့သည်။ မှားပါတယ်။ သူမ ... ရှက်ရှက်နှင့် သူ့ကိုငေးကြောင်ကြည့်မိနေ၏။ ပြီးမှ မျက်စောင်းထိုးပစ်သည်။

"ရှင်ပဲ သေတော့မလို အော်လိုက်တာမဟုတ်လား"

"ဒုက္ခပါပဲကွာ ... ဟော့ဝန်ထမ်း ... ကိုယ်မအော်ပါဘူး၊ ကိုယ်ရေကူးနေတာ အေးဆေးပဲလေ၊ မင်းအမြင်ပဲ"

"ဘာရှင့် ... "

"မင်းနားကြားလွဲတာလား၊ ကိုယ်ကတော့ လုံးဝမအော်ပါဘူး၊ မင်းစိတ်တွေ အထူးတလည်ပူပင်နေလားမွှဲ"

"ဒီမှာ ... "

"ပြောပါ ဝန်ထမ်း"

"အိမ်မက်ထဲကနဲ့တော့ လုံးဝတခြားစီပဲ"





"ဘာပြောတယ် ဝန်ထမ်း ... အိပ်မက်ဟုတ်လား၊ ကိုယ်နဲ့ ပတ်သက်ပြီး မင်း အိပ်မက်တောင်မက်လား"

"ဘာ ... မဟုတ်တာတွေ ... ဘာအိပ်မက်မှမမက်ဘူး၊ တော်ပြီ ... ဒီတစ်ခါတော့ ရှင့်ဟာရှင်သေချင်သေ"

သူမ ... တန်ဘောင်ဆီသို့ ဆတ်ကနဲပြန်လှည့်၍ ကူးခတ်လာခဲ့သည်။ အိပ်မက်က ယောင်ပြီးထွက်သွားတာပါ။ ဒီပါးစပ်ကလည်းလေ မုန်းစရာကောင်းလိုက်တာ ... ဒီလူ့ရှေ့မှာမှ သူမစိတ်တွေ ကယောင်ခြောက်ခြားနှင့် ဘာတွေလုပ်မိနေမှန်းတောင် မသိတော့ပါဘူး။ သူ ... အော်လိုက်လား။ မအော်ဘူးလား။ သူမ နားကြားလွဲတာလား။ အလကား ... လူလိမ် ... အော်တယ်။ "အား" ဆိုတဲ့အသံကြီးကို သူမ အသေအချာကြားလိုက်တာပါ။ ဟွန်း ... ရှင်လူလိမ် ... ငွေလထိန်ကို အရူးလုပ်လိုက်တာပေါ့လေ။ သူမခန္ဓာလေးထူပူပြီး လမ်းဆက်လျှောက်လာခဲ့သည်။

"ဟဲ့ ... ထိန် ... ဘာလဲ"

"ဟင် ... သွယ် ... ရှင်က အခုမှဘာဖြစ်လို့လာရတာလဲ"

"ရှင်ပဲ နာရီအကြည့်မှားပြီး အလောတကြီးထွက်သွားတာလေ၊ တားမရဆီးမရနဲ့"

"သွား ... မသိတော့ဘူး"

သူမ ... ဘာတွေလုပ်လို့လုပ်မိနေမှန်းပင် မသိဘဲ ... ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လာခဲ့သည်။

"ငွေလထိန် ... ဟော့ ... ထိန်လေး ... အင်း ... တစ်ခုခု တော့ တစ်ခုခုပဲ"

ငွေလထိန် ... တကယ့်ကိုအသိကင်းမဲ့နေသလိုလို ... သူမ ခန္ဓာကိုယ်လေးက လေထဲမှာလွင့်မျောသွားသည်။ တာဝန်တွေကို လည်း ဆက်မထမ်းဆောင်ချင်လောက်အောင် ရှက်နေ၏။ ဘာတွေ လဲ ... ဘယ်လိုလူကြီးလဲနော် ... သူမ အဆောင်ပြန်ရောက်လာခဲ့ သည်။

အခန်း ( ၇ )

"ငွေလထိန် ... ဟဲ့ ငွေလထိန် ... အမယ်လေး- ... ဘာများ လုပ်နေလဲလို့ လာကြည့်တာ၊ ညည်းလေးက စက်တော်ခေါ်နေတာ ကိုး ... "

MD မမ ဆူဆူညံအသံအကြောင့် ... ငွေလထိန် ဆက်ကနဲ လန့်နိုးသွားရကာ ပြူးတူးကြောင်တောင်နှင့်ကြည့်မိသည်။ ဘုရားရေ MD မမပဲ ... သူမ အဲ့သိဝင်လာပြီး ဆတ်ကနဲ မတ်တပ်ထရပ်လိုက် မိ၏။ အမယ်လေး ... သေလိုက်တော့ ... သူမခန္ဓာကိုယ်လေးက မလဲရသေး ... ညကလည်း အိပ်ရေးပျက်ထားတော့ စာကြည့်စားပွဲ ပေါ်မှောက်လျက်အိပ်ပျော်သွားသည်။

"ညည်း ... တော်တော်လေးတာဝန်မဲ့ပါလား ငွေလထိန်၊ ညည်း တာဝန်ချိန်မှာ လာအိပ်ရဲတယ်ပေါ့လေ၊ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ထိန် ... ထိန်လေ ... ညက အိပ်ရေးပျက်သွားလို့ပါ။ အရမ်းအိပ်ချင်သွားတယ်၊ တောင်းပန်ပါတယ် မမ"

ငွေလထိန် ... ဒီကောင်မလေးက ရုပ်ရည်လေးချောမောပြီး ပညာလည်းတတ်တယ်။ ကြိုးစားမှုလည်းရှိတယ်။ တစ်ကြိမ်တစ်ခါမှလည်း တာဝန်ပျက်ကွက်ခဲ့တာမရှိဘူး။ စူစန်နှစ်သက်တဲ့ ဝန်ထမ်းကောင်မလေးဖြစ်နေသည်။

"ကျွန်မ အရမ်းမှားသွားပါတယ် ... မမ ပေးတဲ့အပြစ်ကို ခံယူပါ့မယ်၊ အလုပ်ထွက်ရမယ်ဆိုရင်လည်း မမတို့ကုမ္ပဏီစည်းကမ်းအတိုင်း ဆောင်ရွက်ပါ။ ကြည်ကြည်ဖြူဖြူ လက်ခံပါ့မယ်"

ထိန် ... အလုပ်ထွက်ချင်နေပြီ။ ဒီလူရှိနေတာကိုက ထိန့်စိတ်တွေ မတည်ငြိမ်တော့။ ပြီးတော့ ကြေကွဲစွာထိုင်ငိုချင်နေသည်။ ဆင်းရဲနွမ်းပါးသူ မိန်းကလေးတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုက ဘယ်လောက်အထိ ခါးသည်းနာကျည်းဖွယ်ကောင်းလဲဆိုတာ တစ်နေ့နေ့တော့ ထိန်လေးသိလာမှာပါတဲ့ ... ထိန် မသိချင်ပါဘူး။ ဒီလိုသူဌေးမျိုးတွေကို ချစ်ဖို့လက်ထပ်ဖို့ဆိုတာ ဝေလာဝေး ... ဘယ်တုန်းကများ စိတ်ကူးထဲထည့်ခဲ့မိလို့လဲ ...

"ညည်းကို ဒီကိစ္စတော့ တစ်ကြိမ်တစ်ခါခွင့်လွှတ်ပေးမယ်၊ မင်းကို အားကိုးထားတာလေ၊ မမ ဘယ်လောက်အထိမျှော်လင့်





ထားတယ်ဆိုတာ ညည်းလေးသိပါတယ် ငွေလထိန်"

"ဟုတ် ..."

"မင်း ရေကူးကန်ကိုပြန်သွားတော့"

"ရှင် ..."

"ဟဲ့ ... ညည်းကိုကြည့်ရတာ ကြောင်ငေးငေးနဲ့ ... ရေကူးကန်မှာ ဧည့်သည်တွေများနေတယ်၊ တာဝန်ကျေပါစေ"

"ဟူး ..."

"ဟဲ့ ... ဘာလဲ ... သက်ပြင်းမောကြီးများချပြီး တုတ်ပစ်ရတယ်လို့ ငွေလထိန်"

"မဟုတ်ပါဘူး ... အခုတလော ထိန် ... [illegible]နည်းလေး အသက်ရှူကျပ်နေလို့ပါ၊ သွားပါပြီ"

"ဧည့်သည်တွေ အလိုကျဖြစ်ပါစေ ငွေလထိန်"

"ဟုတ် ... စိတ်ချပါ"

သူမ ... ပြန်ထွက်လာရပေမယ့် ... စိတ်တွေက လေးလံခွန်းကျပ်နေသည်။ ရေကူးကန်ကိုသွားနေရတဲ့ သူမခြေလှမ်းတွေက ဘုန်နှေးနှေး ... သူ့အခန်းကိုကျော်ဖြတ်သွားရ၍ စိတ်ကမရဲတာရဲ၊ ကြည့်မိစေရန် အတော်လေးကြိုးစားနေရ၏။ ကိုမင်းညဏ်သာ ရှိဘူးထင်တယ်။ အရိပ်လေးပင်မတွေ့ ... ရေကူးကန်ကနေ မပြန်သေးဘူးထင်တယ်။ သူမ ... တွေးမိတိုင်း ရင်တုန်ပန်းတုန် ရှက်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲ။ ရေကူးကန်ဘက်တောင် လှမ်းမကြည့်ရဲ ... သွယ်က ပြေးထွက်လာသည်။

"ဟဲ့ထိန် ... ရှင်ဘာဖြစ်လို့လဲ ... မျက်နှာလေးနွမ်းလျှနေတယ်၊ ကိုမင်းညဏ်သာက ရှင့်ကို မချေမငံပြောပစ်လိုက်လို့လား"

"ဟင့်အင်း ..."

"ဟိုလူ့ကို တစ်ယောက်ထဲထားခဲ့ပြီး ... ရှင်ထွက်သွားတာလေ၊ ကြာလိုက်တာဟယ် ဘာဖြစ်လို့ပြန်မလာတာလဲ ... မမစုစန်လာလို့တော့ရှုပ်ရှုပ် အကာအကွယ်လုပ်လိုက်ရတာ ... ရှင့်အခန်းထဲ ဝင်လာလား"

"အ[illegible] အိပ်ပျော်သွားလို့ အဆူခံရတယ်"

"ဒီအတိုင်း"

"[illegible]"

"ဖျားနာတော့မှာပဲ ... ဟိုလူကြီးနဲ့အပြိုင်လား"

"တော်ပါ"

သူမ ... ရေကူးကန်ဘက် မသိမသာလှမ်းကြည့်မိတော့ ကိုမင်းညဏ်သာရှိမနေပေ ...

"ရှင်လည်းထွက်သွားရော သူလည်း ရေဆက်ကူးမနေတော့ဘဲ ပြန်တက်သွားတယ်၊ အပျိုကြီးမမလည်း သူ့အခန်းထဲဝင်လိုက်သွားတာပဲ"





ဟုတ်ပါတယ်။ သူက မမစုစန်တို့လိုအဆင့်အတန်းမျိုးနဲ့ပဲ ယိုက်ဖက်တာပါ။ စိတ်လျှော့လိုက်တော့ ငွေလထိန် ...

"ထိန် ..."

"ဟင်"

"ဟိုမှာ တရုတ်အုပ်စုလာနေတယ် ... ရှင့်ကို မျက်နှာထားတင်းလွန်းတယ်လို့ မမကိုတိုင်တဲ့အဖွဲ့လေ"

"အင်း ..."

စိတ်အပျက်ရဆုံးက MD မမရဲ့အသိမိတ်ဆွေတွေလာတည်းနေတာကိုပါ။ တစ်လနှစ်လကြာတာ ... ငွေကြေးချမ်းသာကြသူတွေဖြစ်ကြလို့ ... ဒီးဇာကြောင်လွန်းတယ်။ အတိုင်အတောလည်းရှုပ် ...

"ကြွပါရှင် ... လိုအပ်တာကူညီပါရစေ ... မင်္ဂလာပါ"

သွယ်က ... ခါးလေးညွတ်ပြီး နှုတ်ဆက်စကားဆိုသည်။

"မငွေလထိန် ... ရေကူးချင်တယ်၊ သိပ်မကူးတတ်သေးလို့ ကောင်းနဲ့အတူတူ လိုက်ကူးပေးပါလား"

ကောင်းခန့်ထယ်ဆိုတဲ့ကောင်က အဆိုးဆုံးပဲ ... သူမနှင့် အသက်နည်းနည်းတော့ငယ်မည်ဖြစ်သည်။ အကြည့်တွေကိုလည်း မနှစ်သက် ... သူမ ဘယ်လောက်တိုင်တောထူနေပါစေ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားလေးကို တည်ထားသည်။

"ငွေလထိန် လိုက်သွားလေ"

"ကောင်းပါပြီ"

သူမ ရှေ့ကနေထွက်သွားသည်။ ကောင်းက ... ကန်ဘောင်ပေါ်တက်မိသည်နှင့် သူမလက်လေးကိုပါဆွဲပြီး ရေထဲဆင်း၏။ သူမ ဒေါသတကြီးနှင့် လက်ကိုရုန်းဖယ်ပစ်သည်။

"ညီ့သည်အဲဒီလိုမလုပ်ပါနဲ့ ရှင်ကူးပါ။ ကျွန်မ ခပ်လှမ်းလှမ်းကပဲ လိုက်စောင့်ရှောက်ပေးနိုင်မယ်"

"ငွေလထိန် ... မင်းက အရမ်းကိုကြီးကျယ်ခမ်းနားနေပါလား၊ ညီ့သည်ကို ဘယ်လိုဆက်ဆံနေတာလဲ"

သူမ ... စကားတွေကို အရှည်အဝေးမပြောချင် ... လူတိုထိကပါးရိုက်ပါးလုပ်မရ၍ ဒေါသထွက်နေပုံပင် ... ရိုးသားတဲ့ညီ့သည်ဆိုရင်တော့ သူမ ဘယ်လောက်ပဲရေကူးသင်ပေးရပါစေ ယောက်ျားဖြစ်ဖြစ် ... မိန်းကလေးဖြစ်ဖြစ်ပါ။ ကောင်းခန့်ထယ်က လူကိုအထင်သေးပြီး ဖက်ဖို့နမ်းဖို့အထိ ကြံစားနေသည်။

"ဘယ်လိုလဲ ငွေလထိန် ... ကိုယ်က ရေမကူးတတ်ဘူးနော်၊ နစ်ပြီးသေသွားရင် မင်းတာဝန်ပဲ"

"ဒီမှာ ..."





သူမ စိတ်ညစ်ရသည်။ ကောင်းခန့်ထယ် တကယ်ပဲရေမကူးတတ်ဘူးဆိုတာ ... မမစုစန်ကပြောပြထား၏။ ရေကူးရင် သတိထား ဂရုစိုက်စောင့်ကြပ်ပေးပါတဲ့ ... သူ့အစ်မဝမ်းကွဲရဲ့သား ... သူငယ်ချင်းတဲ့ ... မဆီမဆိုင် နိုင်ငံခြားကိုပညာတော်သင်သွားမှာမို့လေ။ လေယာဉ်လက်မှတ်စောင့်ရင်း လာပြီးအပမ်းဖြေနေတာတဲ့။ သူမ ... စိတ်တွေကိုလျှော့ပစ်လိုက်ကာ သူ့ကို ရေကူးသင်ပေးနေရသည်။

"မငွေလထိန် ... "

"ပြောပါ"

"ချစ်တယ်"

"ဘာ ... "

"ရုန်းမထွက်ပါနဲ့ ... ကောင်း ရေမကူးတတ်ဘူးနော်"

"ကောင်းခန့်ထယ် ... ရှင်က ကျွန်မကိုအထင်သေးပြီး ပြောနေတာလား၊ ဘာချစ်တာလဲ ... ကျွန်မလက်ကိုလွှတ်ပါ"

"မင်းဘက်က သိပ်ကြီးကျယ်မနေစမ်းပါနဲ့ ငွေလထိန် ... မင်းက ဘာအဆင့်လဲ ... ကောင်းက ဘာကောင်လဲ ... မင်းကိုယ်မင်း ကြေးတင်နေတာလား"

"ရှင် ... တော်တော်စော်ကားလွန်းနေပြီနော် ... လွှတ်ပါ၊ ရှင့်ဟာရှင် ဘာကြီးပဲဖြစ်နေပါစေ ... ကျွန်မ လုံးဝမချစ်ဘူး၊ အထင်



www.burmeseclassic.com

www.burmeseclassic.com



လည်းမကြီးဘူး”

“ငွေလထိန် ... မင်း”

ကောင်းခန့်ထယ် ... ဒေါ်သတကြီးနှင့် ငွေလထိန်ရဲ့ ခပ်ချောချောခန္ဓာကိုယ်လေးအား သိမ်းကြုံးဖက်ပစ်လိုက်သည်။

“မရုန်းနဲ့နော် ... ကောင်းက အေးအေးဆေးဆေး ပြေပြေလည်လည်ပြောနေတာ ... မင်းရုန်းတာနဲ့ ဒီမှာတွေ့လား”

“ဟင် ...”

“မင်းကိုတော့ မသတ်ပါဘူး ... အရမ်းချောမောလှပပြီး အိစက်နေတဲ့မိန်းကလေးကို မသတ်ရက်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ သတ်မှာ”

“ရှင် ... ရှင်”

သူ့ဟာသူ သေချင်သေ ... သူမ အတင်းအကျပ်ရုန်းဖယ်ပစ်လေ။ သူက ဖက်လေ ... ရေထဲနစ်တော့မတတ်ဖြစ်နေ၍ သွယ်က ကူးခတ်လိုက်လာသည်။ ပတ်ဝန်းကျင်မှာ ရှုတ်ရှုတ်သဲသဲဖြစ်မှာလည်း ကြောက်ရသေး၏။ သွယ် ရောက်လာသည်။

“ထိန် ... ဘာဖြစ်နေတာလဲ ... မင်းတို့နှစ်ယောက် ရေနစ်တော့မယ်၊ ကောင်းခန့်ထယ် ... မင်းကရေမကူးတတ်ဘူး၊ မသွယ်လည်း ဝင်ကူပေးမယ်လေ”

“တော်ာက် ...”





ကောင်းခန့်ထယ်က ဒေါသတကြီးတောက်ခေါက်၍ ရေကူးထွက်သွားသည်။

“သွယ်လိုက်သွားမယ်၊ ထိန် ... ဖနေခဲ့တော့လေ”

“အလကားပါ၊ သူကြည့်ရတာ ကူးတတ်ပုံပဲ ... အရမ်းကိုရွံနတယ်၊ အဆင့်အတန်းမရှိဘူး၊ အောက်တန်းစားတွေ”

သူမ ... ဒေါသတကြီးရေရွတ်ပြောဆိုရင် ကန်ဘောင်ပေါ်သို့တက်လာခဲ့သည်။

“ကိုမင်းဉာဏ်သာက လူကြီးလူကောင်းဆန်တယ်၊ ရုပ်ရောကောင်းလွန်းတယ် ... လူယုတ်မာ”

သူမခန္ဓာကိုယ်ပေါ်မှာ ကပ်ငြိနေမှာစိုး၍ သူ့အငွေ့အသက်တွေကို ဖယ်ရှားပစ်လိုက်သည်။ သူမကို အထင်သေးပြီး ... မထေမဲ့မြင်လုပ်တာပါ ... ဘယ်တော့မှ ... ငွေလထိန်ကိုရမယ်မထင်နဲ့သေက်ပဲ အသေခံသွားမယ်၊ ရေထဲမှာ ... ခဏပဲကူးခတ်ပြီး ကောင်းခန့်ထယ် ပြန်ထွက်သွားသည်။

“အမယ်လေး ... သေတောင်သေပစ်ချင်တယ်၊ ဘယ်လိုလူတွေမှန်းကို မသိပါဘူး၊ စိတ်ပျက်တယ်ဟာ”

သွယ်ပင် ဒေါသထွက်သည်။ သူ့အနားမကပ်ဖို့ ... သွယ့်ကို ဒေါသတကြီးမောင်းထုတ်ပစ်သည်။ ငွေလထိန်ကိုလည်း ကြိမ်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေသေး၏။ ခါးမှာလည်း ဓားအသေးလေးချိတ်ထားသည်

"တဏှာရှူးထင်တယ် ထိန် ... ဒီလိုဟာမျိုးတွေကို လုံး အဖက်မလုပ်နဲ့ ... အလုပ်ကနေထွက်ချင်ထွက်ရပါစေ"

ထိန်ကတော့ ပြောမယ့်သာပြောရတာ ... မမစုစန့်ကို တာဝန်ကျေရပါမယ်ဟု ကတိပေးခဲ့သဖြင့် ... မျက်နှာပျက်စ ဖြစ်မှာ စိုးရိမ်နေသည်။

"ထိန်ကတော့ မမစုစန့်ကို နောက်တစ်ခါတာဝန်မပျက်စေ ရ[illegible]လို့ ပြောခဲ့တာ"

"ထိန့်အပြစ်မှမဟုတ်တာဘဲ ... သွယ်ပြောမယ်၊ ဒင်းက ဓား နဲ့တောင် ခြိမ်းခြောက်သေးတာ၊ သွယ် သိတယ်"

"ပြဿနာတော့ မဖြစ်ချင်ပါဘူးကွာ ... ဘာဖြစ်လို့လဲ တော့လေ ထိန့်မှာက အားကိုးမှီတွယ်စရာမှမရှိတာဘဲ"

ထိန်က ဝန်ထမ်းတစ်ယောက်ပဲမဟုတ်လား။ ထွက်ပြေး စိတ်တွေ ပေါက်လာသည်။

"ထိန် ... ဘာမှတွေးမနေနဲ့တော့ ... ရှင် အဝတ်အစားသွ လဲတော့ ... တာဝန်ချိန်လည်းပြီးပါပြီ"

"အင်း ... "

"သွားကြမယ်ဟာ ... ရေကူးမယ့်ညှို့သည်တွေလည်း ဖြ





သွားကြပါပြီ"

သွယ်ကတော့ ... ထိန့်အတွက် အားကိုးရပြီး အကောင်းဆုံး ပိတ်ဆွေပါပဲလေ။ အားပေးဖော် ... သူမတို့ တာဝန်လည်းပြီးဆုံး သွားပြီဖြစ်၍ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

"ကိုမင်းညဏ်သာက ... အရက်သောက်တယ်ဆိုတာလည်း သွေးစားချက်နဲ့သူပါဟယ် ... သူ ဒေါသပေါက်ကွဲသင့်ပါတယ်၊ သူ့ အဖေက သူ့ကျောင်းနေဖက်သူငယ်ချင်းနဲ့ လက်ထပ်ယူတာလေ"

သူမ ... စိတ်တွေမလုံမလဲနှင့် ခန္ဓာကိုယ်လေးထူပူသွားပြီး ထိန့်အစ်မဝမ်းကွဲဖြစ်နေတာသိမှာ ထိတ်လန့်တုန်လှုပ်မိလာသည်။

ကိုမင်းညဏ်သာနှင့် ငွေလထိန်တို့ ပတ်သက်မှုက ... မီး သောက်တွေကြားမှ လမ်းလေးပါ။ အပူကို ဘယ်လိုရှောင်ရှားရမ လဲ။ အရင်က ... ကိုမင်းညဏ်သာကို ငွေလထိန် စိတ်မဝင်စားမိ။ တင်းတင်းပြတ်ပြတ် ကင်းရှင်းစွာနေထိုင်လိုခဲ့ပေမယ့်လည်း သူ့ဘဝ အကြောင်းတွေ သိလိုက်ရတဲ့အချိန်မှာတော့ မမကြွေကြောင့်လည်း ဖြစ်နေ၍ သနားကြင်နာမိခဲ့တာတော့ အမှန်ပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ငွေလထိန်ရဲ့ဘဝလေးကို မင်းဉာဏ်သာ သနားကြင်နာ
လာသည်။ ဝန်ထမ်းဆိုတော့ တာဝန်နှင့်ဝတ္တရားအတိုင်း လုပ်နေ
၏။ ရေကူးကန်ထဲမှာ ကောင်လေးတစ်ယောက် ဖက်ဖို့ကြိုးစားနေ
တာ သူတွေ့နေရသည်။ သူ ... အစောကြီးထဲက ကြည့်နေခဲ့တာပဲ
ကောင်မလေးတွေထွက်လာမှ အခန်းတံခါးကို ပိတ်ပစ်လိုက်ချေ
သူ့စိတ်တွေ ထိခိုက်ကြေကွဲရသည်၊

"ငွေလထိန် ... မင်းရဲ့စိတ်ဓာတ်ကိုတော့ ... ငါ လေးစား
တယ်၊ မင်း ဆင်းရဲပေမယ့် မာနရှိတယ်၊ ယောကျ်ားတစ်ယောက်ကို
မြူဆွယ်ဖြားယောင်းမှုမရှိဘူး၊ မင်းနဲ့တွေ့ရတာ ... ကိုယ့်စိတ်တွေ
အားအင်ပြည့်ပြီး တက်ကြွလာတယ်၊ မင်းကို ချစ်နေမိပြီထင်တယ်"

သူ့ရင်တွေ ဆတ်ကနဲခုန်သွားသည်။ လူပျိုသိုးကြီးဘဝနှင့်
စီးပွားရေးပဲစိတ်နှစ်ပြီး နေထိုင်ခဲ့တာပါ။ အခုတော့ ... ငွေလထိန်ကို





ချစ်မိနေပြီ။

"အား ... "

သူ့စိတ်တွေ မွန်းကြပ်နေခဲ့ရာမှ နည်းနည်းလေးတော့ ပွင့်ဟ
လာသည်။ ငွေလထိန်အကြောင်းတွေစဉ်းစားရတာက ပျော်ရွှင်ရ၏။
စိတ်တွေတည်ငြိမ်နေသည်။ သူ ... အရက်မသောက်ချင်တော့ ...
ကော်ဖီတစ်ခွက်ဖျော်ပြီး ... ဆိုဖာဆက်တီတစ်လုံးပေါ်ထိုင်၍
ငွေလထိန်အကြောင်းတွေ စဉ်းစားနေမိသည်။

"ဒေါက် ... ဒေါက် ... "

"ညွှသည် ... "

သူ့အခန်းတံခါးကိုလာခေါက်ပြီး ညွှသည်ဟုအသံပြုလိုက်၍
ငွေလထိန်လားဆိုပြီး ရင်တုန်လှိုက်မောစွာ တံခါးထဖွင့်သည်။

"ဟင် ... ဒက်ဒီ"

အခန်းထဲဝင်လာသူက ... ဒက်ဒီပါ။ စောစောက ပျော်ရွှင်
ခွက်လက်မှုတွေ ရုတ်ချည်းပျောက်ကွယ်သွားသည်။

"ဒက်ဒီ ... ဘာလာလုပ်တာလဲဗျာ ... ဉာဏ်သာ့ကို လာ
ခေါ်ဖို့မကြိုးစားပါနဲ့ ... ဉာဏ်သာ အနားယူနေတယ်"

"သား ... မင်းကို ဒက်ဒီလာခေါ်တာပါ၊ မင်းလိုက်ခဲ့ရမယ်၊
ဒက်ဒီ့ကိုစိတ်ဆင်းရဲအောင် သားလုပ်ရက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီက ညဏ်သာ့ကို စိတ်ဆင်းရဲအောင်လုပ်တာပါ"

"ဒါက ဒက်ဒီ့ဘဝပါ၊ သားကသားပဲ ... ကြွေကလည်း သားကို သားအရင်းလိုသတ်မှတ်မယ်တဲ့"

"ဟာ ဒက်ဒီကလည်း ... ဒီမိန်းမအကြောင်း နားမည်းတောင် မကြားချင်ပါဘူး၊ ပြန်ပါတော့ဗျာ ... ညဏ်သာ့ကို သားအဖြစ်ကနေ စွန့်လွှတ်ပါ"

"ဒက်ဒီ သားကို ဘယ်လိုအကြောင်းနဲ့မှ သားအဖြစ်ကနေ မစွန့်လွှတ်နိုင်ဘူး၊ ကြွေက သားနဲ့အသက်ရွယ်တူဆိုပေမယ့် ဒက်ဒီ့ ဇနီးဖြစ်နေပြီကွ ... မင်းလက်ခံရမယ်"

"လုံးဝလက်မခံနိုင်ဘူး ဒက်ဒီ ... ညဏ်သာတစ်ယောက်ထဲပဲ နေပါရစေဗျာ ... ပြန်ပါ"

"မင်းလိုက်ခဲ့ရမယ် ... ဒက်ဒီ့ကျန်းမာရေးလည်း မကောင်းဘူး၊ ကြွေ ပြုစုတယ်၊ သားအပေါ် ... ဒက်ဒီ ဒီလောက်အထိ နောက်အိမ်ထောင်မပြုဘဲတာဝန်ယူခဲ့တာပါ၊ ဒက်ဒီ့ကို မင်း ခွင့်ပြုသင့်တယ် မဟုတ်လားကွာ"

သားကိုလည်း ဦးမောင်မောင်သာ သံယောဇဉ်အကြီးမားဆုံး တွယ်တာရသည်။ ပါးစပ်ကသာပြောခဲ့ရပေမယ့် ဘယ်လိုလုပ်ပြီး သားအဖြစ်ကနေစွန့်လွှတ်နိုင်ရမှာလဲ ... ဒက်ဒီချစ်မြတ်နိုးရတဲ့သား





ပါ၊ ကြွေ့ကိုလည်း မစွန့်လွှတ်နိုင် ... မိမိကို ပြုစုယုယပေးနေတဲ့ ဇနီးလေ ...

"ကြွေ့ကို ... သားမာမီအဖြစ် အသိအမှတ်ပြုပေးလိုက်ရင် မိသားစုပျော်ရွှင်စရာကမ္ဘာလေး ဖြစ်သွားမှာပါ"

"တော်ပါတော့ ဒက်ဒီရာ"

ကြွေက ဘယ်လိုမိန်းမမျိုးလဲဆိုတာ ... ညဏ်သာအသိဆုံးပင် ... ဒက်ဒီ့ကိုပြောမထွက် ... ညဏ်သာ့ဆန္ဒအမှန်က ဒက်ဒီ့ကို စိတ်ချမ်းသာစေချင်တာပါ။

"ကြွေက ငယ်လို့လား၊ သားနဲ့ရွယ်တူမို့လား၊ ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးမှ ဒက်ဒီ့ကိုအောက်ကျခံပြီး ပြုစုပေးမှာလေ ... ကြွေ့ကို ... ဒက်ဒီက အတင်းအကြပ်လက်ထပ်ခဲ့ရတာပါ ... သားယုံပါ၊ ဒက်ဒီ့ဘက်က သားကိုရော ... ကြွေ့ကိုရော ... မစွန့်လွှတ်နိုင်ဘူး"

ဒက်ဒီ ... အရွယ်အတော်လေးကျသွား၍ ညဏ်သာ စိတ်မကောင်းဖြစ်ရသည်။ အသက်အရွယ်ငယ်ငယ်လေးနှင့် ဒက်ဒီ မုဆိုးဖိုဖြစ်ခဲ့ပေမယ့် ... အိမ်ထောင်သစ်မထူထောင်ခဲ့ ... ညဏ်သာ့အား တာဝန်ကျေစွာပြုစုပေးခဲ့သည်။

"ဒက်ဒီ့နှလုံးသားတွေ အရမ်းခံစားရတယ်၊ သားကြောင့်ပါ၊ သားလည်း ဘယ်လောက်ခံစားနေရမလဲဆိုတာ ... ဒက်ဒီ မသိဘဲနေမလား"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေပြည့်လာကာ ... ဝမ်းနည်းကြေကွဲသံကြီးနှင့်ပြောလာ၍ သူလည်း စိတ်ထိခိုက်သွားသည်။

"ဒက်ဒီနဲ့ပြန်လာနေပါ ... ကြွေ့ကို အငြမအဖြစ်လက်ခံပါ၊ ကြွေက စိတ်သဘောထားပြည့်ဝသူဆိုတာ မင်း လာကြည့်လိုက်"

ဒက်ဒီ့ကို ဉာဏ်သာ ဘယ်လိုရှင်းပြရမှန်းပင်မသိတော့ ... ပြော၍လည်းမထွက် ... နုနုကြွေရဲ့ထောင်ခြောက်ထဲ ဒက်ဒီ ရုန်းထွက်ရန်မလွယ်ပေ ... ပြောပြလည်း ဒက်ဒီ စိတ်သောကတွေ ကြီးမားစွာရောက်သွားမှာ သေချာသည်။

"ကဲပါ ဒက်ဒီရာ ... သားကို နောက်ထပ်တစ်ပတ်လောက်ပဲ အချိန်ထပ်ပေးပါ၊ သား ပြန်လာပါ့မယ် ... ဒက်ဒီ့အရိပ်အောက်မှာပဲ နေမယ်လို့ သားကတိပေးပါတယ်"

"ဒါဆိုလည်း သားနေပါ၊ ဒက်ဒီနဲ့ အတူတူပြန်လာနေမယ်လို့ ကတိပေးတာပဲ ဝမ်းသာတယ်၊ သားပြန်လာနော် ... ဒက်ဒီ အသက် အရွယ်ရလာတဲ့အချိန်မှာ သားကိုလည်း ဒက်ဒီ့အနားမှာထားချင်တဲ့ ဆန္ဒ အပြင်းပြဆုံးပါ"

"စိတ်ချပါဒက်ဒီ ... ပြန်လာနေပါ့မယ်၊ အခုလောလောဆယ် မှာ ... သားကိုအချိန်ပေးပါ ဒက်ဒီရယ်"

"ကောင်းပြီသား ... ဒက်ဒီပြန်မယ်၊ သားတစ်ယောက်ထဲရှိ





တာပါ၊ ဒက်ဒီမခွဲနိုင်လို့ပါ"

ဒက်ဒီ ပြန်သွားသည်။ စိတ်ထဲမှာ ပြန်၍မွန်းကျပ်လာရသည်။ သူ ... ဆုံးဖြတ်လိုက်တာက ဒက်ဒီစိတ်ချမ်းသာဖို့အမိကပဲ ... ကြွေ မင်းဘာလုပ်မလဲ ... ငါ့ဒက်ဒီကို မင်း ဘယ်လောက်အထိမြူဆွယ် နိုင်မလဲ ... သူ ... ဒက်ဒီ့ကိုစိတ်မချနိုင်တော့ ... ဒက်ဒီ့အနားမှာ သွားနေပေးဖို့ပဲဖြစ်၏။ လောလောဆယ်တော့ ထိန့်ကြောင့်ပါ။ ငွေလထိန်အပေါ် ဉာဏ်သာ သံယောဇဉ်တွယ်ငြိနေပြီဖြစ်သည်။

"ငွေလထိန် ... ကိုယ် မင်းနဲ့လက်ထပ်မယ်၊ မင်းကို ချစ်နေမိပြီကွ ... Heart ထိသွားပြီ"

ငွေလထိန်ရဲ့မျက်နှာလေး ... တည်တည်တင်းတင်းလေးကို မေ့မရ။ ကျော့ရှင်းတောင့်ဖြောင့်လွန်းနေတဲ့ ခန္ဓာကိုယ် ... နှင်းဆီဖူးငုံနှုတ်ခမ်း ရဲရဲစိုစို ... သူ အရမ်းကို နှစ်သက်မြတ်နိုးနေပြီဖြစ်သည်။ ငွေလထိန်နှင့်တွေ့ဆုံသည့်အချိန်တွေမှာ သူ့ရင်ထဲမှ သောကတွေ ပြေလျော့သွားစေခဲ့၏။ ကိုယ် ... မင်းကိုမခွဲနိုင်မခွာရက်နိုင်အောင်ဘဲ ချစ်တယ်။ သူ ... ဒီမှာပဲ ငွေလထိန်အချစ်တွေမရမချင်း ဆက်နေဖို့ဆုံးဖြတ်လိုက်သည်။

"ဉာဏ်သာ ... စောစောက ရှင့်ဒက်ဒီလာတယ်၊ ဗူစန့်ကို အတင်းအကျပ်တွေ့ခွင့်တောင်းလို့နော် ... တစ်မျိုးမထင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စူစန်က သူမသော့နှင့်ဖွင့်ပြီး သူ့အခန်းထဲဝင်လာသည်။ စူစန့်ကိုတော့ မနိုင်ဘူး ...

"ရပါတယ် စူစန်ရာ ... ဒက်ဒီ့ကိုလည်း ကိုယ်သနားပါတယ်၊ ဒက်ဒီနဲ့ပြန်နေဖို့ ... ကိုယ် ဆုံးဖြတ်လိုက်ပြီ"

"ဒါဆို ကြွေနဲ့က"

"ကိုယ့်အမေအဖြစ်ပဲ အသိအမှတ်ပြုလိုက်မယ်"

"ဟင် ... "

"စူစန် ... လာရင်းကိစ္စ"

"ဒုက္ခပါပဲ ဉာဏ်သာရယ် ... ရှင့်အခန်းထဲ စူစန်လာတာ အကြောင်းရင်း ပြရဦးမှာလား၊ သန့်ရှင်းရေးလေ ... ငွေလထိန် ဖျားပြီ၊ မနေ့က ရေကူးဝတ်စုံမလဲဘဲ အိပ်တယ်လေ"

"ဟုတ်လား"

"ဒီနေ့ခွင့်ယူတယ်၊ အခုတလော ... ငွေလထိန် တာဝန်ပျက်ကွက်ချင်နေတယ်၊ အရည်အချင်းရှိလို့ အရေးမယူတာ"

ငွေလထိန်လည်း ဉာဏ်သာ့လိုပဲ ... စိတ်တွေကယောင်ကတမ်းနှင့် ရေကူးဝတ်စုံတောင်မချွတ်နိုင်တော့ဘူး ထင်တယ်။ ဉာဏ်သာ့စိတ်တွေ မတည်မငြိမ်ဖြစ်ရတာက နုနုကြွေကြောင့်ပါ။ ဒက်ဒီ့ကိုအပိုင်ချုပ်ပြီး အရှက်မဲ့လွန်းစွာ သူ့မိထွေးနေရာအရယူနေခဲ့သည်။





"စူစန် ... "

"ပြော ... "

"ဟိုကောင်လေးက ငွေလထိန်ကို မဟားဒရားကြိစည်နေတာထင်တယ်၊ မင်း ... တားဆီးသင့်တယ်ထင်တယ်"

"ပြောတာပဲဟယ် ... မရဘူး၊ ငွေလထိန်ကိုတော့ ချစ်ခင်နှစ်သက်တဲ့သူတွေ များတယ် ... ဒီကောင်မလေးက ချောတာကိုး ဉာဏ်သာ ... ရှင်က"

"ကိုယ်က ... မိန်းမတွေကို အထင်မကြီးပါဘူး၊ ဘာလုပ်ရမှာလဲ ... ဒီကောင်မလေးက မရှိသွေးကြွားထင်တယ်၊ မာနကခေါင်ခိုက်နေတယ်"

ငွေလထိန်ရဲ့ခန္ဓာကိုယ် ... ကျော့ကျော့ရှင်းရှင်းလေးကို ဉာဏ်သာ ဖက်တွယ်ခဲ့ရတဲ့အဖြစ်တွေကို မေ့ပစ်၍မရ ... သူ့ကို မပတ်သက်ချင်သလိုလို ... တည်တည်တင်းတင်းမျက်နှာလေးကို ချစ်မိနေသည်ထင်သည်။ သူ ... အမြဲတမ်းတွေ့ချင်နေတာက ငွေလထိန်ပါ။

"ရှင် ဘာလိုအပ်သေးလဲ ... ဒီကနေ့ ဝန်ထမ်းတွေအားလုံးကို မှာထားပါတယ်နော် ... ရှင့်ကို အထူးဂရုစိုက်ဖို့"

ဒါဆိုလည်း ငွေလထိန်ကိုထပ်လွှတ်ပေးပါလားဟု ပြောချင်သည်။ စူစန့်ကို သူ ... လုံးဝမကြိုက်ခဲ့ ... ယောကျ်ားလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အရှက်မဲ့စွာ အသေအလဲကြိတ်ပိုးတတ်တဲ့ မိန်းမတွေကို သူ ... စိတ်ကအထင်သေးနေခဲ့သည်။

"အထူးအစီအစဉ်အနေနဲ့ ရှင့်အခန်းကို MD စူစန်ကိုယ်တိုင် သန့်ရှင်းရေးလာလုပ်ပေးမလို့"

"ဟာမဟုတ်တာဘဲ စူစန်ရာ ... ဝန်ထမ်းတွေပဲလုပ်ပါစေ"

"ဝန်ထမ်းငွေလထိန်က နေမကောင်းဘူး ... ဖျားနေတယ်၊ ဒီကောင်မလေးက တာဝန်ကျေတယ်၊ နမော်နမဲ့နေထိုင်တတ်တဲ့ အကျင့်တော့ မရှိပါဘူး"

"ထားလိုက်ပါဟာ"

စူစန်က ... သူ့အနားဝင်ထိုင်ရင်း ရှင်ရော ... နေကောင်းလားဆိုပြီး နဖူးကိုလာစမ်းသည်။

"ရှင်အရက်သောက်ဖို့ စူစန် စီစဉ်ပေးပါ့မယ်၊ ဘာအမြည်း စားမလဲ"

"ကိုယ် ... ဒီနေ့အရက်မသောက်တော့ဘူး စူစန်"

"ဟင် ... ဘာဖြစ်လို့လဲ"

ငွေလထိန်ဆိုတဲ့ကောင်မလေးအကြောင်းတွေ စဉ်းစားချင် လို့ဟု ပြောချင်သည်။ သူ့ကိုကယ်ရင်း ... ငွေလထိန် အခန်းပြန်ပြီး အိပ်ပျော်သွားတာပဲ ... ဟိုကောင်လေးနှင့်မဆိုင်ဘူး။ သူ့ကြောင့်ပဲ။





ရေကူးဝတ်စုံလေးနှင့် တောင့်တောင့်တင်းတင်းခန္ဓာကိုယ်လေးကို ဉာဏ်သာ အစွဲလန်းကြီးစွဲလန်းနှစ်သက်မိသည်။

"မနက်ဖြန်ကျမှ ဝန်ထမ်းကောင်မလေးတွေ လာလုပ်ပါစေ စူစန်ရာ ... ထားလိုက်ပါ။ ကိုယ် အနားယူတော့မယ်"

"စူစန်က ဉာဏ်သာနဲ့စကားပြောချင်လို့ ရောက်လာတာပါ။ ဉာဏ်သာစားချင်တာလေးတွေလည်း လုပ်ပေးချင်တယ်"

"ကိုယ်စားချင်တာက ငွေလထိန်"

"ဘာပြောတယ်"

"ဟာ ... စူစန်ကလည်းကွာ ... စကားကို ဆုံးအောင်နား မထောင်ဘူး ... ငွေလထိန်တစ်ခါလုပ်ပေးတဲ့ ပေါင်မုန့်မီးကင်နဲ့ ထောပတ်သုတ်လို့ပြောတာ"

"အင်းဟုတ်တယ် ... ငွေလထိန်က အစားအသောက်တွေ စီစဉ်ပေးရင် လက်ရာကောင်းတယ်၊ နာမည်ရတယ်လေ"

သူ ... တစ်ကြိမ်တစ်ခါမှ ငွေလထိန်လုပ်ပေးတဲ့ အစား အသောက်တွေကို မစားဖူးပေ ...

ငွေလထိန်ရေ ... မင်းကြောင့် ကိုယ့်စကားတွေ အမှားမှား ယွင်းယွင်းဖြစ်ရတယ်။ မင်းကိုလွမ်းနေတယ်ကွာ ... ကိုယ့်ဆီ လာခဲ့ပါလား။ ထိန် နေမကောင်းဘူးဆိုတော့ ... သူ ... သတင်း သွားမေးချင်နေသည်။ စူစန့်ကို ပြောလို့ရမှာမဟုတ်တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ... သူ တီးခေါက်ကြည့်မိသည်။

"စုစန် ... "

"ဟင် ... "

"မင်းရဲ့ဝန်ထမ်း ငွေလထိန်ဆိုတဲ့ကောင်မလေးက ဘာပဲ ပြောပြော ... ကိုယ့်အသက်သခင်ကျေးဇူးရှင် ဖြစ်နေတယ်"

"လုပ်မနေနဲ့ ... ရှင် စဉ်းစားစရာအဆင့်မဟုတ်ပါဘူး၊ သူ့ တာဝန်ပဲလေ ... ဝန်ထမ်းမိန်းကလေးတွေ ရေကူးကန်မှာတာဝန် ကျရင် အသက်ကယ်ရတာဆန်းလား ... အရေးမပါတာ"

ဉာဏ်သာ့ကို စုစန်ကြည့်နေ၍ သူ စိတ်မဝင်စားသလိုလို ရှေ့မှာချထားတဲ့ကော်ဖီခွက်ကိုယူပြီး သောက်နေလိုက်သည်။

"ကိုယ့်အကြောင်း စုစန်အသိဆုံးပဲ၊ ဝန်ထမ်းကောင်မလေး တွေကို လုံးဝအထင်မကြီးတာ ... ထားလိုက်ပါတော့လေ၊ ကိုယ်တို့ အရေးအရာလုပ်ပြောနေစရာမှ မလိုတာ ... စုစန်က ကိုယ့်ကိုပြုစု ချင်တယ်ဆိုတော့လေ ... ပေါင်မုန့်မီးကင်ပေး ... ထောပတ်သုတ် သကြားလေးဖြူးပေးပါ"

"ကောင်းပါပြီရှင် ... "

ငွေလထိန်အကြောင်းတွေကိုပဲ ပြောနေလျှင် အပျိုကြီးမ ကစိတ်ဆိုးပြီး ... ငွေလထိန်အလုပ်မှာပါ ထိခိုက်နစ်နာသွားမှာကို သူ ... စိုးရိမ်သည်။ သူ့ကုမ္ပဏီလည်း မာနခဲမလေးဖြစ်၍ ဝင်လုပ်မှာ

ဖိုးလပြည့်စာပေ



ပေါက် ... နုနုကြွကြွကြောင့် ဉာဏ်သာ့နှလုံးသားတွေ ပူပြင်းလောင် မြိုက် ... သောကပင်လယ်ဝေနေတဲ့အချိန်မှာ ငွေလထိန်နှင့်ဆုံမိရ တာ ... သဲကန္တာရထဲက OASIS လေးတစ်ခုလို သူ့နှလုံးသားတွေကို အေးမြသွားစေခဲ့သောမိန်းကလေး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ဒီမှာ"

"ရှင်"

"ဝန်ထမ်းငွေလထိန် နေမကောင်းဘူးလားခင်ဗျာ"

"ဟုတ်ကဲ့ ဖျားနေပါတယ်၊ ငွေလထိန်ကိုနှောက်ယှက်တဲ့ ဧည့်သည်တွေကလည်း များတယ်၊ မနေ့က ရေထဲမှာ သူတော်တော် လေးစိတ်ညစ်သွားပုံပဲ"

"ဒီကဝန်ထမ်းနာမည်က"

"သွယ်သွယ်ပါ"

"ကိုယ် ... ငွေလထိန်ကို ဒီလက်ဆောင်ခြင်းလေးပေးချင်ပါ တယ်၊ မသွယ်သွယ် ... ယူသွားပေးပါလား"

"မဖြစ်ပါဘူး၊ ဟိုလေ ... ကြီးကျယ်တာတော့မဟုတ်ပါဘူး





... ငွေလထိန်ကိုယ်တိုင်က ဧည့်သည်ပေးတဲ့လက်ဆောင်ကို ...က်မခံပါဘူး"

ငွေလထိန် ... မင်း ကြီးကျယ်နေတာပဲ ... ဉာဏ်သာဝယ် ...းတဲ့ လက်ဆောင်ခြင်းထဲမှာ သစ်သီးတွေ ... အားဆေးတွေ ...ရည်ပုလင်းတွေ ပါဝင်နေသည်။

"ငွေလထိန်က ကိုယ့်အသက်ကိုကယ်တင်ထားတယ်လေ၊ ...ဇူးရှိလို့ပါ၊ ကိုယ်ဖျားတုန်းကလည်း ရေပတ်တိုက်ပေးတယ်၊ ... ကိုယ်ချင်းစာပါတယ်၊ ကိုယ် ... သွားပေးလို့ရမလား"

"မဖြစ်ပါဘူးရှင် ... ငွေလထိန်ကို အလုပ်ပြုတ်အောင်မလုပ် ...နော်"

"ဗျာ ... ဘာဖြစ်လို့လဲ ... စည်းကမ်းချက်ရှိလို့လား"

"စည်းကမ်းချက်တော့မရှိပါဘူး၊ ဟိုလေ ... ဟို"

သွယ်သွယ် ... ဘယ်လိုရှင်းပြရမှန်းပင် မသိတော့ ... အပျို ...မ MD က ကိုမင်းဉာဏ်သာအား မုန်းထားသည်။ ပေါ်တင် ...ထားပြီးသားပဲ ...

"ရှုစန့်ကြောင့်လား"

"ဟုတ် ... "

"ဒါဆိုလည်း ကိုယ် ... ရှုစန့်ကိုပဲ ပေးခိုင်းမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မပေးလို့မရဘူးလားရှင်"

ငွေလထိန်က ... ပြဿနာတွေများလွန်းသည်။ ညွှန့်သည် ယောက်ျားများစွာ သူမအား ချစ်ခင်နှစ်သက်ကြ၏။ အရောတဝင် လုပ်ကြသဖြင့် ... ထိန်ကရှောင်နေရတာ။ စိတ်ပင်ပန်းနေရှာရသည် ကိုမင်းဉာဏ်သာ စိတ်ဝင်တစားနှင့် အကြင်နာတွေပြလို့မဖြစ်ဘူး သွယ် ထင်မိ၏။ ငွေလထိန်မှာက မိမရှိဖမရှိ ... အားကိုးတွယ်တာ ရာမရှိ ... အိမ်နီးချင်းဒေါ်စက်က စောင့်ရှောက်ပေးလို့ ... ဒီHo မှာ အဆောင်နေခွင့် ရနေခြင်းဖြစ်သည်။

"ငွေလထိန်ကလေ ဆွေမျိုးသားချင်းတောင် မှီခိုနေထိုင် စရာမရှိပါဘူး၊ ဒါကြောင့်ပါ ... MD ကလေ ငြိုငြင်သွားရင်"

"ဘာဆိုင်လို့လဲ ... ကိုယ်နဲ့ရူစန်က သူငယ်ချင်းတွေပါ"

"ဒါပေမယ့်လေ"

သူသိသည်။ ရူစန်က သူ့ကိုကြိတ်ပိုးနေတယ်ဆိုတာ ဒါပေမယ့် ... ရူစန့်ကို သူ ဘယ်လိုမှခံစားမရ ... သူငယ်ချင်းအဖြ သာ ငယ်စဉ်လေးထဲက ဆက်ဆံနေခဲ့သည်။

"ညွှန့်သည်ကတော့ ဘာမှမဆိုင်ဘူးဆိုပေမယ့် MD က"

"မင်းက ... သူငယ်ချင်းငွေလထိန်အတွက် အရမ်းစိတ်ပူ တာမဟုတ်လား"





သွယ်သွယ် ... သန့်ရှင်းရေးလုပ်ပြီး အမြန်ပြန်ထွက်လာခဲ့ သည်။ ကိုမင်းဉာဏ်သာက ငွေလထိန်အပေါ် ချစ်ခင်နှစ်သက်နေပုံ ဝင်။ သွယ်ယုံတယ်။ အချစ်စစ်အချစ်မှန်ပဲဖြစ်မယ်ဆိုတာ ... ကိုမင်းဉာဏ်သာက လူကြီးလူကောင်းဆန်ပြီး တည်ငြိမ်သည်။

"ထိန် ... ဟဲ့ ... အမယ်လေး ... သွယ်တော့ ရင်တုန်ပန်း တုန်ဖြစ်ပြီး သေတော့မယ်သိလား"

"ဘာဖြစ်လာတာလဲ သွယ် ... အမောတကောနဲ့ ... ရှင့်ကို ဘယ်သူက ရည်းစားစကားပြောလိုက်လို့လဲ"

"ရှင့်ကို ... "

"ဘာ"

"ငွေလထိန်ကို"

"ဘယ်သူကပြောတာလဲ ... ဘာကောင်လဲ ... ငွေလထိန် ကို အချောင်ရမလားဆိုပြီးတော့ လာမစမ်းနဲ့နော် ... ငါးကျွတ်ကျွတ် ကျိုးသွားမယ်၊ ဘယ်ကောင်လဲ ... သူဌေးသားတွေ High Boss တွေဘာတွေ နားမလည်ဘူးနော် ပြောစမ်း"

"ကိုမင်းဉာဏ်သာက"

"ဘာ ... ဘာပြောတယ်၊ ရှင်ရူးနေလား၊ ရှင့်စိတ်ထဲဖြစ်စေ ချင်တာတွေ လာပြောမနေနဲ့နော် သွယ် ... မဖြစ်နိုင်တာ"

"ကိုမင်းဉာဏ်သာက ရှင့်ကို လက်ဆောင်ခြင်းပေးပေးပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"သွယ်က အိုင်တင်ခံပြီး ... ငွေလထိန်က လက်ခံမှာမဟုတ်

ဘူးလို့ ... MD မမသိသွားရင်လည်း အလုပ်ပြုတ်မှာလို့ ... သူ

အတင်းပေးဖို့လုပ်နေတာလေ၊ သူ့အသက်ကိုကယ်တဲ့ ကျေးဇူး

ဖြစ်နေလို့ပါတဲ့ ... MD မမကတဆင့် ရှင့်ကို ဝင်တွေ့မယ် လုပ်

တယ်"

"ပြီးတော့ရော"

"ဒါပဲလေ"

"ရည်းစားစကားပြောလိုက်တယ်ဆို"

"အဲ ... အဲဒါက စတာပဲလေ ... ရှင့်ကိုစိတ်ဝင်စားလို့ ...

နှစ်သက်လို့ ... လက်ဆောင်ပေးတာလေ၊ အချစ်ရဲ့အစပဲ"

"သွားစမ်းပါ"

ကိုမင်းဉာဏ်သာက ထိန့်ကိုရည်းစားစကားပြောလိုက်တယ်

ဆိုလို့ ... ငွေလထိန် ဖောချွေးတွေပြိုက်ပြိုက်ကျလာကာ ရင်

တလိုက်လိုက်ခုန်နေလိုက်တာ ... အခုတော့ လက်ဆောင်ခြင်း

ဖို့တဲ့ ... ဒါလား ရည်းစားစကား ... ငွေလထိန်ကိုယ်တိုင်က

ဘဖြစ်လို့များ ဒီလိုလူတွေဆီကအချစ်ကို မျှော်လင့်နေရတာ

ကြည့်စမ်း ... ငွေလထိန်ကိုယ်တိုင် ... မမကြွေလမ်းစဥ်အတိုင်း

လိုက်တော့မလို့ မဖြစ်နိုင်ဘူး။ ဒီလိုလူမျိုးတွေမှာ အချစ်မရှိနိုင်ဘူး





လောဘတွေပဲရှိတယ်။ ရမက်တွေ ... တဏှာရာဂတွေ ...

"ငွေလထိန် ..."

"ဟင် ..."

"ရှင့်မျက်နှာကြီးက တွန့်လိုက်မဲ့လိုက် ... ရှုံ့လိုက်တွလိုက်နဲ့

ဘာတွေအတွေးနယ်ချဲ့သွားရတာလဲ"

"ဘာ"

သွယ့်အသံကြားမှ ... ငွေလထိန် အသိတွေဝင်လာသည်။

ဟုတ်သားပဲ ... ရှေ့မှာရှိနေတဲ့သွယ့်ကိုပင် မေ့သွားရ၏။ သွယ်က

အရယ်မျက်နှာ ... သိသားပဲ ... ရှင်က ကိုမင်းဉာဏ်သာနဲ့ အရမ်း

သဘောတူနေတာပေါ့လေ။ သူမ တင်းထားရသည်။

"ကိုမင်းဉာဏ်သာကတော့ ထိန့်ကို အချစ်စစ်အချစ်မှန်

ရင်ထဲကနေချစ်မြတ်နိုးမယ်လို့ ယုံကြည်တယ်"

"လက်ဆောင်ခြင်းတောင်းလေးတစ်ခုပေးတာနဲ့ ... ဒီ

လောက်အထိတော့ အတွေးနယ်မချဲ့နဲ့ဟာ ... သူတို့တွေကို မယုံ

ဘူး၊ ကင်းကင်းနေတာကောင်းတယ်၊ သွယ် ယူမလာနဲ့"

"ရှင့်ကိုနှမျောတယ်၊ အရမ်းချောတာလေ ... မင်းကြိုက်

မင်းကြိုက် ... ရွှေနန်းတော်နဲ့မှ လိုက်ဖက်သင့်တော်တာလေ"

ငွေလထိန်ကတော့ ကိုယ့်အကြောင်းကိုယ်သိနေ၍ မပျော်



www.burmeseclassic.com

www.burmeseclassic.com



နိုင် ... မမကြွေကြောင့်ပါ။ ကိုမင်းညဏ်သာ့ဒက်ဒီ လက်ထပ်တာ
ထိန့်အစ်မဝမ်းကွဲဖြစ်နေတာ သိသွားရင် ... ထိန့်ကိုလည်း သူ
ရွံရှာမုန်းတီးသွားမှာ သေချာသည်။

"အိပ်တော့မယ် ... ခွင့်လေးရတုန်း ကျွန်မ ကောင်းကောင်း
အနားယူရမယ်လေ"

ငွေလထိန် ... လူက နေကောင်းနေပြီဖြစ်ပေမယ့် စိတ်
နေမကောင်းဖြစ်နေတုန်းထင်တယ်။ ညှောင်နာနာ ... အားအင်
လည်း မရှိတော့ဘူး။ နုံးခွေနေသည်။

"သွယ် တာဝန်ရှိသေးတယ်၊ သွားမယ်နော် ... ငွေလထိ
ရှင် ကောင်းကောင်းနလံမထူသေးပါဘူး၊ နားလိုက်"

"အင်း"

သွယ် ပြန်ထွက်သည်။ ငွေလထိန် အလုပ်ဝင်ချင်နေပြီ
သည်။ စိတ်ကမတက်ကြွလိုက်တာ ... ဘာတွေဖြစ်နေပြီလဲဟ
ကိုမင်းညဏ်သာကို သတိရနေမိသလိုလို ... မေ့ပစ်မယ်။ မတန်မ
ရှင့်မှာ မာနတွေဘယ်ရောက်သွားပြီလဲ ... မျက်လုံးတွေ တင်းတ
ဖိကပ်ပစ်လိုက်၏။ အိပ်မက်တွေ သူမနှုတ်ခမ်းလေးတွေ ပြုံးယော
သမ်းသွားသည်။

"ဝန်ထမ်း"





"ရှင်"

သူမ ကြားဖူးနေတဲ့အသံနှင့် အခေါ်အဝေါ်ဖြစ်၍ ... သူမ
အလန့်တကြားလှူးလဲထမိသွားသဖြင့် ... ခေါင်းထဲမှာ မိုက်ကနဲဖြစ်
သွားရကာ ပြုလဲကျသွားမတတ် ယိုင်နဲ့သွားသည်။

"ဝန်ထမ်း ... သတိထားလေ၊ မင်း နေမကောင်းသေးဘူး
ထင်တယ်"

ငွေလထိန်ခန္ဓာကိုယ်လေးအား သူ ... ရုတ်တရက်ဖမ်းထိန်း
လိုက်၍ သူမတို့နှစ်ယောက် ပွေ့ဖက်လိုက်သလို သူ့ရင်ခွင်ထဲရောက်
သွားသဖြင့် လူးလဲရုန်းထွက်လိုက်သည်။

"မင်း အားမရှိသေးဘူး ဝန်ထမ်း ... ကိုယ်နဲ့မင်းတို့က အပြန်
အလှန် ကျေးဇူးတွေရှိကြတယ်လေ"

"ဖယ်ပါ ညှော်သည် ... ဘာဖြစ်လို့ဝင်လာရတာလဲ၊ စည်းကမ်း
ဘာကျနေထိုင်ပါ။ ကျွန်မတို့ဝန်ထမ်းတွေ အများကြီးပြဿနာတက်
သွားနိုင်တယ်"

ကိုမင်းညဏ်သာ ဘယ်လိုဝင်လာတာလဲ။ အကောင်းစား
ပစ္စည်းတွေအပြည့် ခြင်းကြီးလည်းပါလာသည်။

"ကိုယ်က ရိုးရိုးသားသားရောက်လာတာပါ၊ မင်းက ကိုယ့်
အသက်ကိုကယ်တင်ခဲ့ဖူးလို့ပါ၊ ကိုယ်ပေးတဲ့လက်ဆောင်ကိုတော့
သက်ခံပေးပါ ဝန်ထမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညှို့သည်က ညှို့သည်နေရာမှာနေပါ၊ နောက် ကျွန်မကို လာပြီးမပတ်သက်ပါနဲ့ ... ကျွန်မ ပဲပေးပြီးပြောနေတာမဟုတ်ပါဘူး ကျွန်မရဲ့စည်းကမ်းပါ"

"မင်း ... ဘယ်အချိန်အထိ ညှို့သည်လို့ခေါ်နေဦးမှာလဲ ငွေလထိန်"

"ရှင် ... "

အိပ်မက်ထဲကအတိုင်း ဖြစ်နေ၍ ... သူမ တကယ်လား အိပ်မက်လား။ ဇဝေဇဝါနှင့် မော့ကြည့်မိသွားသည်။ ဘုရားရေ ... သူက သူမကိုနမ်းတော့မလားဘဲ ... အိပ်မက်ထဲမှာလိုလေ။ သူမ နှုတ်ခမ်းတွေပင် ထုပ္ပယောင်ယမ်းသွားရ၏ ... သူ့အကြည့်တွေက စူးစိုက်လွန်း၍ ... ရှက်လိုက်တာ ... ကယောင်ကတမ်းနှင့် အကြည့်ကိုလွှဲပစ်လိုက်သည်။

"မင်းကိုချစ်တယ်"

"ရှင် ... "

"ကိုယ့်အချစ်တွေကို ယုံကြည်ပေးပါ ငွေလထိန် ... ကိုယ်က တခြားငွေကြေးချမ်းသာသူတွေလို မဟုတ်ပါဘူးကွာ ... အကြွင်းမဲ့ ယုံကြည်ပေးပါ၊ တင့်တင့်တယ်တယ် လက်ထပ်ယူမယ်၊ ကိုယ့်ဘဝ အကြောင်းတွေကိုလည်း ပြောပြချင်တယ်၊ ရင်ဖွင့်ချင်တာပါ"

"အို ... ဘယ်လိုညှို့သည်လဲ ... ထွက်သွားပေးပါ၊ ဝန်ထမ်း





မှာ စည်းကမ်းတွေရှိပါတယ်၊ ကျွန်မကို ရှင် ဒီလောက်အထိအထင် မသေးပါနဲ့နော် ... ထွက်သွားပါ ... ရှင် ဒီလိုလုပ်တာလက်ခံရင် တခြားညှို့သည်တွေကပါ"

သူမ ဆက်မပြောနိုင်တော့ ... ရင်တွေစူးနစ်ကြေကွဲ ... မှုန်းကြုပ်သွားရသည်။ ကိုမင်းဉာဏ်သာအချစ်တွေကို ငွေလထိန် မျက်လုံးတွေစုံမှိတ်ပြီး ယုံကြည်လက်ခံနိုင်တယ်ဆိုရင်တော့ ... တစ်နေ့နေ့ ... ရှင်မုန်းတဲ့မမကြွေက ငွေလထိန်အစ်မဖြစ်နေတာ သိသွားတဲ့တစ်နေ့ ငွေလထိန်ကို အရမ်းမုန်းတီးရွံရှာသွားမှာပါ။ သေချာသည်။

"ငွေလထိန် ... ကိုယ်တောင်းပန်ပါတယ်၊ တကယ်ပဲကွာ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ မင်း အလုပ်ဝတ္တရားတွေကို တောင် စော်ကားမိသွားသလိုဖြစ်သွားရတယ်၊ ကိုယ် ထွက်သွား ပေးပါ့မယ်၊ မင်း နေကောင်းအောင်နေထိုင်ပါ၊ ကိုယ် ... မင်းကို တန်ဖိုးထားရလွန်းပါတယ် ထိန် ... လုံးဝ ... အစစ်အမှန် ချစ်ခြင်း မေတ္တာတွေနဲ့ပါ"

ငွေလထိန်ကို ဘယ်လောက်အထိ ချစ်မြတ်နိုးတန်ဖိုးထား ရတယ်ဆိုတာ ဘယ်လိုသက်သေပြရမှန်းပင် မသိတော့ ... ချစ် တယ်။ မြတ်နိုးတယ်။ နွံနစ်နေတဲ့ပတ္တမြားလေး ... သူမမျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ မျက်ရည်တွေပြည့်နှက်လာတာတွေ့ရတော့ ... စိုးရိမ်တကြီးပွေ့ဖက်ထားမိသွားသည်။

"ထိန့်ကို ကိုယ့်နှလုံးသားတွေထဲကနေချစ်တာပါ၊ ယုံပေးပါ ထိန်ရယ် ... ကိုယ် ဒက်ဒီ့ကိုပြောပြီး လူကြီးစုံရာနဲ့ တင့်တင့်တယ်တယ်လက်ထပ်ယူမယ်၊ ယုံပေးပါကွာ"

သူမ ... ခေါင်းလည်းမငြိမ့်ရဲ ... ခေါင်းခါငြင်းရမှာလည်း နှလုံးသားထဲမှာ နာကျင်ရလွန်းသည်။

"ငွေလထိန်ကို ... ကိုယ် စစ်မှန်တဲ့အချစ်တွေနဲ့ ချစ်ပါတယ်၊ မင်းယုံကြည်အောင် ကိုယ်သက်သေပြပါ့မယ်"

"အို ..."

သူမနှုတ်ခမ်းသားလေးတွေပေါ်သို့ ... သူ့အနမ်းတွေက ရုတ်ချည်းကျရောက်လာရကာ ... ရှန်းမရ ... ဖယ်မရ ကြာမြင့်လွန်းတဲ့ အနမ်းရေယာဉ်ကြောမှာ ငွေလထိန် တစ်ခဏလောက်မှိန်းမောမျောပါသွားမိသည်။ အသိတွေဝင်လာတော့ ငွေလထိန်အနားမှာ ကိုမင်းညဏ်သာရှိမနေတော့ဘဲ ကျောခိုင်းထွက်သွားသည်။

"ရှင့်အချစ်တွေကိုယုံကြည်အောင် သက်သေပြတာလား ဘာမှမဆိုင်ဘူး၊ ရှင် လူလိမ်"

သူမဒေါသတွေက သူမရင်ထဲမှာပဲ ပြင်းထန်စွာပေါက်ကွဲနေ





သည်။ တွေ့ရာမြင်ရာတွေကို ပေါက်ခွဲလွှင့်ပစ်ချစ်စိတ်တွေ ပေါက်လာရ၏။ သူမရှေ့မှာက ... သူပေးတဲ့မေတ္တာလက်ဆောင်ခြင်းကလေး ... လက်မခံနိုင်ပါဘူးဆိုတာ အတင်းအကြပ်ပေးသွားခဲ့၏။ မျက်ရည်တွေက ... ဘယ်ကနေဘယ်လိုလိမ့်ဆင်းကျလာမှန်း မသိတော့ဘဲ ပါးပြင်ပေါ်ရွှဲရွှဲစိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"ငွေလထိန် ... မင်းက ကောင်းတို့ကိုတော့ အဖက်မတန် သလိုလို၊ စိတ်မဝင်စားသလိုလိုနဲ့ ဟိုလူပေးတဲ့လက်ဆောင်ကိုတော့ မင်းအိပ်ခန်းထဲအထိ ဝင်ပေးခွင့်ပြုလား"

"ဒီမှာ ... ကျွန်မ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်နေပါ တယ်၊ မနောက်ယှက်ပါနဲ့ ကောင်းခန့်ထယ် ... ဘယ်သူ့ကိုမှ ကျွန်မ လက်မခံဘူး၊ သူ့ဟာသူ ဝင်လာတာပဲ ... ဒီကိစ္စအတွက် MD မမ စုစန်ကို ပြောပြထားပါတယ်၊ တားမြစ်ပေးဖို့လည်း တောင်းဆိုထား တယ်"

ငွေလထိန် ... အလုပ်ကနေ ထွက်ပစ်ချင်နေမိသည် ... ကိုမင်းဉာဏ်သာလာရောက်တဲ့ကိစ္စက MD မမအထိ တက်ပြီး စည်းကမ်းထိန်းသိမ်းရေးဌာနအထိ ... ရောက်သွား၏။ ... ကောင်းခန့်ထယ်က တစ်မျိုး ... ကိုမင်းဉာဏ်သာပေးတဲ့





...က်ဆောင်ကိုလည်း မမစုစန်လက်ထဲ အပ်ခဲ့သည်။

"ညည်း ... ယူလေ ... ဒါက ပြဿနာမရှိပါဘူး၊ ဝန်ထမ်း ...ောင်မလေးတွေကို မေတ္တာနဲ့ပေးတာပဲ"

မမစုစန်နဲ့က Hotel အား ဧည့်သည်တွေကျေနပ်ပျော်ရွှင်စေဖို့ ...ည်းပရိယာယ်အမျိုးမျိုးနှင့် ဖမ်းစားထားခဲ့သည်။ ကိုယ်ကျင့်သိက္ခာ ...တော့ အလွန်အမင်းပျက်ပြား၍ ခွင့်မပြုခဲ့ ...

"မင်းဉာဏ်သာကို မင်းက အသက်ကယ်ခဲ့ဖူးလို့ သူပေးတာ ... သဘောရိုးဖြစ်လိမ့်မယ် ... ဒီကောင် ... ဝန်ထမ်းမိန်းကလေး ...ပ်ခန်းတွေအထိဝင်လာတော့ လွန်တယ်၊ စည်းကမ်းထိန်းသိမ်းရေး ...ထိ တင်ရမှာပဲ"

မမစုစန့်မျက်နှာလေး မသာမယာနှင့်ပြောနေတာ ထိန် သိ ...ည်။

"ညည်းလေးက လှတာကိုး ... မမတို့ Hotel ရဲ့ ... ဂုဏ် ...က်သရေမလေးပါ၊ လွတ်လပ်ပေါ့ပါးစွာနေနော် ငွေလထိန်"

အပျိုကြီးမမကတော့ ... နားလည်မှုအပြည့်အဝရှိသည်။ ...င်လွတ်တာလား။ အောက်သက်သက်နဲ့ မလွှဲမရှောင်သာခွင့်ပြု ...က်တာလား။ တစ်ခုခုပဲ ... ငွေလထိန်ကတော့ ပစ္စည်းတွေကို ...ခြားဝန်ထမ်းတွေကိုပါ ဝေငှပေးခဲ့သည်။

"မင်းက ... မင်းကိုယ်မင်း တန်ဖိုးတွေအရမ်းတက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်နေပါလား ငွေလထိန် ... ဘာလဲ မင်းက သူဌေးသားကို မကြိုက်ဘူး၊ သူဌေးကိုမှ သဘောကျတာလား"

"ရှင်"

"ဘာလဲ ဟုတ်နေလို့လား"

သူမဒေါသတွေ မျိုသိပ်ထားလိုက်ပြီး ... ပြဿနာတွေလည်း ထပ်မတက်လိုတော့ ... ကောင်းခန့်ထယ်လိုကောင်ကို အတိုက်အခံ ပြောနေလည်းမထူးမှာမို့ ရှောင်ထွက်လာခဲ့သည်။

"မင်း ... ဒီလိုရှောင်လို့မရဘူးလေ ငွေလထိန် ... မင်းကို လက်ထပ်ပါရစေ"

သူမ ... တုံ့ပြန်ပြောဆိုချင်တဲ့စိတ်မရှိ ... အဆင့်အတန်းမရှိတဲ့ဟာတွေ ... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြသည်။

"ကောင်းခန့်ထယ်နော် ... ရှင့်ကို မမစုစန်နဲ့ပတ်သက်နေလို့ ကျွန်မ သည်းခံနေတာ ... ဖယ်ပါ၊ ရှင့်ကို တစ်ခါထဲငြင်းခဲ့မယ်၊ လုံးဝလက်မထပ်ဘူး၊ နောက်ထပ်နှောက်ယှက်မယ်ဆိုရင် ... ကျွန်မ အလုပ်ကနေထွက်ရလိမ့်မယ်"

"မင်း ... ဘာတွေကြီးကျယ်ခမ်းနားနေတာလဲ ... မင်းက အခုတော့ အလုပ်ကနေထွက်ဖို့ စိတ်ကူးပြီလား ... ဟား ... ဟား အရမ်းရယ်ရတယ်၊ လွတ်လပ်မှုကို လိုချင်တယ်ပေါ့လေ"

"တောက်"





ပါးရိုက်ပစ်ချင်သည်။ ကျော်မကောင်းကြားမကောင်း မဖြစ်ချင်၍ သည်းခံပြီးနေခဲ့၏။ မရ ... ကောင်းခန့်ထယ်က လူအလစ်တွင် သူမလက်လေးကို ဆတ်ကနဲဆွဲ၍ မဖွယ်မရာလုပ်ဖို့ကြံစည်၍ ... ပါးရိုက်ပစ်လိုက်သည်။

"မင်း ... မင်းကများ ... ထို ... သိပ်ကြီးကျယ်ခမ်းနားမနေနဲ့ ငွေလထိန် ... နင့်လိုဟာမကများ ... တစ်နေ့ နင် ... ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

ကြိမ်းဝါးထွက်သွားမှ သူမ ... သက်ပြင်းမောကြီးကို ဟူးကနဲ မှုတ်ထုတ်ပစ်လိုက်သည်။ ခြေလှမ်းတွေက ရှေ့ဆက်လှမ်းလို့မရတော့ ... သူမ ထိုင်ချပစ်လိုက်သည်။

"အဟင့် ... ဟင့် ... အဟင့်"

မျက်နှာလေးကို လက်ဝါးနှင့်အုပ်၍ ငိုပစ်မိလေသည်။

"ငွေလထိန် ... မင်း ဘာဖြစ်လို့ငိုနေရတာလဲ ... ဟိုကောင်ကြောင့်လား ... ထစမ်း"

"ဟင် ... "

"လာ"

"အို"

သူက ... သူမလက်ကိုဆွဲ၍ခေါ်လာပြီး ကားပေါ်တက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ကျွန်မကိုဘယ်ခေါ်သွားမလို့လဲ ... ဒီမှာ
တာဝန်ရှိသေးတယ်၊ မလိုက်ဘူး"

စကားကို တုံ့ပြန်ပြောမနေတော့ဘဲ ကားကိုပဲမောင်းနေ
သည်။ ကိုမင်းဉာဏ်သာ ဘာတွေလုပ်နေတာလဲ ... သူမ ကြောက်
လာ၏။ မိန်းကလေးတစ်ယောက်ကို ပိုင်စိုးပိုင်နင်း ဇော်ကားခေါ်
ကားလုပ်တာမျိုး ... ထိန် မကြိုက် ... တစ်ခုခုလုပ်မယ်ဆိုရင်
သူမ ... ကားပေါ်ကနေခုန်ဆင်းပစ်ဖို့ စဉ်းစားထားသည်။

"ငွေလထိန်"

"ရှင်"

"မင်းကို ကိုယ့်မိဘအိမ်ခေါ်သွားမယ်၊ မင်းကို လက်ဖျားနဲ့
တောင်မတို့ဘဲ မင်းကိုစောင့်ရှောက်ထားမယ်"

"ဟင့်အင်း ... ကျွန်မ လုံးဝမလိုက်နိုင်ဘူး၊ ကားကိုရပ်ပေး
Hotel ပဲ ပြန်မယ်"

"မပြန်ရဘူး ... မင်းကို ဒုက္ခပေးတော့မယ်၊ ဒီကောင်ထ
အညိုးကြီးကြီးနဲ့ လက်စားချေတော့မယ် ငွေလထိန်"

"အဲဒါကျွန်မကိစ္စပါ၊ ရှင်နဲ့ဘာမှမဆိုင်ပါဘူး"

"ဆိုင်တယ်ကွာ မင်းက ကိုယ့်ချစ်သူပဲ ... ကိုယ်လက်ထပ်
ယူမယ့် ဇနီးလောင်း"

"ဒုက္ခပါပဲ ... ဘယ်လိုလူတွေနဲ့များ လာတွေ့နေလဲမသိ





သေပစ်ချင်တယ်၊ ဒီမှာ ... ကျွန်မ ရှင့်အိမ်တော့မလိုက်နိုင်ဘူး၊
တင်းအကြပ်ခေါ်သွားမယ်ဆိုရင် ရဲစခန်းကိုဖုန်းဆက်လိုက်မှာ
"

"ငွေလထိန်"

"ကျွန်မ တောင်းပန်ပါတယ်နော် ... ရှင့်အိမ်တော့ မလိုက်ပါ
နဲ့"

"ကောင်းပြီလေ ... မင်းကို ကိုယ် တိုက်ခန်းတစ်ခန်းစီစဉ်
ယ်၊ အဲဒီမှာနေပါ၊ မင်းကို ရူစန့် Hotel မှာ မထားနိုင်တော့ဘူး"

ငွေလထိန်လည်း မပြန်ချင်တော့ပါဘူး။ ကောင်းခန့်ထယ်ရဲ့
က်ကမလွတ်နိုင် ... ပြီးတော့လည်း မမရူစန်နှင့် မျက်နှာချင်း
င်ရမှာ ဝန်လေးသည်။

"ကိုယ်စီစဉ်ပေးတာကို လက်ခံပါ၊ နောက်မှ မင်းဆုံးဖြတ်
အတိုင်း ဖြစ်စေရပ့ါမယ်၊ ကိုယ့်ကိုယုံကြည်ပေးပါ ငွေလထိန်
... ဒီမှာနေမယ်ဆိုမှ ကိုယ် ... ကုမ္ပဏီပြန်သွားမယ်၊ စီးပွားရေး
ပြန်အာရုံစိုက်ရမယ်"

မထူးတော့ပါဘူး။ ငွေလထိန်အတွက် ရွေးစရာလမ်းမှမရှိ
တော့တာဘဲ ... ဒီမှာခဏနေပြီး တခြားအလုပ်တစ်ခုခုရှာရမည်
သည်။ ငွေလထိန်ဘဝကိုက ရွေးချယ်စရာမရှိ၊ ခက်ခဲကြမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းနေ၏။ ကိုမင်းညဏ်သာအိမ်လည်း မလိုက်သွားရဲ … မမကြေ
က ရှိနေသည်။

"ကျွန်မ နေမယ် … ရှင် အခွင့်အရေးယူရင်တော့
ကျွန်မဘဝ ကို အသက်နဲ့လဲပစ်မှာနော်"

သူ …

ပြုံးပစ်လိုက်သည်။

ငွေလထိန် …

မင်းမျက်ဝန်းလေးတွေက ဖြူစင်တယ်။

"ကိုယ့်အချစ်တွေကို သံသယမဝင်ပါနဲ့ ငွေလထိန်ရယ် …
မင်းဆန္ဒမပါဘဲ မင်းကို လက်ဖျားလေးနဲ့တောင်မတို့ပါဘူး"

"ရှင် တကယ်ပြောတာနော် … ကျွန်မက လူကြီးလူကောင်း
ပီသတာကိုပဲ သဘောကျတယ်"

"မင်းစောင့်ကြည့်ပါ ထိန် … ကိုယ့်အချစ်တွေက … ဘဝ
လောက်အထိ ခိုင်မာပြီး … လေးနက်မှုရှိလဲဆိုတာ … အချိန်က
သက်သေပြပေးပါလိမ့်မယ်"

သူ့ကို ယုံကြည်ပါတယ်။ ငွေလထိန်နှလုံးသားတွေလည်း
သူနဲ့တွေ့မှ ခံစားလှုပ်ရှားလာခဲ့ရတာပါ။ ဒါပေမယ့်လည်း မမကြေ
က ရှိနေသည်။





"မကြေချစ်တာက သူ့သားကိုပါ ထိန် … ဒါပေမယ့် သူ့သား
က မမကြေကို ဆင်းရဲတယ်ဆိုပြီး အထင်သေးတယ်လေ … ဟက်
ဟက်ပက်ပက်တောင် မလုပ်ဘူး၊ သူ့လိုသူဌေးသားကို မမကြေက
ယူချင်မယ်ပဲထင်နေတာ … ဒါကြောင့် သူ့ဒက်ဒီကိုချိုင်ပစ်လိုက်တာ
ပေါ့"

အမယ်လေး … မမကြေပြောတဲ့စကားတွေကို ပြန်ကြား
ယောင်မိပြီး … ထိန် လန့်လာရသည်။ သူမမှာ ဘာအပြစ်မှလွန်ကျူး
ခဲ့ပါလျက် … ချစ်သူနှင့် ဒီလိုအဖြစ်ဆိုးမျိုးတွေ လာဆုံရတာ
လဲ … သူက တိုက်ခန်းတစ်ခုသို့ ခေါ်လာခဲ့သည်။

"ကိုယ် … အမြဲတမ်း တစ်ယောက်ထဲ အနားလာယူတတ်
တဲ့ တိုက်ခန်းပဲ"

"ရှင် … ဒါဆို … ဟို"

"မကြောက်သွားပါနဲ့ ငွေလထိန် … မင်းဆီ ကိုယ်မလာပါ
ဘူး တွေ့ချင်ရင် အပြင်မှာပဲတွေ့မှာပါ။ မင်းဂုဏ်သိက္ခာတွေ မမဲ့
စေရပါဘူးကွာ"

"ကျွန်မဘဝမှာ မိဘတွေလည်းမရှိတော့ဘူး … ဒေါ်စက်က
စောင့်ရှောက်ပေးထားတာပါ။ ကောင်းခန့်ထယ်ကြောင့် Hotel မှာ
လည်း ဆက်မနေချင်တော့ဘူး၊ ဒါကြောင့် ရှင့်အစီအစဉ်ကို လက်ခံ
လိုက်တာပါ။ ကျွန်မ လုံခြုံမှုအတွက် … ဂုဏ်သိက္ခာအတွက် ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်မလာပါနဲ့ ... ဖြစ်နိုင်ရင် ဒေါ်စက်ကိုခေါ်နေမယ်"

"ကောင်းသားပဲ ... မင်း ... စိတ်ကြိုက်လုပ်နိုင်ပါတယ်

မကြာခင် ကိုယ့်ဒက်ဒီကိုပြောပြပြီး မင်းနဲ့ တရားဝင်လက်ထပ်မယ်

"ရှင်"

"ဟော့ကောင်မလေး ... ကိုယ်က လက်ထပ်မယ်ပြောလို့ တိုင်း ... မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဘာဖြစ်လို့ တရှင်ရှင်ဖြစ်နေ တာလဲ ... သွေးဆုတ်ဖြူရော်သွားသလိုပဲ ... ဘာမှမကြောက်ပါနဲ့ ကိုယ်က မင်းကိုချစ်ပြီး တန်ဖိုးထားမှာပါ"

မမကြွေကြောင့်ပါ။ ကိုမင်းညဏ်သာရဲ့အမုန်းဆုံး ... အ ရာဆုံးမိထွေးက ငွေလထိန်ရဲ့အစ်မဝမ်းကွဲလေ ...

"ဘာမှကြောက်မနေပါနဲ့ ငွေလထိန်လေးရယ် ... မင်းဆ တွေအတိုင်းပဲ ဖြစ်စေရမှာပါ၊ ကိုယ်စောင့်ပါ့မယ် ... မင်းနဲ့လက်ထ ပြီးမှ မင်းနှုတ်ခမ်းလေးကို ထပ်ပြီးနမ်းပါ့မယ်"

ဟွန်း ... လူဆိုး ... ဝန်ထမ်းအခန်းမှာ ခိုးဝင်လာပြီး သူမကို ချစ်တယ်ဟုပြောပြီး ... ပိုင်စိုးပိုင်နင်း နမ်းရှိုက်ခဲ့ဖူးသည် သူမ တဖြတ်ဖြတ်ခတ်ပြီး မကြည့်ရဲ ... သူက ... သူမကို သေ ချာချာတံခါးပိတ်ပြီး နေထိုင်ဖို့ ... ဒေါ်စက်ကိုလည်း လှမ်းခေါ် အထပ်ထပ်မှာ၍ ပြန်သွားသည်။ သူမ တစ်ယောက်ထဲနေနေကျ ညနေကျတော့ သွယ်သွယ်နှင့်ဒေါ်စက်ဆီ ဖုန်းဆက်လိုက်သည်





"ဟဲ့ငွေလထိန် ... ညည်းလေး ဘယ်မှာလဲ ... MD ဆူဆူ ညံညံတော့ ဒေါပွနေတယ်၊ သူ့ညွှန့်သည်ကောင်းခန့်ထယ်ကို ပါးရိုက် ခ်လိုက်တာထက် သူ့အဆက်လောင်း ကိုမင်းညဏ်သာကို သုတ် သွားတာပဲ ... ဒေါသထွက်နေတာ"

ဒေါ်စက်ကပြောသည်။ ဘေးကနေ သွယ်က ကောင်းတယ် ကောင်းတယ်ဟုပြောပြီး ရယ်နေ၏။ အလုပ်တာဝန်တွေပြီးတော့ ဒေါ်စက်ပဲရောက်လာသည်။

"ဘယ်လိုဖြစ်ရတာလဲ ထိန်ရယ် ... ဘာတွေလဲ ... ညည်း အစ်မနုနုကြွေလမ်းစဉ်တော့ မလိုက်စေချင်ဘူးအေ ... စိတ်ပူတယ်"

"ကျွန်မနဲ့ဒေါ်စက် အတူတူလာနေပေးပါနော် ... ခဏပါ၊ ကျွန်မ ... Hotel ကိုလည်း ဘယ်လိုမှပြန်လို့မဖြစ်ဘူးလေ ... ကောင်းခန့်ထယ်က စော်ကားချင်တယ်၊ ထိန် အလုပ်ရှာမယ် ... နေစရာရရင် ဒီမှာမနေတော့ပါဘူး၊ မမကြွေကို ထိန်လက်မခံတာ ဒေါ်စက်အသိဆုံးပဲလေ"

"ဟုတ်ပါတယ်အေ ... ဒါကြောင့်လည်း ညည်းလေးဘဝ တင့်တင့်တယ်တယ်ဖြစ်စေချင်တာပေါ့၊ ညည်းလေးအနေနဲ့ တန်ဖိုး ထားတတ်ရင် ... လင်ကောင်းသားကောင်း ရနိုင်ပါတယ်"

"သိပါတယ် ... ကျွန်မကိုယ်ကျွန်မ ဘယ်တော့မှ တန်ဖိုးမဲ့ အောင်မလုပ်ပါဘူး ဒေါ်စက်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါအေ ... ညလာအိပ်ပေးမယ်၊ ဒေါ်စက်က ကိုယ့်အိ ကိုယ်ပြန်တာဆိုတော့ ပြဿနာမရှိပါဘူး၊ သွယ်လည်း နားရက် လာမယ်တဲ့ ... အင်းလေ ဆက်နေဖို့မှမဖြစ်နိုင်တာ ... ဒေါ်စ ကူညီရမှာပေါ့ကွယ်"

ကိုမင်းဉာဏ်သာရဲ့မိထွေးက မမကြွေဆိုတာ ဒေါ်စက်မ ပေ ... မမကြွေ အဖိုးကြီးတစ်ယောက်ကို ချိုင်လိုက်တာတော့ သည်။ ဒေါ်စက်က ရပ်ကွက်ထဲမှာမှသိပ်မနေတာ။ ကိုမင်းဉာဏ်သ အကြောင်းပင် အသေအချာမသိ ... ဒေါ်စက်လာနေပေးမယ် တော့လည်း ငွေလထိန် ... အားရှိသွားလေသည်။

အခန်း ( ၁၁ )

"ဒက်ဒီ"

"ဟာ ... သားပြန်လာပြီပဲ ... ကြွေရေ ဒီမှာသား"

မင်းဉာဏ်သာ ... နင် ဘယ်ပြေးမလဲ။ နုနုကြွေလက်ထဲက နေ ဘယ်လိုအကြောင်းနဲ့မှ ရုန်းဖယ်ထွက်ပြေးလို့မရဘူးနော် ... ကြွေ့အပြုံးတွေက ဝင်းလက်တောက်ပနေသည်။

"ဉာဏ်သာ ... ပြန်လာတာကျေးဇူးတင်ပါတယ်၊ အကိုကြီး ရဲ့ ပြင်းပြတဲ့ဆန္ဒမဟုတ်လား၊ နားလည်ပါတယ်ကွယ် ... ဒါပေမယ့် မာမီ့ကိုစိတ်မပူပါနဲ့ ... အကိုကြီးအနားမှာ သူနာပြုအနေနဲ့ပဲလေ၊ ပြုစုပေးချင်တဲ့စိတ်နဲ့ပါ လက်ခံပေးပါလား"

မာမီတဲ့ ... အမြင်ကတ်စရာကောင်းလိုက်တဲ့ နုနုကြွေ ... အရှက်ကိုမရှိဘူး။ သူပြန်လာတာ ... အကြောင်းတွေရှိနေသည်။ ငွေလထိန်နဲ့လက်ထပ်ဖို့ ဒက်ဒီ့ထံမှ ခွင့်ပြုချက်ရယူလိုနေ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်တယ်တယ် ခန်းခန်းနားနားလေးကို လက်ထပ်ချင်ခဲ့သည်။

"အခုလည်း အကိုကြီး သိပ်နေမကောင်းဘူး၊ ဆေးခန်းသွားရမယ်"

"ကျွန်တော်လိုက်ပို့ပေးရမလား ဒက်ဒီ"

"ရပါတယ် ညဏ်သာရယ် ... မာမီရှိပါတယ်၊ မင်း အနားယူလိုက်တော့ ... မင်းအခန်းကို ပြည့်စုံသထက်ပြည့်စုံအောင် မာမီပြင်ဆင်ပေးထားတယ်"

"သားက သူ့အခန်းထဲ ... သူ့ခွင့်ပြုချက်မရဘဲ ဝင်တာမကြိုက်ဘူး ကြွေ ... သားရေ ... ကြွေက လိုအပ်တာတွေပြင်ဆင်ပေးချင်လို့ အတင်းပူစာတာနဲ့ ဒက်ဒီခွင့်ပြုပေးလိုက်တာ ... မင်းပြန်လာတာကို အကောင်းဆုံး နွေးနွေးထွေးထွေးကြိုဆိုမှုလေ"

တောက် ... သူ့ရင်ထဲမှာ ပြင်ထန်တဲ့ပေါက်ကွဲမှုတွေနှင့် လောင်မြိုက်နေရသည်။ နုနုကြွေ ... မင်းအကြံ ဒါအကုန်ပဲလား။ မိန်းမယုတ်မ ... သူ့အိပ်ခန်းထဲ ဒက်ဒီတောင်ဝင်ခွင့်မရှိတာ ... ဒက်ဒီသိလျက်နှင့် ဇနီးငယ်လေးရဲ့ဆန္ဒအတိုင်း ဖြစ်စေနေ၏။ ဒက်ဒီလက်ကိုတွဲပြီး နုနုကြွေ ထွက်သွားသည်။

"တောက် ... ဘာတွေလဲကွာ ... ဒီမိန်းမ မာယာများနေတာ ... သတ်ပစ်ချင်တယ်"

သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ပြင်ဆင်ထားလိုက်တာ ...





ပန်းနုရောင်တွေ လွှမ်းခြုံထား၏။ မုန်းတယ်။ ရွံတယ်။ ချစ်ခြင်းရဲ့သင်္ကေတတွေ ဆွဲယူပြီးမီးရှို့ပစ်ချင်တယ်။

ဒက်ဒီ့ကိုတော့ စိတ်ချမ်းသာစေချင်သည်။ ဒက်ဒီက ... သူ့အတွက် အချိန်အတော်များများကို ပေးဆပ်ထားခဲ့၏။ သူ ... ပြန်ပေးဆပ်လိုသည်။

"ရှင်က ကြွေ့ကိုအထင်မကြီးတာလား၊ နှိမ်ချဆက်ဆံချင်တာလား၊ ဆင်းရဲနွမ်းပါးလို့လား ... အဖက်မတန်သလိုလို လုပ်မနေခမ်းပါနဲ့ ညဏ်သာ"

နုနုကြွေစရိုက်တွေကို ညဏ်သာ မနှစ်သက်ခဲ့ ... သူ့အနားအတင်းလိုက်ကပ်နေသဖြင့် ရှောင်ဖယ်ဖယ်လုပ်မိခဲ့သည်။ ဆင်းရဲဘာ ... ချမ်းသာတာနဲ့ မဆိုင်ပေ။ အကျင့်ကိုမကြိုက်တာဘဲ ...

"တောက် ... "

"ဝုန်း ... "

"ဒိုင်း ... "

"အကျင့်မကောင်းတဲ့မိန်းမ ... "

သူ ... အခန်းထဲကနေ ထွက်လာခဲ့သည်။ နုနုကြွေမရောက်ခင်က သူနှင့်ဒက်ဒီ ... ချစ်ခင်ကြင်နာစွာဖြင့် နေထိုင်ခဲ့ကြသည်။

"သေစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း ..."

လသာဆောင်မှာ သူထိုင်လည်း ... စိတ်က ပူလောင်နေသည်။ ပန်းနုရောင်က ချစ်ခြင်းမေတ္တာအရောင်မို့ နုနုကြွေပြင်ဆင်ထားတာပါ။ သစ္စာမဲ့လွန်းတယ်။ စိန်တွေ ... လက်ဝတ်ရတနာတွေ ညှတ်နေအောင်ဝတ်ဆင်ထားတဲ့ နုနုကြွေ ...

"ဒက်ဒီ့မိန်းမက အကျင့်ပျက်နေတဲ့မိန်းမလို့ ဘယ်လိုပြောရမလဲ ... ဖောက်ပြန်နေတာဗျ"

ဒက်ဒီကတော့ နုနုကြွေမှနုနုကြွေဖြစ်နေသည်။ ဒက်ဒီ့ထက် အသက်ငယ်ပြီး ... အပြုစုအယုယတွေ ကောင်းနေမှာပေါ့ ... သူ့ အိပ်ခန်းထဲလည်း မဝင်ချင်။ မဝင်လျှင်လည်း ဒက်ဒီက စိတ်သောကရောက်ရဦးမည်။ လသာဆောင်မှာထိုင်ပြီး သူ ... သတိရလာတာက ငွေလထိန်ကိုပင် ... နေထိုင်ရတာ အဆင်မှပြေပါ့မလား။ Hotel က ဒေါ်စက်က လာအိပ်ရဲ့လား။ သူ စိတ်ပူလာပြီး ဖုန်းဆက်မေးရသည်။

"ငွေလထိန် ... မင်း အစဉ်ပြေရဲ့လား ... အဖော်ရော ရှိရဲ့လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ဒေါ်စက်လာအိပ်တယ်လေ ... ရှင်ရော မိထွေးနဲ့အဆင်ပြေရဲ့လား"





"အဲဒီအကြောင်းတွေမမေးပါနဲ့ ငွေလထိန် ... ကိုယ့်နှလုံးသားတွေ အရမ်းနာကျင်ရလို့ပါ၊ ဒက်ဒီကတော့ သူမှသူပဲ ... ဒီမိန်းမက ဖောက်ပြန်ချင်နေတာပါ။ ကိုယ့်ကို တစ်ခုခုလုပ်လိမ့်မယ် ... ကိုယ် စိတ်ညစ်လို့ ... အပြင်မှာထွက်ထိုင်နေတာ"

"ဟင် ..."

ငွေလထိန်လည်း အိပ်လို့မပျော်ပေ ... စိတ်တွေပူလောင်နေသည်။ မမကြွေကြောင့်ပါ။ ကိုမင်းဉာဏ်သာအပေါ် တိတ်တခိုးကြိတ်ပိုးပြီး ... သူ့ဒက်ဒီအား အတင်းအကြပ်ယူဆောင်ခဲ့ခြင်း ဖြစ်သည်။

"ကိုယ်လည်း ဒက်ဒီနဲ့ အတိုက်အခံမလုပ်ချင်တော့ဘူး ထိန်ရယ် ... ကိုယ့်နှလုံးသားတွေထဲမှာ ထိန့်ကိုချစ်တယ်၊ တန်ဖိုး အရမ်းထားတယ်၊ ဒက်ဒီ့ကိုအသိပေးပြီး လက်ထပ်ချင်တယ်ကွာ"

"ဟို ... ဟို ... ထိန်ကတော့ မဖြစ်နိုင်သေးဘူးလို့ထင်ပါတယ်၊ အရမ်းမြန်မြန်ကြီးမလုပ်ချင်ပါနဲ့ ... ကျွန်မ လက်မခံနိုင်ပါဘူး၊ ကျွန်မ တခြားအလုပ်တစ်ခုခုရရင် ဒီမှာဆက်မနေတော့ပါဘူး"

ငွေလထိန်ကို ... လက်ထပ်ဖို့အထိ မကြိုးစားပါနဲ့နော် ... ကိုမင်းဉာဏ်သာရယ် ... မမကြွေက ငွေလထိန်ရဲ့အစ်မဝမ်းကွဲပါ။ သူမဘက်ကတော့ လက်ထပ်ဖို့ကိစ္စ အပြတ်သားဆုံးဖြင်းဆန်ပစ်ရသည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အနားမှာ ဒေါ်စက်ရှိတယ်၊ ထိန် ... အားလုံးအစဉ်ပြေပါတယ်၊ စိတ်မပူပါနဲ့နော် ... ရှင့်မိသားစုနဲ့လည်း အဆင်ပြေစေချင်တယ်"

"ထိန်"

"ရှင်"

"ကိုယ့်ကို မထားခဲ့ပါနဲ့"

"အဟက် ... "

"ဘာရယ်တာလဲ"

"ဖြောင်းပြန်ပြောနေလို့လေ"

"မင်းကို ဘယ်တော့မှမထားခဲ့တာတော့ ... သေချာတယ်၊ မင်းက ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေး"

ကိုမင်းညဏ်သာစကားတွေကို ငွေလထိန် ဆက်မကြားလိုပေ ... နာကျင်ရသည်။ သူမဘဝက ကံဆိုးလွန်း၏။ ချစ်ရသူကိုပင် ချစ်ခွင့်မရတဲ့ဘဝပါ။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နှက်လာသည်။

"ထိန် ... အနားယူတော့နော် ... ကိုယ့်ရင်တွေ မွန်းကြပ်နေလို့ပါ၊ မင်းအသံလေးကြားရင် ရင်တွေအေးသွားတယ်"

"ဟုတ်"

ငွေလထိန်ကို ... သူ ဆက်ပြီးမနှောက်ယှက်လိုတော့ပေ။





သူ့ဘဝနဲ့သူပဲ ... ငွေလထိန်နှင့် အမြန်ဆုံးလက်ထပ်လိုက်တာက သူ့အတွက် အကောင်းဆုံးဟုထင်သည်။

"တီ ... တီ"

"တီ ... "

"ဒက်ဒီ ပြန်ရောက်လာပြီပဲ"

ဒက်ဒီ့ကျန်းမာရေးအခြေအနေကိုသိလို၍ ... သူ ဒေါသတွေကိုချိုးနှိမ်ပြီး ... အောက်ထပ်ဆင်းလာခဲ့သည်။

"ဒက်ဒီ့ကျန်းမာရေးအခြေအနေ ဘာပြောလဲ"

"အင်း ... နှလုံးသွေးကြောပိတ်ချင်တယ်၊ အမိက ဒက်ဒီစိတ်ချမ်းသာအောင် နေထိုင်ရမယ်လေ"

"ဟုတ်တယ်ညဏ်သာ ... အကိုကြီးရောဂါတွေက စိတ်နဲ့ပဲဆိုင်နေတယ်၊ အကိုကြီးကို ပျော်ရွှင်ချမ်းမြေ့အောင် ထားရမယ်"

ကြွေ ဝင်ပြောနေတာကိုပင် ... သူ အမြင်ကတ်နေမိသည်။ ဒါပေမယ့် ... ဒက်ဒီ့ရှေ့မှာ သူ အပြုံးမပျက်ရဲ။ ဒက်ဒီ့ကိုတော့ သနားတယ်။

"ဒက်ဒီ ဘာမှမဖြစ်ပါဘူးကွာ ... ဒါပေမယ့် ... မင်းတော့ ဒက်ဒီ့အနားမှာနေဖို့ လိုအပ်တယ်လေ"

"နေမှာပါ ဒက်ဒီ ... မကြာခင် သားလက်ထပ်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားမှာ ချစ်သူရှိနေပြီ"

"ဘာပြောတယ်ကွ ... သားမှာ ချစ်သူရှိနေပြီဟုတ်လား ဝမ်းသာတယ်ကွာ ... ဒက်ဒီကတော့ ... သားရွေးချယ်မှုကို လက်ခံ တယ်၊ စုစန်လား ... "

"ဟာ မဟုတ်ပါဘူး ဒက်ဒီ ... နာမည်လေးက အရမ်းလှပ တယ်၊ လူကလည်း လှပတယ်၊ နောက်တော့မှ သားပြောပြပါ့မယ်"

"ကောင်းပါပြီ သားရယ် ... သားလည်း အနားယူတော့ ဒက်ဒီလည်း အခန်းထဲဝင်တော့မယ်"

"သားလိုက်ပို့ပေးပါ့မယ်"

ဒက်ဒ့်ဒီကို ... နုနုကြွေနှင့်အတူတွဲ၍ ပို့ပေးလိုက်သည်။ နုနုကြွေခန္ဓာကိုယ်မှ ဆွတ်ပျံ့သင်းကြိုင်နေတဲ့ အကောင်းစားရေမွှေး ရနံ့တွေက ဉာဏ်သာ အော့နှလုံးနာရ၏။ ဒက်ဒီ့ကို လိုအပ်တာထက် အပိုတွေချွဲနွဲ့၍ ပြုစုနေလေသည်။

"ဒက်ဒီ နားတော့နော်"

"အေး ... "

"ဉာဏ်သာလည်း နားတော့မယ်"

"သား ... "

"ဗျာ ဒက်ဒီ"





"မင်းကောင်မလေးကို ဒက်ဒီ့ဆီခေါ်လာခဲ့ပါဦး ... ဒက်ဒီ သေခင် ချွေးမလောင်းလေးကို မြင်ချင်တယ်"

"ဟုတ်ကဲ့ပါ ဒက်ဒီ ... မကြာခင် ခေါ်ဆောင်လာခဲ့ပါ့မယ်"

သူ ထွက်လာခဲ့သည်။ သူ့အိပ်ခန်းထဲဝင်လိုက်တော့ နုနုကြွေ ာ နောက်မှကပ်လိုက်လာပြီး ... သူ့အခန်းထဲဝင်လာ၏။ သူ ... ါသတကြီး မောင်းထုတ်ပစ်ဖို့စိတ်ကူးလိုက်ရုံပဲရှိသေးတယ်။ သူမ ာ်ခမ်းပေါ် လက်ညှိုးတင်၍ ရှူးတိုးတိုးဟု ပြောနေသေးသည်။

"အရမ်းမအော်နဲ့လေ ဉာဏ်သာ ... အကိုကြီးကြားမယ် ... မှီစကားကို နားထောင်စမ်းပါ"

"မင်း ... မင်း နုနုကြွေ ... မင်း ယုတ်မာကောက်ကျစ်လွန်း ဲ့ မိန်းမတစ်ယောက်ပဲ ... မင်းထွက်သွားပါ"

"ဉာဏ်သာ ... ဘယ်လိုလဲ ... ကြွေပြင်ပေးထားတဲ့ ပန်းနု ောင်အိပ်ခန်းလေး နှစ်သက်ရဲ့လား၊ ပန်းနုရောင်ဆိုတာ ချစ်ခြင်း ေတ္တာရဲ့အရောင်ပါ၊ ဉာဏ်သာ့ကို ချစ်ခြင်းမေတ္တာတွေနဲ့ ကြိုဆိုချင် တယ်"

"နုနုကြွေ ... မင်းက ငါ့အမေနေရာနော် ... မင်းရဲ့ ဘီလူးမ ်ကို အရမ်းကြီး မြန်မြန်ဆန်ဆန်ဖွင့်ပြမနေချင်ပါနဲ့"

"ဟင်း ... ဟင်း ... ကြွေလေ၊ ရှင်က အဖက်မတန်သလို ာ့မတန်သလို လုပ်ပြနေပေမယ့် ... အခုတော့ ... ရှင့်အဖေသူဌေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ အသဲစွဲအောင်ချစ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်ဘဝ ရောက်နေပြီလေ”

“တောက်”

“နုနုကြွေကို ရှင်လျော့မတွက်ထားတဲ့နော် ... ရှင် အော်ကြီးဟစ်ကျယ် ... ဒေါသတွေပေါက်ကွဲမနေနဲ့နော် ... ရှင့်ဒက် ခေါက်ကနဲသေသွားနိုင်တယ်”

“မင်းကွာ”

“ဉာဏ်သာရယ် ... ကြွေကလေ ဉာဏ်သာ့အပေါ် ဘယ်လောက်အထိချစ်ရတယ်ဆိုတာ ... ဉာဏ်သာအသိဆုံးပါ၊ ကြွေ သူငယ်ချင်းတွေထဲမှာ အဆင်းရဲဆုံး ... မျက်နှာအငယ်ရဆုံးပဲ”

“မင်းရဲ့အကျင့်စရိုက်တွေက အောက်တန်းကျလွန်းလို့ ဆင်းရဲတာ ချမ်းသာတာနဲ့ ဘာမှမဆိုင်ဘူးနော် ... အရင်က ဘယ် ဖြစ်ခဲ့ဖြစ်ခဲ့ မင်းအကျင့်ကိုပြင်ပါ၊ ငါ့ဒက်ဒီက မင်းကို ဘယ်လော ချစ်လဲ ... သစ္စာမဲ့ချင်ပါနဲ့ နုနုကြွေ”

နုနုကြွေ ရယ်ပစ်လိုက်သည်။ ဉာဏ်သာရယ် ... ကြွေ တာက မင်းလေ ... အကိုကြီးက ကြားခံပါ။ မကြာခင်ကြွေတော့ ဉာဏ်သာ့မှာ ချစ်သူရှိနေပြီတဲ့ ... ဘယ်သူလဲ ... ဘယ်လိုမိန်းမ လဲ ... ကြွေသိချင်လာသည်။

“ဉာဏ်သာ ... ရှင်နဲ့လက်ထပ်မယ့်မိန်းကလေးက ဘယ်





ကြွေ့ရှေ့ကိုတော့ လုံးဝခေါ်မလာနဲ့နော်”

“ငါ့ကိစ္စ ... မင်းနဲ့ဘာဆိုင်လို့လဲ နုနုကြွေ ... မင်း ... နောက်က်ဖို့တော့ မကြိုးစားနဲ့နော် ... ဒီတစ်ခါတော့ မင်း အသက်ပေးယ်”

“ဉာဏ်သာရယ် ... ကြွေလေ ... ဉာဏ်သာ့ကို ဘယ်လောက်ထိချစ်ခဲ့ရလဲ၊ အကိုကြီးက ရောဂါသည်ပါ၊ အိမ်ထောင်သည်ဆိုပေယ့် ကြွေ့ဆန္ဒတွေဖြည့်အောင် ... အိမ်ထောင်ရေးသုခတွေ မပေးဘူး ... မောနေတာပဲရှိတယ်”

“မင်း ... မင်း ... အကြံပက်စက်လိုက်တာ ... လူမဆန်တဲ့မ ... ခွေးမလောက်တောင် အဆင့်မရှိဘူး၊ မင်းထွက်သွားနော်ကို လာပြီးဖြားယောင်းမြူဆွယ်လို့ ရမယ်မထင်နဲ့ ... ငါ ထွက်သွားမယ်”

“အမယ်လေး ... ထွက်မသွားပါနဲ့ ဉာဏ်သာရယ် ... ရှင်က ကြွေ့မျက်စိရှေ့မှာပဲ နေပေးစမ်းပါ”

“မင်း ... အခုချက်ချင်း ငါ့အခန်းထဲကနေထွက်သွား ... လို စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းမတစ်ယောက်ကို ငါယ်၊ ဒက်ဒီဘာပဲဖြစ်ဖြစ် ... ငါ ထွက်သွားတော့မယ်ကွာ”

“ကောင်းပြီလေ ... မင်းဒက်ဒီသေတာကြားချင်ရင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါ၊ ဒါပေမယ့် ... ရှင် ဘယ်တော့မှ နုနုကြွေစက်ကွင်းက
မလွတ်ကင်းစေရဘူး"

နုနုကြွေ ထွက်သွားသည်။ သူ့ဒေါသတွေက ပေါက်ကွဲနေ
မယ့် ... ဒက်ဒီကြောင့် မျိုသိပ်ပစ်နေရ၏။ နုနုကြွေ ... မင်း
သတ်ပစ်ချင်လောက်အောင် မုန်းတယ်ကွာ ... အံသွားတွေ
တင်းကျပ်စွာ ဖိကိုက်ထားပစ်သည်။

အခန်း ( ၁၂ )

"ငွေလထိန်"

"ရှင် ... "

"ညည်းလေးက အရမ်းတော်ပါလား၊ ကျုပ်ကတော့ အရိုးခံ
လေးမှတ်ပြီး ... ညည်းလေးကို အထင်ကြီးအားကိုးလိုက်ရတာအေ
အခုတော့ ... ဉာဏ်သာ့ကို ခေါ်ထုတ်သွားနိုင်တာပဲ"

"ဒီမှာ မမစုစန် ... စကားပြောတာ ဆင်ခြင်ပြောပါနော်၊
မစုစန်နဲ့ပတ်သက်တဲ့ ကောင်းခန့်ထယ်က ထိန့်ကိုစော်ကားချင်
ကိုင်းစော်ကားနေတာကို ဘယ်လိုကာကွယ်မလဲ ... ထိန့်ကို သူက
အတင်းအကြပ်ခေါ်ထားတာပါ ထိန် နောက်ထပ်အလုပ်တစ်ခုရရင်
ဒီကနေထွက်သွားမှာပါ"

ငွေလထိန်ကိုလည်း စုစန်သနားသည်။ ဒီကောင်မလေး ဖြူ
စင်ပါတယ်။ ချောမောလှပသူလေးဖြစ်၍ အစစ်အမှန်ချစ်ချင်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေရော ... အတုအယောင်စော်ကားဖျက်စီးချင်တဲ့ သူတွေ
များလွန်းနေသည်။

"ကိုမင်းဉာဏ်သာကို ထိန် လုံးဝမမုန်းပါဘူး၊ အဲဒီအလုပ် လည်း ထိန်အမုန်းဆုံးပဲ ... ထိန့်မှာ မာနရှိပါတယ်"

"ငွေလထိန်ရယ် ... ညည်းလေးကို မမကလည်း လုံးဝ ကြည်ပါတယ်၊ အဟဲ ... အမုန်အတိုင်းဝန်ခံရရင်လေ ... မမ ဉာဏ်သာ့ကို မုန်းနေတာ ... ဒီကောင်က မိန်းမတွေကို သိမ်း ပြီး သူ့မိထွေးကြောင့် မုန်းတီးနေတာ"

မမကြွေ လွန်တယ် ... အခုလည်း ကိုမင်းဉာဏ်သာ ဘယ်လိုများ နှိပ်ကွပ်နေပြီလဲ ... စိတ်သောကရောက်နေရ သေချာသည်။

"မမစုစန်"

"ပြော"

"ကိုမင်းဉာဏ်သာနဲ့ထိန့်ဘဝက လုံးဝမတန်တာပါ ... ထိ သိပါတယ်၊ မမစုစန်အတွက်နော်"

"ငွေလထိန်လေးရယ် ... မမစုစန်ကို ခွင့်လွှတ်ပေးပါ၊ အချ ကြောင့်လေ ... မမစုစန် သတိလက်လွတ်ဖြစ်သွားရတယ်၊ ည လေးကိုနှောက်ယှက်နေတဲ့ ကောင်လေးကို ... မမ ထွက်သွားခိုင်း လိုက်ပြီ၊ ငွေလထိန်မှာ အပြစ်မရှိပါဘူးလေ၊ ပြန်ဝင်ပါနော် ...





တောင်းပန်ပါတယ် ငွေလထိန်လေးရယ်"

သူမ စဉ်းစားနေမိသည်။ ကိုမင်းဉာဏ်သာရဲ့အချစ်တွေကို ထိန် လုံးဝခံစားနေလို့မဖြစ်ပါဘူး။ လက်ခံနိုင်တဲ့အခြေအနေလည်း မရှိနိုင် ... ကိုမင်းဉာဏ်သာနှင့် ကင်းကင်းရှင်းရှင်းပဲနေထိုင်သင့်၏။ မမစုစန်က ... နှောက်ထပ် ငွေလထိန်ကိုမနှောက်ယှက်ဖို့ တာဝန် အပြည့်အဝယူသည်ဟု ကတိအထပ်ထပ်ပေးနေသည်။

"မမစုစန် ကတိပေးပါတယ်၊ ငွေလထိန်လေးကို မနှောက် ယှက်စေရပါဘူး၊ အဲဒီလိုဧည့်သည်မျိုးတွေကို ဘယ်သူပဲဖြစ်ဖြစ် လက်မခံတော့ဘူး ... မမစုစန်တို့ Hotel မှာ အလုပ်ပြန်ဝင်ပါကွယ် နော် ... "

"အင်း ... ဒါဆိုလည်း ကျွန်မပြန်ဝင်ပါ့မယ်၊ ကျွန်မလည်း ကိုမင်းဉာဏ်သာနဲ့ ကင်းကင်းနေချင်ပါတယ်"

"အမယ်လေး ဝမ်းသာလိုက်တာငွေလထိန်လေးရယ် ... မမစုစန်နဲ့ တစ်ခါထဲလိုက်ခဲ့တော့နော်"

"ဟုတ်ကဲ့ ... "

မထူးတော့ပါဘူး။ ထိန် Hotel ကိုပဲ ပြန်တော့မယ်။ ဒေါ်စက် ဘလည်း အချိန်ပြည့် လာပြီးမနေနိုင်ပေ ...

"ထိန် ပြန်လိုက်ခဲ့ပါ့မယ်၊ ကောင်းခန့်ထယ်ကိုတော့ အရမ်း ကြောက်ပါတယ်၊ ကျွန်မအရှက်သိက္ခာအတွက် ကာကွယ်ပေးစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်"

"ငွေလထိန်လေးရယ် ... မမ ကတိပေးပါတယ်၊ ပြန်လို
ခဲ့နော်"

ထိန် ပစ္စည်းတွေသိမ်းပြီး မမစုစန့်နောက်သို့ ပြန်လိုက်သွား
ပဲ ဆုံးဖြတ်သည်။ ကိုမင်းညဏ်သာနဲ့လက်မထပ်ချင်ပါဘူး။ မမ
ကြောင့်ပါ။ သူမ ရှက်လည်းရှက်မိ၏။ မျက်နှာချင်းလည်း မဆို
ပေ ...

"ကိုမင်းညဏ်သာ ... ကျွန်မ ပြန်သွားပါပြီ၊ မမစုစန်
ခေါ်လို့"

"ထိန် ... မင်း ဘာဖြစ်လို့ပြန်လိုက်သွားမှာလဲ"

"မမစုစန်က တာဝန်ယူတယ်လေ၊ ထိန့်ကို အကာအကွ
ပေးပါ့မယ်တဲ့"

ကိုမင်းညဏ်သာ့စကား ဆုံးအောင်နားမထောင်တော့
မမစုစန့်ကားနှင့် ပြန်လိုက်လာခဲ့သည်။

"ထိန်လေး ... ဘာမှအားမငယ်ပါနဲ့ ... မမစုစန် တာဝ
ပါတယ်၊ နောက်ဆို လူရှုပ်လူပွေတွေကို မမ လုံးဝလက်မခံ
ဘူး၊ မကြာခင် ... ထိန်လေးကိုလည်း လခတိုးပေးမှာပါ"

"ရပါတယ် မမစုစန်ရယ် ... ထိန့်ကို ... အထင်သေ
စော်ကားမော်ကားလုပ်တာမျိုး လက်မခံနိုင်တာပါ"





"အေးပါကွယ် ... မမလည်း ကိုယ်ချင်းစာပါတယ်၊ ကောင်း
ကိုလည်း မမ အပြတ်ပြောပစ်လိုက်တယ်၊ မမတို့ဟိုတယ်ရိပ်တောင်
မနင်းစေရပါဘူး"

သူမနေရတဲ့ ဝန်ထမ်းအခန်းထဲရောက်တော့ ... သွယ်က
အပြေးလာပြီး ဖက်သည်။

"ရှင်ပြန်လာတာကောင်းတယ် ထိန် ... သွယ်လေ ... ဟို
ကောင့်မကောင်းကြောင်းတွေ ပြောပြလိုက်တယ်၊ အပျိုကြီးက
တော့ ကိုမင်းညဏ်သာနဲ့ပါသွားတာလည်းသိရော ... အသဲကွဲခတ်
သလို ဈွေ့ဈွေ့ခုန်နေတယ်ဟ"

"ကိုမင်းညဏ်သာရောက်လာလို့ပေါ့ ... ထိန်လည်း
ကိုမင်းညဏ်သာနဲ့ မနေချင်ပါဘူး၊ သူ့အချစ်တွေကိုလည်း လုံးဝ
လက်မခံနိုင်ဘူး"

ငွေလထိန် ငိုပစ်ချသည်။ မျက်ဝန်းတွေထဲသို့ မျက်ရည်တွေ
က ပြည့်နှက်လာ၏။ ထိန်လေ ... ရှင့်ကိုချစ်တယ်။ နှလုံးသားတွေ
ကပါ။ အသိစိတ်တွေကတော့ လုံးဝလက်မခံပါဘူး။ မဖြစ်နိုင်ဘူး
လေ။ ရှင်အရမ်းမုန်းတဲ့မိထွေးက ကျွန်မအစ်မဝမ်းကွဲလေ။ သွယ်
က မျက်နှာငယ်လေးနှင့်ကြည့်သည်။

"ကိုမင်းညဏ်သာကလေ ... သူ့ဒက်ဒီကိုပြောပြီး ထိန့်ကို
တန်ဖိုးထားလက်ထပ်ယူမယ်တဲ့ ... မဖြစ်နိုင်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ထိန် … ဆက်ပြီးပင်မပြောနိုင်တော့ … ဝမ်းနည်းသံက သိသိသာသာကြီးဖြစ်နေ၍ … သူမ ငိုမိတော့မှာသေချာသည်။

"ထိန်"

"ဟင်"

"ဘာဖြစ်လဲ … သူက အတည်တကျလက်ထပ်တာလေး ရှင် ကံကောင်းတာပဲ … ကိုမင်းဉာဏ်သာက လူကြီးလူကောင်းပါ ဟ"

သွယ်ကတော့ ဘာမှမသိ၍ ဝမ်းသာအားရတိုက်တွန်းသည်။ ထိန့်မှာက ကိုယ့်အကြောင်းနှင့်ကိုယ်ဖြစ်၍ မပျော်နိုင် … ထိန် ကံဆိုးတာပါ။ ထိန်ချစ်ရတဲ့ယောက်ျား … ထိန့်ကိုလည်းချစ်ပြီး တန်ဖိုးထားသလို … ထိန့်ဘဝကိုလည်း မြှင့်တင်ပေးမယ့် … ကိုမင်းဉာဏ်သာကို ဘယ်လိုမှလက်ထပ်ခွင့်မရနိုင်သောအခြေအနေ နှင့်မှ လာ၍ဆုံတွေ့ခဲ့ရသည်။

"ထိန်ရယ် … မာနတွေကို ထားသင့်တဲ့နေရာမှထားစမ်းပါ။ ဘာဖြစ်လဲ … ချမ်းသာတဲ့သူဌေးကို ထိန်ကမြူဆွယ်ဖြားယောင်း ပြီး … အတင်းအကြပ်အပိုင်ချိုင်တာမှ မဟုတ်တာ … သူက ချစ် မြတ်နိုးပြီး တန်ဖိုးထားလက်ထပ်ယူမှာလေ … လက်ခံလိုက်"

"ဟင့်အင်း … "

"အသုံးမကျတဲ့မာနတွေဟာ … ဒီလိုအခွင့်အရေးက ရှဲ





ဘယ်လေ ထိန် … "

"တော်ပါပြီ … ဆက်မပြောချင်တော့ဘူး၊ တို့အလုပ် တို့ ဆက်လုပ်တာပဲ ကောင်းပါတယ်၊ အလကားပါဟာ … ဒင်းတို့အချစ် ကို မယုံပါဘူး၊ မေ့လိုက်"

"ထိန် … "

"အဝတ်အစားလဲမယ်၊ ပြီးရင် ထိန် သင်တန်းသွားရမယ်၊ ဘာတွေငေးမောနေတာလဲ သွယ်သွယ် … တာဝန်ကျေပါစေ … OK "

ထိန် အဝတ်အစားလဲပြီး အခန်းတွေစစ်ဆေးဖို့အတွက် ထွက်လာခဲ့သည်။ ကိုမင်းဉာဏ်သာကတော့ ဘာပြောမလဲ … ထိန့် ကို အခြောက်တိုက်ဘဝင်မြင့်နေမယ်လို့ ထင်သွားမလားဘဲ … မတတ်နိုင်ဘူး။ ရှင်နဲ့ကင်းကင်းနေရမယ် … တစ်နေ့နေ့မှာ ရှင် မေ့ပစ်လိုက်တော့ … ငွေလထိန် စိတ်ကူးတောင်ယဉ်ခွင့်မရှိဘူး။ ဘန်ရာတန်ရာလုပ်စမ်းပါ။ ငွေလထိန်စိတ်တွေကို … ဖြေဖျောက် ထိန်းချုပ်ရင်း ဧည့်သည်အခန်းတွေကို သန့်ရှင်းရေးဝင်ဖို့ လုပ်ငန်း စတင်သည်။

"ဧည့်သည် … အခန်းသန့်ရှင်းရေးလုပ်ပါ့မယ်၊ ဝင်မယ်နော်"

တံခါးကဖွင့်ထား၍ ထိန် အသံပြုပြီး ဝင်လိုက်သည်။

"ဟင် … "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ကိုမင်းဉာဏ်သာ ... ဘယ်တုန်းကရောက် နေတာလဲ၊ အရင်အခန်းလည်း မဟုတ်ဘူး"

"ထိန်"

"ရှင်"

"ကိုယ် ... ဒီအခန်းကို ကြိုတင်ငှားထားတာလေ ... မင်း တစ်နေ့နေ့ ဒီ Hotel ပဲ ပြန်လာမယ်လို့ ကိုယ့်စိတ်ကထင်နေလို့ ကိုယ် စောစောကပဲရောက်လာတာ ... မင်း ပြန်လိုက်သွားတော့ မယ်လို့ ဖုန်းဆက်ပြီးပြီးချင်းပဲ"

"ဒုက္ခပါပဲ"

"ကိုယ့်ကို ဘာဖြစ်လို့စိမ်းကားရတာလဲ ... မင်းထားခဲ့ရက် တယ်ကွာ"

"ဧည့်သည် ... အခန်းသန့်ရှင်းရေးလုပ်ပါရစေ၊ ခွင့်ပြုပါ"

သူမ ... အခန်းသန့်ရှင်းရေးလုပ်ဖို့ပဲ ပြင်ဆင်နေသည်။ ကိုမင်းဉာဏ်သာနဲ့ ထပ်ပြီးမပတ်သက်လိုတော့ပေ ...

"ထိန် ... မင်း ... မင်း ... ဒီလောက်အထိ ကိုယ့်အပေါ် မာနမပြပါနဲ့ကွာနော် ... ကိုယ့်နှလုံးသားတွေက မင်းကိုပဲတမ်းတ ပြီး ချစ်နေတယ်၊ ကိုယ့်ဒက်ဒီကိုတောင် ပြောပြပြီးပြီ၊ ချွေးမလောင်း လေးကိုခေါ်လာပါတဲ့ ... ကိုယ့်ဒက်ဒီ နေမကောင်းဖြစ်နေတယ် နှလုံးရောဂါပါ။ မင်း ဆင်းရဲနွမ်းပါးလို့ အားငယ်စရာမလိုပါဘူး၊ ဒက်ဒီ





ဘ နားလည်မှုရှိတယ်၊ ကိုယ်ချစ်တဲ့မိန်းကလေးကို လက်ထပ်ခွင့်ရှိ ပါတယ်"

"ဒီမှာဧည့်သည် ... တာဝန်ချိန်မှာ ဧည့်သည်နဲ့ စကားပြော ဖို့ အချိန်မရှိပါဘူး"

"ထိန်"

"ရှင့်ကို အပြတ်သားဆုံးပြောမယ် ကိုမင်းဉာဏ်သာ ... ရှင့်ကို ကျွန်မ လုံးဝမချစ်ပါဘူး၊ ကျွန်မနဲ့ ကင်းကင်းလေးနေပေးပါ၊ တောင်း ဆိုတာပါ၊ ကျေးဇူးပြုပြီး ... "

သူမ ... တစ်ဖက်သို့ ဆတ်ကနဲလှည့်ပြီး အခန်းကိုပဲ သန့်ရှင်း ရေးလုပ်မိသည်။ ငိုချင်တယ်။ ကျွန်မအနားကနေ ထွက်သွားပေးပါ။ လုံးဝမနှောက်ယှက်ပါနဲ့ ... ကျေးဇူးပြုပြီးပါ။ ငွေလထိန် နှလုံးသား တွေ နာကျင်စူးနစ်နေရ၏။ ထွက်ပြေးချင်သည်။

"ကိုယ်သိပါတယ် ထိန် ... မင်းဘဝကြောင့် မဟုတ်လား၊ ခင်းလည်း ကိုယ့်ကိုချစ်နေပါတယ်၊ ကိုယ်ကတော့ မင်းကို ဘယ်လို အကြောင်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ့်မိတွေးက မနေ့ ညက ကိုယ့်ကိုဘာလုပ်လဲသိလား ... ကိုယ့်အိပ်ခန်းကို ကိုယ့် ခွင့်ပြုချက်မရဘဲဝင်ပြီး ... ပန်းသွေးရောင်တွေနဲ့ ပြင်ဆင်ပေးထား တယ်၊ ချစ်ခြင်းမေတ္တာတွေနဲ့ ကြိုဆိုတာပါတဲ့"

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဒက်ဒီက သူမရဲ့အချစ်တွေကို ပြည့်ဝအောင်မဖန်တီးပေးနိုင်ဘူးတဲ့ ... ကိုယ့်ကိုချစ်တာတဲ့"

"အမယ်လေး ဘုရားရေ ... ကြောက်စရာကောင်းလိုက်တာ"

မမကြွေ ဘာဖြစ်လို့ အဲဒီလောက်အထိ ရက်စက်ယုတ်မာရတာလဲ ... ကိုမင်းဉာဏ်သာကို သနားသွားသည်။

"ကိုယ်လက်ထပ်မှဖြစ်တော့မယ် ထိန်ရယ် ... ဒက်ဒီကနှလုံးရောဂါဆိုတော့ ... ဒက်ဒီ့အနားကနေ ကိုယ်ထွက်သွားလို့မဖြစ်ဘူး၊ ထိန် ကိုယ့်အနားမှာနေပေးပါ၊ ကိုယ့်မှာ ဖြေစရာမရှိတော့ဘူး"

"ကျွန်မ ... စဉ်းစားပေးပါ့မယ် ကိုမင်းဉာဏ်သာ ... ဟိုလေရှင်နဲ့အလိုက်ဖက်ဆုံးက မမစုစန်ပါ ... ထိန် အားပေးဖို့ဆိုတာ ... အသေအချာစဉ်းစားမှရမှာပါ"

"ကိုယ့်ကိုယုံကြည်ပေးပါ ထိန် ... ဒက်ဒီ့ဆီ ကိုယ့်ဇနီးလောင်းအဖြစ် လိုက်ခဲ့ပေးပါ၊ ကိုယ် ... အမြန်ဆုံးလက်ထပ်ရမယ်၊ ကိုယ့်မိထွေးရဲ့ထောင်ခြောက်ထဲ ကိုယ် အဝင်မခံနိုင်ဘူး၊ ကိုယ့်ဂုဏ်သိက္ခာအတွက်ပါ၊ ကိုယ့်မိထွေးက ကြောက်စရာကောင်းပြီး အရှက်လည်းမရှိဘူး၊ ကိုယ်ကျင့်တရား ပျက်ပြားနေပါတယ်၊ ကျောင်းသားဘဝတုန်းကလည်း သူ့အကျင့်စရိုက်တွေကိုမကြိုက်လို့ ကိုယ် ... ဝေးဝေးရှောင်နေမိတာပါ၊ ဆင်းရဲတာနဲ့ လုံးဝမဆိုင်ပါဘူး ထိန်ရယ်"

ဖိုးလပြည့်စာပေ



ကိုမင်းဉာဏ်သာအပေါ် ထိန် ဘယ်လိုနည်းနဲ့မှ ကင်းကင်းစိမ်းစိမ်းပြတ်ပြတ် နေလို့မရနိုင်တော့ကြောင်း ... သိလာရသည်။ ကိုမင်းဉာဏ်သာရဲ့မိထွေးက ထိန့်အစ်မပါ။ ဒါကြောင့်ပါနော် ... ထိန့်နှလုံးသားတွေလည်း နာကျင်ကြေကွဲရပါတယ်။ ထိန် လှည့်ထွက်သွားဖို့ပြင်လိုက်သည်။

"ထိန်ရယ်"

"အို ... "

ကိုမင်းဉာဏ်သာရဲ့လက်တွေက သူမခန္ဓာကိုယ်လေးအား ဆွဲယူပွေ့ဖက်လိုက်သည်။ သူမလည်း အသိတွေကင်းမဲ့သလို တခဏအတွင်း ရုန်းဖယ်ပစ်ဖို့မေ့လျော့ကာ သူ့ရင်ခွင်ထဲအလိုက်သင့်လေး ငြိမ်သက်သွား၏။ သူမ အသိရတဲ့အချိန်တွင် သူ့အနမ်းတွေက သူမမျက်နှာလေးအနှံ့ ကျရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ထိန်နဲ့ကိုယ် လက်ထပ်ကြမယ်၊ ကိုယ် အချိန်တွေမစောင့် ချင်တော့ဘူးကွာ ... ကိုယ့်မိထွေးရန်ကလည်း ရှိသေးတယ်ကွာ၊ ဒက်ဒီနဲ့လိုက်တွေ့နော်"

"ထိန်ကြောက်တယ် ကိုရယ် ... ဘဝချင်းက မိုးနဲ့မြေပဲလေ ပြီးတော့ တစ်ခုခုကြောင့် ထိန့်ကိုမုန်းတီးသွားမှာလည်း ကြောက်ပါ တယ်"

"ထိန့်အပေါ် ဘယ်လိုအကြောင်းမျိုးနဲ့မှ ကိုယ် မမုန်းဘူး ထိန့်ကို ဘယ်လောက်အထိချစ်မြတ်နိုးရကြောင်း ... စက္ကန့်မလပ် သက်သေပြနေချင်တယ်၊ ကိုယ့်အတွက်က စည်းစိမ်ဥစ္စာတွေမလို ဘူးလေ၊ အချစ်တွေပဲလိုအပ်တာပါ"

ထိန့်ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲရောက်နေသည်။ ထိန့် စိတ်ပူတယ်။ ကိုယ်နဲ့ထိန် တစ်နေ့နေ့တော့ ရန်သူတွေဖြစ်သွားကြ





မှာပါ။ ဒါပေမယ့် ... ထိန် ဘယ်လိုမှထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်ရ၏။ ကိုမင်းညဏ်သာအား မတူမတန်မုန်းသိလျှက်နှင့် ... တစ်နေ့နေ့ မုန်းတီးသွားမယ်ဆိုတာ သိသိကြီးနှင့် ချစ်မိသွားရလေသည်။

"ထိန်"

"ဟင် ... "

"ချစ်တယ်လို့ပြောပါ"

"ကျွန်မ ချစ်တယ်လို့ပြောစရာလိုသေးလို့လား ကိုရယ်"

"လိုအပ်တယ် ထိန် ... ကိုယ်အကြားချင်ဆုံးစကား ဖြစ်နေ သို့ပါ၊ ချစ်တယ်လို့ ပြောကွာ"

ထိန် ပြောမထွက် ... ကိုက မမကြွေရဲ့လင်ပါသားဆိုတာ သိသိကြီးနှင့် စိတ်ကမလုံပေ ... ထိန့်ရင်တွေ တဆတ်ဆတ်တုန်ရင် လာရသည်။ ကြောက်တယ်။ ကို့ကိုချစ်တယ်လို့ ထိန့်နှလုံးသား တွေထဲမှာ ပြောနေပါတယ်။ ဒါပေမယ့်လေ ... ထိန့်နှုတ်က ပြောလို့ ထွက်ပါဘူး။ ကိုမင်းညဏ်သာက မပြောရင်မလွှတ်ဘူးဆိုတော့ သူမ ခက်နေသည်။

"ဟိုလေ ... မမစုစန် သူသိသွားရင် ... ထိန် အလုပ်ပြုတ်မှာ ပါ၊ မမစုစန်က တစ်ဖက်သတ်ကြိုက်နေတာလေ"

"ထိန်ရာ ... စကားကို ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



စုစန်အလုပ်ထုတ်လည်း ကိုယ်နဲ့လက်ထပ်လိုက် ... မင်းလေး ကုမ္ပဏီပိုင်ရှင်ကတော်ဖြစ်ပြီ ... ဘာလဲ စုစန်နဲ့ပြိုင်ချင်လား၊ ထိန် နိုင်စေရမယ်၊ ကိုယ် Hotel တစ်လုံးဆောက်ပေးနိုင်တယ်"

"ကျွန်မကို အဲဒီလိုငွေနဲ့မမျှားပါနဲ့ ကို"

"Sorry ကွာ"

ထိန်က အမှန်တကယ်ပဲ စစ်မှန်ဖြူစင်တဲ့မိန်းကလေးဖြစ် နေ၍ ... ဉာဏ်သာ ချစ်မြတ်နိုးရသည်။ ဒက်ဒီ့ဆီ ခေါ်သွားမယ်၊ လက်ထပ်မယ်။

"ထိန် ပြောလေ ... ကိုယ့်ကိုချစ်တယ်လို့ ... ဒီစကားလေး ပြောရတာ ဘာခက်နေလို့လဲ၊ ပြောပါ ... ကိုယ်ကြားချင်တယ်"

ကိုမင်းဉာဏ်သာက အတင်းအကြပ်မေးနေသဖြင့် ထိန် လည်း ဟန်ဆောင်မနေနိုင်တော့၍ ... ကို့ကိုချစ်ပါသည်ဟု တိုးတိုးလေးပြောပြီး ထွက်ပြေးလာခဲ့သည်။ ထိန့်ရင်တွေ မောလိုက် တာ။ ဘယ်လိုလုပ်ရမလဲ ... ထိန့်မာနတွေ ပွဲကြွေကျသွားတဲ့နေ့ လေ။ ရှေ့ဆက်မသွားနိုင်တော့သဖြင့် ပန်းတွေကြားမှာဝင်ထိုင်ဖြစ် သွား၏။ သူမထိုင်မိတဲ့ပန်းတွေက ဆူးတွေရှိထားတဲ့ နှင်းဆီပန်းအိုး တွေကြား ဖြစ်နေသည်။

"ထိန် ... ဘာဆက်လုပ်မှာလဲ ... နင်ရူးနေပြီလား ...





...င်းဉာဏ်သာက နင်ချစ်သင့်တဲ့လူလား"

သူမနှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်ယင်နေသည်။ ...း‌တွေရှဲလို့။ သူမ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ ...မင်းဉာဏ်သာ အား ချစ်သည်ဟုပြောမိသွား၏။ ထိန် ...ချင်သည်။

"ငွေလထိန် ... မင်း ဘာလုပ်နေတာလဲ"

"ဟင် ... မမစုစန်"

"မင်း ဘာဖြစ်လို့လဲ ... ဆူးပင်တွေကြားထဲမှာ ဘာဖြစ်လို့ ...ထိုင်နေရတာလဲ"

"ပန်းခူးမလို့ပါ"

"ဟဲ့ ... ဟိုမှာ ပန်းမခူးရလို့ရေးထားတာ ... ညည်းက ...း ခူးမလို့ပေါ့လေ"

"ဟုတ် ... အဲ့ ... မဟုတ်ပါဘူး၊ နှင်းဆီပန်းလေးတွေလှလို့ ...သအချာကြည့်နေတာပါ"

"ကိုယ့်အလုပ်ရှိတာ လုပ်လေ၊ ဒီည ... ပါတီရှိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"ထိန်ကတော့ အထူးတာဝန်နော် ... ...ည်ကြီးအဆိုတော် တစ်ယောက်ရဲ့မွေးနေ့ မမတို့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေအောင်ဝန်ဆောင်မှုပေး ရမယ်၊ ထိန် ကြိုးကြပ်ပါ”

“ဟုတ် ...”

ဟုတ်သားပဲ ... ဒီည ပါတီရှိတယ်။ ထိန်က အခန်းအန ပြင်ဆင်ပေးရမှာ ... အရေးကြီးတယ်။ မမစုစန်ကတော့ ထိန် အားကိုးပြီး တာဝန်တွေပေးဘတ်သည်။ သူမ ကယောင်ကတမ်း နှင်းဆီခြံတွေကြားမှထ၍ ထွက်လာသည်။

“ကိုမင်းညဏ်သာရယ် ... ထိန် မှားသွားပြီထင်တယ်၊ ထ ဒက်ဒီရှေ့ကို ... ထိန် ဘယ်လိုလုပ်ပြီးသွားရမှာလဲ”

ထိန်ကြောက်တယ်။ ထိန့်ကို မချစ်ပါနဲ့ ... သူမ ရင် တဆတ်ဆတ်တုန်ယင်နေဆဲပင် ...

“မဟုတ်သေးပါဘူး ... ထိန့်မှာ တာဝန်ရှိနေသေးတာပဲ အခန်းအနားပြင်ဆင်ရမယ်၊ ဧည့်ခံပေးရမယ်”

သူမ စိတ်တွေကိုထိန်းချုပ်၍ ... အလုပ်ထဲမှာပဲနှစ် ဆုံးဖြတ်လိုက်သည် ... တစ်နေကုန် ... ဒေါ်စက်ဦးဆော သန့်ရှင်းရေးဝန်ထမ်းတွေရော ... သွယ်သွယ်တို့ ... ထိန်တို့ မွေးနေ့ပါတီပွဲအတွက် ပြင်ဆင်နေကြရ၏။ အလုပ်လုပ်နေရ လည်း စိတ်ကသက်သာသွားသည်။

“ငွေလထိန်နဲ့သွယ်သွယ် ရေချိုးပြင်ဆင်ကြတော့၊ အ





ည့်သည်တွေကို ဧည့်ခံရမယ်၊ ညည်းတို့နှစ်ယောက် ကိုယ်ဝတ်ချင် တာဝတ်လို့ရတယ်နော်”

“ဟုတ်”

“ဟုတ်ကဲ့ပါ မမ”

သွယ်က ပျော်ရွှင်သွက်လက်နေသလောက် ထိန် ပျော်နိုင်။ အချစ်တွေက ပူလောင်လွန်းနေသည်။

“ငွေလထိန် ... ရင်ဘာဖြစ်နေတာလဲ၊ ဒီလိုပါတီပွဲတွေမှာ ယ်ဝတ်ချင်တာဝတ်လို့ရတာ အထူးအခွင့်အရေးလေဟာ ... လှပဆုံးပြင်စမ်းပါ”

“သွယ် ...”

“ဟင် ဘာလဲဟ ... ပြော”

“ကိုမင်းညဏ်သာက ထိန့်ကိုချစ်တယ်တဲ့ ... အဖြေကို ကောင်းအကြပ်ကောင်းလို့ ထိန်ပေးလိုက်မိတယ်”

“ဟယ် ... တကယ် ... အမယ်လေးထိန်ရယ် ... ဒါ မင်္ဂလာ ားပါဟဲ့ ... ရှင့်မျက်နှာကြီးက မှိုင်တွေရှုံ့တွနေတာပဲ”

“မှားသွားပြီလားလို့ပါ”

“ဘာမှားစရာရှိလို့လဲ ... မုန်းတယ် ... သူကချစ်တာလေ၊ ွေလထိန်က ဖြားယောင်းမြူဆွယ်ခဲ့တာမှမဟုတ်တာ ... ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လဲ ... ဝန်ထမ်းဆိုတာနဲ့ပဲ သူဌေးကိုမချစ်ရတော့ဘူးလား၊ လက်ထ
ခွင့်မရှိတော့ဘူးလား ... ကဲ ... ပြော"

သွယ်ကတော့ ... အကြောင်းမသိ၍ ပျော်နေသည်။ ထိ
အကြောင်း ထိန်ပဲသိတာပါ။ မမကြွေကို ဘယ်လိုလုပ်ရမလဲ။ အ
ဒက်ဒီရှေ့ခေါ်တော့မှာ ... မမကြွေကလည်း သူ့ကို မဟုတ်မဟ
တာတွေ ကြံစည်နေ၏။ ထိန် မတွေးချင် ... ငိုပစ်ချင်နေတာပဲ
သည်။

"ထိန်ရယ် ... ဘာမှတွေဝေမနေစမ်းပါနဲ့၊ ကိုမင်းညဏ်သ
က လူကြီးလူကောင်းပါ၊ သွယ်တော့ ဝမ်းသာတယ်၊ ရှင် ... သူဌေး
ကတော်ကြီးဖြစ်သွားရင်တော့ သွယ့်ကိုမမေ့နဲ့နော်"

"ရှုပ်ပါတယ်ဟာ ... မေ့ပစ်လိုက်တော့မယ်၊ ရှုံးချင်လာ

"ထိန်ရယ် ... စိတ်ကူးမလွဲပါနဲ့၊ ကိုမင်းညဏ်သာနဲ့လက်ထ
တာ အရှုံးမရှိပါဘူး"

"ကိုယ်က ရှုံးချင်တာ"

"ထိန်ရယ် ... တကယ်ပါပဲ"

ထိန် အရှုံးပေးချင်ပါတယ်။ ကိုမင်းညဏ်သာဘဝမှာ ထိန့်
နစ်နာရမှုတွေ အားလုံးအတွက်ပါ။

"ပြင်တော့မယ်ဟာ ... ပါတီကအရေးကြီးတယ်၊ ထိန်တို့





အထူးတာဝန်ပေးထားတာ"

"ကျွတ် ... ကျွတ် ... ထိန်ကလေး အချစ်ကိုသက်သေပြ
တာလည်း ကြမ်းလွန်းတယ်၊ စွန့်လွှတ်အနစ်နာခံမယ်ပေါ့လေ"

သွယ် ... မသိသေးတာတွေ အများကြီးရှိနေသေးတာပဲ။
ရှင်းမပြချင်။ ထိန် တာဝန်တွေထဲမှာပဲ အာရုံနှစ်ထားလိုက်သည်။

"သွားကြမယ် သွယ်ရေ ... အပျိုကြီးမမ မျှော်နေလောက်
ပြီထင်တယ်"

"အေးပါ"

ပြင်ဆင်ပြီး နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ MD
အပျိုကြီးမမက ထိန့်ကိုမြင်တော့ အံ့အားသင့်စွာ ငေးကြောင်ကြည့်
နေ၍ ... သွယ်က သတိပေးလိုက်ရသည်။

"အမယ်လေး ရွှေထိန် ... အရမ်းကိုလှပချောမောနေတာပဲ၊
မကတော့လေ ... မိုးပေါ်က နတ်သမီးလေးပြုတ်ကျလာတယ်
တောင် မှတ်တာ"

"မမကလည်းလေ အရမ်းမြှောက်နေပြန်ပြီ၊ ထိန်က အမှန်
တွေပြောနေပေမယ့် ... ဘဝင်တော့မမြင့်တတ်ပါဘူးနော်"

ဒီကောင်မလေးငွေလထိန် အရမ်းချောတယ်။ အိအိစက်
စက် ဖွေးဖွေးစင်စင်လေးပါ။ ညဏ်သာ ကြိုက်မှာပါ။ စူစန်ပင် အား



www.burmeseclassic.com

www.burmeseclassic.com



ငယ်သွားရသည်။ မနာလိုပေမယ့်လည်း လူကြီးဆိုတော့ အိုင်တင်ခံနေရ၏။ ညနေ့ခံပွဲမှာ ဉာဏ်သာလာမှာပါ။ ငွေလထိန်ကို မပစ်ပယ်ရဲ၊ Hotel ရဲ့ ဂုဏ်ဒြပ်တစ်ခုဖြစ်နေ၍ ဖြစ်သည်။

"ငွေလထိန် ... ညီမလေး"

"ရှင် ... ပြောပါ မမ"

"အားတော့နာပါတယ်အေ ... ဉာဏ်သာနဲ့တော့ ဝေးဝေးနေပါ၊ မမ မှန်းထားလို့ ... "

"စိတ်ချ ... ကိုမင်းဉာဏ်သာက မမအတွက်ပဲ"

"တကယ်နော်"

"ဟုတ်ကဲ့ပါ"

"ညီမလေးက အရမ်းချစ်စရာကောင်းတာပဲ ... လိမ္မာလိုက်တာ"

အပျိုကြီးမမက စိတ်သဘောထားတော့ ပြည့်ဝသူဖြစ်သည်။

"အပျိုကြီးကလဲဟယ် ... သူ့ကို ဟိုက ကျောင်းမှာထဲက မသိုးတာကို"

"သွယ် ... ကြားသွားဦးမယ်"

"သွယ်က ... ထိန်နဲ့ပဲသဘောတူတယ်၊ လုံးဝပဲ ... "

"ကဲ တော်ပါတော့ ... အလုပ်လုပ်ကြရအောင်ပါ"





ထိန် ... အခမ်းအနားကို လိုလေသေးမရှိအောင်ပင် ပြင်ဆင်နေသည်။ အဆိုတော်က မမစုစန်သူငယ်ချင်းတဲ့။ ကိုမင်းဉာဏ်သာရော ရောက်လာမှာလား။ ဘာပဲဖြစ်ဖြစ် ... ထိန် အဝေးမှာပဲနေဖို့ ဆုံးဖြတ်ထားသည်။

"ဟဲ့ ... ဟဲ့ ထိန် ... ဟိုမှာ နင့်အဆက်ကြီး ကိုမင်းဉာဏ်သာ အရမ်းခန့်ညားချောမောတာပဲ ... ဒါကြောင့်လည်း အပျိုကြီးမမ ကြိတ်ပိုးနေတာ"

"ဟင်"

ကိုမင်းဉာဏ်သာ ... သူငယ်ချင်းတစ်ယောက်နှင့် တွဲပြီးဝင်လာသည်။ ထိန် ... အသာလေး အနောက်ဆုံးမှာနေရာယူလိုက်၏။ ကိုရယ် ... ထိန် အရမ်းချစ်ပါတယ်။ မြတ်နိုးရပါတယ်။ ဒါပေမယ့်လေ ထိန်ကြောက်တယ်။ ကိုက ... ထိန့်ကို အရမ်းမုန်းတီးရွံရှာသွားမှာကိုလေ ...

"အမယ်လေး ထိန် ... တို့ဘက်ကိုလာနေပြီ၊ ဘယ်လိုလုပ်မလဲ"

"ထိန် ... သန့်စင်ခန်းသွားဦးမယ်"

"နေပါဦးဟယ် ... ဘာဖြစ်လဲ တွေ့လိုက် ... ရှင်က ဘာလုပ်လို့လဲ၊ သတ္တိမကြောင်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဆွဲထား၍ ထိန် ရပ်နေလိုက်ရသည်။ သူ့အနား ရောက်လာ၏။ ဘာမပြောညာမပြောနှင့် ထိန့်လက်လေးကိုဆွဲ၍ သူထိုင်တဲ့စားပွဲဆီ ခေါ်ဆောင်သွားသည်။

"ရှင် ... ရှင် ဘာလုပ်တာလဲ ... အဲဒီလိုမလုပ်ပါနဲ့ ပတ်ဝန်းကျင်ကိုလည်း ကြည့်ပါဦး၊ ကျွန်မအရှက်ခွဲနေတာလား"

ထိန် ဘယ်လောက်ပဲပြောပြော ... သူကတော့ ... ထိန့်လက်ကို မလွှတ် ... ခွတ်ကြီးပဲ ဆွဲခေါ်သွားသည်။

"ဒီမှာ မောင်ရင်တို့ ... မိတ်ဆက်ပေးမလို့ ... သူက ရှုစန်း Hotel ရဲ့ ဝန်ထမ်းကောင်မလေး ငွေလထိန်တဲ့ ... ကိုယ့်ချစ်သူပဲ မကြာခင်လက်ထပ်တော့မယ်"

"အို ... ဘာတွေပြောနေတာလဲ၊ မဟုတ်တာဘဲ ... မယုံကြပါနဲ့၊ သူ ... အပိုတွေပြောနေတာပါ၊ ကိုမင်းဉာဏ်သာ မနောက်ပါနဲ့ လွှတ်ပါ"

"သူက ... အရမ်းရှက်နေတယ်၊ ကိုယ့်ချစ်သူငွေလထိန်က အရမ်းရိုးသားဖြူစင်ပါတယ် ... ကိုယ်က ချစ်မြတ်နိုးရတာပါ၊ သူငယ်ချင်းတွေရှေ့မှာ တရားဝင်ကြေငြာလိုက်တာပါ"

"ဖြောင်း ... ဖြောင်း"

"ဖြောင်း ... ဖြောင်း"





"အို ... ဒုက္ခပါပဲ ... အမယ်လေး"

ငွေလထိန် ငြင်းလို့မရအောင် ... ဉာဏ်သာက ခွတ်ပဲပြောပြဖြစ်သည်။ ဒီလောက်တောင်ငြင်းပယ်ချင်တဲ့ ကောင်မလေး ... မျက်ဝန်းပြူးပြူးကျယ်ကျယ်လေးများဖြင့် ငြင်းဆန်နေ၏။ သူငယ်ချင်းတွေက လက်ခုပ်တွေတီးပြီး အရမ်းချောတယ်၊ သဘောတူတယ် ဆိုပြီး အားပေးကြသည်။

"ဉာဏ်သာ ... ဘာဖြစ်နေတာလဲ၊ ရှင် ဘာတွေလုပ်နေတာလဲ"

"ဒီမှာ ... မင်းဝန်ထမ်းငွေလထိန်ကို ... လက်ထပ်မယ့်အကြောင်း တရားဝင်ကြေငြာနေတာပါ"

"ဟင် ... "

မမစုစန်က ငွေလထိန်အား မျက်လုံးပြူးကြီးတွေနှင့်ကြည့်တော့ သူမ ... ပြာပြာသလဲနှင့် ခေါင်းခါပြလိုက်မိသွားသည်။ သူမနှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ယင်နေပြီး ငြင်းဆန်စကားပင်မပြောနိုင် ... မွန်းကြပ်လို့သေတော့မယ်။ မျက်ဝန်းတွေလည်း ပြာပြာဝေဝေနှင့် အသိတွေကင်းမဲ့နေသလိုလို ... မမစုစန် မျက်ဝန်းမာမာတွေနှင့်ကြည့်ပြီး ပြန်ထွက်သွားတာ မသိတော့ ... သူ့လက်တွေက သူမပခုံးသားလေးတွေကို တင်းကြပ်စွာဖက်ထား၍ ...



www.burmeseclassic.com

www.burmeseclassic.com



မရုန်းနိုင် မဖယ်နိုင် ... ပါတီပွဲကြီးပင် ဘယ်လိုကနေဘယ်လို ပြီးဆုံးသွားတာပင် ဝေ့ဝေ့ဝါးဝါးနှင့် ... သူမနေရတဲ့ဝန်ထမ်းအခန်းထဲပင် ဘယ်လိုရောက်ရှိလာကြောင်းပင် ငွေလထိန် မမှတ်မိတော့ဘဲဖြစ်ရသည်။

✿

အခန်း ( ၁၄ )

ဒက်ဒီ နေမကောင်းဘူးဟု ... နုနုကြွေက ဖုန်းဆက်၍ သူပြန်လာတော့ ... ဒက်ဒီ ... နည်းနည်းလေးမောနေတာပဲရှိသည်။ နုနုကြွေ တမင်ပြန်ခေါ်တာသိ၏။ ဒက်ဒီက သား ... Hotel မှာ သွားနေပြန်ပြီလား။ ဒက်ဒီ့အနားမှာပဲနေပါကွာဟု အားငယ်ဖျော့တော့တဲ့လေသံတွေနှင့် ပြောနေသည်။

"ဒက်ဒီ စိတ်မပူပါနဲ့ ... သား ... အလုပ်ကိစ္စနဲ့သွားတာပါ ဒက်ဒီရယ်"

သူ ... ပြောပြီး ဒက်ဒီ့အနားကနေထွက်လာကာ ... သူ့အိပ်ခန်းထဲ ရောက်လာသည်။

"ထိန်ရေ ... မင်းကိုလက်ထပ်မယ် ... ကိုယ့်မိထွေးရဲ့ ထောင်ချောက်ထဲ ကိုယ်ဝင်ရတော့မယ်ကွ"

သူ ... တမင်ပဲ ငွေလထိန်အား ... သူလက်ထပ်မယ့်မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးအဖြစ် ... ပေါ်တင်ကြေငြာပစ်လိုက်သည်။ မင်းကိုလက်ထပ်မယ်။ ငွေလထိန်ကငြင်းပယ်လေ သူက လက်ထပ်ချင်လေပဲ ...

"ဉာဏ်သာ ... "

"မင်း ... မင်း ဘာလာလုပ်ပြန်ပြီလဲ၊ ထွက်သွားစမ်း"

"အရမ်းအော်ဟစ်မနေစမ်းပါနဲ့ကွာ ... လိမ္မာပါတယ်၊ ကြေကြ ရှင့်အမေပါ"

"တောက် ... "

ကြေ ... ဟက်ဟက်ပက်ပက်ပဲ ရယ်ပစ်လိုက်သည်။ ဉာဏ်သာ ... ရှင်က ကြေ့ကို အကျင့်စာရိတ္တမကောင်းတဲ့မိန်းမအဖြစ် အထင်သေးနေတာပဲ ... ကြေ နာကျင်ရ၏။ ဉာဏ်သာ့ဒက်ဒီက သေတော့မယ်။ ဉာဏ်သာ့ကို လက်လွှတ်မခံနိုင် ... ဒီကောင်က မိန်းမယူတော့မယ်တဲ့ ... ဘယ်လိုကောင်မမျိုးလဲ ... စောင့်ကြည့်ရသေးတာပေါ့။

"ဉာဏ်သာ"

"တောက် ... "

"ရှင့်ဒက်ဒီ အသက်ရှည်စေချင်ရင် ... ကြေနဲ့ ပြေပြေလည်လည်ဆက်ဆံပါ"

"မင်း ထွက်သွားပါ၊ အရှက်မရှိလိုက်တာ ... ငါ့ဒက်ဒီမရှိတော့တာနဲ့ ... မင်းကို မောင်းထုတ်ပစ်မယ်"





"ဒီတိုက်က ... ကြေလည်း တစ်ဝက်ဆိုင်တယ်လေ"

"မင်းကွာ"

ဒီမိန်းမကို စိစိညက်ညက်ချေပစ်ချင်တယ်။ ရွံစရာကောင်းလိုက်တာ ... ဒေါသတွေ ထွက်နေသည်။ ဘယ်လိုမှပြောမရ ... တော်ထားတဲ့ ညဝတ်အင်္ကျီက ပါးလွှာလွှာ ... ဉာဏ်သာ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

"ထိန်ရယ် ... ကိုယ့်အဖြစ်တွေကို လာကြည့်ပါဦး။ ထိန် ... ကိုယ့်အနားကို အမြန်ဆုံးလာခဲ့စမ်းပါ"

သူ ... စိတ်တွေ မွန်းကြပ်ပိတ်လှောင်နေရပြီး ရူးသွပ်စွာအော်ဟစ်ပစ်ချင်သည်။

"ဉာဏ်သာနဲ့လက်ထပ်မယ့်မိန်းကလေးက ဘယ်သူလဲ ... ရမ်းကို လှပချောမောနေမှာတော့ သေချာပါတယ်၊ ဒါမှမဟုတ်ကြေ့ရန်ကလွတ်အောင် သရဲမနဲ့လက်ထပ်မှာလား"

"မင်း ထွက်သွားနော် ... ငါ လူသတ်မိတော့မယ်"

"သတ်လေ ... ရှင် ထောင်ထဲဝင်ရမယ်၊ အရှက်သိက္ခာမဲ့မယ်၊ ရှင့်ဒက်ဒီ သေမယ်"

"တောက်"

"ပြေပြေလည်လည်ဆက်ဆံစမ်းပါ ဉာဏ်သာရယ်"

ဉာဏ်သာ ... ရှင် ဘယ်လိုရန်းထွက်မလဲ ... နုနုကြေပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



မောက်မာထောင်လွှားနေတဲ့ရှင့်ကို နည်းနည်းပါးပါး ပညာပေးချ တာပါ။ ကြွေ အနားကပ်သွားလိုက်သည်။

“ရှင်ကလေ … ကြွေ့ကိုဆိုရင် မတူမတန်သလိုလိုနဲ့ … မျက် လုံးတွေကို ဖွင့်ကြည့်စမ်းပါ၊ နုနုကြွေက ရှင့်အမေလေ”

“မင်း … မင်း … တော်တော်စော်ကားနေပါလား။ ထွက် သွားနော် … ငါ လူသတ်မိတော့မယ်၊ ငါ့အဖေကြောင့် မင်းကို မပြောတာ … တော်တော် ယုတ်မာကောက်ကျစ်တဲ့မိန်းမ”

“ဟင်း … ဟင်း … ဟင်း … ”

သူ … ဒေါသတကြီးနှင့် အပြင်သို့ထွက်လာခဲ့သည်။ ကား မောင်းပြီး ခြံအပြင်အထိထွက်လာကာ … ဦးတည်ရာမဲ့ ကားမော ကို မောင်းနေမိ၏။ ထိန့်ကို သတိရတယ်။ ထိန်ရယ် … ကိုယ့်အနား မှာနေပေးစမ်းပါ။ ကိုယ့်အချစ်တွေကို လက်ခံယုံကြည်ပေးပါ။ သူ စိတ်တွေ ထိခိုက်ကြေကွဲရလွန်း၍ … အရူးတစ်ယောက်ကဲ့သို့ အော် ဟစ်ပစ်ချင်သည်။ သူ … ဘယ်လိုမှထိန်းချုပ်လို့မရတော့၍ ထိန် ဖုန်းကိုဆက်မိ၏။ ကြောက်လန့်တကြားနှင့် ရှက်ရဲရဲမျက်နှာလေးကို သနားမိတာတော့ အမှန်ပဲဖြစ်သည်။

“ထိန် … ”

“ဟင် … ကိုမင်းညဏ်သာ ဘာဖြစ်လို့လဲ”

“ကိုယ့်မိထွေးက ကိုယ့်ကို ဖြားယောင်းသွေးဆောင်တယ်





ကိုယ့်ဒက်ဒီအသက်နဲ့ ခြိမ်းခြောက်တယ်၊ ကိုယ် သေချင်လောက် အောင် စိတ်ညစ်ပြီး … အပြင်ထွက်လာတာပါ”

မမကြွေ … ဘာတွေလုပ်နေလဲ။ ကိုမင်းညဏ်သာအတွက် ထိန် … စိတ်မကောင်းဖြစ်ရသည်။ ထိန် ဘယ်လိုလုပ်ပေးရမှာလဲ။ သူ့အသံတွေက တုန်ယင်အက်ကွဲနေသည်။

“ကိုယ့်ကိုလက်ထပ်ပါ။ ကိုယ့်အနားမှာ မင်းနေပါ၊ နုနုကြွေ ကို သတ်မိတော့မလားဘဲ … မိန်းမယုတ်မတစ်ယောက်ရဲ့ ကောက် ကျစ်ကြံစည်မှုနဲ့ ကိုယ် … အရှက်တကွဲဖြစ်ရတော့မယ်”

“ကိုမင်းညဏ်သာ တောင်းပန်ပါတယ်၊ ထိန် အနူးအညွတ် တောင်းပန်ပါတယ်နော်”

“မင်းက ဘာကိုတောင်းပန်နေရတာလဲ … မင်း စိတ်ခံစားမှု တွေကို ကိုယ်နားလည်ပါတယ်၊ မင်းမှာ အပြစ်မရှိပါဘူး၊ တောင်းပန် စရာ မလိုပါဘူးကွာ”

ထိန့်အစ်မ နုနုကြွေရဲ့လုပ်ရပ်တွေအတွက် ထိန် … အနူး အညွတ် တောင်းပန်နေတာပါ … လက်မထပ်နိုင်တာလည်း တောင်းပန်ချင်သည်။

“ကိုယ် လာခဲ့မယ်နော်”

“မဟုတ်တာဘဲ … Hotel ကို ပြန်လာခဲ့ပါ၊ နောက်နေ့မှတွေ့ မယ်နော် … အဆောင်စည်းကမ်းအရ ထိန် ဘယ်လိုမှ အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လို့မရပါဘူး”

“မင်း အလုပ်ကထွက်ပါ၊ မင်းဘဝအတွက် ကိုယ် အာ ချက်ပေးပါတယ် ထိန် ... ယုံကြည်ပါ၊ မင်းကိုအရမ်းချစ်တာ သံသ မဖြစ်ပါနဲ့”

“ကျွန်မယုံပါတယ် ကိုရယ် ... ဒါပေမယ့်လေ ကံကြမ္မာ မယုံတာပါ၊ ကျွန်မဘဝက နိမ့်ကျလွန်းပါတယ်၊ ကိုနဲ့လက်ထ ကျွန်မမှာ သတ္တိမရှိတာပါ၊ ကျွန်မလည်း ကို့ကိုချစ်ပါတယ်”

“ထိန်ရယ် ... မင်း ကိုယ့်ကိုချစ်တယ်နော် ... ကိုယ် ဝမ်းသ တယ်၊ ထိန့်ကြောင့် ကိုယ့်အနာဂတ်တွေ လင်းလက်တောက်ပ ရတာပါ”

ထိန့်ရင်ထဲကဆန္ဒတွေကို မထင်မှတ်ဘဲထုတ်ဖော်ပြသလို မိသွားသည်။ ထိန် ဟန်ဆောင်လိမ်ညာ၍မရ ... ကို့ကိုချစ်တ ထိန့်နှလုံးသားတွေထဲအထိ စူးနစ်နေအောင်ချစ်တယ် ... ကို အတွက်လည်း စိတ်ပူတယ်။ မမကြွေစိတ်ကို ထိန်အသိဆုံး ကြောက်စရာကောင်းလွန်း၏။ ထိန် ... ဥပေက္ခာပြုမနေနိုင်အော ဖြစ်ရသည်။

“ထိန်”

“ကို ...”

“ကိုယ် ... မနက်ဖြန် Hotel ကိုရောက်မယ်၊ ထိန့်ကို





ချင်တယ်၊ အရမ်းလွမ်းနေလို့”

“အင်း ...”

“ချစ်ထိန်လေး ... အိပ်ပျော်အောင်အိပ်ပါ၊ ကိုယ်ပါဝင်တဲ့ အိပ်မက်လှလှလေး မက်ပါစေ”

“Good Night နော်”

ကိုမင်းညဏ်သာ ဖုန်းပိတ်သွားတော့ ... ထိန့်နှုတ်ခမ်းပေါ် က အပြုံးလေးတွေ တဒင်္ဂပဲတည်သွားခဲ့ရပြီး ပျောက်ကွယ်သွားရ သည်။

“ထိန် ဘာဖြစ်လို့လဲ ... ရှင် ... ချစ်တယ်လို့ အဖြေပေးလိုက် ပြီ မဟုတ်လား”

“သွယ် ... ရှင်အိပ်နေတာမဟုတ်ဘူးလား။ ကြည့်စမ်း သူများ ကိစ္စတွေ နိုးပြီးနားထောင်နေတယ်၊ ရက်လိုက်တာ”

“ဂုဏ်ယူပါတယ်၊ သူဌေးကတော်ကြီး ဒေါ်ငွေလထိန်”

“သွယ်မသိတာတွေ အများကြီးပါ”

“ဘာတွေလဲ”

“တော်ပြီဟာ ... အိပ်တော့မယ်”

သူမ ... မျက်တောင်ကော့လေးတွေကို ဖြတ်ကနဲပိတ်ပစ် သည်။ တော်တော်နှင့်အိပ်မရ။ ကို ဘာတွေဖြစ်နေပြီလဲ။ လက်ထပ် ကြ ... ထိန် ဘယ်လိုရင်ဆိုင်ရမလဲ။ မမကြွေနားမှာ ထိန် နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ပေးသင့်လားပဲ ... သူမ အိပ်မက်လှလှလေးတွေတော
မက်၏။ ကိုနဲ့ထိန် ... ကားအကောင်းစားကြီးနဲ့ ဘာလီကျွန်း
ဟန်းနီးမွန်းထွက်မယ်တဲ့ ... အိပ်မက်ကလည်း ... သွယ် အတ
လုပ်နိုးမှနိုးသည်။

"ရွှေထိန် ... ဘာတွေသဘောကျနေတာလဲ၊ အိပ်မက်ထဲ
ဟိုလူကြီးနဲ့ ဘာညာမဟုတ်လား။ ရှင့်နှုတ်ခမ်းတွေက ပြုံးနေတာ

"ဟာ သွယ်ကလည်း ... မဟုတ်တာ ... အချိန်တောင်
တော့ဘူး၊ မြန်မြန်ပြင်ဆင်မှ"

ထိန် ... ပြင်ဆင်ပြီး တာဝန်တွေထမ်းဆောင်ဖို့ ထွက်လ
ကြသည်။

"ငွေလထိန်"

"ရှင် ... မမစုစန်"

မမစုစန့်ကိုတွေ့တော့ ထိန့်စိတ်က မလုံမလဲ ... မမ
ဘာမှမသိဘဲ ...

"ငွေလထိန်အစ်မ ရောက်နေတယ်၊ ဧည့်ခန်းမှာ သွားတွေ့
လိုက်"

"ရှင် ... ထိန့်အစ်မ ဘယ်သူလဲ"

"နနကြွေတဲ့ ..."

"ဟင် ..."





မမကြွေ ဘာလာလုပ်တာလဲ။ ထိန်နှင့်အဆက်အသွယ်ပြတ်
တာ ကြာပါပြီ။ သူဌေးကြီးတစ်ယောက်နှင့် လက်ထပ်ပြီးထဲကပဲ
န် မပတ်သက်တော့ ... အထောက်အပံ့ပေးပေမယ့် လက်မခံ။
န့်ဘဝကို ထိန် ... ရုန်းကန်ရပ်တည်နေခဲ့သည်။ ကိုမင်းဉာဏ်သာ
ရင် ဘယ်လိုလုပ်ရမလဲ။ သူမ ခြေလှမ်းသွက်သွက်နှင့် လှမ်းခဲ့
မမစုစန်က ... မင်းအစ်မက ချမ်းသာသားပဲ။ မင်းကို မထောက်
ားလားဟု ပြောနေသေးသည်။

"မမကြွေ ဘာလာလုပ်တာလဲ"

"ထိုင်ပါဦး ထိန်လေးရယ် ... ကိုယ့်ညီမလေးအခြေအနေကို
ကြည့်တာပါ"

ထိန်းလေး ... ချောမောလှပပြီး စိတ်သဘောထားပြည့်ဝသူ
းပါ။ ကြွေက ထောက်ပံ့ပေးတာတောင် လက်မခံခဲ့ ... မာန
ကြီးငြင်းသည်။

"ထိန့်အခြေအနေ ကောင်းပါတယ်၊ မမကြွေပဲ စိတ်ထားတွေ
အကျင့်တွေကို ပြင်စမ်းပါ၊ သူဌေးကတော်ဖြစ်နေပြီပဲ ... ဂုဏ်
တွေရှိရှိနေပါ"

"ဟား ... ဟား ... ဟား ... ထိန်လေးကတော့ ကိုယ့်အစ်မ
ပစ်ပစ်နှစ်နှစ်နှိပ်ကွပ်တော့တာပဲ ... ထိန့်ကို သတိလာပေးတာ၊
န်လေးက အရမ်းချောတော့ Hotel မှာလာတည်းတဲ့ ဧထော



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကို လက်လွတ်မခံဖို့လာပြောတာ”

“မမကြွေရယ် ... ပြန်ပါ၊ ထိန် အဲဒီလိုအလုပ်တွေကို ဘယ် တော့မှမလုပ်ဘူး၊ ရှိတယ်”

“ထိန်လေးကို မြူဆွယ်ခိုင်းတာမဟုတ်ပါဘူး၊ အခွင့်အရေး ရင် လက်လွတ်မခံဖို့ပြောတာပါ”

“တော်ပါပြီ”

“ပိုက်ဆံလာပေးတာ ... ထိန်လေး ... အဝတ်အစား၊ အသ အဆောင်တွေ ဝယ်ဖို့လေ”

“ထိန် မလိုချင်ဘူး၊ ထိန့်လခနဲ့ အားလုံးပြည့်စုံပါတယ်”

“ညီမလေးက မမနဲ့ဝမ်းကွဲဆိုပေမယ့် ... အတူတူနေခဲ့ တာလေ၊ ချစ်တယ် ... မမကြွေကို ပစ်မထားပါနဲ့ထိန်လေးရယ်”

“မမကြွေ”

“ပြော”

“ထိန်ပြောချင်တာကလေ ... မမကြွေခင်ပွန်းအပေါ် သူ ရှိရှိနဲ့ ချစ်ချစ်ခင်ခင်ပေါင်းပါ ... မမကြွေကိုချစ်ပြီး လိုလေသေး အောင် ထားပေးနေတာပါ၊ လက်စားချေတာတွေဘာတွေ မလု နဲ့ ... မကောင်းပါဘူး”

“သူဌေးကြီးသားလား ... မမကြွေ တမင်လုပ်ပစ်တာ လူကိုအထင်သေးလွန်းလို့ပါဟ”





“ထိန် တောင်းပန်ပါတယ်နော် ... မကောင်းမှုတွေကို ဆက် လုပ်ပါနဲ့ ... ဘာလုပ်မှာလဲ”

“သူဌေးကြီးကသေတော့မှာ ဟဲ့ ... သူ့သားကို မမကြွေ ချစ်ဆိုတာကြီးမရှိတောင် အရွဲ့တိုက်ပြီးအပိုင်သိမ်းပစ်ချင်နေတာ”

“ထိန် တောင်းပန်ပါတယ်၊ အဲ့ဒီလိုမလုပ်ပါနဲ့နော် ... ကိုယ် ငွ့်တရားဆိုတာ လူ့တန်ဖိုးပါ၊ မမကြွေလည်း ချမ်းချမ်းသာသာ နေထိုင်ရပြီပဲ”

“နေပါဦး ထိန်လေးရ ... နင်က ဘာဖြစ်လို့ ငါ့ကိုတောင်းပန် နေရတာလဲ”

“ဘာမှမဟုတ်ပါဘူး၊ ထိန်က အဲဒါမျိုးတွေမကြိုက်ဘူးလေ”

“ထိန်လေးရယ် ... မမကြွေလည်း နောင်တတော့ရပါတယ်၊ ဏ်သာ့အချိုးကို အမြင်ကတ်လို့”

“မကောင်းမှုတွေ ဆက်ပြီးမလုပ်ပါနဲ့နော် ... ကိုယ့်ခင်ပွန်း အပေါ် သစ္စာရှိပါ၊ မမကြွေခင်ပွန်း သူဌေးကြီးက ... ကျန်းမာရေး သိပ်မကောင်းဘူးမဟုတ်လား”

“ထိန်လေးက ဘယ်လိုလုပ်သိနေတာလဲ”

“မမကြွေပဲ ပြောတာလေ၊ သေတော့မယ်ဆို”

“ထိန်လေး ... မမကြွေပေးတဲ့ပိုက်ဆံကို လက်ခံပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



ထိန်လေးဖြစ်စေချင်သလို ... မမခင်ပွန်းအပေါ် သစ္စာရှိတော့မ
အစ်ကိုကြီးက မမအပေါ် အရမ်းကောင်းပါတယ်၊ ဒီငွေကို လက်ခံ
မမကြွေ ကောင်းကောင်းမွန်မွန်နေထိုင်ရင် ... ညီမလေး အဆ
အသွယ်လုပ်မလား"

"လုပ်မယ် ... မမကြွေသာ ကတိပေးပါ"

"ကောင်းပါပြီ၊ မမကြွေတို့မှာ ဒီညီအစ်မပဲရှိတာ ... မမ
ကတိပေးပါတယ် ... ထိန်လေးကိုလည်း ပစ်မထားချင်တော့
မမကြွေအိမ်ထောင်ရေးကိုပဲ အကောင်းဆုံးအနေအထားဖြစ်အော
ကြိုးစားမယ်၊ မမ တကယ်ပဲ အမြင်မှန်ရပြီးဆုံးဖြတ်လိုက်ပါပြီ"

ညီမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး
ကြသည်။ ထိန်လည်း မမကြွေကျေနပ်အောင် ထောက်ပံ့ငွေတွေ
လက်ခံလိုက်၏။ ကို့အတွက်လုပ်ပေးရလို့ ... ထိန့်စိတ်တွေ ပေါ့
သွက်လက်နေသည်။

အခန်း ( ၁၅ )

"ငွေလထိန်အစ်မ ရောက်နေတယ်ဆိုလို့ ဉာဏ်သာကြည့်
လိုက်တော့ ... ကိုယ့်မျက်စိကိုပင် မယုံနိုင်အောင် အံ့ဩထိတ်လန့်
သွားရသည်။

"မင်း ... မင်းအစ်မက နုနုကြွေပဲ ... ဘာတွေဖြစ်ကုန်ပြီလဲ
ကွာ ... မင်း ... သိသိကြီးနဲ့ ဟန်ဆောင်ပြီး ငါ့ကိုအမိဖမ်းဖို့ကြိုးစား
နေခဲ့တာပဲ ... မင်းအစ်မ အကျင့်စရိုက်အတိုင်းလေ"

ဉာဏ်သာ ... ဒေါသတွေကို ဆိုင်ကလုန်းမုန်တိုင်းတစ်ခုလို
အအုံအဖွဲ့နှင့် တွေ့ရာမြင်ရာကို ဖျက်စီးပစ်ချင်သွားသည်။ သူ ...
လှမ်းကြည့်လိုက်တော့ ... နုနုကြွေက ငွေတွေပေးနေပြီး ... တစ်
ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားကြ၏ ... မင်းက ဒီလိုမျိုး
လား။ ကြောက်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေလထိန်အစ်မက ချမ်းသာတာပဲ ဉာဏ်သာ ... ညီအစ်မ နှစ်ယောက် အရမ်းချစ်ကြတယ်ထင်တယ်၊ ငွေလထိန် ဘာဖြစ်လို့ များ ဒီမှာဝန်ထမ်းလာလုပ်နေရတာလဲ"

စူစန်က ပြောနေသည်။ ငွေလထိန် ဘာဖြစ်လို့ Hotel မှာ အလုပ်လာလုပ်ရတာလဲဆိုတော့ ... သူမအလှအပတွေနှင့် ဖမ်းစား ပြီး ... သူဌေးကြီးတွေကို အမိဖမ်းဖို့ပဲဖြစ်နိုင်သည်။ ကြည့်လိုက်ရင် မခုတ်တတ်တဲ့ကြောင်လေးလိုပဲ ... ဒီလိုမိန်းမမျိုးက ... ဒါမျိုး ကျွမ်းကျင်တယ်။

"ငွေလထိန်ကို လျှော့တွက်လို့တော့မရဘူးနော် ဉာဏ်သာ ရှင်က လက်ထပ်မယ်တွေဘာတွေလုပ်ပြီး လူသိရှင်ကြားသံတင်း ထုတ်ပြန်နေတယ်၊ ခံရမယ်နော်"

"ငွေလထိန်ကိုတော့ ... ကိုယ် မရမကလက်ထပ်ယူရမှာပဲ စူစန်"

တွေ့ကြသေးတာပေါ့ ငွေလထိန်ရာ ... မင်းအစ်မလုပ်ရပ် အတွက် ... မင်း ... ကောင်းကောင်းပြန်ပေးဆပ်ရလိမ့်မယ်။ ငွေလထိန်ကို သူ ... ဘယ်လောက်အထိချစ်မြတ်နိုးခဲ့ရလဲ။ မင်း စော်ကားတယ်။ နုနုကြွယ်ဟာ ... ကိုယ့်မိတ္တေးဆိုတာ သိသိကြီးနဲ့ ချစ်တယ်ဟု အဖြေပေးခဲ့သည်။





"ဉာဏ်သာ ဘာဖြစ်လို့လဲ ... ဟယ် ဉာဏ်သာ ... ငွေလထိန် ရဲ့အစ်မက ရှင့်မိတ္တေးပဲ ... အခုမှသတိရတယ်၊ စူစန်တောင် ကြောင် သွားတယ်၊ ဉာဏ်သာ ... ရှင် ... ရှင်"

ဉာဏ်သာ ရူးသွပ်သွားတော့မလားဟုပင် စူစန် အထိတ် တလန့်ဖြစ်သွားရသည်။ ကောင်းတယ် ... ဒီလောက်တာ လှတာ မက်ဦး ... စူစန် ပျော်သွား၏။ ငွေလထိန်ကို ဉာဏ်သာစိတ်ပျက် သွားစေချင်သည်။

"ငွေလထိန်ကို လက်ထပ်မလို့လား ဉာဏ်သာ ... ရှင် ... အမြတ်မ်း စိတ်သောကတွေရောက်ရလိမ့်မယ်နော်"

သူ ... ထွက်လာခဲ့သည်။ ငွေလထိန်ကိုစွန့်လွှတ်လိုက်ဖို့ လည်း သူ့နှလုံးသားတွေက မခံစားနိုင် ... နာကျည်းရှုံရာမုန်းတီးမှု တွေလည်း သူ့ရင်ထဲသို့ တိုးဝင်နေသည်။ ငွေလထိန်ကိုတော့ သူ ဘယ်နည်းနဲ့မဆို လက်ထပ်မယ်။ အတော်ပဲ ... နုနုကြွယ်ကို နှိပ်ကွပ် ဖို့ ဆုံးဖြတ်လိုက်သည်။

"ဉာဏ်သာ ... ဟဲ့ ဘယ်လဲ ... ဉာဏ်သာ ... ရှင် လျှောက် မလုပ်နဲ့နော်"

စူစန့်စကားတွေကို နားမထောင်တော့ဘဲ ... ငွေလထိန် နေတဲ့ ဝန်ထမ်းအခန်းထဲသွားပြီး ... ငွေလထိန်ကို ဆွဲထုတ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ... သူ့ကားပေါ်တက်စေပြီး မောင်းထွက်လာခဲ့သည်။

"ကို ... ဒါဘာလုပ်တာလဲ ... ဘာဖြစ်လို့လဲဟင်"

သူ ... ဘာမှမပြောနိုင် ... သူ အလွန်မြတ်နိုးရတဲ့မိန်းကလေးသည် ... သူ့အမုန်းဆုံးမိန်းမတစ်ယောက်ရဲ့ သွေးသွားဖြစ်နေ၏။ ဒါပေမယ့် ... ဒီမိန်းမကလည်း သူ့အပေါ် ကောက်ကျစ်စဉ့်လဲစွာ ကြံစည်ခဲ့သည်။

"ကို ... ကျွန်မပြောတာကို နားထောင်ပါ၊ ဘာဖြစ်နေလဲဆိုတာလည်း ရှင်းပြပါဦးနော်"

သူ ... ပြောချင်တဲ့ဆန္ဒကမရှိ။ ကားကို Hotel ကြီးဆီ မောင်းလာသည်။

"ကို ... ဘာလုပ်တာလဲ ... ကျွန်မကို ဘာလုပ်မလို့လဲဟင်"

သူ ... အခန်းငှားလိုက်သည်။ ငွေလထိန် မျက်ဝန်းတွေပြူးကျယ်ဝိုင်းစက်နေကာ ... သူ့ဆွဲခေါ်ရာနောက်သို့ လိုက်လာခဲ့၏။ အိပ်ခန်းထဲဝင်လာခဲ့သည်။

"ကို ... ဟို ... ဟိုလေ"

"မင်းက သိပ်ပြီးဟန်ဆောင်ကောင်းတဲ့မိန်းမပဲ ငွေလထိန် မင်းက နုနုကြွေရဲ့ညီမပဲ"





"ရှင် ... "

ကိုသိသွားပြီပဲ ... မမကြွေလာတွေ့တာကို မြင်တွေ့သွားပုံပင် ... တစ်နေ့နေ့ ... ဒီလိုဖြစ်လာမယ်ဆိုတာ ... ထိန် တွေးထားပြီးသားပါ။ ကို့မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် မာထန်နေသည်။ ရှုံ့ရှာခြင်း ... မုန်းတီးခြင်းတွေ ပြည့်နှက်နေ၏။ ထိန်က အရှုံးပေးချင်တာပါ။ ကို့ရဲ့လက်တုံ့ပြန်မှုကို ခံယူချင်နေတာပါ။ ထိန့်ခန္ဓာကိုယ်လေးတစ်ခုလုံး တဆတ်ဆတ်တုန်ယင်လာပေမယ့် ... ကို ဆန္ဒရှိမယ်ဆိုရင် ... ကျွန်မကို စိစိညက်ညက်ချေပစ်နိုင်ပါတယ် ကို ... သူမအား ပန်းနုရောင်အိပ်ရာကြီးပေါ် တွန်းလှဲပစ်လိုက်လေသည်။

"ကို ... ကျွန်မလေ ... ကျွန်မ"

"ငွေလထိန် ... အခုချိန်ကစပြီး မင်းက ငါ့မယားဖြစ်သွားပြီ၊ မင်းမကျေနပ်ရင် သက်ဆိုင်ရာကိုဖုန်းဆက်တိုင်လိုက်လေ"

ထိန် ... ဘယ်လိုလုပ်ပြီး ကို့ကို ထောင်ကျအောင်လုပ်ရက်မှာလဲ ... ကိုပြုသမျှ ထိန်နုရမှာပါ။ ကို့ကို ငြင်းဆန်ဖို့သင့်ပေမယ့် ထိန် ... အာသိမ့်စွာ နှုတ်ဆိတ်နေသည်။

"မင်း မငြင်းဘူးလား၊ ငါ့အပေါ် မရက်စက်နိုင်လို့ ငါပြုသမျှ ခံတော့မယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ထိန်ရှင်းပြတော့ရော ... ကိုက လက်ခံမှာလား။ မမကြွေက ကိုအရှုံရှာအစက်ဆုတ်ဆုံး မိန်းမ ... ကို့မျက်ဝန်းတွေက နီရဲဝင်းတောက်၍ ... သူမအား ေသည်းမုန်းတီးတဲ့အရိပ်တွေ ပြည့်နှက်နေသည်။

"မင်းက ဒီလိုအခြေအနေမျိုးကို ဖန်တီးချင်တာပဲ ... မင်းက တန်ဖိုးတက်အောင် မာယာတွေများပြနေတာလေ"

ကိုရယ် ... ပြောရက်လိုက်တာ ... ထိန့်ဘက်က ရိုးသားဖြူစင်ခဲ့ပါတယ်။ မမကြွေညီမဖြစ်နေတာပဲ အပြစ်ရှိခဲ့တာပါ။ ပက်လက်အနေအထားဖြစ်သွားတဲ့ ... ထိန့်ခန္ဓာကိုယ်လေးပေါ် ကို့ခန္ဓာကိုယ်က အုပ်စိုးလာသည်။ ထိန့်ရဲ့အပျိုစင်ဘဝကို ထိန်ချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲမှာပဲ ... ပျော်ရွှင်ကြည်နူးစွာ မြှုပ်နှံပေးအပ်ချင်ခဲ့၏။ ကိုက ကျွန်မချစ်ရတဲ့ယောကျ်ားပါ။ မမကြွေအတွက် ... ကို့ရင်ထဲက နာကျည်းမုန်းတီးမှုတွေ ပြေပျောက်သွားတဲ့အထိ တစ်စစီချေမွပစ်သင့်သည်။

"မင်းကို ငါအရမ်းမုန်းတယ် ... နုနုကြွေထက် ပိုပြီးအကြံ ပက်စက်တဲ့မိန်းမ"

ထိန် မငိုမိအောင်ထိန်းသည်။ ထိန် ရိုးသားဖြူစင်ပါတယ်ဟု ရှင်းပြမနေတော့ ... ကိုထင်ချင်သလို ထင်နိုင်သည်။





"မင်းကိုအရမ်းမုန်းတယ် ငွေလထိန် ... ဒါပေမယ့် မင်းက ငါ့မိန်းမပဲဖြစ်ရမယ်"

ထိန့်ခန္ဓာကိုယ်ပေါ်မှာ ဝတ်ထားတဲ့အင်္ကျီကို ကိုက ဒေါသတကြီးဆွဲချွတ်ပစ်သည်။ ထိန် ရှက်လို့သေတော့မယ်။ ကို့ကို မကြည့်ရဲတော့ ... မျက်ဝန်းလေးကို စုံမှိတ်ပစ်လိုက်၏။ ရင်တွေ တဆတ်ဆတ်တုန်ယင်နေ၏။ မငြင်းရဲ ... ကိုက ... ထိန်ချစ်မြတ်နိုးရတဲ့ ယောကျ်ားပါ။

"ငါ့အပြုအမူတွေအတွက် မင်းကြိုက်သလိုလုပ်ခွင့်ရှိတယ်၊ မင်းမလုပ်ပါဘူး၊ ငါသိသားပဲ ... မင်းတို့ညီအစ်မနှစ်ယောက်လုံးက သူဌေးတွေကို အပိုင်ချိုင်ချင်ကြတယ်လေ"

ထိန့်ခန္ဓာကိုယ်လေးထဲမှာ ... လည်ပတ်နေတဲ့သွေးတွေ အေးခဲရပ်တန့်သွားပြီလားတောင် ထင်ရသည်။ ပျော်သလိုလို ... ကြောက်ရွံ့ထိတ်လန့်သလိုလိုနှင့် ... ကို့အမုန်းအညိုးတွေက ကြမ်းတမ်းခက်ထန်လွန်း၏။ ထိန် မတောင်းပန်ဘူး။ မျက်ရည်ခံလည်း မထိုးပါဘူး။ ကိုပြုမူချင်သလို ပြုမူပါစေ ... အချိန်တွေက ထိန့်အတွက်ကတော့ ငရဲခန်းတမျှပူလောင်ရ၍ ကြာရှည်လွန်းသည်ဟု ထင်သည်။

"ငွေလထိန် ... ဘယ်လိုလဲ ... မင်း ငါ့ဒက်ဒီဆီ လိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ငါ့ရဲ့မိန်းမအဖြစ် မင်းနေရမယ် … ဒါပေမယ့် တရားဝင် တော့ မင်းကို … ငါ ဘယ်တော့မှလက်မထပ်ဘူးနော်”

သူမခန္ဓာကိုယ်လေးပေါ်မှဆွာ၍ အဝတ်အစားတွေ ပြန်ဝတ်နိုင်းသည်။ ကို … ဒီလိုပဲပြောင်းလဲသွားမယ်ဆိုတာ ထိန် မသိ၍မှ မဟုတ်တာ …

“မင်းက သတ္တိတော်တော်ရှိတာပဲ … မျက်ရည်တောင်မကျ ပါလား၊ တကယ်တော့ မင်းအရမ်းပျော်နေမှာပါ”

“ကိုရယ် … ထိန်လေ”

“မင်းရီးသားပါတယ်လို့ ရှင်းပြမလို့လား၊ မယုံဘူး၊ ငါ လုံးဝ မယုံဘူး၊ မင်း ဟန်ဆောင်လိမ်ညာနေတာ … ”

သူ … အော်ပစ်သည်။ သူမလက်ကိုဆွဲ၍ အပြင်သို့ပြန်ခေါ် လာသည်။ သော့အပ်လိုက်၏။ သူမ … အရုပ်တစ်ရုပ်လိုပဲ အေးစက်နာကျင်နေရသည်။

“ရူစန်လား … ကိုယ်နဲ့ငွေလထိန်တို့ လက်ထပ်လိုက်ပြီ၊ မင်း Hotel မှာ လုပ်မှာမဟုတ်ဘူး၊ ထွက်ပြီ … ဒါပဲ ရူစန်”

သူမ … ရပ်တည်နိုင်စွမ်းပင်မရှိအောင် မောပန်းနွမ်းနယ်ရသည်။ ဒူးတွေက ညွှတ်ခွေကျမတတ် … ကိုယ့်ဒက်ဒီရှေ့လည်း ထိန် ဘယ်လိုလုပ်ပြီးမျက်နှာပြရမလဲ။ သူမစိတ်တွေ ကျဉ်းကြပ်နေ





ဘာ ကိုယ့်ကိုယ်ကိုယ်ပင် သတ်သေပစ်ချင်သည်။

“မင်းအစ်မကို ယောက္ခမတော်ရမယ်၊ ငါ့အဖေက မင်းအစ်မ ကို ပြည့်ပြည့်စုံစုံ စိတ်ချမ်းသာအောင်ထားပေမယ့် … ငါကတော့ င်းကို စိတ်ဆင်းရဲစေမှာနော်”

ထိန့်မှာ ဘာအပြစ်တွေများရှိနေလို့ နှိပ်စက်ညှင်းပမ်းချင်ရ ဘာလဲ ကိုရယ် … မမကြွေ ဘာပြောမလဲ။ ဘယ်လောက်ပဲ ကိုယ် ၁င့်တရားတွေ ပျက်ပြားနေပါစေ။ ညီမကိုတော့ ချစ်သည်။

“မင်း … သက်ဆိုင်ရာကိုဖုန်းဆက်ပြီး တိုင်နိုင်တယ်နော်၊ င်း မဆက်ဘူးလား၊ ဘာလဲ … အနှိပ်စက်ခံမယ်ပေါ့”

ကိုတို့တိုက်ကိုရောက်တော့ … မမကြွေက အံ့ဩထိတ်လန့် ားသည်။

“ထိန် … ညီမလေး … နင် … နင် … သူနဲ့”

“ဟုတ်တယ် နုနုကြွေ … သူနဲ့ငါက တရားဝင်လင်မယား ား ဖြစ်သွားပြီဟ … ဒါ … နင့်ချွေးမပဲ”

“ထိန်ရယ်”

ညဏ်သာ ဘာတွေလုပ်လာခဲ့ပြီလဲဆိုတာ … သူ သဘော ါက်သွားသည်။ ထိန်က အပြစ်မရှိသူပါ။ ကြွေ့လုပ်ရပ်ကိုတောင် ာမခံခဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဏ်သာ … ဒါကဘာသဘောလဲ … နင်လက်ထပ်မယ့်
နင့်ချစ်သူဆိုတာ ငွေလထိန်လား"

"ဟုတ်တယ်လေ … "

"နင် … နင် … ငါ့ညီမလေးကို နှိပ်စက်မလို့လား"

"မမကြွေ … ဘာတွေပြောနေတာလဲ … ကိုနဲ့ထိန်က
ချစ်သူတွေပါ"

"ထိန်ရယ် … "

ကြွေသိတယ်။ ဒါကြောင့်လည်း ထိန်က မင်းညဏ်သာ့ကို
စိတ်ဒုက္ခရောက်အောင်မလုပ်ဖို့ တားဆီနေတာပဲ … ကြွေကလည်း
နောင်တရနေ၍ ပြုပြင်ဖို့ဆုံးဖြတ်ထားခဲ့သည်။

"ညဏ်သာ … ငါ့ညီမလေးမှာ ဘာအပြစ်မှမရှိဘူး ဖြူစင်တဲ့
မိန်းကလေးပါ"

"ငါတို့လင်မယားကြားမှာ ဝင်မပါနဲ့ နုနုကြွေ"

"ဟုတ်ပါတယ် မမကြွေရယ် … ဝင်မပါပါနဲ့နော် … ကို့
ထိန်ကြားမှာ ဘာပြဿနာမှမရှိဘူး"

ထိန့်လက်ကိုဆွဲပြီး ဒက်ဒီ့အိပ်ခန်းထဲ ခေါ်လာခဲ့သည်။

"ဒက်ဒီ"

"ဟင် … သား"





"ဒီမှာ … ဒက်ဒီ့ချွေးမလေ … သားတို့ တရားဝင်လက်ထပ်
လိုက်ကြပါပြီ"

"သားရယ် … ချွေးမလေးကချောလိုက်တာ၊ ရိုးသားဖြူစင်
ပုံပဲ … မင်္ဂလာအခန်းအနားကို ကြီးကျယ်ခမ်းနားအောင် စီစဉ်လေ၊
သမီးလေးမိဘတွေရော"

"မိဘတွေကမရှိကြတော့ဘူး ဒက်ဒီ … လက်ထပ်ပွဲ မလုပ်
တော့ပါဘူး၊ ဒက်ဒီမှ နေမကောင်းတာဘဲ … နှစ်ဦးသဘောတူ
လက်ထပ်လိုက်ကြတာပါ"

"ထိန်လက်ခံပါတယ် ဒက်ဒီ … ထိန်လည်း အကြီးအကျယ်
လက်မထပ်ကြပါဘူး"

"အင်းလေ … သမီးလေးအတွက် ဒက်ဒီကတော့ မင်္ဂလာ
လက်ဖွဲ့ပေးရမယ်၊ သားအမေဝတ်ခဲ့တဲ့ လက်ဝတ်ရတနာတွေပဲ"

"မပေးပါနဲ့ ဒက်ဒီ … ထိန် မလိုချင်ပါဘူး"

"ကောင်းပါတယ် ဒက်ဒီ … သားဇနီးလေး ပိုင်ဆိုင်သင့်ပါ
တယ်"

ဒက်ဒီပေးတဲ့ပစ္စည်းတွေကို အတင်းအကြပ်လက်ခံစေသည်။

"သမီးလေး ပျော်ပျော်နေနော် … ဒက်ဒီ့ဇနီးကြွေ့ကိုလည်း
အစ်မတစ်ယောက်လို ဆက်ဆံပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကဲ ... သွားပြီးအနားယူကြတော့ ... သားကလည်းကျွ မင်္ဂလာအိပ်ခန်းတွေဘာတွေတောင် မပြင်ဆင်ရသေးဘူး၊ ဒက်ဒီ မိတ်ဆွေ ဝန်ဆောင်မှုကုမ္ပဏီကို ဖုန်းဆက်လိုက်နော်"

"သား စီစဉ်လိုက်ပါ့မယ်၊ ဒက်ဒီ စိတ်မပူပါနဲ့"

"သွားအနားယူကြတော့ ... ဒက်ဒီက အဆင့်အတန်းမခွဲခြား တတ်ပါဘူး၊ ဒက်ဒီ အထူးမှာချင်တာက မိသားစု ပျော်ပျော်ရွှင်ရွှင် နေကြဖို့ပါ"

ဒက်ဒီ့အခန်းထဲကနေ ထွက်လာကြပြီး ... ကို့အိပ်ခန်းထဲဝင် လာခဲ့သည်။

"ငွေလထိန် ... ဒီပစ္စည်းတွေက မင်းနဲ့လုံးဝမတန်ဘူး၊ မင်းထို လက်ခံခိုင်းတာ ... ငါ့အမေပစ္စည်းတွေ နုနုကြွေလက်ထဲ ပါသွားမှာ စိုးရိမ်လို့ပဲ ... ပေးစမ်း"

"ထိန်ကလည်းပေးမှာပါ ကိုရယ် ... ထိန်နဲ့မတန်ဘူးဆိုတာ လည်း သိပါတယ်"

"ဒီမှာ ... မင်း ဘာမှအပြစ်မရှိတဲ့သိုးငယ်လေးတစ်ကောင် လို ဟန်ဆောင်မနေနဲ့ ငွေလထိန် ... ဒီပုတ်ထဲကဒီပဲပဲ ... ကောင် ကျစ်တဲ့မိန်းမတစ်ယောက်ပဲ"





တိုပြောချင်တာတွေ ပြောနိုင်ပါတယ်လေ။ မျိုသိပ်ထားရင် ကို့ရင်တွေ ကွဲအက်နာကျင်ရလိမ့်မယ်။ ကို့အမုန်းတွေ ... အညိုးတွေ ငွေလထိန်အပေါ်ပဲ စုပုံချလိုက်ပါတော့နော် ... ညရောက်တော့ ကိုက ကုတင်ပေါ်မှာအိပ်သည်။ ထိန်က ကြမ်းပြင်မှာအိပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"ထိန်"

"ဟင် … မမကြွေ"

"မင်းဒီလိုဖြစ်ရတာ မမကြွေကြောင့်မဟုတ်လား"

"ထားလိုက်ပါ မမရာ … အရေးကြီးတာက … ဒက်ဒီ့အ
မမကြွေ ဝတ္တရားကျေပါစေ"

ဘယ်လိုပဲဖြစ်ဖြစ် … ထိန် ပျော်ရသည်။ မမကြွေအား အ
ကပ်သတိပေးချင်နေ၏။ ကိုကတော့ … သူမနှင့်အတူတူအိပ်
ခြင်း မရှိ။ သူမ ကြမ်းပြင်မှာပဲအိပ်စက်ခဲ့ရသည်။ မမကြွေကို အ
မပေးချင်ပါဘူး။

"ထိန်လေး … ပျော်ပျော်ရွှင်ရွှင် လှလှပပနေနော်၊ ညီမ
လိုအပ်တာတွေ မမကြွေဖြည့်ဆည်းပေးနိုင်တယ်၊ ညီမလေးကို
ကြွေ အရမ်းချစ်ပါတယ်၊ သံယောဇဉ်တွယ်စရာ ဒီညီအစ်မပဲရှိတ





"မမကြွေရယ် … ထိန်အလိုအပ်ဆုံးက ဘာလဲဆိုတာ … မမကြွေသိပါတယ် … ကို့ဒက်ဒီကို စိတ်ချမ်းသာအောင် ပြုစုစောင့်ရှောက်ပေးပါနော်"

"ထိန်ရယ် … နင်ဟာလေ အမြဲတမ်း သူများအတွက်ပဲ စဉ်းစားတယ်၊ မမ နောင်တရနေပါပြီ … ညီမလေးယောကျ်ား ဉာဏ်သာ့ကို မမအပေါ်ရော … ထိန်လေးအပေါ်ရော အထင်သေးအောင် မလုပ်တော့ဘူးနော်"

"မမကြွေရယ် … ထိန် ဝမ်းသာလိုက်တာ၊ ထိန်လေးကိုပဲ မစိတ်ပူတယ်၊ မာနခဲမလေးက ဉာဏ်သာ့ကိုယူတာ … မမကြွေ သိပါတယ်၊ ဉာဏ်သာက အတင်းအကြပ်ယူလိုက်တာ မဟုတ်လား၊ ထိန်လေးက မမကြွေအတွက် ပေးဆပ်ဖို့"

"ဟင့်အင်း မဟုတ်ပါဘူး၊ နှစ်ယောက်လုံးက ချစ်သူတွေဖြစ်ပြီး ယူကြတာ … အစကတော့ … အေးအေးဆေးဆေးမှ လက်ထပ်ကြမလို့ပါ၊ မမကြွေက ပြဿနာရှာလို့ပါ၊ ထိန်တို့က ချစ်သူတွေ ဖြစ်နေတာကြာပါပြီ၊ မမကြွေညီမဆိုတာတော့ သိသွားတာမကြာသေးပါဘူး"

"မမကြွေ … ညီမလေးကို ချစ်တယ်မဟုတ်လား၊ ဘာမှ ဝင်မပြောပါနဲ့နော် … ကိုက ထိန့်ကိုချစ်ပါတယ်၊ အခုတောင် ကို့



www.burmeseclassic.com

www.burmeseclassic.com



မာမီပစ္စည်းတွေ ထိန်ရခဲ့တာပဲ"

"ညည်းလေး ကံကောင်းပါစေ ... မမကြွေလည်း အတွ
စရိုက်တွေအားလုံး ညီမလေးထိန်အတွက် ပြုပြင်ပါ့မယ်"

"ဝမ်းသာလိုက်တာ မမရယ် ... အရမ်းကျေးဇူးတင်ပါတယ်"

"ညီမလေး ပျော်ပျော်နေနော် ... ညီမလေးငွေလထိန်
အရမ်းချစ်စရာကောင်းတယ်၊ စိတ်ထားဖြူစင်တယ်၊ ရိုးသားတယ်
ပြီးတော့ ... "

"တော်ပါတော့နော် ... ကိုယ့်ချောင် ကိုယ်ချဥ်နေပြန်ပြီ
အရမ်းကြီးတော့ မမြှောက်စားလိုက်ပါနဲ့"

"ဟင်း ... ဟင်း ... ဟင်း ... "

"ဟား ... ဟား ... ဟား"

"ထိန် ... "

"ဟင် ... ကို ... "

"မင်း ဘာဖြစ်လို့အစောကြီးထသွားရတာလဲ၊ ကိုယ့်မိတ္တေ
ဘာတွေပြောစရာရှိနေလို့လဲ ... အရမ်းသဘောကျပြီး ပျော်နေ
တာပဲ"

ကိုက အခန်းဝမှာရပ်နေတာတွေ့လိုက်ရ၍ ထိန် လန့်သွား
သည်။ ထိန် ... ပြဿနာတက်မှာကြောက်၍။ မမကြွေ ... စိတ်





ကောင်းဝင်လာတဲ့အတွက်ဖြစ်၏။ ထိန် ... အခန်းထဲကို အပြေး
အလွှားဝင်လာခဲ့သည်။

"လာပါကိုရယ် ... "

အခန်းထဲရောက်တော့ ... ကိုက ဒေါသတွေပေါက်ကွဲပြီး
ထိန့်ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်၍ ကုတင်ပေါ်တွန်းပစ်
လိုက်သည်။

"မင်းတို့ ... ဘာတွေတိုင်ပင်ပြီး သဘောကျနေကြတာလဲ၊
မလိမ်နဲ့နော် ... မင်းတို့ရဲ့မဟာစီမံကိန်းကြီး အောင်မြင်သွားလို့
လား"

"မဟုတ်ရပါဘူး ကိုရယ် ... မမကြွေလည်း နောင်တတွေရ
နေပါပြီ၊ ဒက်ဒီအပေါ် သစ္စာရှိရှိပြုစုစောင့်ရှောက်ပါ့မယ်လို့ ကတိ
ပေးလို့ပါ၊ ပြီးတော့လေ ... မမကြွေရှေ့မှာ ထိန် ပျော်ရွှင်ရပါတယ်
ဆိုပြီး ရယ်မောနေတာပါ"

"မင်းလိမ်ညာနေတာ ... ငါက မင်းကိုယုံကြည်မယ်ထင်နေ
လား၊ မင်း ... မင်းတို့ညီအစ်မနှစ်ယောက်လုံး ကောက်ကျစ်စဥ်းလဲ
ကြသူတွေ ... မာယာများတယ်၊ ကိုယ်ကျင့်တရားပျက်ပြားတယ်"

ကိုပြောချင်တာတွေ ပြောပါစေတော့ ... ထိန် ငြိမ်သက်နေ
သည်။ မမကြွေဝင်လာမှာလည်း ကြောက်ရသေး၏ ... ကို့ကို
တောင်းပန်ထိုးလျှိုးတဲ့မျက်ဝန်းတွေနှင့်ပဲ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်မရှေ့မှာပဲ မင်းကိုနှိပ်စက်မှာ … ငါ့ဆီက အခွင့်အရေးတွေ ရမယ်မထင်နဲ့ … သူများပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို မင်းတို့ထင်သလောက် လွယ်မယ်မထင်နဲ့"

ငွေလထိန်ကို … ဉာဏ်သာ ဒေါသတွေဘယ်လောက်ပဲ ပေါက်ကွဲနေပါစေ … သူ့ရင်ထဲမှာ နာကျင်စူးနစ်နေတာကို သူ … လုံးဝမကျေနပ် … ဒီမိန်းမကိုမုန်းပစ်ချင်သည်။ မင်းဟန်ဆောင်နေတာ အရမ်းကြောက်စရာကောင်းတယ် … မင်းမျက်ဝန်းတွေက ရိုးသားဖြူစင်နေကိုက မရိုးသားတာဘဲ … နုနုကြွေရဲ့ညီမဖြစ်နေတာကိုပင် ဉာဏ်သာ မခံစားနိုင်လောက်ဒေါသထွက်သည်။

"မင်းအစ်မ နုနုကြွေလိုမိန်းမတစ်ယောက်ရဲ့နောင်တကို ငါ အယုံအကြည်မရှိဘူး၊ ငါ့မိတွေးက နုနုကြွေဆိုတာကို မင်းသိသိကြီးနဲ့ ငါ့ကိုမြူဆွယ်ဖြားယောင်းနေတာပဲ"

ထိန်ရှင်းပြတော့ရော ကို့ဘက်ကမှ လက်ခံစရာမရှိပေ … ထိန့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံကျလာသည်။

"တောက် … "

"ကိုကျေနပ်သလိုပြောဆိုပါ၊ ထိန်ခံပါ့မယ် … ထိန် ရိုးသားဖြူစင်စွာ ကို့ကိုချစ်တယ်ဆိုတာကို …ကိုကျေနပ်တဲ့အထိ သက်သေပြပါ့မယ်"





"မင်း … မင်း … ဘာငိုပြမနေနဲ့ … မင်းကို ငါ အစွမ်းကုန်ရက်စက်ပြမယ်၊ မင်းခံနိုင်လို့ကပေါ့ကွာ … မင်းကို နုနုကြွေညီမဖြစ်နေတာထက် … နုနုကြွေရဲ့လင်ပါသားဆိုတာ … မင်းသိသိကြီးနဲ့ အရယူခဲ့လို့ပဲ"

ငွေလထိန်ဘက်က … ကို့ကို … ဘယ်တုန်းကမှ အရယူဖို့ မကြိုးစားခဲ့ပါဘူး။ ရှောင်တိန်းဖို့ပဲ အမြဲတမ်းကြိုးစားနေတာပါ။ ကို့အနားကနေ အဝေးဆုံးကို ပြတ်ပြတ်သားသားမထွက်သွားနိုင်ခဲ့တာပဲ အပြစ်ရှိသည်။

"ထိန်နေပါ့မယ်၊ ကိုက ထွက်သွားဆိုတဲ့နေ့ကျရင် … ထိန် အသာတကြည်ထွက်သွားမှာပါ"

ကို … ဒေါသတကြီး မျက်ထောက်နီကြီးတွေနှင့်ကြည့်ပြီး ထွက်သွားသည်။ မမကြွေတက်လာပြီး ထိန့်အခြေအနေကိုမေးနေ၏။ ထိန်တို့လင်မယားကြား ဝင်မပါဖို့ပြောရသည်။

"မမကြွေသိပါတယ်၊ ထိန်လေး အရမ်းခံစားနေရမှာ စိုးရိမ်တယ်ကွယ်"

"ဟင့်အင်း … ထိန် ဘာမှမဖြစ်ပါဘူး … ကို့ကိုချစ်တယ်၊ လောလောဆယ်တော့ ကို့ခံစားချက်တွေကို နားလည်ပေးပါနော်"

"အင်းပါ … မမသိပါတယ် … ထိန်လေးက ဖြူစင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မမကြွေ စိတ်ထိခိုက်ကြေကွဲရတာပါ၊ ထိန်လေးဆန္ဒတွေအတိုင်း မမကြွေလုပ်ရပ်တွေကို ပြုပြင်နေပါပြီ"

ထိန် မငိုမိအောင်ကြိုးစားရမယ်။ မမကြွေနှင့်ကိုကြားမှာ ပြဿနာတွေမကြီးထွားစေလိုပေ ... သူမ ဒက်ဒီ့ကိုလည်းပြုစုပေးသည်။

"သမီးလေးက လိမ္မာတယ်၊ အရမ်းလည်းချောတယ်၊ ဆင်းရဲတာချမ်းသာတာက ... ပြဿနာမဟုတ်ပါဘူးကွယ် ... ကိုယ်ချစ်မြတ်နိုးတဲ့မိန်းကလေးကိုပဲ သားလက်ထပ်စေချင်တယ်၊ သမီးငွေလထိန်နဲ့က နှစ်ပေါင်းများစွာ ပေါင်းဖက်နေထိုင်ရမှာလေ"

ဒက်ဒီ့ကို ထိန်က ... မမကြွေရဲ့ညီမလေးပါဟု ပြောမပြရဲ။ မမကြွေနဲ့ထိန် ... ဝမ်းကွဲညီအစ်မဆိုပေမယ့် ... ရုပ်ရည်ချင်းကဆန့်ကျင်ဘက် ... မမကြွေလည်း မိန်းမချောတစ်ယောက်ပါပဲ။

"ကြွေလည်းလေ ... သမီးလေးငွေလထိန်ကို ချစ်တယ်၊ လိမ္မာရေးခြားရှိတဲ့ကလေးပါ။ အစ်ကိုကြီး စိတ်အေးပါနော်"

မမကြွေက ဒက်ဒီ့ကိုပြုစုတော့လည်း ငွေလထိန် စိတ်ချမ်းသာရသည်။ အရင်ကနှင့်လုံးဝမတူအောင် ပြုပြင်နေခဲ့၏။ ညရောက်တော့ ... ထုံးစံအတိုင်း ထိန် ကြမ်းပြင်မှာပဲအိပ်စက်သည်။ ကိုညဉ့်နက်မှဝင်လာပြီး အေးစက်နေတဲ့ Air Con ကို ထပ်၍အေးစက်





စေရန် လုပ်နေ၏။ ထိန့်မှာ စောင်လည်းမရှိဘူး။ ကို မအိပ်သေးဘဲ ဘဖတ်နေသည်။

"ကို ... ကျွန်မ ကော်ဖီဖျော်ထားတယ်၊ ဓာတ်ဗူးထဲမှာနော်၊ ဒက်ဒီက ကိုသောက်တတ်တဲ့အကျင့် ရှိတယ်ဆိုလို့ပါ"

"မင်း ... ငါ့ကို စကားလာမပြောနဲ့ ငွေလထိန် ... အပိုတွေလာလုပ်မနေနဲ့ ... အခု အဲဒီကော်ဖီကိုသွန်ပစ်လိုက်စမ်း"

"ကို ... "

"ပြောနေတယ်လေ၊ သွန်ပစ်"

"ဟုတ် ... ဟုတ်ကဲ့"

သူမ ... ကော်ဖီဓာတ်ဗူးလေးကိုယူပြီး ရေချိုးခန်းထဲဝင်သွားသည်။ ညဏ်သာ နာကျင်ရ၏။ တကယ်တော့ ... ထိန့်မှာအပြစ်မရှိတာကိုလည်း သူ ... သိသိကြီးပါ။ သူ့စိတ်ကမယုံတာ ... နုနုကြွေသို့မဖြစ်နေတာကိုက နာကျည်းနေခဲ့သည်။ ငွေလထိန် ပြန်ရောက်လာပြီး ... ကြမ်းပြင်မှာ ခွေခွေလေးပြန်အိပ်စက်နေ၏။ သူ တမင်ဘကော အအေးဓာတ်ကို ပို၍လွှတ်စေခဲ့သည်။

"မင်းကို ညှင်းပန်းနှိပ်စက်ရမယ်၊ နုနုကြွေလုပ်ခဲ့သမျှအားလုံး မင်းပဲ ပေးဆပ်ရမယ်"

သူ ... စားပွဲမှထကာ မီးကိုမှိတ်ပြီး ... အိပ်ရာပေါ်ပစ်လှဲချမိသည်။ အအေးက လွန်ကဲစွာအေးစက်နေပြီး ... သူပင် စောင်ထူထူ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူခြိုရသည်အထိပင် ... ငွေလထိန် သေစမ်း ... မင်းကိုယ်တိုင်က ငါ့ကိုအရယူချင်နေခဲ့တာလေ။ မင်း အစောကြီးထဲက နုနုကြွေညီမပါလို့ ရိုးသားစွာဝန်ခံခဲ့ရင် ... မင်းကို ဒီလိုအခြေအနေမျိုးအထိ ငါမပတ်သက်ဘူး။ သူ့ကို နုနုကြွေရဲ့လင်ပါသားမှန်းသိသိကြီးနှင့် ငွေလထိန် ... ဟန်ဆောင်လှည့်ဖြားခဲ့သည်ဟု ထင်မှတ်နေခဲ့သည်။

"ဟင်း ... ဟင်း ... ဟင်း ... "

ညဉ့်နက်လာတော့ ... သူမထံမှ တဟင်းဟင်းညီးညူသံလေး ကြားနေရသည်။ ထကြည့်ဖို့စိတ်ကူးမိပေမယ့် ... သူ့ဆန္ဒတွေကို ပြန်၍ချိုးနှိမ်ပစ်မိ၏။ ဥပေက္ခာတရားက သူ့နှလုံးသားတွေကို နာကျင်ကွဲအက်လုမတတ် ... ကြီးမားသောလှိုင်းတန်ပိုးကြီးတွေကဲ့သို့ ရိုက်ပုတ်နေသည်။

"မင်းက ဘာဖြစ်လို့သည်းခံနေရတာလဲ၊ မင်းအစ်မအတွက် ပေးဆပ်နေတာလား၊ ဒါမှမဟုတ် ... ငါ့ကို ထောင်ချောက်ထဲဆွဲသွင်းဖို့ မာယာလက်နက်တွေသုံးနေတာလား"

ငွေလထိန်ကိုပြေးပွေ့၍ သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်သည်။ သူ ... ချောမော့ချင်နေခဲ့၏။ Hotel ကြီးကအခန်းထဲမှာ သူမအား ကြမ်းတမ်းစွာ ချစ်ဗျူဟာဆင်ခဲ့တာတွေကို အမှတ်ရနေခဲ့သည်။





"ငါ ... မင်းကိုခွင့်လွှတ်ဖို့ မကြိုးစားနိုင်ဘူး ငွေလထိန် ... ခည်းစိမ်ဥစ္စာတွေမက်မောပြီး ဖြတ်လမ်းကနေ သူဌေးဖြစ်ချင်နေတဲ့ မင်းတို့ညီအစ်မ ... တန်ရာတန်ရာဆိုတာကို သိစေရမယ်"

သူ့ခန္ဓာကိုယ်ပေါ်မှာ ... စောင်အထူကြီးလွှမ်းခြုံထားတာတောင် အအေးဓာတ်က ခန္ဓာကိုယ်ထဲစိမ့်ဝင်ချင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"ထိန်လေး ... ထိန်"

"ဟီး ... ဟီး ... ဟီး"

"ဟင်း ... ဟင်း ... ဟင်း"

"ထိန်လေး ... ညီမလေးဖျားနေတာပဲ ... အမယ်လေး ... အခန်းကလည်း အေးစက်နေတာပဲ ... ညီမလေးကို ဟိုကောင် ဉာဏ်သာ ... တမင်နှိပ်စက်ညှင်းပမ်းနေတာပဲ"

ထိန့်ခန္ဓာကိုယ်လေးက ပူခြစ်တောက်နေသည်။ အသိတွေ ပင် ကင်းမဲ့နေ၏။ ကြွေ စိတ်ပူပင်ရသည်။

"ဉာဏ်သာ ... လူစိတ်မရှိတဲ့ကောင် ... ငါ့ညီမလေးမှာ ဘာအပြစ်မှမရှိဘူး၊ နင်လုပ်ချင်ရင် ငါ့ကိုလုပ်ပါလား ... ခွေးကောင်"

"မမကြွေ ... ဘာတွေလာပြောနေတာလဲ၊ ကို့မှာအပြစ်မရှိ



ဘူး၊ ထိန်က စိတ်ကောက်ပြီးအိပ်ပစ်တာ ... သူက အတင်းတက် ...နိုင်းပါတယ်"

"ဟင် ညည်းလေးက ယောက်ျားကိုထိတော့ ... သတိက ...ချင်းရပြီး ထပြောနိုင်သားပဲ"

"မမကြွေရယ် ... "

ကိုက ... ထိန့်အတွက်တော့ အရေးအကြီးဆုံးလူသားပါ။

"မမကြွေလုပ်ခဲ့တာတွေက ... ကို့အတွက် အရမ်းပဲနာကျင် ...ကောင်းခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ငွေလထိန်လေးရယ် ... ထားလိုက်ပါတော့ ... ထနိုင်လား"

သူမ ထကြည့်သည်။ မရပေ ... ခေါင်းက အုံခဲကိုက်နေသည်။ ...ကြွေကထူပြီး ... ကုတင်ပေါ်တင်ပေးသည်။ ထိန် မငြင်းရဲ ... ...င့်အဆင်ပြေသယောင်ဆိုပြီး မအိပ်စေရ ... မမကြွေသာသိသွား ... ပြဿနာက အကြီးအကျယ်တက်မှာပါ။

"မမကြွေ ... ဆရာဝန်ကို ဖုန်းဆက်ခေါ်ပေးမယ်နော် ... ...း‌တွေအရမ်းတက်နေတယ်၊ ထိန်လေးရယ် ... မမကြွေ စိတ် ...ကာင်းလိုက်တာ"

"အဲဒီကိစ္စအားလုံး ... မမကြွေနဲ့မဆိုင်ဘူးလို့ပဲ ထားလိုက်ပါ ... ထိန် တောင်းပန်ပါတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ထိန်လေးရယ် ... အနားယူလိုက်တော့ ... မမကြွေ ဆရာဝန်ခေါ်ပေးမယ်၊ အစ်ကိုကြီးရဲ့ မိသားစုဆရာဝန်ရှိပါတယ်"

"ဟင့်အင်း ... ဟင့်အင်း ... မခေါ်ပါနဲ့ ... ထိန် ဘာမှမဖြစ်ပါဘူး၊ ဆေးလေးပဲသောက်ပါ့မယ်၊ ဆရာဝန်ခေါ်ရတဲ့အထိ မဖြစ်ပါဘူး၊ ထားလိုက်ပါတော့"

"ငွေလထိန် ... ညည်းက သူဌေးကြီးရဲ့ချွေးမ ... သူဌေးကတော်နော် ... ငါဆင်းရဲတာပဲလို့ အောက်တန်းကျတဲ့စိတ်တွေကို ဖယ်ရှားပစ်လိုက်တော့"

ထိန်လေး ... စိတ်သဘောထား ဖြူစင်လွန်းနေသည်။ မမကြွေလည်း ထိန်လေးရဲ့ဆန္ဒအတိုင်း အကောင်းဆုံး ပြုပြင်နေထိုင်ပါတော့မယ်ကွယ် ... ဉာဏ်သာ့လိုယောကျ်ားတစ်ယောက်က ထိန်လေးခင်ပွန်းအဖြစ် ... မှီခိုအားထားသင့်ပါတယ်။ ထိန်လေး အခန်းထဲကနေ ထွက်လာခဲ့ပြီး ... ဆရာဝန်အား ဖုန်းဆက်ခေါ်သည်။

"အအေးပတ်သွားတာပဲ ... မင်း အဖျားတွေအရမ်းတက်နေတယ်"

"ထိန် ... အအေးမခံနိုင်တာပါ"

"အအေးဓာတ်ကို လျှော့လေ ... ဉာဏ်သာကလည်း အအေးသိပ်မကြိုက်ပါဘူး"





ထိန် ငြိမ်သက်နေမိသည်။ ကို ... တမင်လုပ်တာကို ထိန်သိသည်။ မမကြွေက ... ထိန့်ကို သနားကြင်နာစွာကြည့်၏။ ကို့ကိုတော့ အပြစ်မတင်စေချင်ပေ ... မမကြွေလုပ်ရပ်က ဘယ်လောက်အထိနာကျည်းစရာကောင်းလဲ ... ကို့ဘက်က သူမ အကာအကွယ်ပေးရမည်ဖြစ်သည်။

"ထိန်လေး ... အနားယူနေနော်၊ အဖျားထပ်တက်လာရင် ထိန်လေး မမဆီဖုန်းဆက်"

"ဟုတ်ကဲ့ပါ"

"ပေမနေနဲ့ ကောင်မလေး"

"အင်းပါ"

သူမ မြန်မြန်နားအေးသွားစေရန် ... ခေါင်းလေးကိုပဲ ညိတ်ပြလိုက်သည်။ မမကြွေပြန်သွားမှ ထိန် အိပ်ရာပေါ်ကနေဆင်းပြီး ကြမ်းပြင်ပေါ်မှာ အိပ်စက်လိုက်၏။ ကြမ်းပြင်ဆိုပေမယ့်လည်း ကော်ဇောတွေခင်းထားတာပါ။

"ကိုရယ် ... ထိန် ဘယ်လိုဆက်လုပ်ရတော့မလဲ၊ ထိန့် နှလုံးသားတွေ အရမ်းနာကျင်ရပါတယ်"

မမကြွေက ... မကြာခဏဝင်လာကြည့်တတ်၍ ... ထိန် အိပ်ရာပေါ် ပြန်ပြန်အိပ်ရသေးသည်။ အဖျားကကျသွားပေမယ့် ထိန့် ခေါင်းတွေ ကိုက်ခဲနာကျင်နေဆဲဖြစ်၏။ အခိက မမကြွေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝင်လာတဲ့အချိန်မှာ ကို့ကို နာကျည်းမှုတွေပြန်မဝင်စေချင်ပေ … ထိန် အပြုံးအရယ်လေးနှင့် ပြောဆိုရသည်။ မမကြွေ ပြန်ထွက်သွားသည်နှင့် ထိန် … ကြမ်းပြင်မှာ ပြန်ခွေနေမိ၏။ ညနေစောင်း … မမကြွေ ဆေးအတင်းလာတိုက်ပြီး … ထိန့်ကို အတင်းအကြပ်အိပ်ရာပေါ်ပြန်အိပ်စေကာ … စောင့်နေ၏။ ထိန်လည်း အိပ်ချင်ယောင်ဆောင်နေရင်း အိပ်ပျော်သွားလေသည်။

"ငွေလထိန် … ဟေ့ … ငွေလထိန် … မင်းကများ ရာရာစစ ငါ့ကုတင်ပေါ်လာအိပ်နေရတယ်၊ ထစမ်း"

သူမခန္ဓာကိုယ်လေး ကြမ်းပြင်ပေါ်ဆွဲချခံလိုက်ရ၍ သူမလန့်နိုးသွားသည်။

"ဟင် … ကို"

"မင်းဘာလုပ်တာလဲ … ဒီအိပ်ရာပေါ် တော်တော်အိပ်ချင်တယ် ဟုတ်လား … ထွီ … သနတယ်"

"ထိန် တောင်းပန်ပါတယ်နော် … မမကြွေက အတင်းအိပ်ခိုင်းလို့ … ဟန်ဆောင်ရင်း အိပ်ပျော်သွားတာပါ ကို"

"ဘာ … ဘာပြောတယ်၊ နုနုကြွေဝင်တယ် ဟုတ်လား … မင်းကို ဒီကုတင်ပေါ်အတင်းတင်တယ် ဟုတ်လား"

"ကျွန်မ နေမကောင်းလို့ပါ၊ ဆရာဝန်တောင်ခေါ်ရတယ်၊ မမကြွေက ဆေးလာတိုက်တာပါ"





"တောက် …"

"ကျွန်မ … ဒီအိပ်ရာခင်းတွေ လဲပေးမယ်နော် ကို"

ထိန် … ဗီရိုထဲကအိပ်ရာခင်းအသစ်တွေ ထယူမယ်ပြင်တော့ … ခေါင်းထဲမှာ မိုက်ကနဲပြာဝေသွားသည်။

"အား …"

သူ … ဆတ်ကနဲလှည့်ကြည့်ပြီး အကြည့်တွေကို ချက်ချင်းပြန်လွှဲပစ်သည်။

"ငါ့ရှေ့မှာ မူယာတွေဘာပြမနေနဲ့ ငွေလထိန် … ငါက သနားတတ်တာမဟုတ်ဘူး၊ ငါ့အိပ်ရာခင်းကို အမြန်အသစ်လဲပေးဖယ်လိုက်တဲ့ဟာတွေ မီးရှို့ပစ်လိုက် … သနတယ်"

သူမ … ထသွားသည်။ ငွေလထိန်ကိုကြည့်ရတာ ဖြူဖတ်ဖြူရော်နှင့် အားနည်းနေတာသိနေပေမယ့် … ငွေလထိန်ကို အကြင်နာအယုယတွေလုပ်ဖို့ ဝန်လေးနေမိ၏။ နုနုကြွေနှင့်ပေါင်းပြီး သူတို့သားအဖရဲ့စည်းစိမ်ဥစ္စာတွေ အရချိုင်ဖို့ကြံစည်နေကြသူတွေဟု သံသယကြီးစွာ ဝင်နေသေးသည်။

"ငွေလထိန် … မင်းကို ငါချစ်နေသေးတာပဲ … ငါ့ကိုယ်ငါမကျေနပ်ဆုံးပဲကွာ … မင်း ဟန်ဆောင်လိမ်ညာနေတာပါ"

ငွေလထိန် … အိပ်ရာခင်းတွေလဲပေးနေသည်။ တကယ်တော့ … ငွေလထိန်ကို သူ့နှလုံးသားတွေထဲမှာ ချစ်နေဆဲပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအချက်ကို သူ လက်မခံနိုင် ... နုနုကြွေညီမဖြစ်နေတာကို မုန်းစရာပါ။ သူ့စိတ်တွေကိုထိန်းချုပ်ဖို့က ခက်ခဲနေသည်။ သူ ကလပ်မှာ အရက်တွေသောက်ပြီး ... ညဥ့်နက်မှပြန်လာခဲ့ ငွေလထိန်ကို ဘယ်လို ထပ်ပြီးနှိပ်စက်ရမလဲ။ နုနုကြွေ သေ သွားတဲ့အထိ ... နုနုကြွေနဲ့ထိန် ... တစ်ယောက်ကိုတစ်ယော ချစ်ခင်တွယ်တာကြတာလည်း သူသိထားသည်။

"ကို ... အိပ်လို့ရပါပြီ၊ ကို့ကျန်းမာရေးအတွက် အအေး ကို လျှော့ဖွင့်ပါနော်၊ ကိုက အအေးမကြိုက်ဘူးဆိုတာ ... ကျွန် သိပါတယ်"

"မင်းပါးစပ်ကို ပိတ်ထားစမ်း ငွေလထိန် ... ငါ့ကို လာ ကြင်နာပြမနေနဲ့ ... အလကားမာယာတွေ"

"ဆရာဝန်ကပြောသွားလို့ပါ ... ထိန့်ကိုနာကျင်စေချင် တခြားနည်းလမ်းတွေနဲ့ နှိပ်စက်ပါနော် ... ကို့ကိုထိခိုက်စေ နည်းနဲ့တော့ လက်တုံ့မပြန်ပါနဲ့နော်"

"တောက် ... "

ဉာဏ်သာ့ဒေါသတွေ ပေါက်ကွဲရသည်။ ဘာတွေလဲ ... မိန်းမ ဘာကြောင့်ပလီပလာစကားတွေ လာပြောနေရတာလဲ။ အအေးခာတ် ပိတင်ပစ်သည်။ မင်းသေစမ်း ... အပိုတွေ ... အစ်မကြောင့် ငါ့ဒက်ဒီသေရတော့မယ်။ မင်းလည်း ငါ့ကြောင့်





လေ။ တကယ်တမ်းအပြစ်မရှိဘူးဟု ပြောကြကြေးဆိုရင် ... ဒက်ဒီ မှာလည်း အပြစ်မှမရှိဘာ ... နုနုကြွေကိုအထင်သေးပြီး အဖက် တောန်သလိုလုပ်ခဲ့တာက သူပဲလေ ...

"ကို ... "

"တော်ပြီကွာ ... နားငြီးတယ်"

သူ ...

အရက်ပုလင်းယူပြီး လသာဆောင်ဘက် ထွက်လာခဲ့သည်။

"အအေးကို လုံးဝမလျှော့နဲ့နော် ... ငါ့ဆန္ဒအတိုင်းပဲ နေစမ်း ပါ"

သူ ... အပြင်ထွက်လာပြီးမှ ... လသာဆောင်မှာ အရက် သောက်သည်။ တစ်ချက်တစ်ချက်တော့လည်း သူမှားသွားပြီလား ဟု အတွေးဝင်ချင်လာ၏။ နုနုကြွေညီမဆိုတဲ့စွတ်စွဲချက်ကြီး သတိရ လာတဲ့အခါ အရက်ကိုပဲ တစ်ခွက်ပြီးတစ်ခွက်သောက်ပစ်သည်။

"သေပစေကွာ ... အလကားမိန်းမလယ်တွေ ... ဒီလိုပေ တောပြီး တွယ်ကပ်နေတာကိုက မရိုးသားဘူး၊ နုနုကြွေနဲ့ တကြိတ်ထဲ တစ်ဉာဏ်ထဲပဲ"

အပြင်မှာလည်း ဆောင်းကာလဆိုတော့ ... အေးစိမ့်နေ တယ်။ သူကိုယ်တိုင် အအေးမကြိုက် ... မကြာခဏ အအေးပတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျားနာတတ်သည်။ ငွေလထိန်ရော ... အေးခဲတောင့်တင်းနေ
လား။ ငွေလထိန်အတွက် ... မစဉ်းစားဘူးလို့တင်းခံနေပေမ
စိတ်တွေ ပူလောင်နေသည်။

"မင်းဉာဏ်သာ"

"ဟင် ... မင်း ... မင်း ဘာလာလုပ်ပြန်ပြီလဲ နုနုကြွေ"

"ရှင်နဲ့စကားပြောစရာရှိလို့ပါ၊ ဒီမှာဉာဏ်သာ ... အပြစ်ကျ
လွန်တာက ငါလေ ... ငွေလထိန်မှမဟုတ်တာဘဲ"

"ဘာပြောတယ် နုနုကြွေ ... မင်းကရော အပြစ်လုပ်တာ
ငါ့ဒက်ဒီလား၊ ငါလေ ... ငါ့ဒက်ဒီကိုအရယူပြီး စိတ်သောက
ရောက်အောင်လုပ်ခဲ့တာ ငါ့ဒက်ဒီမဟုတ်ဘူးကွ"

"ဟုတ်ပါတယ်၊ ငါမှားတယ် ... ငါတောင်းပန်ပါတယ်
အကျင့်စရိုက်တွေကိုပြုပြင်ဖို့ ကတိပေးတယ် ... ငါ့ညီမလေ
ငွေလထိန်ကိုတော့ မနှိပ်စက်ပါနဲ့ ဉာဏ်သာ"

"ဟား ... ဟား ... ဟား ... နင့်ညီမထိလို့လား၊ ဟား
ဟား ... ဟား ... နင် ဘယ်တုန်းက ကိုယ်ချင်းစာတရားတွေရ
တာလဲ၊ ဟား ... ဟား ... ဟား ... "

"ကြွေတောင်းပန်ပါတယ် ဉာဏ်သာ ... ဒီကိစ္စတွေ အကုန်
သိသွားရင်လည်း စိတ်ထိခိုက်ရလိမ့်မယ်၊ ဆင်ခြင်ရအောင်ပါ"

"နင် ... အပိုတွေလာပြောမနေနဲ့ နုနုကြွေ ... ငါ





ယုံကြည်မယ်ထင်နေလား ... နင်က အကျင့်မကောင်းတဲ့မိန်းမပဲ
နင့်ညီမကလည်း ငါ့ကို မာယာတွေနဲ့ ချဉ်းကပ်ဖြားယောင်းခဲ့တာပဲ"

"ငွေလထိန်မှာ ... အဲဒီလိုအကျင့်စရိုက်မျိုး လုံးဝမရှိပါဘူး
ဉာဏ်သာ ... ငါ့လုပ်ရပ်တွေကိုမကြိုက်လို့ ကန့်ကွက်ပြီး ... ငါ့
အထောက်အပံ့တောင် မယူခဲ့ဘူး၊ သူ့ဘဝ သူရုန်းကန်နေတာပါ"

ကြွေလည်း နောင်တရနေပါပြီ။ လောလောဆယ် ... ကြွေ
လည်း အသဲကင်ဆာဆိုတဲ့ဝေဒနာကြီးကို စတင်ခံစားနေရသည်။
အသဲခြောက်စပြုနေပြီဖြစ်၏။ ဘယ်သူ့ကိုမှ အသိမပေးချင် ...
ကြိတ်မှိတ်ခံစားရင်း ... ညီမလေးငွေလထိန်ရှေ့ရေးအတွက် စိတ်
အေးချင်နေခဲ့သည်။

"ငါ ... အနူးအညွတ်တောင်းပန်ပါတယ် ဉာဏ်သာ ... ငါ့
ညီမလေးအပေါ် လက်တုံ့မပြန်ပါနဲ့ ... နင်မပေါင်းချင်ဘူးဆိုရင်
ကွာရှင်းပေးပါ"

"နင် ... နင် ငါ့ကိစ္စတွေမှာဝင်မပါနဲ့ နုနုကြွေ ... နင့်ညီမကို
မထိခိုက်စေချင်ရင် ငါ့ဒက်ဒီကိုကွာလေ ... နင်လိုချင်တာယူပြီး
ထွက်သွား"

"နင့်ဆန္ဒအတိုင်း ငါကထွက်သွားမှာပါ ဉာဏ်သာ ... နင်သာ
ငါ့ညီမလေးကို မနှိပ်စက်ဘူးလို့ကတိပေးပါ"

ငါက သေရမယ့်သူပါ ဉာဏ်သာ ... နင်မောင်းမထုတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငါက ထွက်ခွာသွားရမယ့်လူတစ်ယောက်ပါဟာ ...

"ငါတို့လင်မယားကိစ္စပါ၊ နင်ပဲ ငါ့ဒက်ဒီအနားကနေထွက်သွားစမ်းပါ၊ ငါ့ရှေ့မှာ သူတော်ကောင်းယောင်ဆောင်မနေစမ်းပါနဲ့ ငါ့ဒေါသတွေမပေါက်ကွဲခင် ထွက်သွား"

"ငါ့ညီမလေးကို မနှိပ်စက်ပါနဲ့ ဉာဏ်သာ ... ဖြူစင်သူလေးပါ၊ ငါတောင်းပန်ပါတယ်"

နုနုကြွေ ... ပြောရင်း မိုက်တွေအောင့်လာပြီး မောပမ်းနွမ်းနယ်လာကာ ... အသက်ပင်ရှူလို့မဝတော့ ... ဉာဏ်သာ့ရှေ့မှာ လဲပြိုကျသွားမှာစိတ်ပူပြီး သူမ ပြန်ထွက်လာခဲ့သည်။

"ထိန်လေးက အရမ်းဖြူစင်ပါတယ် ... ကြွေ့ကိုလည်း မကောင်းတဲ့အကျင့်စရိုက်တွေကို ပြုပြင်ဖို့ အကြိမ်ကြိမ်တောင်းဆိုနေသူပါ၊ ဉာဏ်သာ့အပေါ်လည်း အရမ်းချစ်မြတ်နိုးပါတယ်"

နုနုကြွေ ပြန်ထွက်သွားသည်။ ဒီမိန်းမကိုတော့ ဉာဏ်သာ လုံးဝမယုံကြည်မိ ... မုယာမာယာ အလိမ်အညာတွေနဲ့ ဒက်ဒီ့ကို ချုပ်ထားခဲ့၏။ ဘာတွေလဲ ... မင်း ... ငွေလထိန်ကိုလက်ထပ်လူခဲ့တာ အမှားကြီးမှားတာပဲ ဉာဏ်သာ ... ဘာပဲဖြစ်ဖြစ် ငွေလထိန်က မင်းအချစ်ကိုငြင်းပယ်နေခဲ့တာပဲ ... အဲဒါ မာယာလို့ မင်းထင်တာလား။ အခုလောက်ဆိုရင် ... ငွေလထိန်တစ်ယောက် ရေခဲတုန်း





များဖြစ်နေပြီလား ... စိတ်ကပူလာသည် ... ကြမ်းပြင်ပေါ်မှာ ငွေလထိန်က ခွေခွေလေးအိပ်စက်နေ၏။ သူမခန္ဓာကိုယ်လေးက တဆတ်ဆတ်တုန်ယင်နေသည်။

"ငါ့ညီမလေးမှာ အပြစ်မရှိပါဘူး ဉာဏ်သာရယ် ... အရမ်းဖြူစင်ပါတယ်၊ နင့်ကိုလည်း အရမ်းချစ်ပါတယ်"

နုနုကြွေအသံတွေကို ပြန်ကြားယောင်လာသဖြင့် ... အလကားအလိမ်အညာတွေဟု တွေးမိသွားသည်၊ သူ့ကုတင်ပေါ်မွေ့တင်ပြီး ဖက်ထားချင်တဲ့ဆန္ဒတွေ ပြင်းပြင်းပြပြပေါ်နေပေမယ့် ... ဒီမိန်းမတွေကို ယုံကြည်လို့မဖြစ်ဘူးဆိုတဲ့အတွေးက ဝင်လာ၏။ ဒါပေမဲ့ စောင်ထူထူတစ်ထည်ယူပြီးတော့ ငွေလထိန်ကိုယ်လေးပေါ်တော့ ခြုံပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"ကိုရယ် ... ထိန့်ကိုအထင်မလွဲပါနဲ့နော် ... ထိန်လေ ချမ်းသာတဲ့ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး စည်းစိမ်ဥစ္စာ တွေကို လုယူချင်တာမဟုတ်ပါဘူးနော် ... ထိန် မလိမ်ပါဘူး"

"ဟီး ... ဟီး ... "

"ဟင်း ... ဟင်း ... "

သူမရဲ့ညီးညူသံကြောင့် ... ဉာဏ်သာ စိုးရိမ်တကြီးကြည့်မိ သည်။ ငွေလထိန်က ယောင်နေတာပဲ ... တဟင်းဟင်းနှင့် အဖျား တွေတက်နေပုံပင် ... ဉာဏ်သာ ... အိပ်နေရာကနေရပ်မိ၏။ ငွေလထိန်ကိုပွေ့ထူပြီး ... ကုတင်ပေါ်တင်ပေးရင် ကောင်းမလား ဘဲ ... ဒါပေမဲ့ ဉာဏ်သာမလှုပ် ... အေးစက်နေတဲ့အခန်းကိုတော့ နွေးထွေးလာစေရန် Air Con ကို ပိတ်ပစ်လိုက်သည်။





"ဟီး ... ဟီး ... ချမ်းတယ် ... မမကြွေအတွက် ထိန် ဘယ်လိုပဲဖြစ်ဖြစ် ပေးဆပ်ပါ့မယ်၊ ကို ... ကိုရယ်"

ငွေလထိန်ကို ... သူ ကြည့်မိနေသည်။ အဖျားတွေ တဟင်း ဟင်းတက်နေ၏။ သူ ... ဘယ်လိုလုပ်ပေးရမလဲ။ သူချစ်မြတ်နိုးရတဲ့ မိန်းကလေးအပေါ် ရက်စက်ရာကျနေပြီလား။

"ညီမလေးမှာအပြစ်မရှိပါဘူး ဉာဏ်သာ ... အရမ်းဖြူစင်ပါ တယ်၊ ငါ့ညီမလေးကိုတော့ မနှိပ်စက်ပါနဲ့"

နုနုကြွေက တောင်းပန်နေသည်။ ဒက်ဒီ့ကိုလည်း ဂရုစိုက် မြူစုနေသည်။

"ဟီး ... ဟီး ... ဟီး"

"ကိုရေ ... ဟင်း ... ဟင်း ... ဟီး ... ဟီး ... ချမ်းတယ်၊ ဘျွန်မကိုဖက်ထားပေးပါ၊ ချမ်းလို့ပါနော်"

ငွေလထိန်ကို လုံးဝမယုံ ... နုနုကြွေညီမဖြစ်နေ၍ ဖြစ်သည်။ နှုတ်ခမ်းဖူးဖူးလေးတွေက ခြောက်သွေ့ကွဲအက် ဖြူရော်နေ၏။ ချောမောလှပပြီး မာနတွေပြည့်နှက်နေတဲ့ ငွေလထိန် ...

"မမကြွေ ... မမကြွေရေ ... ထိန်ကြောက်တယ် ... ဟီး"

သူ ... လုံးဝကြည့်မနေနိုင်တော့ဘဲ ငွေလထိန်ခန္ဓာကိုယ် လေးအားပွေ့၍ သူ့အိပ်ရာပေါ်တင်ပေးလိုက်သည်။ ကိုယ်ခန္ဓာက ဒူခြစ်တောက်နေ၏ ... သူ့အသက်ကို ကယ်တင်ထားခဲ့ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေလထိန် ...

"ညှို့သည် ... အရမ်းပေါ့ပျက်ပျက်မနေပါနဲ့ ... ရှင်သေသွားလိမ့်မယ်၊ အရက်တွေ အလွန်အကျွံသောက်တာ မကောင်းဘူးနော်"

ငွေလထိန်ရဲ့ ညှို့သည်ဆိုတဲ့ပြောဆိုသံလေးကို သူ ... ပြန်၍ကြားယောင်လာသည်။ သူ့ရင်တွေ နွေးထွေးသွားရ၏။ ငွေလထိန်မျက်နှာလေးက အားအင်တွေ ဆုတ်ယုတ်ညှိုးရော်နေသည်။

"ထိန်ရယ် ... တကယ်တော့ ... မင်းကို ကိုယ်အရမ်းချစ်ပါတယ်၊ အခုလည်း ကိုယ် ဘယ်လိုမှကွာရှင်းမပေးနိုင်ပါဘူး၊ ကိုယ့်ကံကြမ္မာကို ကိုယ်အရမ်းမုန်းတာပဲ"

နုနုကြွေကို သွားပြောပြရင်ကောင်းမလားဘဲ ... ဒက်ဒီသိသွားရင် စိတ်ပူမှာလည်း သူ ... စိုးရိမ်သည်။ ငွေလထိန်ထံမှ ညီးညူသံလေး ငြိမ်သက်သွားတော့ ... သူ စိုးရိမ်တကြီးခေါ်မိနေ၏။ ငွေလထိန် အသံကထွက်မလာ ... သူ ... အလွန်အမင်းစိတ်ပူသွားရကာ ... မိသားစုဆရာဝန်ထံ ဖုန်းဆက်ခေါ်လိုက်သည်။ နုနုကြွေလည်း ရောက်လာ၏။ သူ ... အပြင်ထွက်လာခဲ့သည်။

"ဉာဏ်သာ ... ညီမလေး ဘာဖြစ်လို့လဲ ... နင် တော်တော်ရက်စက်တဲ့ကောင်ပဲ"

ဉာဏ်သာ့အား ဘာမှပြောမနေတော့ဘဲ ... ငွေလထိန်ခန္ဓာကိုယ်လေးအား ထွေးပွေ့ထားရင်း သတိရလာရန်ပြုစုပေးနေမိ





သည်။ ဆရာဝန်ရောက်လာတော့ ... အအေးပြန်ပတ်တာဟုပြောပြီး ဆေးကုသပေးခဲ့၏။ ငွေလထိန်လေး သတိပြန်ရလာသည်။

"ထိန်လေး"

"ဟင် ... မမကြွေ"

"ထိန်လေးရယ် ... ညီမလေးကို သနားလိုက်တာ ... ဖြစ်မှဖြစ်ရလေ၊ အရမ်းပိန်ချုံးနေတာပဲ"

"မမကြွေ ... ထိန် ဘာမှမဖြစ်ပါဘူး၊ အဖျားမပြတ်သေးတာပါ။ သူက ... ထိန့်ကိုပြုစုပေးပါတယ်၊ မမကြွေညီမဆိုတော့လည်း ခံနိုင်ရည်နာကျည်းမှုတွေတော့ ရှိနေမှာပါပဲ"

"ထိန်လေးရယ် ... ဒီကောင့်အပေါ် ... ဘာဖြစ်လို့များ ဒီလောက်အထိ သံယောဇဉ်တွယ်နေရတာလဲ၊ မမကြွေကတော့လေ ကွာရှင်းစေချင်တယ်"

"ရှင် ... "

ထိန့်မျက်ဝန်းလေးတွေက ... စိုးရိမ်ထိတ်လန့်သွားရသလို မျက်ရည်တွေလည်း ရုတ်ချည်းပြည့်တက်လာသည်။

"ညီမလေးကို ... ထိခိုက်နာကျင်မှုတွေ မဖြစ်စေချင်တာပါ။ မမကြောင့် ညီမလေးခံနေရတယ်၊ ညီမလေးကွာရှင်းလိုက်ပါ၊ မမကြွေအပေါ် ဉာဏ်သာ့အမုန်းတွေက ဘယ်တော့မှပြေပျောက်သွားမှာမဟုတ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ … အတွယ်တာဆန်ခဲ့တာတွေကို ကြွေကိုယ်တိုင်လည်း နောင်တတွေရနေပါပြီ။ ထိန်လေးကို စိတ်မချဖြစ်နေရ၏။ ဥာဏ်သာနဲ့ကွာရှင်းစေချင်တယ်။ ညီမလေးထိန်ဘဝကို တည်ဆောက်ပေးချင်သည်။

“ကိုယ်က … ထိန့်ကို ဘယ်လောက်ပဲနှိပ်စက်နေပါစေ … ထိန်ကျေနပ်ပါတယ် မမကြွေရယ် … ကို့ကို ထိန်မခွဲနိုင်ပါဘူး၊ အရမ်းချစ်မိနေလို့ပါ”

ထိန့်ကို ဘယ်လိုပြောရမလဲ … ကြွေကလည်း သေရတော့မယ်။ အပြစ်ကင်းမဲ့သူလေးကိုတော့ ထိခိုက်နာကျင်မှုတွေ မဖြစ်စေလိုပေ …

“ချစ်ခြင်းမေတ္တာဆိုတာ … အသွားအပြန်ရှိပါတယ် မမကြွေရယ် … ထိန် စောင့်နိုင်ပါတယ်”

“ညီမလေး နေကောင်းအောင်နေပါ၊ မမကြွေလည်း စိတ်မချဘူး၊ အဟွတ် … ဟွတ် … အဟွတ်”

“ဟင် … မမကြွေရော နေကောင်းရဲ့လား … ချောင်းတွေအရမ်းဆိုးတယ်”

“မမ ဘာမှမဖြစ်ပါဘူး ထိန်လေးရယ် … ညီမလေး ကြမ်းပြင်မှာမအိပ်ပါနဲ့ … ကုတင်ပေါ်မှာပဲ အိပ်ပါနော်”

“အင်း … ”





“မမသွားပြီ … အကိုကြီးလည်း သိပ်နေမကောင်းဘူး”

“မမကြွေ”

“ပြော”

“ဒက်ဒီ့ကိုတော့ ကြင်ကြင်နာနာနဲ့ ပြုစုယုပေးပါ”

“အေးပါဟယ်”

ကြွေ … ချက်ချင်းထပြီး … သူမအိပ်ခန်းထဲ ပြေးဝင်လာခဲ့သည်။ ချောင်းတွေက အရမ်းဆိုးလာပြီး သွေးတွေပါလာခဲ့၏။ အကိုကြီးကိုရော … ညီမလေးကိုပါ အသိမပေးလိုပေ … ထိန်လေးကို စိတ်မချဘူး။ သောက်နေကျဆေးကို ယူပြီးသောက်၍ မျက်ဝန်းတွေကို မှိတ်ထားလိုက်ရသည်။

“ငါ … ဝဋ်တွေပြန်လည်နေပြီထင်တယ် ဥာဏ်သာရယ် … ငါ့အပြစ်တွေ ဘာဖြစ်လို့များ ထိန်လေးပေါ် ကျရောက်နေရတာလဲ”

ကြွေ … ဘယ်တော့မှမျက်ရည်မကျခဲ့ … ခေါင်းကျော်မာသူဖြစ်သည်။ အတ္တကြီးခဲ့၏။ ဆင်းရဲသားဘဝကို မုန်းလွန်းခဲ့သူပါ။ ထိန်လေးကတော့ … ဘဝမှန်ကိုနှစ်သက်သူ … ထိန်လေးကိုကယ်တင်ပေးချင်ပါတယ်။ ဥာဏ်သာ့အမြင်တွေ ရှင်းလင်းသွားအောင် ကြွေလုပ်ဆောင်ပေးချင်သည်။

“အဟွတ် … အဟွတ် … အမယ်လေး မောလိုက်တာ … အကိုကြီးဆီကို သွားဦးမှပဲ”



www.burmeseclassic.com

www.burmeseclassic.com



အကိုကြီးနေမကောင်းဖြစ်ထဲက သူမနှင့် တစ်ခန်းစီခွဲအိပ်ကြတာပါ။ အကိုကြီးက အတူတူလာပြန်အိပ်ဖို့ခေါ်ပေမယ့် ... ကြွေ နေမကောင်းဖြစ်နေ၍ မအိပ်စက်ပေ ... အကိုကြီးအိပ်ခန်းထဲ ဝင်လာခဲ့သည်။

"အကိုကြီး ... နေကောင်းရဲ့လားဟင် ... ညီမလေးထိန် အားငယ်မှာစိုးလို့ ကြွေအားပေးနေတာပါ"

"ကောင်းတယ် ကြွေ ... ယောက္ခမနဲ့ချွေးမ သင့်မြတ်တာ ကောင်းပါတယ်၊ အကိုကြီးစိတ်ချမ်းသာတယ်"

"အကိုကြီး ဆေးသောက်ရအောင်နော်"

"ကြွေ့ကိုကြည့်ရတာလည်း အားမရဘူး၊ အကိုကြီးသားတ စိတ်ထိခိုက်ကြေကွဲအောင် လုပ်နေပြီထင်တယ်"

"ဟင့်အင်း မလုပ်ပါဘူး၊ ညဏ်သာငြိမ်နေပါတယ်၊ အကိုကြီးသာ နေကောင်းအောင်နေပါနော်"

"ကြွေ ..."

"ရှင် ..."

"အခုတလော အကိုကြီးနေမကောင်းဘူး၊ အရမ်းမောနေတယ်၊ အကိုကြီး တစ်ခုခုဖြစ်သွားရင် ကြွေဒုက္ခရောက်မှာ အကိုကြီးစိတ်ပူတယ်၊ အကိုကြီးမှာ သားမသိတဲ့ခြံတစ်ခြံရှိတယ်၊ အဲဒါကို ကြွေနာမည်နဲ့ အကိုကြီးပြောင်းပေးထားတယ်၊ အကိုကြီး လူလောက





ကြီးထဲမှာမရှိတော့တာနဲ့ ရှေ့နေက ကြွေ့ကို ဆောင်ရွက်ပေးလိမ့်မယ်"

"အကိုကြီးရယ် ... ဘာတွေလုပ်နေတာလဲ၊ လူတွေအားလုံးက သေမျိုးတွေပါ၊ အကိုကြီးအရင်တောင် ကြွေကသေချင်သေမှာလေ ... အရမ်းစိတ်မပူပါနဲ့ ... ကြွေ မလိုချင်ပါဘူး၊ ညဏ်သာ့နာမည်နဲ့ပဲ ထားပါ"

"အကိုကြီးစိတ်ချမ်းသာအောင်တော့ ကြွေလက်ခံပါ"

အကိုကြီးရယ် ... ကြွေတောင် အရင်သေရမလားဘဲ ... ကြွေ မဟန်နိုင်တော့ပါဘူး။ ကြွေ နောင်တရတဲ့အချိန်ကျမှ ဘာဖြစ်လို့များ ဆိုးရွားတဲ့ကံကြမ္မာတွေက ရောက်ရှိလာရတာလဲ ...

"ဒီည ... အကိုကြီးနဲ့အတူတူ ကြွေလာအိပ်ပေးမယ်နော်"

"ကြွေ့ကို သားက အသက်အရွယ်ချင်းတူနေတော့ မိထွေးအရာထားရမှာ လက်မခံနိုင်ဖြစ်နေတာပါ၊ ကြွေ စိတ်သဘောထားပြည့်စုံတာ ... အကိုကြီးသိပါတယ်"

"အကိုကြီးရယ်"

ကြွေ့အကြောင်း ကြွေအသိဆုံးပင် ... အကိုကြီးအပေါ်မှာ အချစ်ကြီးချစ်လို့မဟုတ် ... ချမ်းသာချင်တာရယ် ... ညဏ်သာ့ကို လက်စားချေချင်တာရယ်ကြောင့် ဖြစ်သည်။ အကိုကြီးကို သနား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ... ကြွေနှင့်ဉာဏ်သာကြားမှာ အကိုကြီး စိတ်သောက တွေ အကြီးအကျယ်ခံစားခဲ့ရရှာသည်။

"အကိုကြီးစကားတွေကို ကြွေ နားထောင်ပါ၊ အကိုကြီးရဲ့ ဇနီးတစ်ယောက်အနေနဲ့ ကြွေလည်း ခံစားသင့်ပါတယ်လေ ..."

အကိုကြီးရင်ခွင်ထဲပြေးဝင်ပြီး ဖက်တွယ်ထားမိသည်။ ကြွေလည်း သေရတော့မှာပါ။ အကိုကြီးရယ် ... ကြွေ ငိုချင်နေ၏။ ကြွေနှင့်အကိုကြီး စကားတွေအများကြီးပြောဖြစ်သည်။

"အကိုကြီး မောနေပြီမယ်နော် ... အနားယူပါတော့ ... ကြွေ့ကို စိတ်ချပါ၊ ဉာဏ်သာကျေနပ်ရင် ကြွေလည်းကျေနပ်ပါတယ် အဲဒါကိုတော့ အကိုကြီးယုံကြည်ပေးပါနော်"

"ယုံပါတယ်၊ အချစ်တစ်ခုတည်းနဲ့ပဲ အကိုကြီး အားလုံးကို ယုံကြည်လိုက်ပါတယ်"

အကိုကြီးရင်ခွင်ထဲမှာ ကြွေ အိပ်ပျော်သွားသည်။

"ကြွေ ... ကြွေ ထပါ ... အကိုကြီးမောတယ်၊ အရမ်းမောတယ်"

"ဟင်"

ကြွေ ... လူးလဲထပြီး ဆရာဝန်ကိုဖုန်းဆက်တာ ဖုန်းပိတ်ထားသည်နှင့်တိုးနေသည်။





"အကိုကြီး ... ဆေးရုံကိုသွားမှဖြစ်မယ်၊ ဉာဏ်သာလည်း ပြန်မလာသေးဘူးထင်တယ်၊ ကုမ္ပဏီလုပ်ငန်းတွေက ဦးစီးနေရတော့ အလုပ်များတယ်လေ ... ကြွေ ကားမောင်းပို့ပါမယ်"

"နေ ... နေ အကိုကြီးကို အောက်စီဂျင်တပ်ပေးပါ"

"ဟုတ်ကဲ့"

သူမ အောက်စီဂျင်တပ်ပေးဖို့လုပ်တော့ ... အောက်စီဂျင်က ကုန်နေသည်။ ကြွေ ပေါ့လျော့တာပဲ ... ဘယ်လိုလုပ်ရမလဲမသိတော့ ... ထိန်လေးကလည်း နေမကောင်းဘူး။ ဉာဏ်သာ့ကားသံ ကြားရသေး၍ ဉာဏ်သာပြန်မရောက်သေးဘူးဟု ထင်မိသည်။

"အကိုကြီး ခဏလေးနော် ... အောက်စီဂျင်နည်းနေလို့ ကြွေ လှမ်းဖုန်းဆက်ရဦးမယ်၊ ဆေးရုံကားဆီလည်း ဖုန်းတွေဆက် မယ်"

"ကြွေ"

"ဟင်"

"သားကိုစောင့်ရှောက်ပေးပါကွာ"

"အကိုကြီး"

အကိုကြီး ငြိမ်သက်သွားသည်။ ဘုရားရေ ... ကြွေ ဘယ်လို လုပ်ရမလဲ ... မထင်မှတ်ဘဲနှင့် ဉာဏ်သာက ဒက်ဒီ့အခန်းထဲဝင်လာသည်။

"ဒက်ဒီ ... ဘာဖြစ်တာလဲ ... ဒက်ဒီ ... ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာကတော့ ... ထုံးစံအတိုင်း သူ ... ဘယ်အချိန်မ… ရောက်ရောက် ဒက်ဒီ့ကိုဝင်တွေ့ ... သတင်းမေးနေကျဖြစ်၍ ဝင်… လာနှုတ်ဆက်တော့ ... ဒက်ဒီ အသက်မရှိတော့ပေ။ အနားမှာရှိနေ… တဲ့ နုနုကြွေအား မီးတောက်မတတ်မျက်ဝန်းတွေနှင့် ကြည့်မိသည်…

"နုနုကြွေ ... နင် ဘယ်လိုလုပ်ပြီး ဒီအချိန်ကြီး ဒက်ဒီ့ဆီ… ရောက်နေရတာလဲ၊ နင် ... နင် အောက်စီဂျင်ကိုဖြုတ်ထားတယ်… ဟာ ... အောက်စီဂျင်လည်း ကုန်နေတယ်၊ နင် ... နင် ... တမင်… လုပ်ထားတာမဟုတ်လား"

"ဉာဏ်သာ ... နင် အထင်မလွဲပါနဲ့နော်၊ ငါ အရမ်းနောင်တ… တွေရပြီး ပြုပြင်နေတာပါ"

"အပိုတွေပြောမနေနဲ့ နုနုကြွေ ... ငါ့ဒက်ဒီနဲ့နင် ဒီညမှ… ထူးထူးဆန်းဆန်း ... ဒက်ဒီနဲ့လာအိပ်တာ ... အောက်စီဂျင်ကုန်နေ… တာလည်း နင်သိကိုသိရမယ်"

"ကောင်းပြီလေ ... ဉာဏ်သာ ... နင်ပြောချင်သလိုပြော… တိုင်ချင်ရာတိုင်ပါ။ ငါ အရင်တုန်းက အကျင့်ပျက်ချင်ပျက်မယ်၊ ဆိုး… ချင်ဆိုးမယ်၊ ငါ့ညီမလေးငွေလထိန် ... နင့်ဇနီးဖြစ်လာတဲ့အချိန်က… စပြီး ... ငါ အကောင်းဆုံးပြုပြင်နေထိုင်တော့မယ်လို့ ဆုံးဖြတ်ထား… တာ ... နင်ဖမ်းဟာ"

ဉာဏ်သာ့အညိုးအတေး အမုန်းတွေပြေလျော့သွားစေချင်…





သည်။ အပြစ်မဲ့တဲ့ ညီမလေးကြောင့်ပါ။

"ဒါပေမယ့် ... ငါ အကိုကြီးကိုမသတ်ဘူး၊ ငါ့အမှားတွေအတွက် ပြုစုပေးချင်လို့နေပေးတာ"

"နင် ... နင် ... ငါ့ဒက်ဒီအနားမှာ မနေတာကြာပြီပဲ ... ဒီနေ့မှ ရှိနေတာ ... နင်မရိုးသားတာဘဲ"

ကြွေ မနေတာက ... ကြွေ့ရောဂါကြောင့်ပါ။ ချောင်း အရမ်းဆိုးနေလို့ ... နာကျင်တဲ့ဝေဒနာတွေကိုလည်း အမြဲတမ်းခံစားနေခဲ့ရသည်။

"ကောင်းပြီလေ ... ငါ့ဒက်ဒီမရှိတော့ နင်နဲ့ငါ့ပြိုင်ပွဲကြီးက အခုမှကောင်းကောင်းစပြီလေ"

"ငါ ... နင်နဲ့မပြိုင်ချင်ဘူး ဉာဏ်သာ ... ငါ တောင်းပန်ပါတယ်၊ ငါ့ညီမလေးကိုတော့"

"ဟား ... ဟား ... ဟား ... နင် တော်တော်ဉာဏ်များတာပဲ ... နင့်ညီမကို ငါနဲ့ လင်မယားဖြစ်အောင်ကြံစည်မယ် ... ငါ့ကို ချုပ်ကိုင်ထားဖို့လား"

"ဉာဏ်သာရယ်"

ကြွေ ... အရမ်းမောလာ၍ ဆက်မပြောနိုင်တော့ ... သူမ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"အကိုကြီးရယ် ... ကြွေလည်း မကြာခင် အစ်ကိုကြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လာခဲ့မှာပါ ... အကိုကြီးပေးထားခဲ့တဲ့အမွေတွေ ထိန်လေး
အတွက် ပေးခွင့်ပြုပါနော်"

ကြွေ့ခန္ဓာကိုယ်လေးတစ်ခုလုံး နာကျင်မှုဝေဒနာတွေ
ပြင်းပြလွန်းနေသည်။

❀

အခန်း ( ၁၉ )

"အကိုကြီးပေးထားတဲ့အမွေပစ္စည်းတွေကို ကြွေ လက်မခံ တော့ပါဘူး၊ ဉာဏ်သာ့ဇနီး ငွေလထိန်နာမည်နဲ့ လွှဲပြောင်းပေးဖို့ စီစဉ်ပေးပါ ရှေ့နေကြီး"

"ဒါကတော့ ... ကျန်ရစ်သူတွေရဲ့သဘောဆန္ဒပါပဲ နုနုကြွေ ကျုပ်ကတော့ ဝတ္တရားအရဆောင်ရွက်ပေးတာပါ"

"ထိန်မလိုချင်ပါဘူး မမကြွေ ... လုံးဝလက်မခံပါရစေနဲ့ နော်"

"ထိန် လက်ခံလိုက်လေ"

ဉာဏ်သာ ဝင်ပြောလိုက်သည်။ ဒက်ဒီပေးခဲ့တဲ့ပစ္စည်းတွေ ခြံတွေက မာမီ့လက်ထပ်ပွားတွေဖြစ်နေသည်။ ငွေလထိန်ကို တမင် လက်ခံခိုင်းလိုက်၏။ နုနုကြွေလိုမိန်းမတစ်ယောက်ထံ မိခင်အမွေ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်တွေ မရောက်စေလိုပေ။ ငွေလထိန်ထံမှ ပြန်သိမ်းရန် စဉ်းစားထားသည်။

"ထိန် လက်ခံပါရစေနဲ့နော် ... ကိုရယ် ... ရသင့်တဲ့လူတွေ ရကြတာပဲ ... ထိန်က မဆီမဆိုင်"

"ဘာပြောတယ်ကွ"

မမကြွေဆီမှာလည်း ဘာမှမကျန်တော့လျှင် ကိုက မောင်းထုတ်ပစ်မှာသေချာနေသည်။ မမကြွေ ဒုက္ခရောက်မှာလည်း ထိန်စိုးရိမ်မိ၏။ မမကြွေက အတင်းအကြပ်ပေးနေသည်။

"လက်ခံပါ ထိန် ... နောက်ဆုံးကျတော့ ဘယ်အရာမှမမြဲပါဘူး၊ မမအတွက် မပူနဲ့ ... အားလုံး စီစဉ်ထားပြီးသားပါ"

"ဟင့်အင်း ... ထိန်မယူဘူး၊ ထိန့်အတွက် ဘာမှမလိုပါဘူး"

"ကဲပါ ... စဉ်းစားကြပါဦး ... နောက်ထပ်တစ်လ အချိန်ပေးပါ့မယ်၊ ညှိနှိုင်းကြပါ"

ရှေ့နေကြီးပြန်သွားတော့ ... ကိုက ထိန့်ကို ဒေါသတကြီး ပျစ်ပျစ်နှစ်နှစ်စကားလုံးတွေနှင့် ပြောဆိုထိုးနှက်သည်။

"မင်း ... ဘာဖြစ်လို့ သူတော်ကောင်းယောင်ဆောင်နေရတာလဲ ငွေလထိန် ... ဘာလဲ ငါပြန်သိမ်းမယ်ဆိုတာ မင်းကသိနေလို့ မဟုတ်လား"

"မဟုတ်ပါဘူး ကိုရယ် ... ထိန်လေ ... ချမ်းသာတဲ့စည်းစိမ်





တွေကို မုန်းလို့ပါ၊ ကို့ဆီကလည်း မယူပါဘူး"

"တော်စမ်းပါကွာ ... မိန်းမယုတ်မ ... မူယာမာယာတွေနဲ့ ငါ့ကို ချုပ်ဖို့ကြံစည်တာ ... မင်းက ပိုပြီးကြောက်စရာကောင်းတယ်၊ လောဘရမက် ကြီးလွန်းတယ်"

ကို့စကားလုံးတွေက ထိန့်နှလုံးသားတွေဆီအထိ အဆိပ်လူးမြားတံတွေပမာ လာရောက်စိုက်ဝင် စူးနစ်နေသည်။ ထိန် သေပစ်ချင်ပါတယ်။ မမကြွေ နောင်တတွေရနေပြီပဲ ... မမကြွေကိုကြည့်ရတာ ... ဖြူဖျော့ပြီး ကျန်းမာရေးလည်း ကောင်းပုံမရဘူးဟု ထင်သည်။

"မင်းလက်ခံရမယ် ငွေလထိန် ... ငါ့မှာမိပစ္စည်းတွေကွ ... နုနုကြွေလိုမိန်းမတစ်ယောက်လက်ထဲ မထည့်နိုင်ဘူး၊ မင်း ကလီကမာမလုပ်နဲ့ ... မင်းအစ်မအကြံတွေ မဟုတ်လား၊ ငါ့ဆီကလည်းရအောင် ... မင်း ဟန်ဆောင်ငြင်းနေတာပဲ ... တောက် ... "

"ကိုက လက်ခံစေချင်ရင်လည်း ထိန်လက်ခံပေးပါ့မယ်၊ မမကြွေကိုတော့ မောင်းမထုတ်ပါနဲ့နော်"

"ငါမောင်းမထုတ်ပါဘူး၊ စိတ်ချပါ ... နုနုကြွေရှေ့မှာပဲ ခေါင်းကိုနှိပ်စက်ပြမှာလေ ... မင်းအစ်မကြောင့်ပဲ ငါဒုက္ခသည်ဒီသေရတာလေ"

ကိုရယ် ... အညှိုးအတေးတွေ ဘာကြောင့်များ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိကြီးနေရတာလဲ။ လူတွေမှာ ... အတ္တတွေလောဘတွေရှိနေတတ်ကြပါတယ်။ အမှားအယွင်းတွေလည်း ကျူးလွန်မိကြတာပဲလေ။ ကိုကျော်နပ်အောင် ထိန်လုပ်ဆောင်ပေးရတော့မှာပဲဖြစ်သည်။

"မင်းအစ်မ နုနုကြွေက ... မိန်းမလယ်မလေ၊ ငါ့မာမီပစ္စည်းတွေကို ငါ့လက်ထဲပြန်မထည့်ဘဲ မင်းလက်ထဲထည့်တယ် ... ဘာသဘောလဲ ... နုနုကြွေက မင်းလက်ထဲထည့်ပြီး မင်းကဘာဆက်လုပ်မလဲဆိုတာ စောင့်ကြည့်မယ်"

"တောက်"

ဒက်ဒီ့အတွက် ဉာဏ်သာ ဘယ်လိုမှမခံစားနိုင်ပေ။ နာကျင်နေရသည်။ ဒီမိန်းမကြောင့် ဒက်ဒီသေရတာပါ။ သူ ... သက်ဆိုင်ရာကို မတိုင်တော့ဘဲ ... တတိတိ စိတ်သောကတွေခံစားရစေဖို့ဆုံးဖြတ်ထားသည်။

"ငါ့ဒက်ဒီပေးထားတဲ့အမွေတွေ မင်း ရအောင်ပြန်ယူပေးရမယ် ငွေလထိန် ... ငါ ပြန်ယူရမယ်၊ ပြီးမှ သူတောင်းစားလက်ထဲထည့်ပစ်မယ်"

ကို ... ပြောဆိုပြီး ပြန်ထွက်သွားသည်။ ငွေလထိန်မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေရုံကလွဲပြီး အင်အားတွေ ချိနဲ့နေသည်။

"ထိန်လေး"





"ဟင် ... မမ"

"မျက်ရည်တွေနဲ့ပါလား ... ဖြစ်မှဖြစ်ရလေ ညီမလေးရယ် မမကြွေ သနားလိုက်တာ"

"မမကြွေ"

"ပြော"

"ကိုယ့်လက်ထဲကိုပဲ ကိုယ့်မာမီပစ္စည်းတွေ ပြန်အပ်လိုက်ပါလား"

"မမကြွေက ထိန့်အတွက်ပူတာလေ ... မမကြွေမရှိတော့ရင် ဉာဏ်သာက ညီမလေးကိုမောင်းထုတ်ပစ်မှာ မဟုတ်လား"

"ကိုက ထိန့်ကိုချစ်ပါတယ်"

"ထိန်လေးရယ်"

ထိန်ကတော့ ... ကို့ရဲ့အချစ်တွေကို တစ်နေ့နေ့ပြန်ရမည်ဟုထင်သည်။ ကျိန်းသေပါတယ်။ ကို့အချစ်တွေကို ထိန် ပြန်ရမှာပါ။ ယုံကြည်မိ၏။ မမကြွေကိုကြည့်ရတာလည်း ထိန် အားမရ ... ချန်းမာရေးချို့တဲ့နေပုံရသည်။

"မမကြွေ"

"ဟင်"

"မမကြွေမရှိတော့ရင်ဆိုလို့ မမကြွေက ဘယ်သွားနေမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေရာရာပေါ့"

"ထိန်နဲ့ပဲနေပါ၊ မမကြွေတစ်ယောက်ထဲတော့ ထိန် စိတ်မချ ပါဘူး၊ ထိန့်ကိုထားခဲ့ပြီး ထွက်သွားမယ်ဆိုရင် ထိန်လည်းလိုက်မယ်၊ ကိုကို ကွာရှင်းလိုက်တော့မယ်"

"မမကြွေနောက်ကို ထိန်မလိုက်ပါနဲ့ ... ဉာဏ်သာနဲ့ပဲနေပါ၊ ညီမလေးက ဉာဏ်သာ့ကိုချစ်တယ်မဟုတ်လား၊ မခွဲနိုင်ဘူးဆိုတာ မမသိပါတယ်၊ ဉာဏ်သာ့ဆီက ချစ်ခြင်းမေတ္တာတွေ ... တစ်နေ့နေ့ ညီမလေးရနိုင်ပါတယ်ကွယ် ... မမကြွေ မရှိတော့ရင်ပေါ့"

"မမကြွေ"

"ဟင်"

"ထိန့်ကို ရက်ရက်စက်စက်ပစ်ထားခဲ့ပြီး တကယ်ပဲ တစ်နေရာရာကိုသွားတော့မလို့လား"

"ရက်စက်တာမဟုတ်ဘူး ထိန်လေးရယ် ... ကံကြမ္မာအရပဲ လေ ... ဝဋ်ကြွေးပေါ့၊ ဉာဏ်သာက ထိန်လေးကိုချစ်ပါတယ်၊ မမ သိတယ်၊ သည်းခံပြီးနေပါ"

ကြွေ ... လူ့လောကကြီးထဲမှာနေရဖို့ အချိန်ကသိပ်မရှိတော့ ပါဘူး။ နောင်တတွေပွေ့ပိုက်ပြီး လူ့လောကကြီးထဲမှ ထွက်သွားဖို့ ရှိသည်။ ထိန်လေးပဲ အပြစ်မှမရှိတာ ... ဉာဏ်သာ့ကိုရှင်းပြပေမယ့် လက်မခံ ... အပြစ်တွေအားလုံးက ကြွေပဲဖန်တီးခဲ့တာပဲလေ။ ရင်





ထဲမှာ မောပမ်းတုန်ရင်လာ၍ သူမ ... အိပ်ခန်းထဲပြန်ဝင်လာခဲ့ သည်။

"ထိန် ... အရာရာကို သတ္တိရှိရှိနဲ့ရင်ဆိုင်နော် ... မမကြွေကို လည်း သိပ်ပြီးသံယောဇဉ်တွယ်မနေနဲ့ဦး ... မမကြွေက လူရှုပ် လူပွေမ ... ညီမလေးအပေါ်လည်း ဒီလောက်ကြီးမကောင်းခဲ့ပါဘူး"

"မမကြွေရယ် ... ဘာတွေလာပြောနေတာလဲ၊ လူ့လောက ကြီးထဲမှာ ဒီညီအစ်မပဲ သံယောဇဉ်တွယ်စရာရှိတာလေ ... ထိန့်ကို ပစ်ပြီး ဘယ်မှာမှသွားမနေပါနဲ့နော်"

"အေးပါ ... အေးပါ"

ထိန်လေးကိုထားခဲ့ပြီး ကြွေ ... အိပ်ခန်းထဲပြန်ဝင်လာခဲ့ သည်။ ငိုပစ်မိ၏။ ညီမလေးထိန်ကို ဘယ်လိုလုပ်ရမလဲ။ သူမရောဂါ အကြောင်း ဖွင့်ပြောလိုက်ရင်ကောင်းမလား။ ကြွေ ... မခံစားနိုင် တော့ ... တဖြည်းဖြည်းနှင့် အမောတွေကဖောက်ချင်လာသည်။ အစားအသောက်တွေလည်း မစားချင်။ အော့အန်ချင်သည်။

"ကြွေမှားပါတယ် ဉာဏ်သာရယ် ... ဘယ်လိုတောင်းပန်ရ မလဲ၊ နင့်ခြေသလုံးကိုဖက်ပြီး တောင်းပန်ဆိုရင်လည်း တောင်းပန် ရှိခိုးပါ့မယ်"

ထိန့်အတွက်ပါ ... အပြစ်မရှိတဲ့ထိန်လေး အပြစ်ဒဏ်တွေ အပေးခံနေရရှာသည်။ ကြွေ သိပါတယ်။ ကြွေ့ဆီကအမွေတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံနိုင်းပြီး ရှင်ပြန်ယူမှာမဟုတ်လား။ ထိန်လေးကတစ်ဆင့် ပေးမနေတော့ပါဘူး။ ကြွေကိုယ်တိုင်ပဲ ပေးဖို့ဆုံးဖြတ်လိုက်၍ ဉာဏ်သာ့ကုမ္ပဏီကို လိုက်သွားခဲ့သည်။

"ဉာဏ်သာ ... ရှင်ဖြစ်စေချင်တာက ရှင့်မာမီပစ္စည်းတွေ ရှင် ပြန်ထိန်းသိမ်းထားချင်တာမဟုတ်လား၊ ရှင့်ကို ကြွေကိုယ်တိုင် ပစ္စည်းတွေအားလုံး အပ်ပါတယ်"

"မင်း ... ဘာတွေ လာပြီးအကောက်ကြံပြန်ပြီလဲ နုနုကြွေ ငါ့မာမီပစ္စည်းတွေ မင်းနဲ့ဘာဆိုင်လဲ၊ ငါကတော့ မရ ရတဲ့နည်းနဲ့ ပြန်သိမ်းရမှာပဲ"

"ကြွေ ပြန်အပ်မယ်၊ အကိုကြီးပေးသမျှအကုန်ပဲ ... ဒါပေမဲ့ ထိန်လေးကိုတော့ မနှိပ်စက်ပါနဲ့ ဉာဏ်သာရယ် ... ကြွေ့အမှားတွေကို ကြွေသိပါတယ်၊ တောင်းပန်ပါတယ် ဉာဏ်သာရယ် ... ကြွေ့ကို ဘာဖြစ်စေချင်တာလဲ၊ ကြွေ ထွက်သွားပေးပါ့မယ် ... ထိန်လေးက ရှင့်ကို အရမ်းချစ်ရှာပါတယ်၊ စည်းစိမ်ဥစ္စာတွေကြောင့်လည်း ရှင့်ကို လက်ထပ်ခဲ့တာမဟုတ်ပါဘူး ဉာဏ်သာရယ်"

ကြွေ့ရင်ဝဆီမှ မခံမရပ်နိုင်အောင် နာကျင်စူးရှနေရသည်။ မခံနိုင်တော့ဘူး။ ဉာဏ်သာ့ရှေ့မှာလည်း မနေချင်ပေ။ မျက်လုံးတွေထဲမှာ ပြာဝေလာနေ၏။ သူမပိုင်ဆိုင်သမျှ လက်ဝတ်ရတနာတွေနှင့် စာချုပ်စာတမ်းတွေပါ ပေးလိုက်သည်။





"ကောင်းတယ်၊ နင်ပေးအပ်တာ အကောင်းဆုံးပဲ ... တစ်ခါတည်း ငါ့အိမ်ပေါ်ကပါဆင်း"

"ဆင်းသွားမှာပါ၊ ဒါပေမဲ့ ... ထိန်လေးကိုတော့ မနှိပ်စက်ဖို့ တောင်းပန်ပါတယ်"

"နင်ထွက်သွား ... ငါနဲ့ ... အဝေးဆုံးကိုထွက်သွားတာ အကောင်းဆုံးပဲ နုနုကြွေ"

"ငါ့ညီမလေးကို နှိပ်စက်မယ်ဆိုရင်တော့ ... ငါက ကွာရှင်းပြတ်စဲဖို့လုပ်ရမယ်၊ နင့်ဆီကနေ ရသင့်ရထိုက်တာတွေ ပြန်တောင်းဆိုရလိမ့်မယ်နော် ဉာဏ်သာ"

ကြွေ ... ဆက်ပြီးမနေနိုင်တော့ ... မောဟိုက်နွမ်းနယ်နေသည်။ အသက်တောင် ရှူလို့မဝ ... ဟန်ဆောင်မနေနိုင်တော့သဖြင့် ပြန်ထွက်လာခဲ့၏။ ကြွေ့အမှားတွေကြောင့် ထိန်လေးဘဝတစ်ခုလုံး ချွေးချဖျက်ဆီးခြင်းခံရသည်။

"မမကြောင့်ပါ ထိန်လေးရယ် ... မမလည်း ဝေဒနာတွေ အပြင်းအထန် ခံစားနေရပါပြီ"

ကြွေ ... နေလို့မရတော့၍ ကားကို လမ်းဘေးမှာထိုးရပ်ပစ်လိုက်ရသည်။

"အမယ်လေး ... မောလိုက်တာ ... ဘယ်လိုလုပ်ရမလဲ ထိန်လေး ... ဘယ်မှာလဲ ... မမ သေရတော့မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြွေ ... ဘယ်လိုမှ စိတ်တွေကိုထိန်းချုပ်၍မရတော့ ... သတိတွေလစ်ချင်သလိုလို ... သူမ အမြင်တွေပြာဝေနေသည်။

"ထိန်လေးရယ် ... ထိန်လေး"

ကြွေအတွေ့ချင်ဆုံးက ထိန်လေးကိုပင် ... ညီမလေး သတ္တိရှိဖို့ ... ဉာဏ်သာနှိပ်စက်သမျှ မခံဖို့ ... အို ... မှာချင်တာတွေအများကြီးပဲ ... သူမ ဖုန်းကိုဖွင့်ပြီး ထိန်လေးဆီဆက်ဖို့ကြိုးစားတာမရ ... ကြွေ့လက်တွေက မြှောက်၍မရ၊ မောလွန်းနေသည်။

"တူ ... တူ ... တူ ... "

"တူ ... တူ ... "

ကြွေ့ဖုန်း မြည်နေတယ်။ ထိန်လေးဆက်တာ ထင်တယ်။ မရတော့ဘူး။ မျက်ဝန်းတွေထဲမှာ အမှောင်ထုက အံထပ်လိုက်ကျသွားသည်။

"တူ ... တူ ... တူ ... "

"တူ ... "

ထိန်ကတော့ မမကြွေဆီဖုန်းဆက်နေတာ ... ဖုန်းကခေါ်နေပြီး မကိုင်ပေ ... ထပ်ဆက်သည်။

"ဟဲလို ... ဟဲလို"

"ဒီမှာ ... ဒါ ... မမကြွေဖုန်း မဟုတ်ဘူးလား၊ ရှင်က ဘယ်သူလဲဟင် ... ထိန် ဖုန်းနံပါတ်လည်း မမှားပါဘူး"





"ကလေးမ ... ဒီဖုန်းက မင်းဆက်တဲ့မမကြွေဖုန်း ဖြစ်နိုင်ယ်၊ မင်းမမက ကားပေါ်မှာ သတိလစ်နေတယ်၊ ရန်ကုန်ဆေးရုံးကိုပဲ လိုက်ခဲ့တော့"

"ဒီမှာ ... ဒီမှာ"

ကားမောင်းထွက်သံ ကြားလိုက်ရသည်။ ဘာဖြစ်လို့လဲ ... းပေါ်မှာ သတိလစ်နေတယ်တဲ့ ... ရန်ကုန်ဆေးရုံကြီးကို လိုက်တဲ့ ... ဘာတွေလဲ ... အမယ်လေး ... ဘုရားရေ ... မမကြွေခုဖြစ်ပြီလား။ ကားအက်စီးဒင့်များ ဖြစ်နေလား ... ကားကာ့ မောင်း၍ရနေသည်။ သူမ ဆေးရုံကြီးကိုသွားဖို့ပြင်နေတုန်း။ ဆီက ဖုန်းဆက်၏။ မမကြွေက ပစ္စည်းတွေအကုန်လာအပ်သည် ... ကိုကတော့ ... အဝေးဆုံးကိုထွက်သွားဖို့ မောင်းထုတ်ပစ်ပြီတဲ့ ... မင်းလည်း လိုက်ချင်တဲ့ဆန္ဒရှိရင် တစ်ခါတည်းလိုက်နိုင်တယ်တဲ့ ... မလိုက်ဘဲတွယ်ကပ်နေချင်ရင်တော့ မတတ်နိုင် ငါက နှိပ်စက်မှာတဲ့ ... ထိန် ဘာမှမပြောတော့ဘဲ အငှားကား ရန်ကုန်ဆေးရုံကြီးကို ထွက်လာခဲ့သည်။ အရေးပေါ်ဌာနဝင်ပြီး ကြည့်တော့ ... မနုနုကြွေ ဆုံးသွားပါပြီတဲ့ ... ထိန့်ရင်ဝသို့ လုံးကြီး ဆို့တက်သွား၍ ဖိလိုက်ရ၏။ မမကြွေ ဆုံးသွားပြီတဲ့ မှဟုတ်ရဲ့လား။ ထိန် ဘယ်လိုဆက်လုပ်ရတော့မလဲ ...

"အလောင်းတော့ ရေခဲတိုက်ကိုသယ်တော့မယ် ... ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတာပါ၊ မင်းသွားကြည့်လေ၊ ဟိုမှာ ... "

လိုက်ကာအစိမ်းရောင်တွေ ကာထားတဲ့နေရာကို ညွှန်ပြ၍ ဖြင့် သူမ အပြေးအလွှားသွားကြည့်လေသည်။

အခန်း ( ၂၀ )

"မနုနုကြွေက အသဲကင်ဆာရောဂါရှိနေတာပါ၊ သူ့ပိုက်ဆံအိတ်ထဲကနေ ဆေးမှတ်တမ်းစာအုပ်တွေ ရှိပါတယ် ... အားလုံးစစ်ဆေးပြီးပါပြီ၊ မင်းက ညီမလား"

"ဟုတ်ကဲ့ ... "

"မင်း လုပ်စရာရှိတာတွေဆက်လုပ်ပါ၊ အလောင်းကိုတော့ ရေခဲတိုက်ပို့ရပါ့မယ်"

"ရှင် ... "

မမကြွေကို ထိန် ... သေသေချာချာကြည့်လိုက်တော့ ... ဖြူနေတဲ့အသားအရည်က ညိုမဲနေသည်။ မမမှာ အသည်းကင်ဆာရောဂါရှိနေတာ ... ထိန့်ကို ဘာဖြစ်လို့မပြောပြရတာလဲ။ မမကြွေ တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေရှာသည်။

"မမကြွေရယ် ... ဘယ်လောက်ပဲအမှားတွေလုပ်ခဲ့ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအပြစ်ဒဏ်ကြီးကတော့ ကြီးလှပါတယ် ... မထိုက်တန်ပါ
မမကြွေရယ်"

မမကြွေကိုဖက်၍ ထိန် ... အားပါးတရငိုကြွေးမိသည်
အလောင်းသယ်မည့်သူတွေက တောင်းပန်၍ မမကြွေအလောင်း
သယ်ဆောင်သွား၏။ ထိန် ... ဘာမှမလုပ်တတ်၍ သူငယ်ချင်းသူ
ထံ ဖုန်းဆက်လိုက်၍ သွယ်နှင့်ဒေါ်စက်တို့ ရောက်လာကြသည်

"ထိန်ရယ် ... ဘယ်လိုဖြစ်တာလဲ၊ ကိုမင်းညဏ်သာ
တော်ရက်စက်တာပဲ ... နင် ဆက်ပြီးမပေါင်းသင့်တော့ဘူး၊
ကွာလိုက်ဟာ ... ရှင့်စိတ်ကို သွယ်အသိဆုံးပါ၊ ရှင် ရိုးသားတယ်
လုံးဝဖြူစင်တယ်"

ကို အရမ်းရက်စက်တာတော့ အမှန်ပဲဖြစ်သည်။ မမကြွေ
မောင်းထုတ်ပစ်လိုက်တယ်။ ရှင်က မမကြွေသေပြီဆိုတာသိ
ထတောင်ကမလားဘဲ ... ရှင် အရမ်းဝမ်းသာမှာမဟုတ်လား။
ကြွေ အသုဘကိစ္စအတွက် သူမ ... ပြန်လာခဲ့သည်။

"ထိန်"

"ဟင်"

"သွယ်နေပေးပါ့မယ်၊ ရှင် အားမငယ်နဲ့နော် ... ဒေါ်
လည်း ရှိမယ်၊ တို့ကို မမစုစန်က ခွင့်ပေးထားတယ်လေ"

"ကျေးဇူးတင်ပါတယ်ဟာ ကူညီကြပါ"





ကိုကတော့ ... မမစုစန်ရဲ့ Hotel မှာ သွားနေသည်ဟု
သတင်းရသည်။ ပြန်မလာပေ ... ထိန်လည်း ပြောမနေတော့ပါဘူး။
မမကြွေအတွက် ဓလေ့ထုံးစံအတိုင်း လုပ်စရာရှိတာတွေလုပ်ပြီးရင်
တော့ ကို့အနားကနေ ထိန် ... ထွက်သွားတော့မည်ဖြစ်သည်။

"ထိန်ရေ ... အပျိုကြီးမမ လာတယ်၊ ရှင် ထွက်တွေ့ပါဦး"

သွယ်လာပြော၍ ထိန် အင်အားချိနဲ့နဲ့ခန္ဓာကိုယ်အား သယ်
မ၍ မမစုစန်ကို ထွက်ပြီးဧည့်ခံရသည်။

"ငွေလထိန် ... အရမ်းပိန်ကျသွားတာပဲ ... ညဏ်သာ အညှိုး
အတေးနဲ့ကို နှိပ်စက်တာပဲ ... မမစုစန်ထင်တယ် ... ဒီကောင်က
တော်ရုံမိန်းမကို အထင်ကြီးတာမဟုတ်ဘူးလေ၊ ငွေလထိန်ကို လက်
စားချေဖို့ပဲ"

ကို ... အစကတော့ ထိန့်ကို မေတ္တာစစ်နဲ့ချစ်ခဲ့တာ ထိန်
သံသယမရှိယုံကြည်သည်။ မမကြွေက ထိန့်အစ်မမှန်း မကြာခင်ကမှ
သိ၍ ထိန့်ကို မုန်းတီးရှုံ့ရှာသွားခြင်းဖြစ်သည်။

"မင်းလေး ... ဘာဆက်လုပ်မလဲ ငွေလထိန် ... Hotel မှာ
ဝင်လုပ်ဖို့လည်း မဖြစ်နိုင်တော့ဘူး၊ နာမည်ကပျက်သွားပြီ၊ အလှမ်း
ကျယ်လို့ အလယ်လတ်တာပဲ"

"မမစုစန် ... ဘာတွေလာပြောနေတာလဲ၊ ငွေလထိန် စိတ်



www.burmeseclassic.com

www.burmeseclassic.com



သောကတွေ ရောက်နေပါတယ် ... ပြောစရာရှိတာတွေ နောက်မှ ပြောပါလား"

သွယ်လည်း အမြင်ကတ်လာ၍ ... တားဆီးလိုက်သည်။ ကိုမင်းညဏ်သာကိုမရလို့ မမစုစန် ... မကျေမနပ်နှင့် ထိန့်ကို တိုက်ခိုက်ချင်နေတာပဲဖြစ်၏။ ထိန်ကတော့ ... နှုတ်ဆိတ်ငြိမ်သက် နေရှာသည်။

"ညည်းလေး ငွေလိုလား၊ အသုဘကိစ္စအတွက် မမ ဘာတွေ ကူညီပေးရမလဲ"

"မလိုပါဘူး မမစုစန် ... ဒက်ဒီ့ရှေ့နေကြီးကလည်း အထူ အညီပေးပါတယ်"

"ထိန်"

"ရှင်"

"ညည်းလေးကို မမစုစန် အကောင်းဆုံးအကြံပေးချင်တာက လေ ... ညဏ်သာနဲ့ ကွာရှင်းလိုက်ပါတော့နော်"

"ဒါကတော့ ထိန်တို့အိမ်ထောင်ရေးကိစ္စပါ မမစုစန်ရယ်"

"သွယ်သွယ် ... ညည်းက ဘာဖြစ်နေတာလဲ၊ ပါးစပ်ပိတ် ထား"

မမစုစန် ... ဒေါသတကြီးနှင့် ပြန်သွားသည်။ ထိန် ရင်မဆိုင်





နိုင်တော့ပါဘူး။ ပြောချင်တဲ့ဆန္ဒတွေလည်း မရှိတော့ ... ဘာတွေ ဆက်လုပ်ရမယ်ဆိုတာလည်း မသိပေ ... ခေါင်းတွေထဲမှာ ရှုပ်ထွေး နောက်ကျိနေ၏။ သွယ်နှင့်ဒေါ်စက်တို့ရှိနေလို့ တော်သေးသည်။

"ထိန် ... ဘာမှအားမငယ်နဲ့နော် ... သွယ် အလုပ်ထွက်မယ်၊ တို့အိမ်မှာလိုက်နေပါ၊ အကောင်းဆုံးက ကိုမင်းညဏ်သာကို ကွာ လိုက်တော့"

ထိန် ... ဘာဖြစ်လို့များ မပြတ်သားနိုင်ရတာလဲ။ ကို့ကို ချစ်နေဆဲပင်ဖြစ်သည်။ အကောင်းဆုံးကတော့ ကို့အနားကနေ ထိန် အဝေးကိုထွက်သွားဖို့ပဲဖြစ်သည်။

"ဒေါ်စက်နဲ့လာနေလည်းရပါတယ် ထိန်လေးရယ် ... ညည်း လေးဘဝကလည်း ကံဆိုးမလေးပါလား"

ကို ပြန်မလာပေ ... ထိန်တစ်ယောက်ထဲ မမကြွေအသုဘ အတွက် လုပ်ပေးရသည်။ တကယ်တမ်းကံဆိုးသူက မမကြွေပါ။ ရှင့်မှာ လူသားဆန်တဲ့စိတ်ကလေး နည်းနည်းလေးတော့ရှိနေသင့် ပါတယ်။ ထိန့်ဘက်မှ စတင်ကွာရှင်းဖို့ မကြိုးစားလည်း ... ကို့ရဲ့ ပြတ်သားတဲ့စကားတွေက ထိန့်ကို ကွာရှင်းပစ်မှာသေချာသည်။

"ဒေါ်စက်"

"ဟင်"

"မမကြွေ ... တစ်လပြည့်ဆွမ်းကျွေးပြီးတာနဲ့ ထိန် ဒီကနေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့မယ်၊ ဒေါ်စက်နဲ့ပဲပြန်နေပြီး ဘဝကို တစ်ကနေပြန်စချင်ပါတယ်"

"ထိန်လေးသဘောပါပဲကွယ် ... ဒေါ်စက် အချိန်မရွေး စောင့်မျှော်နေမှာပါ"

မမကြေ တစ်လပြည့်ဆွမ်းကျွေးပြီးသည်အထိ ... ကို ပြန်မလာခဲ့ပေ ... ထိန် ထွက်သွားဖို့ပဲရှိသည်။

"အား ... သွယ် ... အမယ်လေး ... ခေါင်းတွေ အရမ်းမူးတာပဲ"

ထိန် ... ခေါင်းတွေမူးပြီး လဲကျသွားသဖြင့် ... သွယ် လာပွေ့ပြီး ဆေးရုံကိုအလျှင်အမြန်ပို့ပေးသည်။

"အရမ်းလည်းအန်ချင်နေတယ် သွယ် ... အမယ်လေး"

"ဝေါ့ ... "

"ဝေါ့ ... ဝေါ့ ... "

"ဟဲ့ ထိန် ... ရှင့် ... ရှင့်မှာ ကိုယ်ဝန်များရှိနေပြီလား ရာသီရော မှန်မှန်လာလား"

"ဟင့်အင်း မဖြစ်နိုင်ပါဘူး၊ ထိန်နဲ့ကိုက ... "

သူမ စကားကိုဆက်ပြောဖို့ တွန့်ပြီးရပ်သွားသည်။ ကိုနှင့်ထိန် လင်မယားအဖြစ် တစ်ကြိမ်ပဲနေထိုင်ဖူးကြ၏။ ဒါက ... ထိန့်ကို အတင်းအကြပ်လက်ထပ်ဖို့အတွက် Hotel တစ်ခုသို့ ခေါ်ဆောင်





သွားစဉ်ကပါ။

"ထိန်လေ ... ထိန် ... ကိစ္စတွေများလို့ သတိမထားမိတာပါ၊ ရာသီမလာတာ နှစ်လရှိပြီ"

"သေချာတယ်၊ ထိန့်မှာ ကိုယ်ဝန်ရှိနေပြီ"

"ဟင်"

ဆရာဝန်က ရောက်လာပြီး ... သူမမှာ ကိုယ်ဝန်နှစ်လရှိနေပြီဖြစ်ကြောင်း ပြောသည်။

"စိုးရိမ်စရာတော့ မရှိပါဘူး၊ ကျွန်မတို့ စေ့စပ်ဆေးစမ်းသပ်ချက်အရ ... မငွေလထိန်မှာ ကိုယ်ဝန်နှစ်လရှိနေပြီ၊ အားအရမ်းနည်းနေပါတယ်၊ ဆေးရုံမှာ ခဏလောက်နေရမယ် ... အားဆေးသွင်းပေးရုံပါပဲ"

"ရှင် ... ဟို ... ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်၊ ဟုတ်လား၊ သေချာရဲ့လား ... သေချာလို့လား"

"သေချာပါတယ် ... မငွေလထိန်မှာ ခင်ပွန်းရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"ရှင့်မှာ စိတ်ဖိစီးမှုတွေ အရမ်းများနေတယ်ထင်တယ်၊ နှလုံးလည်း အားနည်းနေတယ်၊ အနားယူပါ"



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျဆရာဝန်မလေး ထွက်သွားတော့မှ ငွေလထိန် နည်းနည်းလေးတော့ ပျော်ရွှင်ကျေနပ်သွားသည်။ တကယ်တမ်းကျတော့ ကိုကို ထိန့်ချစ်နေဆဲပါပဲ ... မမကြွေကိစ္စအတွက် စိတ်နာတယ်ဆိုတာတောင် ကိုစိတ်နာနေမှာပဲဟု ဖြေလို့ရနေခဲ့၏။ ထိန့်မှာ ကိုရင်သွေးလေးရှိနေပါပြီ။ ထိန့်အပေါ် သံယောဇဉ်အမျှင်လေးများ တန်းနေမလားလို့ ... မျှော်လင့်ချက်လေးဝင်လာသည်။

"ထိန် ... "

"ဟင်"

"ရှင့်မှာ ကိုယ်ဝန်ရှိလာလို့ ... ကိုမင်းညဏ်သာ သံယောဇဉ် တွေ့တွယ်မှာပါ၊ စိတ်အေးအေးထားပါဟယ် ... ရှင့်လင်ကို ရှင် မကွာချင်ဘူးမဟုတ်လား"

"ဟုတ်တယ်သွယ် ... စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ပါဘူး၊ ထိန်လေ ကိုကိုချစ်တယ်"

"ဒါဆိုလည်း ကိုမင်းညဏ်သာဆီ ဖုန်းဆက်လေ"

"ထိန်ကိုယ်တိုင် မဆက်ချင်ဘူး၊ ထားပါတော့ဟာ ဆေးရုံကပြန်မှ ပြောပြမယ်၊ အခု ... ထိန့်ပုံကိုကြည့်ဦး၊ ပိန်ပိန်ချုံးချုံးနဲ့"

"ငွေလထိန်ရယ် ... တကယ်ပါပဲ ... အရမ်းကိုဖြူစင်တယ်၊ ကိုမင်းညဏ်သာဆိုတဲ့လူ ဒီလောက်အထိဥပေက္ခာ ပြုမထားသင့်ပါ





ဘူး"

"ကို့မှာအပြစ်မရှိဘူး သွယ် ... ရှင်လည်းသိနေတာပဲ ... မမကြွေလုပ်ရပ်ကလေ"

"ကဲပါ ထားလိုက်တော့ ... အခုလောလောဆယ် ကလေး အားရှိအောင် ကြွေကာအုပ်လေးနဲ့ ပေါင်မုန့်လေး စားလိုက်"

"အင်း ... "

"ဝေ့ါ ... ဝေ့ါ"

"ဟယ် ... ဒုက္ခပါပဲ"

"ဝေ့ါ ... "

"ဝေ့ါ ... "

"ကဲ ... ထွေးခံမှာ အန်ချလိုက်"

"ကျေးဇူးပါပဲ သွယ်ရယ် အခုလိုကူညီတာလေ ... နောက်နေ့တွေ ရှင်နဲ့ဒေါ်စက် အလုပ်ဝင်ကြတော့ ... ထိန်လည်း နာစုံနဲ့ပဲ နေပါ့မယ်၊ ဆေးသွင်းလိုက်တော့လေ အားရှိပြီး နေကောင်းသွားတယ်"

ထိန် အားရှိအောင်နေမယ်။ ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုရင်သွေးလေးကို ကျန်းကျန်းမာမာနဲ့မွေးမယ် ... ကိုသိသွားရင်လည်း ပျော်မှာပါ။ ညနေကျတော့ ဒေါ်စက်ရောက်လာသည်။

"မောင်မင်းညဏ်သာကတော့ Hotel မှာ ရှိနေတယ်၊ ထိန်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှစိတ်မပူပါနဲ့ ... ဒေါ်စက် စောင့်ရှောက်မှာပါ"

"သွယ်ရော ... ဒေါ်စက်ရော အလုပ်ဝင်ကြပါ၊ ထိန် နေ့ကောင်းပါတယ်၊ နှာစုံ့တွေလည်း ရှိတာပဲ ... ပြန်ကြပါတော့နော်"

"သွယ်ရော ... ဒေါ်စက်ရော အလုပ်ထွက်ရတော့ဘာဖြစ်လဲ၊ ထွက်မယ် ... လောကမှာ အလုပ်တွေပေါပါတယ် ငွေလထိန်ရယ်၊ ရှင့်ကို စောင့်ရှောက်ပေးမယ်၊ အားမနာနဲ့"

"ဟုတ်တယ် ငွေလထိန် ... အားနာစရာမလိုဘူး၊ ထိန်လေးမှာ ဆွေမျိုးသားချင်းမှ မရှိတာဘဲ"

ငွေလထိန်လည်း သွယ်နှင့်ဒေါ်စက်ကို ရှိနေစေချင်သည်။ ဆွေမျိုးသားချင်းလိုပဲ ... ကိုကတော့ မလာပေ။ ဒေါ်စက်လည်း Hotel မှာတွေ့ပေမယ့် မပြောပြရဲ ... ထိန်ကိုယ်တိုင်ပြောပြမည်ဟု တားထားသည်။

"ထိန် ဆေးရုံကဆင်းမှ အေးအေးဆေးဆေးပြောပြမယ်၊ ကို့ကို အပြစ်မတင်ကြပါနဲ့ဟယ် ... မမကြွေက ကို့ဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာလေ"

"ဟုတ်ပါပြီ၊ ရှင့်ကိုတော့ ချီးကျူးပါတယ်၊ ဒါပေမဲ့နော် ထိန် ကလေးကိုတာဝန်မယူရင်တော့ ... ဒီလူ့မှာ အထင်ကြီးစရာ ဘာမှ မရှိဘူး၊ ကွာရှင်းပစ်လိုက် ... ကွာတာတောင် အေးအေးဆေးဆေး မကွာနဲ့နော် ... သူ့ပါးကို ရှစ်စိတ်လောက်ကွဲအောင် ရိုက်ပစ်လိုက်"





"သွယ်ရယ် ... ကိုက လူကြီးလူကောင်းပါ၊ ဒါက သူ့ရင်သွေး အစစ်လေ ... ကိုယ့်နှလုံးသားတွေထဲမှာ ထိန့်ကိုချစ်ပါတယ်ဟဲ့"

ထိန့်အတွေးတွေက မဝံ့မရဲနှင့် ကို့အချစ်တွေကို မျှော်လင့်မိသည်။ ထိန့်မှာ ယောကျ်ားလေးတွေ တစ်ဦးတစ်ယောက်မျှနှင့်ပင် အထိအတွေ့မရှိခဲ့ပေ ... ကိုတစ်ယောက်ပါပဲ ... ဆေးရုံမှာ သုံးရက်လောက်နေပြီး ထိန်လည်း ကောင်းကောင်းကျန်းမာလာ၍ အိမ်ကို ပြန်လာခဲ့၏။ ကိုမရောက်သေးဘူး။ ကို့ကို အကြောင်းကြားသင့်ပြီဟု ထင်၍ ... ထိန် ဖုန်းဆက်လိုက်သည်။

"ကို ... ထိန်ပါ၊ ကို့ကို ပြောစရာရှိလို့ပါ၊ ပြန်လာခဲ့ပါလား"

"ဘာလဲ ငွေလထိန် ... မင်းနဲ့ငါ ဘာအကြောင်းမှ ပြောစရာ ရှိဘူးထင်တယ်၊ မင်း ထွက်သွားတော့လေ၊ ဘာလဲ ... မင်းပိုင်ဆိုင် ရာကိစ္စလား၊ ဒါမှမဟုတ် စည်းစိမ်ကို တစ်ယောက်တစ်ဝက်ခွဲဖို့ လား"

"မဟုတ်ပါဘူး ကိုရယ် ... တစ်ခုမှမဟုတ်ပါဘူးနော် ... စည်းစိမ်ဥစ္စာတွေလည်း ထိန် တစ်ပြားတစ်ချပ်မှမယူချင်ပါဘူး၊ ကို ခဏလေးပဲဖြစ်ဖြစ် ပြန်လာပေးပါ ... ဖုန်းနဲ့မပြောချင်လို့လေ ... မနက်ဖြန် ကိုပြန်လာခဲ့ပါနော်"

"ကောင်းပြီ ... ငါပြန်လာခဲ့မယ်၊ မင်းနဲ့စာရင်းရှင်းရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ကလီကမာတွေမများနဲ့နော် ... ငါနဲ့စုစန် ချစ်သူတွေဖြစ်နေပြီ၊ ငါနဲ့တန်တာ စုစန်ပဲလေ၊ ဟုတ်တယ်မဟုတ်လား ငွေလထိန် ... မင်းကိုယ်တိုင် ပြောခဲ့တာလေ"

ကို့ဆီမှ ဖုန်းပိတ်သွားသည်။ ထိန် ... ဆက်ပြောဖို့ပင် စကားလုံးတွေမရှိအောင် ဆွံ့အသွား၏။ ကို ... ထိန့်ကို ရွံရှာစက်ဆုတ်နေတာ ... ဘယ်လိုမှ အချစ်တွေရှိမလာနိုင်တော့ဘူးဟု ထင်မိသည်။ ထိန့်နှလုံးသားတွေ စူးရှနာကျင်သွားရ၏။ ရက်စက်လိုက်တာ ကိုရယ် ... ထိန့်မှာ ဘာအပြစ်များရှိနေလို့လဲ။ ရင်သွေးလေးရှိနေတဲ့ အကြောင်း ကိုသိရင်ရော ... ထိန့်မျှော်လင့်ချက်တွေက ရေးရေးလေးပဲ လင်းလက်တောက်ပနေသည်။

***

အခန်း ( ၂၁ )

"မင်းမှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား ငွေလထိန် ... မင်းနဲ့ငါ ဘာတွေဖြစ်ခဲ့လို့လဲ၊ တစ်ကြိမ်ပဲလေ ... Hotel မှာ တစ်ကြိမ်ထဲပဲ တောက် ... မဖြစ်နိုင်တာကွာ"

"ထိန်လေ ... ထိန် တစ်ကြိမ်ထဲပဲ ကိုနဲ့အိပ်စက်ခဲ့ဖူးတာပါ၊ ထိန် ဘယ်လိုကျိန်ပြောရမလဲ၊ ထိန့်ကိုယုံကြည်ပေးပါ"

"ငွေလထိန် ... မင်းက Hotel မှာ အလုပ်လုပ်တဲ့မိန်းကလေးတစ်ယောက် ... ပြီးတော့ မင်းကိုရယူဖို့ ကြံစည်နေတဲ့လူတွေကလည်း အများကြီးပဲ ... ကောင်းခန့်ထယ်နဲ့ရော မင်း လွတ်ကင်းရဲ့လားကွ"

"ဘာပြောတယ်"

သူ့ံမှ ... ကိုယ်ကျင့်သိက္ခာကို ထိပါးစော်ကားလာတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ... ငွေလထိန် လုံးဝသည်းခံနိုင်စွမ်း မရှိတော့ပေ ... ကိုမင်းညဏ်သာအား လူစိတ်ကင်းမဲ့စွာ အောက်တန်းကျလွန်းတဲ့ ယောကျ်ားတစ်ယောက်ဟု သတ်မှတ်မိသွားသည်။ မိန်းကလေး တစ်ယောက်ကို ဆင်းရဲနိမ့်ကျသူအဖြစ် ... သူဌေးတွေကို မြူဆွယ် ဖြားယောင်းသူအဖြစ် ဇွတ်အတင်းသတ်မှတ်၍ ထိုမိန်းကလေးရဲ့ ဖြူစင်တဲ့ဘဝကို ရက်စက်ယုတ်မာစွာ ဖျက်စီးပစ်ခဲ့၏။ လူမဆန်တဲ့ ယောကျ်ာတစ်ယောက်ပဲ ... သွယ်ပြောသလို ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်လိုက်ဖို့ပဲရှိတယ်။

"အဲဒီကလေးကို ငါ တာဝန်မယူနိုင်ဘူး၊ အေ ... ကလေးရှိ နေပြီဆိုရင်လည်း ဖျက်ချလိုက် ... ဒီလိုအမျိုးယုတ်သွေးကို ငါ့ ကလေးလို့ လူပုံအလယ်မှာလည်း ထုတ်ဖော်မပြောပြဘူး၊ ဖျက်ပစ် လိုက်"

"ဖြန်း ... "

"ဟော့"

"လူယုတ်မာ ... လူစိတ်မရှိဘူး၊ တော်တော်အောက်တန်း ကျတယ်"

"ဖြန်း ... "

"မင်း ... မင်း"





"ဒီမှာ ... ရှင့်လို အောက်တန်းကျတဲ့ယောကျ်ားတစ် ယာက်ရဲ့သွေးကိုလည်း ငွေလထိန်တို့က မမွေးမြူဘူး၊ ကောင်းပြီ ျှန်မ အခုပဲ ဒီကနေထွက်သွားမယ်၊ စိတ်မပူပါနဲ့ ကိုမင်းညဏ်သာ င့်သွေးကို ကျွန်မဖျက်ဆီးပစ်မှာပါ၊ ကျွန်မတို့ဆင်းရဲသားရပ်ကွက် လးထဲမှာ ... ရှင်တို့လိုသူဌေးတွေ စော်ကားပြီး ကိုယ်ဝန်ရရင် က်ဆီးပစ်ခိုင်းတဲ့ အရပ်လက်သည်တွေရှိပါတယ်၊ ကျွန်မ ကျိန်းသေ က်ဆီးပစ်မယ်၊ စောင့်ကြည့်နေလိုက် ... ထို ... "

"မင်း ... မင်း ... စော်ကားလှချည်လား"

"ဖယ်ပါ၊ ကျွန်မအသားကို လာမထိနဲ့ ... ရှင့်ပါးကို စောစော ရိုက်မိတာတောင် ကျွန်မလက်ကို သနတယ်၊ ကျွန်မကို တစ်ခုခု ပ်ရင်တော့ သက်ဆိုင်ရာကိုတိုင်မှာနော် ... ရှင့်ဂုဏ်သိက္ခာတွေ ာ်ပြတ်သတ်သွားအောင် လုပ်ပစ်မှာနော်"

"တောက် ... "

"လူယုတ်မာ"

ငွေလထိန် ... ပစ်ပစ်ခါခါပြောပြီး သူ့ရှေ့ကနေထွက်သွား ည်။ သူ့ပါးပြင်နှစ်ဖက်စလုံး ထူပူနာကျင်နေ၏။ သူ့ခန္ဓာကိုယ်တစ် ုံး နုံ့ခွေယိုင်လဲပြိုကျကာ အိပ်ရာပေါ် ပုံလျက်ကျသွားသည်။

"ငွေလထိန် ... မင်း ... မင်း ... ကိုယ့်ကိုထားပြီး မသွားပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ... ကိုယ် မင်းနဲ့အဝေးဆုံးမှာ မနေနိုင်ပါဘူး၊ ကိုယ့်စိတ်ရေ ပြေပျောက်သွားတဲ့အထိ ... ကိုယ့်အနားမှာ မင်းနေပေးပါလားကွာ

ငွေလထိန်ကိုတားဆီးဖို့အတွက် ဉာဏ်သာ ခြံထဲကိုဆင်းလာ တော့ ... ငွေလထိန်က မရှိတော့ ... ခြံစောင့်ကြီးပြောတာတော့ လမ်းမှာ တွေ့တဲ့အငှားကားစီးပြီး သွားပြီတဲ့ ... သူ့ရင်ထဲသို့ မီး တောက်ကြီးတစ်ခု တိုးဝင်လာသည်။

"ကလေးမလေးက ဖြူစင်ပါတယ် မောင်မင်းဉာဏ်သာရယ် အပြစ်မရှိပါဘူး၊ မင်းက မောင်းထုတ်ပစ်လိုက်တာလား"

သူ ... တိုက်ထဲပြန်ဝင်လာခဲ့သည်။ ငွေလထိန်မှာ အပြစ်မရှိ ဘူး။ သူ ... သိသိကြီးနှင့်ပါ။ နုနုကြွေကို မုန်းတီးခဲ့သည်။ သူ့ဒေါ ပစ္စည်းတွေအားလုံး ပြန်အပ်သွားတဲ့အထိ လူ့ကောကကြီးထဲက ဂုဏ်သိက္ခာကင်းမဲ့စွာ ထွက်ခွာသွားရတဲ့အပြင် အပြစ်ဒဏ်တွေခံရ သွားပေမယ့် ... နုနုကြွေကို ခွင့်မလွှတ်နိုင်။ မုန်းတီးနေခဲ့၏။ ဒါ မဲမိနေတာက ငွေလထိန် ... နုနုကြွေရဲ့ညီမ ... ဉာဏ်သာ မင်း ဘာတွေဆက်လုပ်မှာလဲ ... ငွေလထိန်မှာ ကိုယ်ဝန်နှင့် ... ဆေး ကနေပြန်ဆင်းလာခဲ့တာ မကြာသေးပေ။ ငွေလထိန်ရဲ့ရင်သွေး သူ့ရင်သွေးဆိုတာလည်း သူ အကြွင်းမဲ့ယုံကြည်နေခဲ့ပါလျက် ... ရက်စက်ကြမ်းတမ်းတဲ့စကားတွေ ပြောမိသွားသည်။





"ထိန် ... ထိန်ရယ် ... မင်းက ဘာဖြစ်လို့များ ငါ့အမုန်းဆုံး မိန်းမ နုနုကြွေရဲ့ညီမဖြစ်နေရတာကပဲ ကိုယ့်နှလုံးသားတွေ စူးနစ် နာကျင်နေရတယ်"

ထိန့်ကို မမုန်းနိုင်။ ထိန်ကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးမှ ချစ်နိုင်တာ အမှန်ပဲဖြစ်သည်။ စူစန် ... ဘယ်လိုပဲမြူဆွယ် ဖြားယောင်းနေပါစေ။ ထိန့်ကိုပဲ လွမ်းဆွတ်တမ်းတနေမိ၏။ ထိန့် အနားကိုပြန်သွားဖို့ အကြိမ်ကြိမ်ဆုံးဖြတ်မိနေသည်။

"ကိုယ်တို့သားအဖဘဝတွေကို ရက်စက်စွာနင်းချေဖျက်ဆီး ခဲ့တဲ့ မိန်းမတစ်ယောက်ကြောင့် ... မင်းကိုပါ ကိုယ်မုန်းတီးခဲ့တယ်၊ နုနုကြွေအစား ကိုယ်လက်တုံ့ပြန်ရမယ့် သားကောင်အဖြစ် ... သတ် မှတ်ခဲ့မိတယ်၊ ထိန်ရယ် ... ကိုယ် မင်းကိုအရမ်းချစ်ပါတယ်"

ထိန်တို့နေတဲ့ရပ်ကွက်ကိုလည်း ဉာဏ်သာ မသိပေ ... ဒေါ်စက်နဲ့အတူတူနေထိုင်သည်ဟုပဲသိပြီး စူစန့်ဆီလည်း မမေးရဲ ပေ ...

"ငွေလထိန်ရဲ့ဘဝကို ငါ စိတ်ပြတ်သတ်သွားအောင် နင်းချေ ခဲ့ချင်တယ်၊ ငါ အရမ်းရွံတယ်၊ နင် ... ငါ့ကိုလက်ထပ်မလား စူစန်"

"ဉာဏ်သာရယ် ... စူစန်က ဒီအခွင့်အရေးကို အမြဲတမ်းမျှော် လင့်နေခဲ့ရသူပါ။ ဉာဏ်သာ့ကို စူစန် ... ကျောင်းသားဘဝထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ်ချစ်ခဲ့ရတာလေ၊ အခုတောင် ... ဉာဏ်သာ့အိပ်ခန်း မှာ ရှုစန်လာအိပ်နိုင်ပါတယ်၊ တရားဝင်လက်ထပ်ထပ် မထပ် ဉာဏ်သာ့ကို ပိုင်ဆိုင်ထားချင်တယ်”

ဉာဏ်သာ မနှစ်သက်ဆုံးက အဲဒါပဲ ... အညှာလွယ်တဲ့မိန်း ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးကစပြီး ချစ်ကြို ပိုးပမ်းတဲ့သူကို ဉာဏ်သာ ... လုံးဝအထင်မကြီးပေ။ ငွေလထိန် သတိရလွမ်းဆွတ် တမ်းတနေမိသည်။

“ဉာဏ်သာရယ် ... ဘာမဟုတ်တဲ့ အောက်တန်း မိန်းကလေးတစ်ယောက်ကိုများ ရှင် ... ဘာဖြစ်လို့ သံယော မပြတ်နိုင်နေရတာလဲ၊ ပြီးတော့ ... နုနုကြွေရဲ့ညီမနဲ့ သွေးချ ရောယှက်ချင်နေတာလား၊ တကယ့်ကို ငွေလထိန်မှာ ကိုယ်ဝ လာရင် ... ရှင့်သွေးက နုနုကြွေရဲ့သွေးနဲ့ရောယှက်ထားတာ

“တော်စမ်း ... ဆက်မပြောနဲ့တော့ ... ဘာသွေးလဲ၊ ကိုယ ငွေလထိန် ဘာမှမဖြစ်သေးဘူး၊ ရှုလို့”

ရှုစန့်ကိုပင် သူ ... လက်ထပ်ဖို့အထိ ပြောဆိုမိသည်။

“ဒီကိုယ်ဝန်ကို ကိုယ် ... ဘယ်လိုလက်ခံရမလဲ ငွေလ မင်းဆီမှာလွယ်ထားရတာ ကိုယ့်ရင်သွေးလေးဆိုတာ ... ကို ယုံကြည်ပါတယ်၊ မင်းဖြူစင်တာ ကိုယ်အသိဆုံးပါကွာ”





ဉာဏ်သာ ... တိုက်ကြီးထဲပြန်ဝင်လာခဲ့သည်။ ဘာတွေလဲကွာ ... ကံကြမ္မာတွေရဲ့ထိုးနှက်ချက်က ... မုန်တိုင်းတစ်ခုထက်တောင် ပြင်းထန်လွန်းစွာ မွှေနှောက်နေခဲ့၏ ... ငွေလထိန်ကို ဘယ်လိုဆက်သွယ်ရမလဲ။ သူ့ပါးပြင်ပေါ်မှ လက်ငါးချောင်းရာက ငွေလထိန်ရဲ့အမုန်းတွေကို ဖော်ပြနေသည်။

“မင်း ကိုယ့်ကိုမမုန်းပါနဲ့ ... ကိုယ် လူမဆန်တဲ့လူယုတ်မာ တစ်ယောက် မဟုတ်ပါဘူးကွာ”

သူ ... ဆောက်တည်ရာမရတော့ ... အရက်ပဲ ဖိသောက်ပစ်သည်။ ငွေလထိန်ကိုမေ့သွားအောင် ဘယ်လိုလုပ်ရမလဲ။ ငွေလထိန်နေတဲ့ရပ်ကွက်ကိုလည်း ဉာဏ်သာ သိချင်လာ၏။ ရှုစန့်ထံ ... ဖုန်းဆက်သည်။

“ဉာဏ်သာ ... ရှင် အရမ်းသောက်နေပြန်ပြီလား၊ ပြော ... ရှုစန် လာခဲ့ရမလား”

“ရှုစန်”

“ပြောလေ”

ဉာဏ်သာက စပြီးဖုန်းဆက်သဖြင့် ... ရှုစန် ပျော်သွားသည်။ ဉာဏ်သာ့လိုယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်မိ၏။ သူမ အခွင့်အရေးရတုန်း ရေလာမြောင်းပေးလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စက်လေ ... ဒေါ်စက် ဘယ်မှာလဲ၊ ကိုယ်သိချင်တယ်"

"ရှင် ... ဘာသိချင်တာလဲ ... ဒေါ်စက်ကို အလုပ်ထုတ်ပစ်လိုက်ပြီ"

ငွေလထိန်နေတဲ့ရပ်ကွက်ကို ဉာဏ်သာ သိချင်နေတာလား။

"ရှုစန် ... ကိုယ်လေ ငွေလထိန်ကိုမောင်းထုတ်ပစ်လိုက်ပြီ"

"ရှုစန်နဲ့လက်ထပ်တော့မယ်ရော ပြောလိုက်လား"

သူ့ရင်တွေ နာကျင်သွားရသည်။ ရှုစန်နဲ့လက်ထပ်တော့မယ်လို့ ပြောလိုက်တယ်။ ကိုယ် အနာကျင်ရဆုံးပဲ ...

"ဉာဏ်သာ ... ပြောလိုက်လားလို့ ... ရှင် အပြတ်ဖြတ်လေ၊ ဒီမိန်းမကြောင့် ရှင့်ဘဝကြီးတစ်ခုလုံး ပေးဆပ်နေရပြီ၊ မတန်လိုက်တာ"

ငွေလထိန်ကို ကိုယ်အရမ်းချစ်တယ်ဟု ရင်ထဲကပဲပြောနေမိသည်။

"ဒေါ်စက်ဘယ်မှာနေလဲ ပြောပြစမ်းပါ၊ ကိုယ် ... ရှုစန်နဲ့ လက်ထပ်တော့မယ်လို့ ဒေါ်စက်ရှေ့မှာသွားပြောမယ်၊ ဒေါ်စက် လိပ်စာ မင်းသိတယ်မဟုတ်လား"

"ရှုစန်"

သူ ... အော်ဟစ်မိသည်။ ပြဿနာပဲ ... ဒေါ်စက်လိပ်စာကို





မပေးပေ။ သွယ့်ကိုလည်း မသိ ... ငွေလထိန်က သူမပိုင်တဲ့ Phone တောင် ယူမသွားဘဲချန်ထားခဲ့သည်။

"ထိန့်ကို သွားပြီးတားဆီးရမယ်၊ ခုလောက်ဆိုရင်တောင် ကိုယ့်ရင်သွေးလေးကို မင်းဖျက်ဆီးပစ်လိုက်ပြီထင်တယ်"

ထိန့်ကိုပြောဆိုမိတာတွေကို ဉာဏ်သာ နောင်တရလို့မဆုံးပေ။ ရှုစန်နှင့်လက်ထပ်မယ်တွေးမိတိုင်း ... သူ့နှလုံးသားတွေက လုံးဝလက်မခံနိုင်ဘဲဖြစ်နေသည်။ ရှုစန်က ဒေါ်စက်ကိုသွားပြောမှာ သေချာနေ၏။ ဉာဏ်သာ ... အရက်တွေကိုပဲ တစ်ခွက်ပြီးတစ်ခွက် သောက်သည်။

"ရှုစန် ... မင်းကို ကိုယ်လုံးဝလက်မထပ်ဘူး၊ မင်းမှတ်ထား၊ ငါချစ်တာက ငွေလထိန်ကွ"

ငွေလထိန်မရှိတော့တဲ့အိပ်ခန်းက ... အသက်မဲ့လွန်းသည်။ ကြမ်းပြင်မှာ ကွေးကွေးလေးအိပ်နေတဲ့ ထိန် ... သူ အအေးဓာတ်တွေ အလွန်အကဲလွှတ်ပြီး နှိပ်စက်ခဲ့၏။ ငွေလထိန်ရဲ့နာကျည်းမှုတွေကို သူ ... ဘယ်လိုဖြေဖျောက်ရမလဲ။ ငွေလထိန်အိပ်စက်ခဲ့တဲ့ ကြမ်းပြင်ပေါ် အိပ်ချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"ထိန် ... လူဆန်ချင်တယ် သွယ် ... အပြစ်မရှိတဲ့သန္ဓေသား ကိုတော့ လုံးဝဖျက်ဆီးမပစ်နိုင်ဘူး၊ ဒီကလေးကို မွေးမယ်၊ ဒါပေမဲ့ အဖေဆိုတာတော့ လုံးဝမရှိစေရဘူး"

ကိုမင်းဉာဏ်သာဆိုတဲ့နာမည်ကိုတောင် ထိန် ... မကြားလို့တော့ပေ ... မုန်းတီးနာကျည်းစရာကောင်းသည်။ ရှုံတယ်။ ဒီလိုတာဝန်မဲ့လွှန်းတဲ့ လူတစ်ယောက်ကိုလည်း ထိန့်ရင်သွေးလေးရဲ့အဖေ ဘယ်တော့မှမဖြစ်စေရဘူး။

"ထိန်လေ ... ဒီကနေ တစ်နေရာရာကိုထွက်သွားမယ် ဘယ်လိုဘဝမျိုးမှာပဲဖြစ်ဖြစ် ... ထိန် ကြိုးစားဖြတ်သန်းမယ်၊ သွယ့်ကို ကျေးဇူးတင်ပါတယ်နော်"

"ထိန်ရယ် ... သွယ်ကတော့လေ ဒီကလေးကိုမယူစေချင်





ဘူး၊ မင်းက အရမ်းနစ်နာနေတယ်လို့ ထင်တယ်၊ လူယုတ်မာတစ်ယောက်ရဲ့သွေးပဲဟာ"

"ဟင့်အင်း ... ထိန်ယူမယ်၊ အပြစ်မဲ့ပါတယ်၊ လူယုတ်မာရဲ့သွေးမဟုတ်ဘူး၊ ငွေလထိန့်ရဲ့သွေး"

"ဒေါ်စက်လည်း အလုပ်ထုတ်ခံရတယ်လေ၊ မထူးတော့ပါဘူး၊ ဒေါ်စက်တို့မြို့လေးကိုပဲ ပြန်ကြမယ် ... ဟိုမှာ နေစရာတွေရှိတယ်၊ စားစရာတော့ ဒီလိုပဲရှာရမယ်"

"ကျေးဇူးအရမ်းတင်ပါတယ် ဒေါ်စက်ရယ် ... ထိန်တို့ ... မနက်ဖြန်ပဲ သွားကြမယ်"

"သွယ်လည်း လိုက်ပို့ပေးမယ်၊ ဒီ Hotel မှာလည်း မလုပ်ချင်တော့ဘူး၊ ထွက်မယ် ... တခြားအလုပ်ပဲ ပြောင်းလုပ်တော့မယ်ထိန်"

"သွယ်ရယ် ... ထိန့်အတွက် အနစ်နာမခံပါနဲ့ ... မမစူစန်က စိတ်သဘောထားပြည့်ဝသူပါ"

"ဟွန်း ... လင်တရူး"

"သွယ်ရယ် ... မပြောပါနဲ့တော့ ... အပြစ်ရှိတာက ကိုယ်ပဲလေ၊ ငွေလထိန်ပါ"

ကိုမင်းဉာဏ်သာ့ပါးကို ... ထိန် ရိုက်ပစ်ခဲ့တယ်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



သွယ်က ဝမ်းသာအားရလက်ခုပ်တီးသည်။ ထိန် ဘာတစ်ခုမှလည်း ယူဆောင်မလာပေ ... နောက်တစ်နေ့မနက်တွင် မမစုစန် ရောက်လာ၏။ သူမတို့မြို့လေးကို ပြန်ဖို့ပြင်ဆင်နေတဲ့အချိန် ဖြစ်သည်။

"မင်းအတွက် ... နစ်နာကြေးလာပေးတာပါ ငွေလထိန်ကောင်းပါတယ်၊ အဝေးကိုထွက်သွားတော့မယ်ဆို ... ရင်းနှီးစားသောက်ဖို့ ငွေပေးလိုက်ပါ့မယ်"

"မလိုပါဘူး မမစုစန် ... အရင်က ငွေလထိန်ဘဝကို ပြန်ရောက်သွားတာပဲဟာ ... နစ်နာမှုမရှိပါဘူး၊ ထိန် ဘယ်လိုလူမျိုးရဲ့ အထောက်အပံ့ကိုမှ လက်မခံနိုင်ပါဘူး"

"ညည်းလေးက ရိုးသားဖြူစင်သူလေးပါ ငွေလထိန် ... ဒါကို မမစုစန်ယုံကြည်ပါတယ်၊ နုနုကြွေကြောင့်ပါကွယ် ...မမနဲ့ဉာဏ်သာတို့ လက်ထပ်ကြမယ်၊ ညကတော့ ... ဉာဏ်သာက တောင်းဆိုနေတယ်၊ ထိန်လေး တရားဝင်ကွာရှင်းပေးပါလား"

"ထိန်တို့နှစ်ယောက်က တရားဝင်လက်ထပ်ထားတာတွေ မရှိလို့ ... ကွာရှင်းစရာ မလိုအပ်ဘူးထင်ပါတယ်၊ ထိန် ... လုံးဝ မနှောက်ယှက်ပါဘူး၊ ထိန့်ကို မချစ်မနှစ်သက်တဲ့ယောကျ်ားတစ်ယောက်နဲ့လည်း အတူတူနေထိုင်ဖို့ ဆန္ဒမရှိပါဘူး မမစုစန် ... သံသယမရှိပါနဲ့"





"ညည်းလေးစကားနဲ့ ညည်းလေးပဲနော် ... လုံးဝ ကတိတည်ပါ ငွေလထိန် ... ညည်း မနှောက်ယှက်ဘူးလို့ပဲ မမ ယုံကြည်လိုက်မယ်"

"ဟုတ်ကဲ့"

မမစုစန်ပြန်သွားတော့ သွယ် ... ဆွေ့ဆွေ့ခုန်အောင် ဒေါသဖြစ်မိသည်။

"အရှက်မရှိလိုက်တာ ... ဒီလောက်အထိ လင်ရှားနေလား"

"တော်ပါတော့ သွယ်ရာ ... ဒီအကြောင်းတွေ စကားထဲတောင် ထည့်ပြောမနေပါနဲ့တော့ဟာ"

သူမတို့ ဒေါ်စက်ရဲ့ဇာတိမြို့လေးကိုပဲပြန်ဖို့ ပြင်ဆင်နေကြသည်။ ထိန် နေလည်းမကောင်းဘူး။ ရင်ဝမှာစို့တက်၍ အော့အန်ချင်နေ၏။ သွယ်က ပစ္စည်းတွေသိမ်းနေသည်။

"ထိန် နားနေပါ၊ သွယ်လုပ်မယ် ... မူးလဲသွားဦးမယ်နော်"

"ရပါတယ် သွယ်ရယ်"

"ထိန် ... ရှင်နဲ့သွယ်အတူတူစုထားတဲ့ ဘဏ်ကငွေတွေ ထုတ်ယူသွားလိုက် ... ဟိုမှာ အဆင်ပြေအောင်လေ"

"ထိန်ပိုင်တဲ့တစ်ဝက်ပဲယူမယ် သွယ်"

"အကုန်ယူသွားစမ်းပါ၊ သွယ့်အတွက် မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သွယ်နဲ့ထိန်တို့လစာထဲက တစ်ဝက်စီခွဲ၍ ငွေစုဘဏ်မှာ စုထားတဲ့ငွေ ဆယ်သိန်းလောက်ရှိသည်။ သွယ်နှင့်ထိန် ... အတူတူ သွားထုတ်ခဲ့ကြသည်။ အဝေးပြေးကားဂိတ်ကနေ လက်မှတ်ဝယ်ပြီး ဒေါ်စက်ခေါ်ဆောင်ရာသို့ လိုက်ခဲ့ကြ၏။ မမကြွေရေ ... ထိန်လေးကို ဒီလိုဘဝမျိုးရောက်မှာ စိတ်ပူခဲ့တယ်မဟုတ်လား။ မမကြွေထက်တောင် ကိုမင်းညဏ်သာက လူစိတ်မရှိပါဘူး။ သွယ်နှင့်ဒေါ်စက်ရှေ့မှာ မျက်ရည်မကျအောင်ထိန်းချုပ်နေသည်။

"ငွေလထိန်ရဲ့ဘဝကို ရှင် ... ကောင်းကောင်းကြီး အညှိုးအတေးနဲ့ကို နင်းခြေဖျက်စီးပစ်ခဲ့တာပဲ ကိုမင်းညဏ်သာ ... ရှင်က ကျွန်မသွေးကို ရွံရှာစက်ဆုပ်တယ်မဟုတ်လား၊ ကျွန်မကတော့ အပြစ်မဲ့တဲ့ရင်သွေးကို မဖျက်ဆီးနိုင်ဘူး၊ ရှင်သိထားဖို့က ... ကျွန်မကလေးမှာ အဖေဆိုတာ ဘယ်လိုအကြောင်းနဲ့မှမရှိစေရဘူး၊ ရှင်ဘာကြီးပဲဖြစ်နေဖြစ်နေ ... ကျွန်မရင်သွေးလေး မပတ်သက်စေရဘူး"

ထိန် ... ဘာမှမခံစားနိုင်။ တဝေ့ဝေ့အန်နေသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့်မောဟိုက်နေသည်။

"ထိန်ရယ် ... တစ်ခုခုတော့စားပါ၊ အချိုရည်လေးဖြစ်ဖြစ် သောက်ပါ"





သွယ်က ချော့မော့တိုက်၍ ... နည်းနည်းလေးသောက်ပြီး အန်သည်။ ဒေါ်စက်ရဲ့ဇာတိမြို့နယ်လေးက ... ရန်ကုန်မြို့နှင့် သိပ်မဝေးလွန်း၍ တော်သေးသည်။ ခြံဝင်းတွေ ... သစ်ပင်တွေနှင့် လှပအေးချမ်းမှုရှိ၏။ ထိန် ရောက်ရောက်ချင်းပဲ အိပ်ရာပေါ် လှဲချလိုက်ရသည်။

"အဒေါ်စက်ပြန်လာတာ အရမ်းဝမ်းသာတာပဲ ... ဘယ်မှာမှမနေပါနဲ့ ... ဒီမှာပဲနေပါ ... ကျွန်မတစ်ယောက်ထဲနေတာပဲ ဒီကလေးမ နေမကောင်းဘူးလား"

"ဟုတ်တယ် မယ်ရွှေ ... ဆေးခန်းရှိလား၊ ဆရာဝန်ပင့်မှဖြစ်မယ်ထင်တယ်၊ ထိန်လေး ... ထိန်လေး ... အမယ်လေး လုပ်ကြပါဦး ... ထိန်လေး ခေါ်မရတော့ဘူး"

ရွာထဲကလူတွေ ပြေးလာကြပြီး ... ဆရာဝန်ပင့်သူကပင့် ဝိုင်းဝန်းပြုစုသူကပြုစုနှင့် ကျန်းမာရေးမှူးဆရာမရောက်လာမှ ထိန်သတိပြန်ရလာသည်။

"ဘာမှစိတ်ပူစရာတော့ မရှိဘူး၊ ကိုယ်ဝန်ဆောင်ကာစ ဖြစ်တတ်တဲ့ဝေဒနာပါ၊ ကျွန်မ ဆေးသွင်းပေးပါ့မယ် ... မိန်းကလေးက နုနုဖတ်ဖတ် ချောချောလေး ... အားတော့တင်းထားရမယ်နော် မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



ထိန် သတိလစ်သွားပြီး သတိပြန်ရလာတော့ ပတ်ဝန်းကျင်မှာ လူတွေဝိုင်းနေတာ တွေ့လိုက်ရသည်။ ကျန်းမာရေးမှူးက အားဆေးတွေသွင်းပေး၏။ ထိန့်ကို စိတ်တင်းထားဖို့အားပေးပြီး ပြန်သွားသည်။

"သမီးလေး ... ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့လာရလဲဆိုတာ ဆရာမနဲ့မဆိုင်ဘူးလေ၊ ဒါပေမယ့် ... အားတင်းထားပါ။ ကလေးကိုတော့ ထိခိုက်လို့မဖြစ်ဘူးနော်"

ထိန် သိပါတယ်။ ထိန် မွေးမှာပါ။ ထိန် လူသားဆန်ရလိမ့်မယ်။ ပတ်ဝန်းကျင်က စားစရာတွေလည်း လာပို့ကြသည်။ လုပ်အားလည်း ကူညီကြ၏။ ထိန့်ကို နှိပ်နယ်ပေးသူက ပေး ... ဆေးတိုက်သူက တိုက် ... ဒေါ်စက်ရဲ့တူမအိမ်လေးက မခိုင့်တခိုင် ... နောက်မှ အိမ်လေးကို ခိုင်ခိုင်ပြန်ပြင်မယ်ဟု ဒေါ်စက်ကပြောသည်။

"ဒီမှာတော့ အားနာစရာမလိုပါဘူးနော် မိန်းကလေး ... ဆင်းရဲကြပေမယ့် ဝိုင်းဝန်းပြုစုပေးမယ့်သူတွေက အများကြီးပါ၊ အားမငယ်နဲ့"

"ဟုတ်ကဲ့"

နောက်တစ်နေ့ ... သတင်းစာများတွင် ... ရွှေနေကြီးမှ မမကြွေထားခဲ့တဲ့ ငွေကြေးကိစ္စပေးဖို့ ... အမြန်ဆက်သွယ်ပါဟု





ကြော်ငြာထည့်ပေမယ့် ... ငွေလထိန် လုံးဝမဆက်သွယ်ခဲ့ပေ။

"ထိန် ဘာမှမလိုချင်ဘူး သွယ်ရယ် ... စိတ်ထဲမှာ မသတည်ဘူး၊ ရှိတယ် ... ထိန့်ဘဝကို ရပ်တည်နိုင်ပါတယ်"

သွယ်ကတော့ ... မိဘတွေရှိနေ၍ ရန်ကုန်ကိုပြန်သည်။

"သွယ် ... လုံးဝ ရေငုံနှုတ်ပိတ်နေပေးပါနော်၊ ကိုယ်ဝန်လည်း ဖျက်ချလိုက်ပြီလို့ပဲပြောပြပါ။ မမစူစန်က မေးမှာပဲလေ"

"အင်းပါ။ သွယ်လည်း ဒီမိန်းမနဲ့မပတ်သက်ပါဘူး၊ ထိန်နော်သွယ့်ကို့တော့ ခြေရာဖျောက်မသွားနဲ့ ... အရမ်းစိတ်ဆိုးမှာ ... ခွင့်မလွှတ်နိုင်ဘူး"

ဒေါ်စက်ကတော့ ... ထိန့်ကို ဘာမှမခိုင်းဘဲ ... ဈေးရောင်းသည်။

"ထိန်လည်းရောင်းပေးပါ့မယ် ဒေါ်စက်ရယ် ... ထိန် ပျော့နေလို့မဖြစ်ပါဘူး၊ ဘဝတိုက်ပွဲဝင်ရမယ်လေ"

"ထိန်ကတော့ အိမ်ဆိုင်လေးဖွင့်ပြီး ရောင်းပါကွယ် ... ကိုယ်ဝန်ရှိကာစမှာ ဒီလိုပဲဖြစ်တတ်ပါတယ်၊ ငါးလလောက်ဆို ကောင်းသွားမှာပါ"

"အောင်မယ် ... ဒေါ်စက်အပျိုကြီးက သိနေတာပဲလား"

"ဒေါ်စက်အစ်မမွေးတုန်းက သိတာလေ၊ ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်လေး ချောချောနုနုဖတ်ဖတ်အိစက်စက် ငွေလထိန်ကံဆိုးရှာတာကို ... ဒေါ်စက် စိတ်မကောင်းဖြစ်ရသည်။ မိမိလည်း တတ်နိုင်သလောက် ရှာဖွေကျွေးမွေးစောင့်ရှောက်ဖို့ ဆုံးဖြတ်ထားသည်။

"ထိန်လေးက ပညာတတ်ပဲ ... ကလေးမွေးပြီးရင်တော့ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ပြန်လျှောက်နော်၊ ထိန်လေးပင်ပန်းတာ ဒေါ်စက်မကြည့်ရက်လို့ပါ"

"ဒေါ်စက်ရယ် ... ထိန် ဘာမှမဖြစ်ပါဘူး၊ ဈေးပဲရောင်းမယ်၊ ထိန် ဘယ်လိုအကြောင်းမျိုးနဲ့မှ ရန်ကုန်ကို မသွားချင်တော့ဘူး"

ထိန့်နှလုံးသားတွေထဲမှာ ဘယ်လိုပဲ ကိုမင်းညဏ်သာကို မုန်းတီးနေပါစေ။ သူ့လက်ထပ်မယ့်ကိစ္စတွေ မကြားလိုမမြင်လိုပေ။ ပြီးတော့လည်း ကိုမင်းညဏ်သာကို မျှော်လင့်နေသေးသည်ဟုလည်း အထင်မခံနိုင်။ ထိန် ဓာတ်မြှုပ်နေထိုင်ဖို့ပဲ ဆုံးဖြတ်ထား၏။ ထိန်စုထားတဲ့ငွေလေးဖြင့် အိမ်လေးပြင်ပြီး ... အိမ်ဆိုင်လေး ဖွင့်ထားသည်။

"ထိန့်ကို ... အရမ်းကြီးသနားမနေပါနဲ့ ဒေါ်စက်ရယ် ... ကံကြမ္မာအရ ဖြစ်ချိန်တန်လို့ဖြစ်ရတာလေ၊ စမွေးဖွားလာထဲက ကံမကောင်းခဲ့တာမဟုတ်လား၊ ခံနိုင်ရည်ရှိပါတယ်"





"ထိန်လေး"

"ရှင်"

"ညည်းလေးနဲ့နုနုကြွေက ညီအစ်မအရင်းမဟုတ်ဘူးဆိုတာ ဒေါ်စက်သိတယ်လေ၊ မောင်မင်းညဏ်သာကို ပြောပြသင့်တယ်ထင်တာပဲ"

"ဟင့်အင်း ... မပြောပြပါဘူး၊ မမကြွေက ထိန့်ကို ငယ်ငယ်လေးထဲက ချီပိုးထိန်းကျောင်းခဲ့တာပါ ... ထိန့်အပေါ်လည်း သံယောဇဉ်တွယ်ရှာပါတယ်၊ မမကြွေမရှိမှ လုံးဝထုတ်ဖော်မပြောပြနိုင်ဘူး"

တကယ်တော့ ... မမကြွေနှင့်ထိန်တို့က ညီအစ်မအဖြစ် သွေးသားတော်စပ်ခြင်းမရှိပါဘူး။ မမကြွေက မိဘမဲ့ ... ငါးလသားအရွယ်ထဲက ထိန့်အဒေါ်လင်မယားက မွေးစားထားခြင်းဖြစ်သည်။ မမကြွေနှင့်ထိန်တို့ ငါးနှစ်လောက်ကွာကြပြီး ... ထိန့်မိဘတွေ ဆုံးသွားသဖြင့် အဒေါ်ကစောင့်ရှောက်စဉ် ... မမကြွေက ထိန်းပေးရခြင်းဖြစ်လေသည်။

"ထိန်နဲ့မမကြွေက ဘဝတူတွေပါ ... မိဘမဲ့တွေပဲလေ ... ဒါပေမယ့် မမကြွေလက်ထဲမှာ ထိန်ကြီးပြင်းလာခဲ့ရတာပဲ ... ထိန့်ကိုလည်း ချစ်တယ်၊ အစ်မပါပဲ ... ထိန့်ဘဝ ချမ်းသာရေးအတွက်တော့ လုံးဝမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းညဏ်သာလိုယောကျ်ားကရော ယုံကြည်မလား။ မခ ကြွေသွေးမဟုတ်လို့ သူကလက်ခံမယ်ဆိုရင်တောင် ... ထိန်က လက်မခံနိုင်ပါဘူး။

"ထိန်လေးရယ် ... ညည်းလေးကို သနားတယ်၊ ညည်းလေး ဘဝကို ခပ်ကြမ်းကြမ်းဖြတ်သန်းနေရတာ ... ဒေါက်တာ မကြည့်ရက် တာတော့ အမှန်ပဲ"

"တော်ပါတော့ ဒေါက်တာရာ ... သူတောင် ... မမစုစန်နဲ့ လက်ထပ်ပြီးလောက်ပါပြီ၊ မေ့ပစ်လိုက်ပါ။ ထိန်နဲ့မမကြွေက သွေး သားရင်းမဟုတ်ပါဘူးလို့ သွားပြောကြည့် ... ထိန့်ကို နိမ့်ချပြောဆို မှာပါ။ မမစုစန်ကို ကတိပေးထားတယ်၊ ထိန် မနှောက်ယှက်တော့ ပါဘူး"

ထိန် ... စိတ်ကိုတင်းပြီး ရင်သွေးလေးကိုလွယ်ကာ ဘဝကို ရုန်းကန်သည်။ ထိန့်ရင်သွေးလေးအား မဆင်းရဲစေချင်ပါဘူး။ မိခင် တစ်ယောက်အနေနှင့် တာဝန်ယူနိုင်အောင်တော့ ကြိုးစားရမည် ဖြစ်သည်။

"ထိန်လေးက တကယ့်ကိုလေးစားစရာကောင်းတယ်ကွယ်၊ စိတ်ဓာတ်က မြင့်တယ်၊ အထက်တန်းကျတယ်"

ထိန် ... တကယ်ပဲ ... ဘဝကိုထူထောင်နိုင်ရန် ကြိုးစားခဲ့ သည်။ ရင်သွေးလေးကိုလွယ်ရင်း စီးပွားတွေရှာခဲ့၏။ လစေ့လို့





မွေးဖွားတော့လည်း မြို့နယ်သားဖွားခန်းလေးမှာပဲ မွေးဖွားခဲ့သည်။

"ထိန့်လေးရေ ... သမီးလေး ... အရမ်းချစ်စရာကောင်းတာ ပဲ ... သူ့အဖေ မင်းညဏ်သာရုပ် ... အမယ်လေး ... ဒေါက်တာ စကားမှားသွားတယ်၊ မင်းညဏ်သာနဲ့ ရုပ်ချင်းတော်တော်လေးတူ နေတာပဲ"

ဘာပဲဖြစ်ဖြစ်လေ ... သမီးလေးဖြစ်နေ၍ ထိန် အားရှိပေ မယ့် ... အဖေမဲ့စွာကြီးပြင်းသွားရမှာကိုတော့ စိတ်ပူပင်မိသည်။ ဒါပေမဲ့လည်း ထိန်ကတော့ ... သမီးကလေးမွေးတာကို အကြောင်း ပြပြီး သူ့အဖေနဲ့တော့ ဆက်သွယ်မှာမဟုတ်ပါဘူး။

"ရော့ ... သမီးလေးကိုကြည့်ပါဦး ... တုတ်တုတ်ခဲခဲလေး၊ ပေါင်ချိန်ကလည်း ကိုးပေါင်ကျော်တယ်တဲ့"

ထိန့်ရင်ခွင်ထဲသို့ သမီးလေးကိုထည့်ပေးကြသည်။ ထိန် မဝံ့ မရဲလေးငုံ့ကြည့်တော့ ... ဒေါက်တာပြောသလိုပင်။ ကိုမင်းညဏ်သာ နှင့် တူလွန်းနေ၏။ သမီးလေးသာ ... အဖေကအသိအမှတ်ပြုပြီး မွေးဖွားခဲ့ရရင် ... အတွေးကို ချက်ချင်းပဲ ထိန့်အတွေးတွေထဲကနေ ဖျောက်ဖျက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

ဆယ်နှစ်ဆိုတဲ့အချိန်ကာလတွေမှာ သူ ... နောင်တကြီးစွာ ရင်မှာပိုက်လျက် ... ငွေလထိန်ကိုရှာဖွေနေမိသည်။ စုစန်နှင့်လည်း အဆက်အသွယ်ပြတ်၍ နိုင်ငံခြားသို့ထွက်ခွာသွားခဲ့၏။ ငွေလထိန် သူငယ်ချင်းဖြစ်သူ သွယ်လည်း ... နိုင်ငံခြားကိုထွက်သွားသည်ဟုပဲ သိလိုက်ရသည်။ သူ ... သတင်းစာမှာ ငွေလထိန်ကိုဆက်သွယ်ရန် ကြေငြာခဲ့ပေမယ့် ... လာရောက်ဆက်သွယ်ခြင်းလည်း မရှိပေ။ သူ အသိချင်ဆုံးက ... သူ့ရင်သွေးလေးကို ဖျက်ဆီးပစ်လိုက်ပြီလား ဆိုတာပါပဲ။ မြန်မာပြည်မှာ အဖွဲ့အစည်းတွေ အကူအညီနှင့်ရှာဖွေ ခဲ့သည်။ မတွေ့ခဲ့ ...

"ထိန်ရယ် ... မင်းရဲ့မာနတွေကို ကိုယ်အထင်ကြီးလေးစား ရပါတယ်ကွာ ... ကိုယ့်ရင်ထဲမှာ နောင်တတွေတပွေ့တပိုက်နဲ့





ထိန့်ကို အမြဲတမ်းလွမ်းဆွတ်တမ်းတနေပါတယ်"

သူ ... မြန်မာပြည်အနှံ့ ငွေလထိန်ကိုရှာဖွေခဲ့သည်။ ဒေါ်စက် နေထိုင်တဲ့ရပ်ကွက်ထဲကိုသွားတော့ ပြောင်းသွားကြပြီတဲ့ ...

"ပြောင်းသွားတဲ့နေရာကိုတော့ ဘယ်သူမှအသိမပေးပါဘူး၊ ငွေလထိန်လေးက ဖြူစင်တယ်၊ မိဘမဲ့လေးပါ၊ အဒေါ်ပါဆုံးသွားလို့ ဒေါ်စက်နဲ့နေရတယ်၊ သူ့အစ်မနုနုကြွေ သူ့ဌေးကြီးနဲ့လက်ထပ်တာ သဘောမကျလို့ ... အစ်မအထောက်အပံ့ကို လုံးဝလက်မခံဘူး၊ အပြတ်နေတယ်၊ ညီအစ်မအရင်လည်း မဟုတ်ဝါဘူး၊ နုနုကြွေက မွေးစားသမီးပါ၊ သူ့အဒေါ်က လသားအရွယ်ထဲက မွေးစားထားတာ လေ"

ထိန်အ ... ဒီအကြောင်းတွေကို လုံးဝထုတ်ဖော်မပြောခဲ့ ဘူး။ သူပေးတဲ့အပြစ်ဒဏ်ကို ငြိမ်သက်စွာခံယူခဲ့ရှာသည်။

"နုနုကြွေက ... သူ့ညီမလေးအတွက်စိတ်ပူလို့ ဘဏ်မှာ ငွေလထိန်နာမည်နဲ့ ငွေအပ်ထားခဲ့တယ်၊ အန်ကယ့်ကိုအပ်ထားခဲ့ ပေမယ့် ငွေလထိန်က လာပြီးမဆက်သွယ်ဘူး မောင်မင်းဉာဏ်သာ တစ်နှစ်တိတိ နေ့စဉ်ထည့်ခဲ့တာ ... လုံးဝမဆက်သွယ်လာဘူး"

ရှေ့နေကြီးကိုယ်တိုင်ပင် ငွေလထိန်နှင့် အဆက်အသွယ်မရ ၍ ... နုနုကြွေအပ်ထားတဲ့ ဘဏ်စာအုပ်အား သူ့လက်ထဲအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေလထိန်က မာနကြီးတယ်တဲ့ ... မတရားရထားတဲ့ငွေတွေကိုလည်း လက်ခံမှာမဟုတ်ဘူးတဲ့ ... တကယ်လို့ ထိန်လေး လက်မခံရင် မင်းကိုပဲပြန်အပ်ပါတဲ့ ... မှာသွားတယ်၊ နုနုကြွေမှာ အသဲကင်ဆာဖြစ်နေတာ ကြာပြီ၊ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့တဲ့၊ သူ့အပြစ်သူခံရတာ ကျေနပ်ပါတယ်တဲ့"

ငွေလထိန်ရဲ့မာနနှင့် သူ့အပေါ် ရိုးသားစွာချစ်မြတ်နိုးခဲ့တာကို တဖြည်းဖြည်းသိလာလေ ... ဉာဏ်သာ ဘယ်လိုမှဖြေသိမ့်လို့ မရနိုင်ဘဲ ... သူ့ကိုယ်သူပင် ခွင့်မလွှတ်နိုင်ဖြစ်ရသည်။

"ကိုယ့်ရင်သွေးလေးကို ဖျက်ဆီးပစ်လိုက်ပြီလားကွာ ... မင်းရက်စက်လွန်းတယ် ငွေလထိန် ... မင်း ... မင်း ... နောက်ယောကျ်ားတစ်ယောက်ပဲ ထပ်ယူသွားပြီလား၊ ကိုယ်သတ်မှာနော်၊ ကိုယ့်ကို မာနတွေဒီလောက်ပြရရင် ကျေနပ်ပါတော့ ထိန်ရယ်"

တဖြည်းဖြည်းနှင့် သူ့စီးပွားရေးလုပ်ငန်းတွေပင် မလုပ်တော့ ပစ်ထားခဲ့သည်။ နိုင်ငံခြားမှာနေတော့လည်း ထိန့်ကိုမေ့ပျောက်ပစ်၍ မရ ... ငါးနှစ်ကြာလာပြီး ထိန့်ကိုရှာဖွေနေဆဲပင် ...

"ဒေါ်စက်က ... ရန်ကုန်နဲ့မနီးမဝေး နယ်မြို့လေးကပဲ"

ထိုသတင်းကြားရလာ၍ ... သူ ... ရန်ကုန်နှင့်မနီးမဝေး နယ်မြို့လေးတွေကို အနှံ့အစပ်ရှာဖွေခဲ့သည်။





"ကိုယ် ... ရူးသွပ်ရတော့မယ်ထင်တယ်၊ ကိုယ့်နှလုံးသားတွေ မီးလောင်ကျွမ်းရတော့မယ်၊ ကိုယ် သေတော့မယ်ထင်တယ်"

တစ်နေ့တစ်နေ့ ... ငွေလထိန်ကိုရှာဖွေဖို့ထက် တခြားဘာမှမစဉ်းစားနိုင်။ အိပ်ဖို့ ... စားသောက်ဖို့ပင် မေ့နေသည်။ သူ နောက်ဆုံး သတင်းအတိအကျရတဲ့ ဓနိကုန်းမြို့လေးအရောက်တွင် မျက်ဝန်းတွေပြာဝေကာ သတိလစ်လဲကျသွားသည်။ သူ သတိပြန်ရချိန်တွင် ... သူ့ကို စိုးရိမ်တကြီးငုံ့ကြည့်နေတဲ့ ကိုးနှစ်အရွယ်ကလေးငယ်တစ်ယောက်ကို တွေ့လိုက်ရ၏ ... ချောမောဖြူဝင်းအိနေတဲ့ မိန်းကလေးဖြစ်သည်။

"ဦးဦး ဘာဖြစ်လို့လဲ၊ အားမရှိလို့ထင်တယ်၊ ဒီမှာ မီးမီး အချိုရည်ဝယ်လာတယ်၊ သောက်လိုက်ပါနော်"

"ဟင် ... မင်း ... မင်း ... ဘယ်သူလဲ"

"မီးမီးနာမည်က ငွေလသော်တာပါ ... ဟိုဘက်ရပ်ကွက်မှာနေပါတယ်၊ မီးမီးအဖွားနေမကောင်းလို့ ဆေးလာဝယ်တာပါ၊ ဦးဦး လဲကျသွားတာမြင်လို့ လာခဲ့တာပါ"

"မင်းနာမည်က ငွေလသော်တာ ဟုတ်လား ... မင်းအမေနာမည်ကရော ... မင်းအဖေရော"

"မီးမီးမေမေက ငွေလထိန်ပါ၊ ဖွားဖွားက ဒေါ်စက် ... မီးမီး ဖေဖေက သေသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ညဏ်သာ ... အံ့သြတုန်လှုပ်စွာ ငွေလသော်တာကို ကြည့်မိသည်။ သမီးလေးပဲ ... သေချာတယ်။ သူ့သမီးလေးပါ။ ငွေလထိန်နှင့်တူသလို ... သူနှင့်လည်း တူလွန်းနေ၏။ သူနဲ့ပိုတူတယ်။ သမီးလေးနေထိုင်ရတဲ့ ရပ်ကွက်လေးက စုတ်စုတ်ပြတ်ပြတ် နုံနုံချာချာ။ ကုန်စုံဆိုင်လေးဖွင့်ထားတယ်တဲ့ ... ကိုယ့်ကိုစိတ်နာပြီး ဇာတ်မြှုပ်နေထိုင်ခဲ့တာပဲ ... သမီးလေးကို သူ ... ပွေ့ဖက်ထားမိသည်။

"သမီးလေး ... ဒက်ဒီ့သမီးလေးပါ"

"ရှင် ..."

"သမီးမေမေ ငွေလထိန်ကို ... ဒက်ဒီလိုက်ရှာနေတာပါ။ သမီးလေးအိမ်ကို ခေါ်သွားပေးပါလားကွယ်"

"ဟုတ်ကဲ့ရှင့်"

သမီးလေး ... ချစ်စရာကောင်းလိုက်တာ ... နွမ်းနွမ်းပါးပါး ဘဝလေးမှာ နေထိုင်ကြီးပြင်းလာခဲ့ရတာ ... ဒက်ဒီ့အပြစ်တွေပါကွာ သမီးလေးရှေ့မှာပင်ရပ်နေရတာ ... ညဏ်သာ့စိတ်တွေ ချောက်ချားသိမ်ငယ်နေရသည်။

"ဦးဦး ... သမီးတို့အိမ်ရောက်ပြီ၊ မေမေရေ ... ဒီမှာ မေမေ့ကိုရှာနေတဲ့ဧည့်သည် ပါလာတယ်၊ ဦးဦးမင်းညဏ်သာတဲ့"

သမီးလေးရဲ့အော်သံကြောင့် ... ငွေလထိန် ထွက်လာတော့





နောက်ဆက်တွဲ ဦးဦးမင်းညဏ်သာလို့ပြောလိုက်၍ သူမခြေလှမ်းတွေ တုန့်ကနဲရပ်သွားသည်။

"ထိန် ... မင်း ... မင်း ကိုယ့်ကို ဥပေက္ခာမပြုလိုက်ပါနဲ့ ကိုယ် နောင်တတွေရင်မှာပိုက်ပြီး ... မင်းကိုလိုက်ရှာနေတာပါ၊ ကိုယ့်ရင်သွေးလေးကို မင်းမဖျက်ဆီးလိုက်ဘဲ မွေးခဲ့တာ ... ကိုယ် အရမ်းကျေးဇူးတင်တယ်၊ ဝမ်းလည်းသာတယ်၊ ကိုယ့်အပြစ်တွေကို ခွင့်လွှတ်ပေးပါ ငွေလထိန်ရယ်နော်"

"ဒေါ်စက် ... သမီးလေးသော်တာ့ကို အပြင်ခဏခေါ်သွားပေးပါ"

"ထိန်လေး ... နှစ်တွေလည်းကြာခဲ့ပါပြီကွယ် ... သမီး မိန်းကလေးဆိုတာ ဖခင်ရှိသင့်ပါတယ်၊ မာနတွေ ပြမနေပါနဲ့တော့"

ဒေါ်စက်က ပြောပြီး ... သမီးလေးလက်ကိုဆွဲ၍ အပြင်ထွက်သွားသည်။

"မောင်မင်းညဏ်သာက ... ငွေလထိန်ကိုတောင်းပန်တယ်၊ ပြန်ဆက်သွယ်ဖို့ သတင်းစာထဲမှာ နေ့စဉ်ကြော်ငြာနေတယ်၊ သူ နောင်တရနေပြီပဲ ... ပြန်ဆက်သွယ်လိုက်ပါတော့"

ဒေါ်စက်က ... သတင်းစာတွေယူလာပြခဲ့ပေမယ့် ... ငွေလထိန် လုံးဝလက်မခံခဲ့ပေ ... ခေါင်းမာစွာဖြင့် ဆယ်နှစ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကို သတ္တိရှိရှိဖြတ်သန်းလာခဲ့သည်။

"ရှင်ဘာလာလုပ်တာလဲ ... သမီးက ရှင့်သွေးလည်းမဟုတ်ဘူး၊ ကျွန်မ နောက်အိမ်ထောင်ပြုလိုက်ပြီနော် ... ရှင် ထောင်ကျသွားချင်လို့လား"

"ကိုယ် ... သမီးလေးကိုမေးပြီးပြီ၊ မင်းအမေမှာ ယောက်ျားရှိလားဆိုတော့ ... မရှိဘူးတဲ့ ... သမီးဖေဖေကိုပဲ အမြဲတမ်းသတိရ လွမ်းဆွတ်ပြီး ငိုနေတာတဲ့"

"ဘာပြောတယ်၊ မဟုတ်တာတွေ ... ရှင့်ကိုမပတ်သက်ချင်လို့ ... ကျွန်မ ဆယ်နှစ်တောင်နေခဲ့တာ ... ရှင်ပြန်ပါ"

ကိုမင်းဉာဏ်သာကိုကြည့်ရတာ ... ညှိုးနွမ်းရင့်ရော်နေပြီး စုတ်စုတ်ပြတ်ပြတ်နှင့် မမှတ်မိနိုင်အောင်ပင် ... ကိုမင်းဉာဏ်သာက ထိန့်ကို အရူးအမူးရှာနေတယ်လို့တော့ ပြောဖူး၏။ ထိန် မဆက်သွယ်ခဲ့ပေ။ ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးတွေအပေါ် အထင်သေး အမြင်သေးလွန်တဲ့စိတ်ကို ရိုက်ချိုးပစ်ချင်သည်။

"ကျွန်မသမီးလေးက ရှင့်သမီးဆိုရင်တောင် ... ကျွန်မအစ်မ နုနုကြွေရဲ့သွေးနဲ့ ရောထားတာနော် ... ရှင်ပဲ ရှုံတယ်ဆို ... ရှင်ကိုယ်တိုင် ဖျက်ဆီးပစ်ခိုင်းခဲ့တာပဲ ... ကျွန်မ ... ရှင့်ကို ဘယ်နည်းနဲ့မှလက်မခံနိုင်ဘူး၊ ကျွန်မသမီးပြန်မလာခင် ထွက်သွားပေးပါ"

"ထိန်ရယ် ... လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က အဖြစ်အပျက်တွေ





ကို မေ့ပစ်လိုက်စမ်းပါ၊ သမီးလေးဖြစ်လို့ အဖေရင်းရှိဖို့လိုအပ်ပါတယ်၊ ကိုယ်အရမ်းမှားသွားပါတယ်၊ နုနုကြွေကိုလည်း ကိုယ် မမုန်းတော့ပါဘူး၊ ကိုယ်မှားပါတယ်၊ သမီးနဲ့ကိုယ့်ကိုတော့ မခွဲပါနဲ့တော့"

ထိန့်မျက်ဝန်းတွေက ... မာနတွေနှင့် ပြည့်နှက်မာထန်နေတာ ... ဉာဏ်သာ အောက်ကျခံ၍ ဒူးထောက်တောင်းပန်နေမိသည်။

"ထိန်ရယ် ... ကိုယ် နှစ်ပေါင်းများစွာ အရူးတစ်ပိုင်းလို ဖြစ်နေခဲ့ရတာပါ၊ ကိုယ့်ကို အပြစ်ဒဏ်တွေပေးနေတာ ရပ်လိုက်ပါကွာ ကိုယ့်မိသားစုလေးနဲ့ ပျော်ပျော်ရွှင်ရွှင်ဘဝတွေကို တည်ထောင်ချင်ပါတယ်"

"ရှင့်ကို လက်မခံနိုင်ဘူး၊ လူစိတ်မရှိတဲ့လူကို ကျွန်မ မုန်းတယ်၊ အထင်လည်းမကြီးဘူး၊ ကျွန်မကို ဟန်ဆောင်လိမ်ညာနေတာလို့ မထင်နဲ့နော် ... ရှင်နဲ့မပတ်သက်ချင်ဘူး၊ စိတ်အမျိုးမျိုးပြောင်းနေတတ်တဲ့လူ ... ထွက်သွားပါ ... ကျွန်မ ကောင်းကောင်းပြောနေတုန်း ထွက်သွားနော် ... ကျွန်မသမီးမှာ အဖေမရှိဘူး၊ ရှင်ပဲဖျက်ဆီးခိုင်းတာလေ၊ သမီးကို ပြောပြလိုက်မယ်"

"ထိန်ရယ် ... ကိုယ်မှားသွားပါတယ်ကွာ ... မင်းမကျေနပ်ရင် သတ်ပစ်နိုင်တယ်၊ ကိုယ်ကတော့ မင်းအနားကနေ လုံးဝထွက်မသွားနိုင်ဘူး၊ အား ... မူးလိုက်တာ ... အမယ်လေး ... မူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အား ...”

ပြောနေရင်း ... သူ့မျက်ဝန်းတွေ ပြာဝေသွားပြီး လဲပြိုကျသွားမတတ် ဖြစ်သွားသည်။

“ဟင် ... ကို ... လုပ်ကြပါဦး ဒေါ်စက် ... ကျွန်မယောက်ျား ဘာဖြစ်သွားတာလဲ မသိဘူး”

ဒေါ်စက်နှင့်အိမ်နီးနားချင်းတွေ ပြေးတက်လာကြသည်။

“ဖေဖေ ဘာဖြစ်တာလဲ ... သူ ... သူက သမီးအဖေအရင်းတဲ့ ... ဖွားဖွားစက်ကပြောတယ်၊ စောစောက လမ်းမှာလဲကျနေတာ၊ မေမေ ... ပြောပါဦး ... သမီးအဖေ ဘာဖြစ်သွားတာလဲလို့”

ငွေလထိန် ဘယ်လိုမှဟန်ဆောင်လိမ်ညာနိုင်စွမ်း မရှိတော့။ သမီးလေးကိုပွေ့ဖက်ပြီး သမီးအဖေဖြစ်ကြောင်း ဝန်ခံလိုက်ရသည်။

“ဟုတ်ပါတယ်၊ သူက ... သမီးဖေဖေပါ”

“ငွေလထိန် ... ညည်းပြောတော့ ကလေးအဖေက သေပြီဆို ... နိုင်ငံခြားသင်္ဘောလိုက်ရင်း ရေထဲမှာ သင်္ဘောနစ်သေတာဆို”

“အို ... ဘာတွေမေးနေကြတာလဲ ... လာကြ ... သူက ငွေလထိန်ယောက်ျားပဲ ... သွားကြမယ်”

ဒေါ်စက်ကတော့ အလိုက်သိစွာဖြင့် ... ပတ်ဝန်းကျင်ကလူတွေရော ... သမီးလေးကိုပါခေါ်ပြီး ပြန်ထွက်သွားလေသည်။

“အို ... ဘာလို့သွားကြတာလဲ၊ ကို့ကို ဆေးရုံပို့ရမယ်လေ၊





လာကြပါဦး”

လူတွေက ... အားလုံးလှည့်မကြည့်ကြတော့ဘဲ ပြန်ထွက်သွားကြသည်။

“ထိန်”

“ဟင် ... ရှင် ... ရှင် ... အကောင်းကြီးပဲ ... ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ”

“ကိုယ် ... စောစောက တကယ်မူးသွားတာပါ ... ကိုယ် အအိပ်ပျက် အစားပျက်တဲ့ရက်တွေက များနေပြီ၊ စောစောက သမီး အသံကြားမှ သတိပြန်ရတာပါ။ ထိန်က ... ကို့ကို သမီးရဲ့အဖေအဖြစ် အသိအမှတ်ပြုလိုက်တာပေါ့နော်”

ထိန် ... တစ်စုံတစ်ခုမတုံ့ပြန်နိုင်ခင် ... ထိန့်ခန္ဓာကိုယ်လေးအား သူ ... ပွေ့ဖက်လိုက်ရာ ... အားမရှိသဖြင့် နှစ်ယောက်သား ကြမ်းပြင်ပေါ်ပြုတ်ကျသွားသည်။ ထိန်ကလည်း သူ့ရင်ခွင်ထဲကနေ ရုန်းမထွက်နိုင်တော့ဘဲ ... ငြိမ်သက်နေ၏။ သူကလည်း ပွေ့ဖက်ပြီး နှမ်းမည်ပြုစဉ် ... မကြီးမငယ်နဲ့ ကလေးကလား ... လူတွေမြင်ရင် ရှက်စရာကြီးဆိုပြီး လူးလဲထသည်။

“ထိန်ရယ် ... အတိတ်ကအညိုးတွေ၊ အာဃာသတွေကို မေ့ပစ်လိုက်ပြီး ... ကိုယ်တို့မိသားစုဘဝလေးကို ထူထောင်ကြမယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ သမီးလေးအနာဂတ်က ရှိသေးတယ်၊ ထိန်နဲ့ကိုယ် တာဝန်ကျေကြရအောင်ပါ"

"ကိုရယ် … ထိန်လည်း သမီးလေးအတွက် … အမြဲတမ်းရင်လေးနေရတာပါ၊ ကိုနဲ့ပတ်သက်တဲ့သတင်းတွေကို … သွယ်က ပြောပြပေးပါတယ်၊ ဒါပေမယ့် … ထိန်ကတော့ ကို အထင်တွေလုံးဝရှင်းလင်းသွားတဲ့အထိ … အချိန်တွေ စောင့်နေခဲ့ရတာပါ"

သမီးလေးအတွက် … ဖခင်က ရှိနေဖို့လိုအပ်သလို … ကို့ကိုလည်း ထိန့်နှလုံးသားထဲမှာ ချစ်နေသေးတာကို တဖြည်းဖြည်း ထိန်သိရှိလာခဲ့ခြင်းဖြစ်သည်။ သမီးလေးရှေ့ရေးအတွက် … ထိန် ရန်ကုန်ပြန်ဖို့ပဲဆုံးဖြတ်လိုက်၏။ ကိုနှင့်လည်း အဝေးဆုံးမှာနေထိုင်ဖို့မဖြစ်နိုင်တော့လို့ပါ။ ကို့လက်တွေက … ထိန့်ခန္ဓာကိုယ်လေးအားဆွဲယူပွေ့ဖက်၍ ရင်ခွင်ထဲမှာအပ်ထားလိုက်ရာ … ထိန်လည်း ကို့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ် ငြိမ်သက်နေလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com